
www.burmeseclassic.com




BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

# ကလျာ (ဝိဇ္ဇာ-သိပ္ပံ)

၏

# မင်းဥဝါမြိုင်

ပထမအကြိမ် .......... ၁၉၇၄ ခု၊ ဧပြီလ
ဒုတိယအကြိမ် .......... ၁၉၇၇ ခု၊ မေလ
တတိယအကြိမ် .......... ၂၀၀၉ ခု၊ ဧပြီလ

www.burmeseclassic.com

www.burmeseclassic.com

### ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး


စာမူခွင့်ပြုချက်အမှတ်

၅၀၀၆၀၇၀၄၀၈

မျက်နှာဖုံးခွင့်ပြုချက်အမှတ်

၅၀၀၂၃၀၀၂၀၉

**ထုတ်ဝေသူ**

**ဦးမောင်မျိုး**

ကြောင်နှစ်ကောင်စာပေ

**ပုံနှိပ်သူ**

**ဦးမောင်မျိုး**

ကြောင်နှစ်ကောင်ပုံနှိပ်တိုက်

**ထုတ်ဝေခြင်း**

ဒုတိယအကြိမ် ၂၀၀၉ခုနှစ် ဧပြီလ

အုပ်ရေ ၁၀၀၀၊တန်ဖိုး ၁၀၀ကျပ်

၈၉၅.၈၃

ထယ်ရာ (ဝိဇ္ဇာ၊ သိပ္ပံ)

ဝန်းငုဝါမြိုင် /ထယ်ရာ(ဝိဇ္ဇာ/သိပ္ပံ)၊ - ရန်ကုန်၊

ကြောင်နှစ်ကောင်စာပေ၊ ၂၀၀၉ ။

၃၀၈ - စာ ၊ ၁၇ စင်တီ၊

(၁) ဝန်းငုဝါမြိုင်

www.burmeseclassic.com

"ဟေး…မတာ…မတာ မဟုတ်လားဟင်"

ကျွန်မ၏နောက်နားဆီမှ ကျွန်မ၏ငယ်နာမည်ကို ခေါ်သံကြားလိုက်ရပါသည်။ သူ့အသံက တရင်းတနှီးနှင့် ဝမ်းသာလှိုက်လှဲနေဟန်လည်းရှိပါ၏။ သည်ရန်ကုန်တွင် ကျွန်မ၏ ငယ်နာမည်ကိုသိသူရှားပါးလှသဖြင့် ကျွန်မ၏ ဇာတိမြို့မှလည်းကောင်း၊ ငယ်ပေါင်းများစွာထဲမှလည်းကောင်း တစ်ယောက်ယောက်ဖြစ်ရမည်ဟူသောအသိဖြင့် ကျွန်မနောက်သို့ လှည့်ကြည့်မိလိုက်ပါသည်။

အသက်လေးဆယ်ခန့်မျှလောက်ရှိမည့် အသားဖြူဖြူ အရပ်ညီရှည်နှင့် ကြံ့လှိုသောခန္ဓာဖြင့် ရပ်ကျနေသည့် အမျိုးသားတစ်ဦးကို တွေ့လိုက်ရပါသည်။ ကျွန်မ၏ ရင်းနှီးသူများထဲတွင် ဤသို့ချယ်လှသည့် မျက်နှာနှင့် ထူးခြားသောမျက်ဝန်းပိုင်ရှင်တစ်ဦးရှိခဲ့ဖူးကြောင်းသိမှတ်မိပါသော်လည်း ချက်ချင်းဖော်မရပါ။ ရှုပ်ထွေးနေပါသော ဗိုလ်ချုပ်ဈေးအလယ်တွင်ဖြစ်၍လည်း ကျွန်မ ရုတ်တရက်မှတ်ဆောက်ရဲပါ၍ ကြောင်ပြီးကြည့်နေမိစဉ်…



www.burmeseclassic.com

www.burmeseclassic.com



'မတာရယ်… ကိုယ့်ကိုတောင် မမှတ်မိတော့ဘူးတဲ့လား ကွယ်…'

သူ့လေသံနှင့် သူ့ဟန်ပန်ကို အသေအချာမြင်ရတော့မှ…

'ဟာ…ကို ကိုတင်အောင်မြင့် ပါလား'

ကျွန်မက လန့်သွားသလို ဆိုလိုက်မိပါသည်။

'ကိုယ် မတာနဲ့ အေးအေးဆေးဆေး စကားပြောချင်တယ် ကွယ်…'

'နေဦးနော်'

ကျွန်မက မပြီးပြတ်သေးပါသော ဈေးဝယ်ခြင်းကိစ္စကို ပြီးပြတ်အောင် ဆောင်ရွက်လိုက်ရပါသည်။ ငွေပေးပစ္စည်းယူပြီး ကိုတင်အောင်မြင့်ဘက်သို့ လှည့်လိုက်သည်တွင်…

'ဘာတွေဝယ်တာလဲ'

'သြော်…သားတို့ဖို့ ဘီစကစ်နဲ့ ယိုးဒယားသကြားလုံးပါ'

'မတာ အိမ်ထောင်ကျနေပြီကိုး'

သူက ညည်းညူသံလိုလို တမ်းတသံလိုလိုဖြင့် ဆွဲငင်စွာ ပြောလိုက်ပါ၏။ သည့်နောက် ကျွန်မတို့ ထွက်လာကြစဉ် သူကပင်-

'မတာ ငယ်ငယ်က စိတ်ကူးယဉ်ခဲ့တဲ့အတိုင်း ခုတော့ စာရေး ဆရာမ ဖြစ်နေပြီပဲနော်… ဒီဈေးမှာပဲ မိတ်ဆွေတစ်ယောက်က ပြောပြ လို့ သိရတာပါ'

'ဟာ…ဒီဘွဲ့ထူး တတ်သင့်လှအောင် မဟုတ်သေးပါဘူး။





ဒီမှာ လူသိပ်ရှုပ်တယ်၊ ဟိုဘက်နား သွားကြရအောင်လေ'

ကိုတင်အောင်မြင့်နှင့်အတူ ကျွန်မတို့ ဗိုလ်ချုပ်ဈေး မှောင်နို ကန်တန်းမှ ထွက်လာကြပြီး အရှေ့ဘက်တန်းနေရာ၏ စကြံတန်းတွင် ရပ်မိကြပါပြီ။ ကိုတင်အောင်မြင့်ကို ကြည့်ပြီး ကျွန်မရင်မှာ လှပ်လှပ် ခါ တုန်ယင်လာပါသည်။ ကိုင်ထားသောမုန့်ထုပ်ကိုပင် မြဲမြဲစွာ ဆုပ် မထားပါလျှင် လွတ်ကျသွားမည်ထင်ပါသည်။ အတိတ်ဟောင်း၏ အကြောင်းရာများကြောင့် ကျွန်မမှာ ဝိုင်းလာသောမျက်ရည်ကို မ,ကျ ဖြစ်အောင် အားခဲ၍ထိန်းထားရပါသည်။

ကိုတင်အောင်မြင့်လည်း သည်သို့ပင် ရှိပေလိမ့်မည်သာ… အခြေအနေ အသက်အရွယ်တွေနှင့် ဈေးလယ်ခေါင်ဖြစ်နေ၍သာ ရင်မှဝေဒနာများကို အားခဲသိမ်းဆည်းထားကြရခြင်းဖြစ်ပါသည်။ ကျွန်မတို့နှစ်ယောက် တော်တော်နှင့်စကားမပြောဖြစ်နိုင်ကြပါ။

ကိုတင်အောင်မြင့်မှာ အသည်းမာသော ယောကျ်ားဖြစ်သည့်ပြင် ရင်ကျက်ခဲ့သော အတွေ့အကြုံများကြောင့် သူက ကျွန်မထက်ပို၍ ရင်မှဝေဒနာကို သိုသိပ်နိုင်ဟန်ရှိပါသည်။

'မတာခင်ပွန်းက ဘယ်ကလဲ ဟင်'

'ကိုတင်အောင်မြင့်တို့ သိထားတဲ့လူပါပဲ'

'သြော်…ကြားရတာ ကြည်နူးစရာပါပဲ၊ မတာတို့ဘဝကတော့ ဟိုတုန်းက အင်းယားကန်ဘေးမှာ ထိုင်ခဲ့ကြသလို အေးမြချမ်းမြေ့ ကြဆဲပဲပေါ့…နော်'



www.burmeseclassic.com

www.burmeseclassic.com



'မထင်ပါနဲ့လေ' ဟိုတုန်းကနဲ့ တခြားစီပါပဲ။ ကြည်နူးမှုနေရာမှာ ရှန်းကန်မှုတွေအစားဝင်လာပါတယ်။ အိမ်ထောင်ရှင် ဖြစ်လာရတာ…

'ဘာပဲဖြစ်ဖြစ် မတာရယ်… တို့များထက်တော့…'

ကျွန်မစကားကို ဖြတ်ပြောသော ကိုတင်အောင်မြင့်မှာ သူ့စကားသူ မဆက်နိုင်တော့ပါ၊ သူဆက်လာလျှင်လည်း ကျွန်မနားမထောင်ရက်တော့ပါ၊ ကိုတင်အောင်မြင့်တို့နှင့် တွဲခဲ့စဉ်က ကျောင်းသူဘဝမှ အသည်းနှလုံးမျိုးနှင့်သာဆိုပါလျှင် သည်နေရာတွင်ပင် ကျွန်မ ချုံးပွဲချ၍ ငိုဖြစ်လိမ့်မည်ထင်မိပါသည်။

ယခုမူ ရင်မှဝေဒနာကို မသိမ်းဆည်းနိုင်ပါသော်လည်း ကိုယ်ဟန်မူရာကိုမူ ထိန်းထားနိုင်စွမ်းရှိလာပါပြီ၊ ကျွန်မကအားခဲ၍ စိတ်ကိုတင်းလိုက်ရင်း…

'အိမ်ကိုလာလည်ပါလား ကိုတင်အောင်မြင့်ရယ်၊ အိမ်ကအမျိုးသားနဲ့ပါ ဆုံကြရအောင်ပါလေ'

'ဟုတ်တယ်မတာ ဒီမှာ အကြာကြီး စကားပြောလို့လည်း မကောင်းပါဘူးလေ'

'ဒါဖြင့် ခုလိုက်ခဲ့ပါလား… အိမ်မှာသူရှိနေပါတယ်'

'မဖြစ်သေးဘူးမတာ ဒီဈေးမှာ ကိုယ်ချိန်းထားတဲ့ လူတစ်ယောက် ရှိနေသေးလို့ စီးပွားရေးကိစ္စပါ၊ ဘာကိုမှ စိတ်မဝင်စားတော့ပါဘူးဆိုပေမယ့် ကိုယ့်ဘဝတစ်ခု ရပ်တည်မှုအတွက် ကိုယ်အလုပ်လုပ်ရဦးမယ်ကွယ်'





'ကိုတင်အောင်မြင့် ဘာအလုပ်လုပ်နေသလဲ၊ ပြီးတော့ ဘယ်မှာနေလဲ…ဟင်'

'သူငယ်ချင်းတစ်ယောက်အိမ်မှာ ခဏနေတယ်၊ အလုပ်ကခုမှစရမှာပါ မတာ'

'အရင်ကရော'

'အရင်က ကိုယ်ထောင်ကျနေတယ်လေ'

'ဟင်'

'လွတ်လာတာ တစ်လတောင် မပြည့်သေးဘူး'

'ဟာ… ဒါတွေ အတာ ဘာမှမသိဘူး။ ဘာဖြစ်တာလဲ ဘာမှုနဲ့လဲဟင်'

'လူသတ်မှု'

'ဘုရားရေ… ဘယ်သူ့ကိုများ သတ်လိုက်တာလဲ၊ တို့သူငယ်ချင်းမှာ ဒီလောက်ရက်စက်တဲ့စိတ်မျိုး မရှိဘူးဆိုတာ အတာ သိတယ်၊ ဘယ်လိုဖြစ်ရတာလဲကွယ်။ ဘယ်သူ့ကို သတ်လိုက်တာလဲ'

'ဦးလေးကျော် ကို'

'အမလေး…မြတ်စွာဘုရား ဘယ်လိုဖြစ်ကြရတာလဲ'

'ပြောရမှာ အရှည်ကြီးပါမတာ၊ ကိုယ် ထောင်ဆယ်နှစ်ကျခဲ့တယ်။ ကိုယ်နဲ့မတာတို့ အဆက်အသွယ်ပြတ်ခဲ့ကြတာလည်း ကြာပြီပေါ့ကွယ် 'ယန်းငုဝါမြိုင်'ရဲ့ ရင်နာစရာ ကြေကွဲစရာ ပုံပြင်တွေရဲ့ နောက်ဆက်တွဲဟာ ပိုပြီးနာကျည်းစရာတွေနဲ့ ရှုပ်ထွေးနေခဲ့ပါတယ် မတာရေ၊



www.burmeseclassic.com

www.burmeseclassic.com



ဒီအကြောင်းတွေကို တရားရုံးမှာရော၊ ဘယ်လူသားတစ်ယောက်ကိုမှ ကိုယ်ဖွင့်မပြောပြခဲ့ဘူး။ ကိုယ့်အသက်နဲ့အမျှ ထိန်ချန်ထားမယ်လို့လည်း ကိုယ်စိတ်ကူးထားပါတယ်၊ ဒါပေမယ့် မတာတို့ကိုယ်တို့ဟာ စိတ်တစ်ခုနဲ့ လူသုံးယောက်ခွဲထားသလို နေလာခဲ့ကြသူတွေပဲ မှတ်လား…သူငယ်ချင်း'

'ဟုတ်တယ်…ဟုတ်ပါတယ်…ကိုတင်အောင်မြင့် သိရှိခံစားခဲ့ရသလောက်…အတာလည်း သိသင့်ပါတယ်လေ'

ကျွန်မတို့နှစ်ယောက် တိတ်ဆိတ်သွားကြမိပါသော်လည်း အတွေးများကမူ ပန်းငုဝါမြိုင်ဆီသို့ မနားမနေ ပြေးလွှားနေကြဆဲပါ၊ ကျွန်မကပင် စတင်၍…

'ဒါဖြင့်… အိမ်ကို ဘယ်တော့လာမလဲ ဟင်'

'နက်ဖြန်ပဲလာခဲ့မယ်လေ…ဘယ်အချိန်လာခဲ့ရမလဲ မတာ ဘယ်အချိန်ရှိမလဲ'

'ရပါတယ်၊ အမြဲလို အိမ်မှာရှိပါတယ်၊ ဒီနေ့မှ အိမ်သုံးပစ္စည်းနဲ့ ဝယ်စရာလေးရှိလို့ ထွက်လာတာပါ'

'ဒါဖြင့် ဆယ်နာရီလောက်လာခဲ့မယ်'

'နည်းနည်းစောပြီးလာပါလား…အတာ့ယောက်ျား အလုပ်တိုက် မသွားခင် ဆုံသွားစေချင်လို့ပါ၊ ပြီးတော့ မနက်စာ အိမ်မှာပဲ စားပေါ့'

'နေပါစေ၊ ထမင်းတော့ မစားပါဘူး'





'ဘယ်ကနေပါစေလဲ အတာကိုယ်တိုင် ချက်ကျွေးပါရစေ၊ အတာ့ယောက်ျားကလည်း ကိုတင်အောင်မြင့်နဲ့ 'သူ့'အကြောင်းကို အတာပြောလွန်းလို့ အလွတ်ရနေပါပြီ၊ သူကလည်း ဝမ်းပမ်းတသာ ကြိုဆိုမှာပါလေ၊ နက်ဖြန်သာ ဆက်ဆက်လာခဲ့ပါ၊ အတာစောင့်နေမယ် ဟုတ်လား…ဒါဖြင့် အတာပြန်မယ်၊ လိပ်စာရေးပေးခဲ့မယ်နော်'

ကျွန်မက လက်ကိုင်အိတ်တွင်းမှ ဖောင်တိန်နှင့် စာရွက်အပိုင်းအစလေးတစ်ခုကို ထုတ်ယူလိုက်ပြီး ကျွန်မနေထိုင်ရာလိပ်စာကို ရေးပေးလိုက်ပါသည်။ သူက ကျွန်မလိပ်စာကို ဖတ်ကြည့်ကာ အိတ်ထဲသို့ထည့်ရင်း…

'ကိုယ်လာခဲ့မယ်၊ မတာကိုတွေ့ရတာ ကိုယ် တကယ်ပဲ ဝမ်းသာမိပါတယ်။ ပြီးတော့ သူ့ကိုပိုပြီး သတိရစေဖို့ ဖြစ်လာလို့လည်း ဝမ်းနည်းမိတယ် သူငယ်ချင်းရယ်၊ ကိုယ်တို့မဆုံကြရတာ ဆယ်နှစ်ကျော်လောက်တောင် ရှိနေခဲ့ကြပြီနော်၊ အေးလေ၊ ထားပါတော့ ဒီဈေးဒီနေရာမှာ မတာ ကိုယ်နဲ့အကြာကြီး စကားရပ်ပြောနေလို့ ကောင်းပါဘူး။ ကဲ…ကဲ ပြန်တော့နော် ကိစ္စပြီးပြီမှတ်လား'

'ပြီးပါပြီ၊ ဒါဖြင့် အတာသွားမယ် ကိုတင်အောင်မြင့် မနက်ဖြန်သာ ဆက်ဆက်လာခဲ့ပါနော်'

'ကောင်းပြီ မတာ၊ ကဲ… သွားပေတော့'

ကိုတင်အောင်မြင့်နှင့် ခွဲခွာလာခဲ့ပြီး အိမ်အပြန်လမ်းတွင် ကျွန်မမှာ ပတ်ဝန်းကျင်ကိုလည်း သတိမထားမိတော့ အသံဗလံများ



www.burmeseclassic.com

www.burmeseclassic.com



ကိုလည်း မကြားမိတော့၊ ပန်းငုဝါမြိုင်၏ ဆယ်နှစ်ကျော်ကာလဆီမှ ဓာတ်လမ်းများသည်သာ ဟိုတစ်ပြက်သည်တစ်ကွက် အတွေးစက်ဝန်း တွင်းသို့ ကျော်လွှားဝင်ရောက်လာကြပါတော့သည်။

ကိုတင်အောင်မြင့်ကို ယခုမှစ၍ တွေ့ဖူးသူများသည် ဟို တစ်ချိန်က ကိုယ်ခန္ဓာတောင့်တင်းပြည့်ဖြိုးခဲ့ပါသည်၊ မျက်နှာအနေ အထားက ခန့်ညားလှပခဲ့ပါသည်၊ ပြီးနောက် အသက်မှာ သုံးဆယ့် ငါးနှစ်ပင်မပြည့်တတ်သေးပါဟု ဆိုလာပါလျှင် မည်သူမျှ ယုံကြည် နိုင်တော့မည်မထင်ပါ။ စိတ်ထောင်းပါသဖြင့် ကိုယ်ခန္ဓာနှင့် အသွေး အသားပါမက အသည်းနှလုံးပါ ကြေရရှာသူ ငယ်သူငယ်ချင်းအတွက် ကျွန်မမှာ ယူကြုံးမရနိုင်အောင် ရှိခဲ့ရပါပြီ။

အချိန်အခါနှင့် စိုင်းတာပါလျှင် ဆယ်နှစ်ကျော်ဆိုသော ကာလမှာ ကြာမြင့်ခဲ့လေပြီဟု တိုင်းတာကြမည်ဖြစ်ပါသော်လည်း ကျွန်မ၏ရင်၌မူ ယခုဖြစ်ပျက်နေဆဲရှိသည်သို့ပင်၊ ရင်၌ ဆန်းသစ် နေမြဲ၊ နာကျင်နေဆဲသာ၊ ပန်းငုဝါမြိုင်နှင့် ကင်းကွာလာပြီးမှ အချိန် မလပ် သတိရနေမိပါသော်လည်း ကိုယ့်ပြဿနာနှင့်ကိုယ့်စီးပွားရေး၊ ကိုယ့် အိမ်ထောင်ရေး၊ ကိုယ့်သားသမီးရေးများနှင့်သာ ရှုပ်ထွေး လုံးပမ်းနေရပါသဖြင့် “**ပန်းငုဝါမြိုင်နှင့် နောက်ဆက်တွဲသတင်း များ**”ကို ကျွန်မ မစုံစမ်းနိုင်အားတော့၊ ပြီးဆုံးလေပြီ။ ပြည်ဖုံးကားချခါ ဓာတ်သိမ်းခဲ့လေပြီဟုသာ ကျွန်မ အခိုင်အမာ ယူဆ ခဲ့ပြီး ဘာသတင်း





စကားကိုမျှ မစုံစမ်းမိခြင်းကြောင့်သာ ကိုတင်အောင်မြင့်အကြောင်း ကို မကြားသိခဲ့ရခြင်းဖြစ်ပေမည်။

လူသတ်မှုကြီးဖြစ်၍ ထောင်ကျခဲ့ရ ရှာလေသူ၊ သူငယ်ချင်းကို ဥပေက္ခာပြုခဲ့မိလေသည်ဟုလည်း ကျွန်မကိုယ်ကျွန်မ အပြစ်တင်မိ ပါသေးသည်။ ကျွန်မတို့၏ဖခင်နှင့်မခြား လေးစားကြည်ညိုချစ်ခင် ခဲ့ရပါသော ‘**ဦးလေးကျော်**’ကို ကိုတင်အောင်မြင့် သတ်ပစ်လိုက်သည် ဆိုသည့်သတင်းမှာ ကျွန်မအဖို့ မိုးကောင်းကင်ကြီးပြိုကျလာပြီ ဆိုသည့် သတင်းစကားကြားရသည်သို့ပင် မယုံကြည်နိုင်ဖွယ်ရာဖြစ်ပါသော် လည်း သတ်သူ၏နှုတ်မှ ကိုယ်တိုင်ပြောကြားလာခဲ့ရုံမျှမက ထိုက်တန် သောထောင်ဒဏ်ကိုပင် ခံစားပြီး လွတ်မြောက်လာခဲ့လေပြီ။ ကျွန်မမှာ ဤသတင်းစကားကို ယခုမှ လက်ခံရပြီဖြစ်ပါသော်လည်း၊ အံ့သြ၍ မဆုံးနိုင်အောင်ရှိရပါပြီ၊ မဖြစ်နိုင်လွန်းသောကိစ္စက အမှန်ဖြစ်လာခဲ့ လေပြီတည်း။

အိမ်တွင် အိမ်မှုကိစ္စများ ဆောင်ရွက်နေရပါသော်လည်း စိတ်က မကြည်လင်တော့၊ တာဝန်အရသာ ဆောင်ရွက်နေရသည် စိတ်ကမူ ကိုတင်အောင်မြင့်တို့၏ အတိတ်ဆီသို့သာ လွင့်ပျံ့နေမိသည် ကျွန်မထင်ပါသည်၊ ပြောလည်း ပြောဝံ့ပါသည်။ ကိုတင်အောင်မြင့်တို့ နှစ်ဦး၏ ကြည်နူးမှု၊ ပူဆွေးမှု၊ နာကျည်းမှု စသော ခံစားမှု ဝေဒနာ အရုပ်ရုပ်တို့သည် ကာယကံရှင်များနှင့် ထပ်တူထပ်မျှ မဟုတ်သည့် တိုင် အနီးစပ်ဆုံးမျှ ကျွန်မခံစားခဲ့ရပါသည်ဟု။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ၏ နုငယ်စဉ်ဘဝမှ သူငယ်ချင်းများ၊ အထက်တန်းပညာသင်ဘဝမှ အပေါင်းသင်းများ၊ တက္ကသိုလ်ရောက် မိတ်ဆွေများ အားလုံးထဲတွင် ကျွန်မ၏တစ်ဦးတည်းသော အချစ်ဆုံး၊ အတွဲဆုံး သူငယ်ချင်းသည် ပန်းငုဝါမြိုင်ပုံပြင်မှ ရွှေမင်းသမီးလေး 'အဝါ' သာတည်း။

ကိုတင်အောင်မြင့်နှင့် တွေ့လာသည့် နေ့၏ညဘက်ပိုင်းတွင် ကျွန်မ ညဉ့်နက်သည့်တိုင် အိပ်မပျော်နိုင်အောင် အတွေးပင်လယ်ပြင်တွင် လွင့်မျောနေမိပါသော်လည်း အတွေးကမူ ဝေးလံလှသော 'မြကျွန်းသာမြို့'ရှိ ပန်းငုဝါမြိုင်စံအိမ်တွင်သာ ဝဲလှည့်ကျက်စားနေမိပါသည်။ ငုဝါပန်းတို့လွှမ်းသည့် တန်ခူးလတွင် ပန်းငုဝါမြိုင်စံအိမ်ရှင် မလေး အဝါ၏ မွေးနေ့ပွဲက ကျင်းပမြဲ။

ပန်းငုဝါမြိုင်၏ တက်ကြွဖွယ်၊ ရွှင်မြူးဖွယ်၊ ကြည်နူးဖွယ်သော ပီတိမင်္ဂလာအဖြာဖြာတို့ လွှမ်းခြုံနေစဉ်က အဝါ၏ ကြည်လွှင်သော ရယ်မောသံများ၊ တက္ကသိုလ်ရောက် သမီးအလှလေးအတွက် ဝင့်ကြွားဂုဏ်ယူသော **'ဦးထွန်းအောင်ကျော်'**နှင့် **'ဒေါ်ခင်ဦးခင်'**တို့၏ အပြုံးများကို ကျွန်မ ပြန်လည်မြင်ယောင်လာမိပါသည်။

ပန်းငုဝါမြိုင်ဇာတ်ကြောင်းကို အသေးစိပ်ပြောပြကြစတမ်း ဆိုပါလျှင် ကျွန်မတို့ မမွေးဖွားမီက စ၍ရပါလိမ့်မည်။ 'ဦးထွန်းအောင်ကျော်နှင့် ဒေါ်ခင်ဦးခင်တို့၏ ချစ်မေတ္တာဇာတ်ကြောင်း' ကို အစကောက်ပါမှ ဇာတ်ရည်လည်နိုင်အံ့ထင်ပါသည်။





ပန်းငုဝါမြိုင်၏ ကြည်နူးမှုအပြီး၊ ရင်နာပူဆွေးစရာဇာတ်ကြောင်းများ နောက်တွင် ကိုတင်အောင်မြင့် ဖန်တီးခဲ့သော 'ရှုပ်ထွေးနာကျည်းစရာဇာတ်လမ်း' က နက်ဖြန်သူလာမှပင် ရှင်းပေရှာမည်။ ပထမဆင့်နေဖြင့် လွှန်ခဲ့သည့် **'အနှစ်သုံးဆယ်ကျော်လောက်မှ'** ဒေါ်ခင်ဦးခင်၏ အချစ်ဇာတ်ကြောင်းဖြင့်ပင် ပန်းငုဝါမြိုင်၏ မေတ္တာဇာတ်လမ်းကို ကန့်လန့်ကာကို ဖွင့်လှစ်ရပါလျှင်···

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း(၀)

www.burmeseclassic.com

www.burmeseclassic.com

စက်သူဌေးကတော် မြေပိုင်ရှင်ကြီး 'ဒေါ်ကျော့တင်'မှာ သည့်နေ့အဖို့ ထူးထူးခြားခြား လှုပ်ရှား မြူးကြွနေပေသည်။ ခါတိုင်းဆို မြေများနှင့်မျှ မတို့သော မီးဖိုချောင်သို့လည်း သူကိုယ်တိုင်ဝင်သည်။ ကောက်များနှင့်မျှမတို့သော အိပ်ခန်းရှင်းလင်းရေးများတွင်လည်း ရှပါသည်။ လွန်ခဲ့သည့် ခုနစ်ရက်ခန့်မှပင် စတင်၍ ဒေါ်ကျော့တင် လှုပ်ရှားခဲ့သည်မှာ ယနေ့အဖို့ အမြင့်မားဆုံးဖြစ်နေသည်။

'ဟဲ့ သမီးလေးတို့၊ ညဦးစာ စားဖို့ အာလူးကက်တလစ် ဆောင်သင့်ဖြစ်ပြီနော်၊ ညနေထမင်းပွဲပြင်ရင် လှလှပပ သန့်သန့်ရှင်းရှင်း ပြင်ကြနော် ကြားလား'

မီးဖိုချောင်တွင်းမှ ဒေါ်ကျော့တင်၏ လေသံ။

'ခုတင်တွေကို ဖဲအိပ်ရာဖုံးနဲ့ ဖုံးကြစမ်းပါဟဲ့၊ ဒီချည်ပန်းထိုး ဦးတွေက ဗိုလ်မဆန်လိုက်တာ၊ အရေးပိုင်သမီးပါလာပါမယ်လို့ ကြက်သားနဲ့ ခက်တဲ့ဟာတွေပဲ'

အိပ်ခန်းတွင်းမှ ဒေါ်ကျော့တင်၏ အော်ဟစ်သံ။



www.burmeseclassic.com

www.burmeseclassic.com



'အမလေး ဒီညှော်နံ့ကို ဘာလို့ ဖြတ်လျှောက်ရတာလဲ၊
ဖယောင်းနဲ့တိုက်နိုင်းထားတာ ကွက်ကုန်ပါပြီတော်၊ စည့်ကောင်း
စောင်ကောင်းလာမယ်လို့ ပြောထားရက်သားနဲ့ စက်တာပဲ၊ ဟဲ့-
အေးကြည် လာပြီးပြောင်အောင်တိုက်စမ်း'

ညှော်နံ့တွင်း ဖြတ်လျှောက်မိသော ထမင်းချက် ဒေါ်လှစင်
ကြောင့် ဒေါ်ကျော့တင်က အိုးတန်ပစ္စည်းတစ်ခု ပျက်ကြေသွားသည့်
အလား ဟိန်းဟောက်နေသံဖြစ်ပေသည်။

အိမ်ရှိလူကုန် ဘယ်သူမျှ ငြိမ်မနေရ။ သိပ်လည်း မလှုပ်ရှား
ရဲ။ ကိုယ်ကျရာတာဝန်ကို စပ်ဆွဲဆွဲလုပ်ရင်း သူဌေးကတော်ကြီး၏
အရိပ်အခြေကိုသာ စောင့်ကြည့်နေကြရပေသည်။

ဤသို့ ပြင်ဆင်မွမ်းမံနေသည်မှာပင် တစ်ပတ်ကျော် ကြာခဲ့ပါ
လေပြီ။ စက်သူဌေး 'ဦးစိန်မောင်'နှင့် ဒေါ်ကျော့တင်တို့ပိုင် သုံးထပ်
တိုက်ကြီးအတွင်း မှီတင်းနေထိုင်ကြကုန်သော ဆွေမျိုး မျိုးဖွားများ
လေတာ၊ စပါးပေး အမှုထမ်းများနှင့် ကျေးကျွန်များ၊ ငွေဝယ်ကျွန်များ
အားလုံး အယောက်နှစ်ဆယ်လောက်နီးနီး ရှိပေသည်။ ဦးစိန်မောင်
က အလုပ်ကို မနားမနေ စေခိုင်းသော်လည်း ညှာသင့်သူကိုညှာ၊
တနာသင့်သူကို တနာစိတ်ဖြင့် ပေးကမ်းစွန့်ကြဲလေ့ရှိပါသော်လည်း
ဒေါ်ကျော့တင်ကမူ အောက်လက်ငယ်သားကို နင်းပြားအဖြစ် အစဉ်
နင်းထားချင်သူသာ။ ဒေါ်ကျော့တင်က ငါပေးထားရသည် ငါကျွေး
ထားရသည်ဟုသာ မြင်သည်။ လုပ်အားဖြင့် တုံ့ပြန်ပေးဆပ်ကြရ





သည့်ကိစ္စကိုမူ ထည့်တွက်သူမဟုတ်ပါပေ။ 'ဗိုလ်ထားမှ စော်ကား
သွားတယ်'ဟူသော သံမဏိဆုံးဖြတ်ချက်ဖြင့် ကိုယ့်လက်အောက်
ငယ်သားများအပေါ် ရက်စက်စွာ နိုင်းစေလေ့ရှိသူသာတည်း။

'သာယာကုန်း'ဆိုသည်က ယခင်ရွာသာသာရှိပါသော်လည်း
အင်္ဂလိပ်အစိုးရက ဖွဲ့စည်းပုံချမှတ်ပြီး ယင်းမြို့ကို အရေးပိုင်ရုံးစိုက်ရာ
မြို့အဖြစ် သတ်မှတ်သည်မှစ၍ တိုးတက်လာတော့သည်။ မြို့ရွှေ့ပြီး
သည့်နှင့်အမျှ စီးပွားရေးဘက်ကလည်း အားကောင်းတောင့်တင်းလာခဲ့
ပေသည်။

ယင်း သာယာကုန်းတစ်မြို့လုံးတွင် အကြွယ်ဝဆုံး အချမ်းသာ
ဆုံးလည်းဖြစ်၊ ရဟန်းဒါယကာ၊ ကျောင်းဒါယကာ၊ ဘုရားဒါယကာ
လည်း ဖြစ်လေသော ဦးစိန်မောင်နှင့် ဒေါ်ကျော့တင်တို့တွင် ရှားရှား
ပါးပါး သမီးရတနာတစ်ပါးသာ ရှိလေသည်။ သမီးလေး၏အထက်
တွင် ယောက်ျားလေးတစ်ယောက်နှင့် မိန်းကလေးနှစ်ယောက် မွေးဖွား
သန့်စင်ပါလျက် အပတ်မတင်သောအဖြစ်နှင့် ကြုံခဲ့ရလေသည်။
လွန်ခဲ့သည့် ဆယ့်နှစ်နှစ်ကမူ ဗေဒင်ကိန်းခန်း ဇာတာစန်းလဂ်များကို
တွက်ချက်ပြီး မွေးဖွားမည့်ရင်သွေးရတနာကို 'မိပြီ-မိပြီ'ဆိုပြီး
ပိုက်နှင့်အုပ်၍ ဖမ်းရလေမည်ဟု အကြံဉာဏ်ပေးကြလေသည်။

အစီအစဉ်အတိုင်းပင် သမီးလေး ဖွားသန့်စင်သည့်အခါ
ဘက်ကျွမ်းသော လက်သည်အမျိုးသမီးကြီးများက ဝမ်းမှကျွတ်လျှင်
ကျွတ်ချင်း ပိုက်နှင့်အုပ်၍-

www.burmeseclassic.com



"မိပြီ မိပြီ" ဟု ပြိုင်တူရွတ်ဆိုပြီး အားလုံးဝိုင်းဝန်း၍ ဂရုတစိုက် အရေးတယူ မွေးဖွားလာခဲ့သဖြင့် အသက်ရှင်ခဲ့ရလေပြီ။ ယင်း ပိုက်နှင့်အုပ်၍ ဖမ်းရသည်ကို အကြောင်းပြုပြီး "မပိုက်" ဟူသော ငယ်နာမည် တွင်လေသည်။ တစ်ဦးတည်းသော သူဌေးသမီး... "ခင်ဦးခင်" သို့မဟုတ် ရန်ကုန်ရောက် စိန်မေရီ(စ)ဒိုင်အိုစီ၏ ဘော်ဒါ ကျောင်းသူ "ကက်သလင်းစိန်မောင်..."

လယ်ယာများပိုင်ရှင်၊ ခြံမြေများပိုင်ရှင်၊ ဆန်စက်ပိုင်ရှင်၏ တစ်ဦးတည်းသောသမီးကလေးဖြစ်၍လည်း ထားစရာ နေရာမရှိအောင် ဖြစ်ကြရသည်။ မင်းစိုးရာဇာ အထက်တန်းလွှာများနှင့် ဝင်ဆံ့လာ သဖြင့် သမီးကို ပညာသင်ချင်စိတ် ဖြစ်ထွန်းလာခဲ့ကြသော ဦးစိန်မော နှင့် ဒေါ်ကျော့တင်တို့မှာ လွမ်းဆွတ်လျက်နှင့် သမီးကိုခွဲခွာ၍ ကျောင်းအိပ်ကျောင်းစား ထားဖြစ်လိုက်ကြသည်။

အကြောင်းက ရှိပါသည်။

ဇာတိမြို့မှ သမီး မပိုက်၏ ငယ်သူငယ်ချင်းများနှင့် ရောထွေး ယှက်တင်နေသည်ကို ဒေါ်ကျော့တင် ဘဝင်မကျနိုင်ပါ။ ယင်းတို့ ထဲတွင် "မောင်သိန်းဇံ" နှင့် စာအုပ်ငှားကြ၊ စာကူးပေးကြ၊ စသော ဆက်သွယ်မှုများကို ဒေါ်ကျော့တင် လုံးဝမကြိုက်နှစ်သက်ပါသော် လည်း အပျို မဖြစ်တတ်သေးသော သမီးငယ်ကို မထားမြစ်အပ်ဟု ထင်ကာ သည်တိုင်းသာ ကြည့်နေခဲ့ရရှာသည်။





"မကျော့တင်ရေ... မြို့မဝန်ထောက်ကြီးအိမ် ဟိုတစ်နေ့က ငါရောက်တော့ သူ့သမီးလေးဟာ ကျုပ်သမီးလေးအရွယ်ပဲဗျ၊ ခြောက်တန်းတဲ့။ ဆယ့်ငါးနှစ်လောက် ရှိဦးမယ် အောက်ခံအင်္ကျီဖြူ ဆက်ပွ လက်စည်းလေးနဲ့ စိန်မေရီအင်္ကျီ နက်ပြာရောင်သင်တိုင်းလေး ဝတ်ပြီး အရေးပိုင်'ဗိုလ်'သားတွေနဲ့ ဘတ်ရိုက်နေတာ ငါ့မျက်စိထဲမှာ ထွက်တော့ဘူး"

"အို... ရှင့်စကားကလဲ၊ ဘာတုန်း သမီးအရွယ်လောက် ကလေးလဲ ဆိုသေးရဲ့"

"ဟာ ဒီမိန်းမ အတွေးချော်ပြန်ပြီ၊ ငါပြောတာက သူ့သမီး ထားတဲ့ကျောင်းမျိုး ကျုပ်တို့သမီးလေး ထားရရင် အဲဒီလို ဘတ်တွေ ဘာတွေရိုက်၊ အရေးပိုင်သားသမီးတွေနဲ့ပေါင်းပြီး အင်္ဂလိပ်လို ရွတ်ရက် ဖွတ်ဒက်နဲ့ ပြောစေချင်လို့ကွ"

ဦးစိန်မောင်၏စကားကြောင့် ဒေါ်ကျော့တင်၏ မျက်ဝန်းများ အ ရွှန်းလက်လာတော့သည်။ သမီးနှင့် မတန်ရာသော အသိုင်း အဝန်းများနှင့် ပေါင်းဖက်နေရသည်ကို စိတ်ဘဝင်မကျမိပါသော်လည်း ဤသို့ ခွဲခွာထုတ်ယူနိုင်မည့်နည်းကို ဒေါ်ကျော့တင် တစ်ခါမျှ မတွေး ခဲ့မိ။ သာယာကုန်းတွင် အကောင်းဆုံး အင်္ဂလိပ်စာသင်ကျောင်း ဆို၍ အေဘီအမ်(မ)ကျောင်းသာရှိသည်။ အင်္ဂလိပ်စကားပြောရသော သာသနာပြုကျောင်းမျိုး မရှိသေးပါချေ။ အေဘီစီပင် တစ်လုံးမျှ သိပါသော သူတို့မျိုးရိုးတွင် သမီးက ဦးစိန်မောင်ပြောသလို အင်္ဂလိပ်



www.burmeseclassic.com

www.burmeseclassic.com



လို ရွတ်ရက်ဖွတ်ဖက်နှင့်ဆိုပါလျှင် အဘယ်မျှ ချမ်းမြေ့ဂုဏ်ယူမွယ်ရာ ကောင်းပါလေမည်နည်း။ သည့်အတွေးဖြင့် ဝမ်းပန်းတသာ ရှိမိပါသော်လည်း၊ ဒေါ်ကျော့တင်၏ ဝမ်းသာမှုကို လွှမ်းသွားနိုင်အောင် တွေးတောရလေမည့် ကိစ္စတစ်ခုတော့ရှိပါ၏။ သည့်အတွက် ဒေါ်ကျော့တင်က ခင်မှန်းသည့်ကို=

'တစ်ခုတော့ရှိတယ် ကိုစိန်မောင် ကျောင်းအိပ်ကျောင်းစားနဲ့ ရန်ကုန်မှာထားရမှာဆိုတော့ ကျွန်မတို့သမီးလေးကို ခွဲထားရမှာပေါ့နော်၊ ကျွန်မခွဲမှ ခွဲနိုင်ပါ့မလားမသိဘူး'

ဦးစိန်မောင်ကမူ တီကျစွာ ဆုံးဖြတ်ထားပြီးသည့်ပမာ...

'တချို့များ ဘီလပ်တောင် သွားထားရသေးတာကွယ်။ တို့များက တစ်မြို့တည်းတစ်နေရာထဲ တစ်နေ့ခရီးပေါက်ရောက်နိုင်တဲ့နေရာပဲ မကျော့တင်၊ မင်းအတွက်မကြည့်ဘဲ သမီးလေးအတွက် ငဲ့လေ၊ ကျောင်းစရိတ်စက ကလည်းကြီးတယ်၊ အဝတ်အစားပိုနဲ့ဆို နည်းမှာ မဟုတ်ဘူး'

'အိုတော်၊ တစ်ရာကျရော၊ တစ်ထောင်ကျရော အကြောင်းလား ကျုပ်တွေးတာ ဒါမဟုတ်ဘူး။ သမီးလေး စားရေးသောက်ရေး၊ ဖျားရေး၊ နာရေးကို ထည့်တွေးနေတာပါ'

'ဒါတော့ မတွေးနဲ့ ကျွေးမှာက မိုလ်စာ၊ ဟိုမှာ ဆရာဝန်တို့ ဆေးခန်းတို့လည်း ရှိမှာပေါ့၊ ဒါတွေတော့ တွေးမနေနဲ့ ကျုပ်ကတော့ ထားချင်တယ်။ မင်းသဘောသာပြော'





'မင်းစိုးရာဇာ သားသမီးတွေမှ ထားနိုင်တဲ့ ကျောင်းမျိုးဆိုတော့ အပေါင်းအသင်းကလည်း၊ အဆင့်အတန်းမြင့်မှာပဲ၊ ဒီကဟာတွေလို ရှုပ်မှာမှတ်ဘူး၊ ကဲ...ထားတော့ ဘယ်တော့ပို့ရမလဲ'

'မင်းသဘောတူတယ်ဆိုရင်တော့ ငါက ဝန်ထောက်မင်းဆီ သွားပြီးမေးမြန်းစုံစမ်းလိုက်ရုံပဲပေါ့'

'ကောင်းတယ် ကောင်းတယ် ခုညနေပဲ သွားမေးချေ'

သည့်သို့ဖြင့် မပိုက်ဒေါ် ခင်ဦးခင် မိန်းမရဲ့ မိန်းကလေး ဘော်ဒါဆောင်သို့ သွားရောက်နေထိုင်ကာ ပညာသင်ကြားနေခဲ့ရ သည်မှာ နှစ်နှစ်တာရှိခဲ့ပါလေပြီ...

လွန်ခဲ့သည့် ငါးရက်ခန့်ကပင် ဦးစိန်မောင် ရန်ကုန်ဆင်းသွား လေပြီ။ အိမ်သုံးပစ္စည်းပစ္စယ လိုအပ်သည်များနှင့် အုပ်ချုပ်ရေးပိုင်း ဆက်ဆောင်ပေးအပ်ရန် ပစ္စည်းများ ဝယ်ချမ်းပြီး သမီးတို့နှင့်အတူ ပြန်လာလေမည်။

လွန်ခဲ့သည့် တစ်လခန့်ကပင် သမီးလေး ခင်ဦးခင်ထံမှ စာရ သည်။ ယခုနှစ် နွေရာသီကျောင်းပိတ်ရက်တွင် သူနှင့်အတူ 'မိုရင်း ခင်ကျော်' ဆိုသော သူငယ်ချင်းတစ်ယောက် လိုက်လာမည်ဖြစ် ကြောင်း။ အက်လီတောက်ထွန်းမှာ အရေးပိုင်သမီးဖြစ်သည့်ဖြင့် ကြောင်း သာယာကုန်းမြို့သို့ ပြောင်းရွှေ့ရမည်ဟု သတင်းရရှိပါသဖြင့် နိုင်ကတော်ပါ မြို့၏အခြေအနေကို လေ့လာရန် လိုက်လာသည့် ကြောင်းများ ပါရှိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အရေးပိုင်၏ဇနီးနှင့်သမီးက ခင်ဦးခင်နှင့်အတူ လိုက်ပါလာမည်ဆိုပါ၍ သမီးကို ကျောင်းထားရ၍ ထောင်ချီပြီးကုန်သည့်ငွေမှာ တန်လေစွဟု ဒေါ်ကျော့တင် တွေးမိလာသည်။ ထို့ပြင် မကြာခင် သည်မြို့သို့ ပြောင်းရွှေ့လာဦးမည်ဆိုပါသဖြင့် ဩဇာရှိပြီးသား ဒေါ်ကျော့တင်မှာ အရေးပိုင်ကို ပိုင်နေမှုဖြင့် တစ်မြို့လုံး ဖိမ့်ဖိမ့်တုန်ကြရလေရော့မည်။

သည်အတွေး သည်မျှော်လင့်ချက်များကြောင့် သမီးနှင့်ပါလာမည့် အရေးပိုင်၏ဇနီးနှင့် သမီးကို အစွမ်းကုန်ကြိုဆိုရန် ဒေါ်ကျော့တင် ပြင်ဆင်နေခြင်းဖြစ်ပါလေသည်။

အိမ်၏အခမ်းအနားပြင်ဆင်မှု၊ အစားအသောက်ပြင်ဆင်မှုများ အပြီးတွင် ဒေါ်ကျော့တင်မှာ သူ့ကိုယ်သူ ပြင်ဆင်ရပြန်လေသည်။ အရေးပိုင်ဇနီး အထင်ကြီးပါစေရန် မယ်ညီပြဒုမ္မာတွင် စိန်ကြယ်သီးများ တပ်ခိုင်းပြီးပါလေပြီ။ ဇာပန်းထိုးဘော်လီနှင့် ပုစွန်ဆီရောင်ပန်းထိုးပိုးတွန့်လုံချည်ကိုလည်း မီးပူတိုက်ခိုင်းထားပြီးလေပြီ။ဇာပဝါအဝါနှင့်ကတ္တီပါ ပိန်းတန်းဖိနပ်ကလည်း အဆင်သင့်ရှိနေလေပြီ။

ရေချိုးပြီးသား ဒေါ်ကျော့တင်မှာ ဘီးဆံထုံးကို အက်နေအောင် ထုံးဖွဲ့ပြီး စိန်တစ်လုံးဆံထိုးကြီးအောက်မှ စိန်ဘီးကုပ်တန်းကို ထိုးစိုက်၍ ညီအောင်ညှိပြီးမှ သူ့မျက်နှာနှင့်ကိုယ်ခန္ဓာကို အမွှေးနံ့သာ ခြယ်သသည်။ အထက်ဆင်စ,နေရာ ထောက်လောက်သည်ထိ စိန်နှစ်ခေါက်ကြိုးကြီး ဆွဲချထားပါ၏။ စိန်လက်ကောက်တစ်ရံ၊ လက်နှစ်ဖက်ဆော်ဆင်ရန် စိန်လက်စွပ်များကိုလည်း ရွေးချယ်ပြီးပါလေပြီ။ ခါတိုင်း ဆော်လာပွဲနေပွဲထိုင်တစ်ခု သွားသည်ထက်ပင် ပိုမို၍ စိန်များနှင့် မွန်းနေမိသည်။

ညနေဆိုက်မည့် ရထားကိုသွားကြိုရန် ဒေါ်ကျော့တင် တစ်ဆောက် သည်သို့သည်နှယ်ဗျာများလောက်အောင် ပြင်ဆင်နေချိန်တွင်...

◆ ◆ ◆





www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုသိန်းစံ

စာအားဖြင့် ခင်ခင်ရှိသေစွာ စာရေးကန်တော့လိုက်ပါသည်။ လာမည့်တပေါင်းလဆန်း ဆယ်ရက်နေ့တွင် ခင်ခင်ပြန်ရောက်မည့်အကြောင်း သတင်းကောင်းပါးအပ်ပါသည်ရှင့်...

အစ်ကိုသိန်းစံရဲ့စာတွေလာတိုင်း ခင်ခင်ဖိုရပါသည်။ အစ်ကိုသိန်းစံ မေတ္တာထားသလို ခင်ခင်ကလည်း မေတ္တာထားရှိနေပါသည်။

စိတ်မပူပါနှင့် ခင်ခင် ပညာစုံသည့်အခါ အစ်ကိုသိန်းစံနှင့်သာ စုလျားရစ်ပတ်ပါမည်။ အစ်ကိုသိန်းစံမှလွဲလျှင် ပွဲနှင့်ဆန်ကွဲဆိုတာ စိတ်ချတော်မူပါရှင့်...

ခင်ခင့်နောက်ကို အမြဲလျှောက်လိုက်နေပါလျှင် အမေတို့မြင်တွေ့သွားမှာ စိုးထိတ်လှပါသည်။ ခင်ခင်တို့ချစ်ခြင်းကို မခွဲလိုပါလျှင် ရှောင်ပါအစ်ကို၊ ဒါပေမယ့် ဘုတာကိုတော့ လာကြိုပါ မျက်နှာချင်းဆုံရလျှင် တော်ပါပြီ။ ယခုတစ်ခါ ခင်ခင့်သူငယ်ချင်းလည်း ပါလာပါမည်။ အခွင့်သင့်လျှင် 'မဆုံ' ကိုမှာ၍ ချိန်းတွေ့ပါမည်ရှင့်...

'အစ်ကို့မေတ္တာကို ဦးထိပ်ထားလျက်ရှိပါသော

နှမလေး

ခင်ဦးခင်





အခေါက်ပေါင်းမရေမတွက်နိုင်အောင် ဖတ်ပြီးပါသော်လည်း ဘုတာရုံသွားခါနီးတွင် ကိုသိန်းစံမှာ တစ်ခါထပ်၍ ဖတ်မိပြန်သည်။

'နှမလေး ခင်ဦးခင်တဲ့၊ အစ်ကိုချစ်လိုက်ပါတဲ့ ခင်ခင်လေးရယ်'

အပြုံးများဖြင့် သည်သို့ပင် နှုတ်မှ ရွတ်ဆိုလိုက်မိသည်၊ ကိုသိန်းစံမှာ ခင်ဦးခင်၏ စာရွက်ပန်းရောင်လေးကို ပွင့်ဖတ်နေလေ တစ်ခုဖမာ ယုယုယယကိုင်ကာ တစ်ချက်နမ်းလိုက်ပြီးခါမှ အိတ်တွင်းသို့ ထည့်လိုက်သည်။ ရှပ်အင်္ကျီအိတ်ကို လက်ဝါးနှင့် ဖိကပ်၍ ကိုသိန်းစံက မျက်လုံးမှိတ်ရင်း ပြုံးလိုက်မိသည်။ ခင်ဦးခင်၏ ကိုယ်စား စာလွှာလေးများလို သူ့ရင်ခွင်တွင် ပိုက်ထွေးထားသည့်အသွင်တည်း...

'မင်းက ဝတ်ကောင်းစားလှနဲ့ ဘယ်လဲ'

ကိုသိန်းစံ၏ ပီတိပြုံးများကို လှန့်စင်စေသူက ကိုသိန်းစံ၏ဖခင်ဖြစ်သူ ယန်းပဲပိုဆရာ ဦးသာဒွန်း။

'ဘူတာရုံကို'

'အမယ်၊ ဘူတာရုံကို မင်းက ဘာကိစ္စနဲ့သွားရမှာတုံး'

'ကျွန်တော် ခင်ခင့်ကို သွားကြိုမလို့ပါအဖေ'

'ဟော... ဘယ်က ခင်ခင်တုန်း'

'အဖေသိပါတယ်ဗျာ... စက်သူဌေး ဦးစိန်မောင်ရဲ့သမီး... ဆိုက်ဆိုတဲ့ ကောင်မလေးလေ'

ကိုသိန်းစံက တက်ကြွစွာ ဖြေကြားလိုက်သော်လည်း ဦးသာဒွန်းမှာ ငြိမ်ကျသွားတော့သည်။ စိုးရိမ်မှုပါသော အတွေးတစ်ခုက

www.burmeseclassic.com



ဦးသာဒွန်းကို ကြီးစိုးလာပါသဖြင့် –

'ကြည့်လည်းလုပ်နော် သိန်းဇံ သူတို့က မင်းပေါက်စိုးပေါက်တွေနော် မနှစ်တုန်းက အဲဒီလုံမလေး အိမ်လာမေးတည်းက ငါစိတ်မသန့်လှဘူး'

'ဟာဗျာ…အဖေကလည်း ဘာဆိုင်လို့လဲ ကျွန်တော်တို့ချင်း… အဲလေ ငယ်ငယ်တည်းက သူငယ်ချင်းတွေမှတ်လား'

'အေးအေး… ကိုယ့်ဘဝကိုယ်သိ ငါ့သား၊ တူထုနိုင်မှ ဖိုဆွဲနိုင်မှ စားရတဲ့ တို့သားအဖနဲ့ မပိုက်လေးနဲ့က အလှမ်းကွာလှသနော်၊ တော်ကြာ ငါ့သားပဲ ရင်ကွဲရမယ်၊ ဒုက္ခတွေ့နေပါ့မယ်ကွယ်'

'ခင်ခင်က ကျွန်တော့်ဘက်ကပါ အဖေရယ်၊ မဖြစ်ခင် မဖြစ်နိုင်တာတွေကို တွေးပူမနေစမ်းပါနဲ့၊ ရထားချိန်နီးလာပြီ ကျွန်တော်သွားကြိုလိုက်ဦးမယ်ဗျ နော'

ပြောပြောဆိုဆို ထွက်သွားပါသော သားဖြစ်သူကို ရင်မောစွာကြည့်ရင်း ဦးသာဒွန်းမှာ ခေါင်းတညိတ်ညိတ်နှင့် ကျန်ရစ်ခဲ့ရှာတော့သည်။

ဦးသာဒွန်းက ဒေါ်ကျော့တင်အကြောင်း ကောင်းကောင်းသိသူဖြစ်ပေသည်။ ဆက်ဆံဖူး၍လည်း ရှုံ့ရှာနေမိသည်။ အားမတန်မာန်လျှော့ထားရပါသော်လည်း ရင်၌ခံပြင်းနေဆဲ စိတ်နာနေဆဲပင်။ ကိုသိန်းဇံ၏မိခင်ဖြစ်သူ သူ့ဇနီးဒေါ်မယ်တွင် မိဘလက်ငုတ် လယ်ကေလေးဆယ်မျှရှိသည်။ ဦးသာဒွန်း၏ စီးပွားရေးက မကောင်းသည့်ပြင်





ါမယ် မကျန်းမာပါ၍ လယ်များကို ဒေါ်ကျော့တင်ထံ ပေါင်နှံ
ခဲ့ရဖူးသည်။ အတိုးမှန်မှန်ပေးဆပ်နေပါသော်လည်း ဒေါ်မယ်
ဆုံးသည့်အခါ ဒေါ်မယ်က ရောင်းချခဲ့သည့်ဟန်ဖြင့် အပိုင်စာချုပ်
ပြီး လယ်မြေများကို နာမည်လွှဲယူလိုက်ကြသည်။

ဦးသာဒွန်းအနေနှင့် ပေါင်နှံခဲ့သည့်အတိုင်း ပြန်ရွေးရန်လည်း
ရှိ၊ မတရားလုပ်ထားပါကြောင်း ရုံးတော်သို့လျှောက်ထားပါလျှင်
သည်း ငွေများသော ဒေါ်ကျော့တင်သည်သာ တရားနိုင်ပေလိမ့်မည်။
ရေးဝင် မလုပ်နိုင်သော်လည်း သတ္တိမခေသော ဦးသာဒွန်းက
ါကျော့တင်တို့ ဇနီးမောင်နှံကို ဓားကြိမ်း ကြိမ်းခဲ့ဖူးသည်။ လူလိမ္မာ
မောင်၏ အမျက်ကအပြင်မထွက်ပါဘဲ ဦးသာဒွန်းကို ဖျောင်းဖျ
တ်သည်။ အကျယ်အကျယ် မငြိမ်းဘွယ်ဖြစ်လျှင် သူတို့သိက္ခာ
ဆင်းမည်ဖြစ်ပါ၍ ချွေးသိပ်ခါ စေလွှတ်လိုက်ပါကြောင်း ဦးသာဒွန်း
မသိသည်မဟုတ်ပါ။ တစ်မြို့တည်းနေကြသူချင်း ကြုံကြ
ကြသည့်အခါ မေးထူးခေါ်ပြော နှုတ်ဆက်ပါသော်လည်း ဝမ်းထဲ
အကျိတ်အခဲများရှိနေကြသည်သာ။

ဦးသာဒွန်းက ဇနီးဆုံးပြီး သားအဖနှစ်ယောက် အေးချမ်းစွာ
င်စားလိုကြသည်။ ဖြစ်ပြီးသည်ကို အာဃာတမထားလို
ါ၍ ကင်းရှင်းစွာနေလိုသည်။ သားဖြစ်သူက သူတို့သမီးနှင့်
ယ်နေသည်ကို ဦးသာဒွန်းစိတ်မှာ မကြည်လင် မချမ်းမြေ့
ပါ။



www.burmeseclassic.com

www.burmeseclassic.com



ဦးသာခွန်းသည် သားလေး ကိုသိန်းဖုံကို အောင်အမ် ကျောင်းတွင်ထား၍ ပညာတတ်တစ်ယောက်ဖြစ်ရန် မျှော်လင့်ခဲ့သည်။ အရိပ်တွင်း၌ ကလောင်ကိုင်ကာ အသက်မွေးဝမ်းကျောင်းပညာ ရစေမည်ဟု အားခဲခဲ့သူဖြစ်လေသည်။

မျှော်မှန်းသလို ဖြစ်မလာရှာပါ၊ သားနှစ်တန်းမအောင်မီ ကျောင်းထုတ်လိုက်ရသည်။ စေ့နီးဆုံးပြီး စီးပွားရေး ယိုင်လဲလာပါသဖြင့် စရိတ်ကြီးသော အင်္ဂလိပ်စာပညာရေးကို မသင်ကြားပေးနိုင်တော့ပါ။

ယခုမူ ကိုသိန်းဖုံမှာ အင်္ဂလိပ်စာကို အနည်းအပါးတတ်မြောက်ခေါက်မိနေပါသော်လည်း အစိုးရအလုပ်ကို မရရှာ၊ ဖခင်ပန်းပဲဖိုတွင်သာ ဟိုယောင်ယောင်သည်ယောင်ယောင်ဖြင့် ဝင်ရောက်လုပ်ကိုင်နေရှာသူဖြစ်ပေသည်။ သားဖြစ်သူ၏ မတည်ငြိမ် မရေရာသောဘဝကို အားမလိုအားမရ ဖြစ်ရသည့်အထဲ စက်သူဌေးသမီးနှင့် ယှက်နွယ်နေလေသည်မို့ ဦးသာခွန်းမှာ ထွက်သွားသည့်သားကို ငေးကြည့်ကာ သက်ပြင်းရှည်ကြီးသာ ချနေမိပါတော့သည်။

ဖခင်၏ သောကဝေဒနာကို နည်းနည်းလေးသော်မှ မတွေးမိပါဘဲ ဘူတာရုံဆီသို့ လှမ်းနေသည့် သိန်းဖုံ၏ ခြေလှမ်းများက သွက်လှသည်။ ရထားက လေးနာရီဆိုက်လေမည်။ ယခုမှ နှစ်နာရီခွဲသေးသည်။ သိလျက်နှင့် ကိုသိန်းဖုံက သွားနှင့်နေခြင်းဖြစ်ပါသည်၊ အိမ်တွင် ငုတ်တုတ်ထိုင်နေရမည့်အစား ချစ်သူလေး ခင်ခင် ပြန်လာ





မည့်လမ်းမှထိုင်၍ မျှော်နေရသည်က ပိုမိုရွှင်ပျဖွယ်ရာဖြစ်သည်ဟု ကိုသိန်းဖုံ ထင်မိသည်။

သည်နေ့ရောက်ဖို့ကို ကိုသိန်းဖုံ မျှော်ရသည်မှာ ခုနစ်ရက်တာ ကြာခဲ့ပါပြီ။ ခင်ဦးခင်၏ စာရသည့်နေ့မှစခဲ့သည်။ ကိုသိန်းဖုံ၏ရင်မှာ ခုန်လှုပ်နေပေသည်။ ချစ်သူ၏ မျက်နှာနုနုလှလှလေးကို မြင်ယောင်နေမိပါ၏။ ဖြူဖွေးနုထွေးလှပါသော ကိုယ်ခန္ဓာလေးကိုပါ ခြေဆုံးခေါင်းဆုံး မြင်ယောင်နေမိလေသည်။ သည်တစ်ကြိမ်သာ ခင်ခင်နှင့်တွေ့ရပါလျှင် ထွေးနွေးသော ကိုယ်လုံးလှလှလေးကို ရင်ခွင်တွင်ထား၍ ချော့လေးဆွဲမော့ကာ ချစ်သူ၏မျက်နှာ လှပေါင်းဆုံရာကို မျက်တောင်မခတ်ရက်လောက်အောင်ပင် ကြာမြင့်စွာ ငေးကြည့်နေလိုက်မည်ဟုလည်း ကိုသိန်းဖုံ အားခဲထားလေသည်။

ကိုသိန်းဖုံ၏ ချစ်ဦးသူခင်ခင်သည် ရုပ်ရည် လှပလွန်းသူ စကားအရာ၌လည်း တီတီတာတာဖြင့် ချစ်ခွန်းဖွဲ့တတ်သူ တည်း။ ချစ်သူဘဝမရောက်မီ နုနယ်ကြစဉ် ကလေးဘဝကပင် ကိုသိန်းဖုံ၏ စိတ်ကို စွဲငြိနေအောင် လုပ်ပေးချင်လာအောင် တတ်စေတတ်သူသာ။

"အစ်ကိုသိန်းဖုံ ဒီမှာကြည့်စမ်း ခင်ခင့်လက် ညက တံခါး ညပ်ပြီး ညိုနေတယ်။ တွေ့လား ဒါကြောင့် မြေပုံဆွဲပေးနော်၊ အရောင်ပါ ခြယ်ပေးပါ အစ်ကိုနော်"

လက်ညှိုး ညိုညိုလေးကို ထောင်ပြရင်း ရွှံ့ရွှံ့မဲ့မဲ့ ပြောရှာ



www.burmeseclassic.com

www.burmeseclassic.com



တတ်သဖြင့် ပန်းချီဆွဲစိတ်ရှည်ပါသော ကိုသိန်းဇံက မြန်မာပြည်မြေပုံကို အရောင်စုံဖြင့်ဆွဲပြီး သွားပေးသည့်အခါ . . .

'ဟား . . . ဟား . . . ရှက်ပါတယ်ဟေ့၊ တို့အစ်ကိုကြီး အညာမိပြီ'

'ခင်ခင်ကလည်း ဟယ် . . . ဘာလဲဟ'

'ဒီမှာတွေ့ဘူးလား . . . ခဲမှုန့်တွေနဲ့သုတ်ပြီး လက်ညှိုး ညိုမည်း ချင်ယောင်ဆောင်ထားတာ၊ ဟား ဟား ဟား'

ခင်ဦးခင်က သူ့လက်ညှိုးလေးကို တံတွေးဆွတ်၍ ဖျက်ပြပြီး ဟက်ဟက်ပက်ပက်ကလေး ရယ်သွမ်းသွေးလိုက်ပါသဖြင့် ကိုသိန်းဇံမှာ မခံချိမခံသာနှင့် မချင့်မရဲဖြစ်လာပြီး ခင်ဦးခင်လက်မှ စာအုပ်ကို ပြန်လုယူလိုက်သည်။ ခင်ဦးခင်ကလည်း ဖျတ်လတ်စွာ ဗုက်ကွယ် ထွက်ပြေးသဖြင့် ကိုသိန်းဇံမှာ ခင်ဦးခင်၏နောက်သို့ တရှိန်ထိုး လိုက်တော့သည်။ ကျောင်း၏ ခေါင်းရင်းအကျ ခရစ်ယာန်ဘုရား ရှိခိုးကျောင်း ပရဝုဏ်၏အကွယ် ထောင့်တစ်ခုအရောက်တွင်မှ ခင်ဦးခင်ကို ဖမ်းမိတော့သည်။ လက်မောင်းလေး လှမ်းဆွဲမိသည်ကို ခင်ဦးခင်က ငြိမ်မနေ ရုန်းကန်ရင်း ဆက်ပြေးဟန် ပြုနေသဖြင့် ကိုသိန်းဇံက အမှတ်တမဲ့ဖြင့်ပင် လွတ်ထွက်မသွားပါစေရန် ခင်ဦးခင်၏ တစ်ကိုယ်လုံးကို သိမ်းကြုံးဖက်ထားလိုက်မိသည်။ ခင်ဦးခင်ကလည်း မရုန်းမိ၊ ကိုသိန်းဇံကလည်း မလွှတ်တော့၊ ငယ်စဉ်က ပွတ်သပ် ထိတွေ့ဖူးခဲ့သည့် အကြိမ်များ မရေတွက်နိုင်လှပါသော်လည်း နှစ်ယောက်လုံးရင်၌ ယခုလို ဖျတ်ဖျတ်ခါ မလှုပ်ရှားမိ ယခုတစ်ကြိမ်

[illegible] နှစ်ယောက်လုံး၏ သွေးကြောများ ပေါက်ထွက်မတတ် [illegible]လည်ပတ်နှုန်းက မြန်ဆန်နေကြသည်။

'ခင်ခင့်ကို လွှတ်ပါအစ်ကိုရယ်'

အားခဲ၍ မနည်းထိန်းပြောလိုက်ပါသော ခင်ဦးခင်၏ အသံ [illegible]တုန်လေးကြောင့်သာ ကိုသိန်းဇံ လွှတ်ပေးလိုက်ရသည်။ သည့်မျှ [illegible]တွေးနူးညံ့သော ခန္ဓာကိုယ်အိအိကလေးကို ယခုလို ရင်ခွင်တွင် [illegible]ရထားရှိပြီး ခင်ဦးခင်၏မျက်နှာလှလှလေးကို အစဉ်ကြည့်နေ [illegible]ပါသော စိတ်တို့သည် ထိုအချိန်မှစ၍ ကိုသိန်းဇံ၏ရင်တွင် [illegible]တွယ်ခဲ့ရပါလေသည်။

သည်နေ့၏ နောက်တွင် တစ်ယောက်နှင့်တစ်ယောက် ယခင်လို [illegible]သင်းစွာ မနှုတ်ဆက်ရဲကြတော့ပါသော်လည်း တိတ်တခိုး [illegible]ည့်များကမူ မကြာခဏလို ကြုံဆုံခဲ့ကြရပေသည်။ ခင်ဦးခင်၏ [illegible]မှာ ဖွေးဖွေးလှလှလေးက ထာဝရ ပြုံးနေသည်ကိုသာ ကို[illegible]ဇံ [illegible]လေရာ မြင်နေပါလေပြီ။ ဘာအလုပ်မှ လုပ်မရ ခင်ဦးခင် [illegible]သာ သူ့ဘဝကို ဖမ်းစားလွှမ်းမိုးထားလေပြီတည်း။

မတတ်နိုင်တော့၊ စိတ်ကိုမထိန်းချုပ်နိုင်ပါလေတော့၊ ကိုသိန်းဇံ [illegible] ဗလာစာအုပ်မှ ရွက်ပေါင်းလေးငါးဆယ်မျှ ဆုတ်ဖြဲပြီးသည့် [illegible]ခွင်မှ ခင်ဦးခင်ထံပေးရန် ရည်းစားစာ တစ်မျက်နှာစာရှိသည်။

[illegible]သင်းစာလေး ခင်ဦးခင်ကို ပေးထားသည့်ရက်အတွင်း [illegible]ဇံမှာ အိပ်မရ၊ စားမရ၊ စာကျက်မရဖြင့် စိုးထိတ်[illegible]ကို







www.burmeseclassic.com

www.burmeseclassic.com



မမြဲသိပ်နိုင်ပါဘဲ ရှိနေမိရသည်။ စာပေးပြီး ခုနစ်ရက်ခန့်အတွင်း မေးလည်း မမေးဝံ့ပါဘဲနှင့် ခင်ဦးခင်ကိုသာ ခိုးဝှက်၍ ကွက်ကြည့်၊ ကွက်ကြည့်၊ ကြည့်နေမိစဉ်။

'ရော့ အစ်ကိုသိန်းဖံ့ စာအုပ်ထဲမှာ စာပါတယ်။ အိမ်ရောက်မှ ကြည့်နော် ခင်ခင်ရှက်တယ်'

စာထိုးပေးရင်း ကသုတ်ကရက်လေး ထွက်ပြေးသွားပါသော ခင်ဦးခင်ကို ကိုသိန်းဖံ့ ငေးကြည့်နေမိသည်။ ရုတ်တရက် ကြောင်နေမိပါသေးသည်။ ပြီးမှ ရှုန်းလက်နေပါသော ခင်ဦးခင်၏ မျက်ဝန်းနက်နက်ကလေးမှတစ်ဆင့် အဓိပ္ပာယ်တစ်ခုခု လှစ်ပြနေသည်သို့ တွေ့လိုက်ရပါ၍ ကိုသိန်းဖံ့မှာ အိမ်ရောက်အောင် မစောင့်နိုင် ကျောင်းနောက်မှ ကုက္ကိုပင်အောက်သို့ ပြေး၍ စာကိုဖွင့်လိုက်လျှင်ပင်

**ခင်ခင် ချစ်ရပါတဲ့… အစ်ကိုသိန်းဖံ့ရေ…**

ကိုသိန်းဖံ့မှာ စာကိုဆက်မဖတ်နိုင်လောက်အောင် မျက်စိများ ပြာဝေသွားမိသည်။ ဝမ်းမြောက်ဝမ်းသာ ဖြစ်ရလွန်းစိတ်ဖြင့် လူမှာ ပျာယာခတ်သွားမိတော့သည်။

ခင်ဦးခင်၏ ချစ်မေတ္တာတုံ့ပြန်မှုကို ရယူနိုင်ခဲ့သည့်နေ့က အကြောင်းတွေးရင်း ကိုသိန်းဖံ့၏ရင်တွင် ယခုတိုင် နွေးနေဆဲ ရှိပေသေးသည်။ ချစ်ကြပြီး တစ်နှစ်အကြာ ခင်ဦးခင်က ခွဲခွာ၍ ရန်ကုန်ကျောင်းသို့ ပြောင်းသွားခဲ့လေသည်။ ခင်ဦးခင် ခွဲသွားသည်





နှစ်နှစ်တာကြာခဲ့လေပြီဖြစ်၍ ကိုသိန်းဖံ့နှင့် ခင်ဦးခင် ချစ်မေတ္တာ မျိုးစိုက်ထူ ခဲ့သည့်နှစ်မှာလည်း သုံးနှစ်တာ ကြာခဲ့ပေပြီဟု သတ်မှတ်ရပါမည်။ သည်နှစ်များအတွင်း ကိုသိန်းဖံ့က အားပါးတရ စာများရေးသားခဲ့သော်လည်း ခင်ဦးခင်ထံမှ တိုတိုနှင့် လိုရင်းကိုသာ ပြန်ကြားခဲ့လေသည်။ ခင်ဦးခင်၏စာလေးများက တိုလှပါသော်လည်း ကိုသိန်းဖံ့၏ အသည်းနှလုံးကို သိမ့်သိမ့်ခါအောင် လှုပ်ရှားစေနိုင်ခဲ့ သည်ချည်းသာ…

ခင်ဦးခင်၏ မျက်နှာလှလှလေး စကားသံလေးများနှင့် စာ ရေးသားခဲ့ပုံများကို တွေးရင်း တစ်ယောက်တည်း သဲ့သဲ့လေး ပြုံးနေ မိပါသော ကိုသိန်းဖံ့၏မျက်ဝန်းများသည် ဘူတာရုံ၏ တောင်ဘက် ထောင့်ဆီသို့ လှမ်းကြည့်လိုက်မိသည့်အခါတွင်…

'ဟာ… ဒေါ်ကျော့တင်ကြီး ငါ့ကိုမြင်သွားပြီ'

အတွေးလှကမ္ဘာလေး ပျက်သွားရရှာသော ကိုသိန်းဖံ့မှာ သည်နေရာတွင်ပင် ဆက်ထိုင်နေရကောင်းလေမလား၊ ရှောင်ပြေးရ ကောင်းလေမည်လား ဆိုသည်တို့ကို ဝေခွဲမရနိုင်ပါဘဲနှင့် ထိုင်ရမလို ထရမလို ဖြစ်နေရရှာသည်။

ဒေါ်ကျော့တင်မှာလည်း စောစောက တက်ကြွရွှင်မြူးနေ သော်လည်း ကိုသိန်းဖံ့ကိုမြင်လိုက်ရသည့်အခါ ရင်မအေးနိုင်အောင် ဖြစ်သွားရသည်။ ထိုအချိန်က သူတို့မြို့နှင့် ရန်ကုန်မြို့သို့ ဆက်သွယ်သူက များသော် အင်္ဂလိပ်အစိုးရ အမှုထမ်းပိုင်းနှင့် ကုန်သည်ကြီးကြီးပိုင်း



www.burmeseclassic.com

www.burmeseclassic.com



လောက်သာ သွားလာလှုပ်ရှားကြသည်။ ကိုသိန်းဇံတို့လို အောက်တန်းစား နောက်တန်းစားများမပါဝင်၊ ယခု ကိုသိန်းဇံ ဘူတာရုံသို့ ရောက်နေခြင်းမှာ သူ့သမီး ခင်ဦးခင်ကို လာရောက်ကြိုဆိုနေကြောင်း သုံးပုံနှစ်ပုံ သေချာနေပါ၍ ဒေါ်ကျော့တင် ရင်ပူလာမိသည်။

'ငါ့သမီးလေး ဒင်းနဲ့များ အဆက်အသွယ်ရှိနေသလား'

ယင်းအတွေးဝင်လာလျှင်ပင် ဒေါ်ကျော့တင်မှာ အသက်ရှူများမတတ် ဖြစ်သွားရတော့သည်။

'မတော်လို့များ ဒီကောင်နဲ့'

ဒေါ်ကျော့တင် ဆက်မတွေးဝံ့တော့…

'အို… ငါ့သမီးလေးဟာ အလိမ္မာလေး၊ ဗိုလ်ကျောင်းမှာ သွားနေတာ၊ ဒီလိုကောင်မျိုးတော့ မမှန်းတန်ပါဘူးလေ… သမီးလေး ဒီနေ့ပြန်လာမယ်။ အရေးပိုင်ဇနီးနဲ့သမီးပါ ပါလာမယ်ဆိုတာ ငါလျှောက်ပြောထားလို့ မောင်းခတ်ထားသလို တစ်မြို့လုံးလောက် နီးနီး သိနေပြီပဲ၊ သူလည်း ကြားမှာပေါ့ ဒါကြောင့် လာကြည့်တာ ထင်ပါရဲ့လေ'

သည်သို့ ဖြေတွေးတွေးနေစဉ် မျက်နှာလုပ်ချင်သော ပွဲကတော်ကြီး ဒေါ်မြပါရောက်လာပြီး သမီးကို ကြိုဆိုမည်ဆိုပါ၍ ဒေါ်ကျော့တင်မှာ ဝတ္တရားကျေစေရန် စကားပြောနေရပေသည်။

သည်အကွက်ကို ကိုသိန်းဇံက အခွင့်ကောင်းယူခါ အသာလေး ဘူတာရုံတွင်းမှ လစ်ထွက်ခဲ့ရသည်။ ချစ်သူမျက်နှာလှလှလေးကို





မြင်ချင်လွန်းပါ၍ ကာလကြာမြင့်စွာကပင် အပင်ပန်းခံကာ ထိုင်စောင့်နေရပါသော်လည်း အခွင့်မသာသောဘဝပါတကား…

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

ဦးစိန်မောင်၏ သုံးထပ်တိုက်ကြီးတွင် အားလုံး တက်ကြွစွာ လှုပ်ရှားနေကြသည်။ သည်နှစ်တွင် ကိုယ်ခန္ဓာ အထူးဖွံ့ဖြိုးခါ အသားလေးပါ ပိုမို၍ ဝင်းလက်ဖြူဖွေးလာလေသော သမီးလေး၏ အလှသွေးကြွပုံလေးကို ဒေါ်ကျော့တင်မှာ ကြည့်မဝနိုင်ရှာ။

'စက်သူဌေးကတော်ကြီးတို့ ကုသိုလ်ကတော့ ရှာမှရှားပဲရှင်၊ ပစ္စည်းကလည်းပြည့်စုံ သမီးလေးကလည်း လှလိုက်တာ ကြွေရုပ်ကလေးကျနေတာပဲ၊ လိမ်လည်း လိမ်မာပါဘိသနဲ့'

'ဟဲ…ဟဲ…ဒီသမီးလေးအရိပ်ပဲ ကြည့်နေရတာပါပဲ မင်းကတော်ရယ်'

'သမီးကညာ အခါမလင့်စေနဲ့ ဆိုတဲ့စကားလည်း ရှိသားနော်… ဒီရပ်ရွာကလည်း လယ်သမား ချောင်းသမား အပေါသားလား သူဌေးကတော်ရယ်'

သမီးလေးများ မှိုချိုးမျှစ်ချိုး၊ လယ်သမား ချောင်းသမားနဲ့ ညားသွားမည်ကို ရည်ညွှန်းလေသလားဟု ဒေါ်ကျော့တင် တွေးလိုက်





သည်။ သို့သော်လည်း အရေးပိုင်ကတော် မစ္စဂရေ့စ်အောင်ကျော် ဒေါ်လှလှထွန်း၏မျက်နှာထားမှာ သည်သို့ မသက်ရောက်ပါချေ။ ခမ်းရော မျက်ဝန်းပါ ပြုံးနေကြသည်။ အဓိပ္ပာယ်တစ်ခုခုကို ဆောင်ထားမှန်း သိသာလှပါသော်လည်း အရင်းအမြစ်ကို ဒေါ်ကျော့ တင် မတွေးတတ်နိုင်ပါချေ။

ဦးစိန်မောင် ဒေါ်ကျော့တင်နှင့် အရေးပိုင်ကတော် ဒေါ်လှလှ ထွန်းတို့ အိမ်ရှေ့ဧည့်ခန်းတွင် စကားလက်ဆုံကြနေကြစဉ် ခင်ဦးခင်မှာ အိပ်ခန်းတွင်း၌ သူ့သူငယ်ချင်း မိုရင်းအောင်ကျော်နှင့် အတူ ရှိနေပါလေသည်။

'ယူတို့တိုက်ကြီးက အကြီးကြီးပဲနော်…ယူတို့က သိပ်ချမ်းသာ တာပဲနော်…'

'အိုင်တို့က ယူတို့လို ပါဝါမရှိပါဘူးကွာ'

'ဒယ်ဒီက အရေးပိုင်မို့ ပါဝါတော့ရှိပါရဲ့၊ ဒါပေမယ့် အိုင်က သလောက် ငွေမသုံးနိုင်တာသာ ကြည့်ပါလားကွာ၊ အိုင်တို့က အစ်ကိုမောင်နှမများတယ်လေ၊ ယူ့လို တစ်ဦးတည်းသူဌေးသမီး ချောင်လိုက်တာ ကက်သလင်းရယ်'

'မိုရင်းကလည်းကွယ်'

လိုက်လာသူ သူငယ်ချင်းက တက်ကြွနေသလောက် ခင်ဦးခင် ဆိုင်ငိုင်ငိုင် ခပ်ငေးငေး ဖြစ်နေမိသည်။ သည်တစ်ခေါက် အိမ်ပြန် ပါသော်လည်း ရင်မှာ ဟာနေမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



'ငါ အသေအချာ စာရေးထားပါရက်နဲ့ အစ်ကိုသိန်းဇံ တစ်ယောက် ဘူတာမှာ ဘာလို့လာမကြိုတာပါလိမ့်'

သည်အတွေးနှင့် သည်မေးခွန်းသာ စိတ်မှာ အခါခါ ပြန်မေး နေမိပါတော့သည်။ ညနေစာ စားသောက်အပြီး မိုရင်းအောင်ကျော် ရေချိုးနေစဉ် ခင်ဦးခင်မှာ အိမ်၏ငွေဝယ်ကျွန် မဆုံထံ ပြေးသွားပြီး…

'မဆုံ အစ်ကို အစ်ကိုသိန်းဇံတစ်ယောက် မတွေ့ပါလားဟင်'

'ရှိပါတယ် ခင်ခင်ရဲ့ ဘာဖြစ်လို့လဲ'

'သူ့ကို ဘူတာမှာလာကြိုပါလို့ မှာထားရက်နဲ့ သူဘာလို့ လာမကြိုတာလဲမသိဘူး၊ သူ ခင်ခင့်ကိုများ မချစ်တော့ဘူးလား မဆုံရယ်'

ခင်ဦးခင် အသံမှာ ငိုသံပါလာသည်။ ချစ်အားငယ်စိတ်များ ကြောင့် အသံလေးက တုန်ယင်လိုက်လှဲနေရှာပါသည်။ မဆုံ၏ မျက်လုံးများမှာ ကျီးကန်းတောင်းမှောက် ဖြစ်သွားသည်။ ဝိုင်းဝိုင်း လည်ကာ ပတ်ဝန်းကျင်ကိုကြည့်လိုက်မိသည်။ သူတစ်ခုခုကို ဆုံးဖြတ် ခက်နေဟန်လည်း ရှိပါ၏။ ပြောသင့်မပြောသင့် ချင့်ချိန်နေပုံလည်း ရပါသည်။ မဆုံမှာ ငွေတစ်ရာနှင့် အပြီးအပြတ် ဝယ်ထားခဲ့ပါသော ဒေါ်ကျော့တင်၏ ငွေဝယ်ကျွန်ဖြစ်နေပါ၍ မဆုံခန္ဓာနှင့် ဒေါ်ကျော့ တင်၏စိတ်သာ နေခဲ့ရရှာသည်။ မဆုံမှာ စိတ်ထားကောင်းသူ ဖြစ်သည့်ပြင် ခင်ဦးခင်ကိုလည်း အလွန်အမင်း ချစ်ရှာသူဖြစ်လေ သည်။ သည်အိမ်ရှိ အစေအပါးအားလုံးထဲတွင် ခင်ဦးခင်ကလည်း





ဆုံကို အချစ်ဆုံး အရင်းနှီးဆုံး။ သည့်အတွက် ခင်ဦးခင်၏ ချစ်ရေး ရာကို မဆုံအား ဖွင့်ဟပြောခဲ့ပြီး အကူအညီတောင်းခဲ့ပြီးဖြစ်လေသည်။

'ဒီလိုမဟုတ်ရှာပါဘူး ခင်ခင်ရယ် ဟိုခများလည်း…'

'ဟိုခများလည်းဆိုတာ ကိုသိန်းဇံကိုပဲ မှုတ်လား ဟင်…မဆုံ ဘာဖြစ်လို့လဲဟင်…ဘာဖြစ်လို့လဲ…လို့'

'မဆုံကြောက်တယ် ခင်ခင်ရယ်၊ ခင်ခင့်အမေသာ သိရင် ဆုံကို သတ်တော့မှာပဲ'

'အို… မသိစေရပါဘူး၊ ခင်ခင်တာဝန်ယူပါတယ်။ ကဲပါ… ပြောစမ်းပါ၊ အစ်ကိုသိန်းဇံ ခင်ခင့်ကို ဘာလို့လာမကြိုတာလဲဆိုတာ ပြောစမ်းပါ မဆုံရယ်'

မဆုံမှာ ကြာကြာ ထိန်းမထားနိုင်တော့ ခင်ခင့်အဖြစ်ကို ကြည့် ပြီး သနားလာသည်နှင့် ဖြစ်ချင်ရာ ဖြစ်စေတော့ဟူသော ဆုံးဖြတ် ချက်ဖြင့်

'လာကြိုရှာပါတယ်၊ ဘူတာမှာ အစောကြီးတည်းက သွားထိုင် စောင့်နေရှာတာပါ'

'ဟင်… ခင်ခင် မတွေ့ပါလား'

'ဘယ်တွေ့မလဲ ပုန်းနေရရှာတာကိုး… ခင်ခင့်အမေက သူ့ကို စိုက်ကြည့်နေတယ်တဲ့ မသင်္ကာပုံပဲတဲ့ ခင်ခင့်စာမှာလည်း ပါတယ်ဆို၊ ခင်ခင့်အမေ မရိပ်မိအောင်နေပါလို့'

'အင်း'



www.burmeseclassic.com

www.burmeseclassic.com



'ဒါနဲ့ သူ့ခမျာ ဘူတာရုံထဲက ထွက်သွားရရှာတာပါ၊ ဒါပေမယ့် ဘူတာလမ်းချိုးထိပ်က အဇစ်ရဲ့ ကွမ်းယာဆိုင်လေးမှာကွယ်ပြီး ခင်ခင်ကို စောင့်ကြိုနေပါတယ်တဲ့၊ ခင်ခင်ကတော့ သူ့မမြင်ဘူးပေါ့၊ ခင်ခင်တို့မြင်းရထား လုံးလုံးလျားလျားထွက်သွားမှ သူပြန်ခဲ့ပြီး ဒီကို ရောက်လာတာ'

'ဟင်…ဒီကိုရောက်လာတာပဲဟုတ်လား…ဒီအိမ်ကို ရောက်လာတယ်လား'

ဒီအိမ်တော့ မှုတ်ဘူးပေါ့၊ နောက်ဖေး ခြံထောင့်မှာ မဆုံကို စောင့်နေလို့ မဆုံလည်း အမှိုက် သွားသွန်ချင်ယောင်ဆောင်ပြီး သူနဲ့ သွားတွေ့ရတာပါ'

'ဘာပြောသွားသေးသလဲ ဟင်…'

'ခုဏ မဆုံပြောတာတွေ ပြောတာပေါ့'

'သူ ဘယ်တော့ လာဦးမတဲ့လဲ ဟင်…မဆုံ'

'ခုလည်း လာနေတာပဲ'

'အို မဆုံစကားကလည်း ဘယ်လိုဟာလဲ'

'ခု သူရှိနေတယ်'

'ဟင်…အဟုတ်'

'တကယ်ပါ… ခြံနောက် ပိတောက်ပင်အကွယ်မှာ သူတစ်ညလုံး အိပ်စောင့်နေမယ်တဲ့ အခွင့်သာရင်သာ ဆင်းလာခဲ့ပါ၊ မသာရင်လည်း မဆင်းလာပါနဲ့တဲ့၊ သူကတော့ မပြန်ဘူး စောင့်နေမှာပဲတဲ့'





'ဟယ် ဒုက္ခပဲ သနားပါတယ်… ဒါဖြင့် သူဘယ်မှာ ထမင်းစားရဦးမှာလဲ မဆုံရယ်… အစ်ကိုသိန်းဇံကို သနားလိုက်တာ၊ သွားပို့ပေးစမ်းပါ'

'ရှစ်ကြီးခိုးပါရဲ့ ခင်ခင်ရယ် မလုပ်ဝံ့ပါဘူး ခင်ခင်လည်း ကြည့်လုပ်နော် အမေကြီးသိသွားရင်တော့ အားလုံးဒုက္ခပဲကွယ်'

ခင်ဦးခင်မှာ မဆုံအပါးမှ လှည့်ထွက်လာပြီး အပေါ်ထပ်သို့ တက်လာခဲ့သည်။ ခင်ဦးခင်၏ အိပ်ခန်းတွင်း၌ မီးရင်းမှာ သနပ်ခါး သိမ်းကာ အလှပြင်နေပါ၏။ ခင်ခင်က ပြတင်းပေါက်မှ ကန့်လန့်ကာကို အသာလှပ်ကြည့်လိုက်မိသည်။ ခင်ဦးခင်၏ အိပ်ခန်းမှာ သည်နေရာတွင်ရှိပါကြောင်းကို သိန်းဇံသိသည်။ ထို့ကြောင့်သာ ဤအခန်းမှ လှမ်း၍မြင်သာပါသော ပိတောက်ပင်ကြီးအောက်သို့ သူရောက်နေခြင်းဖြစ်ပါသည်။

'အို…အစ်ကိုသိန်းဇံရယ်'

ခင်ဦးခင်၏ နှလုံးသား ကြားသာအောင်သာ မိမိဖာသာ ရွတ်ဆိုလိုက်မိသည်။ ပိတောက်ပင်ကြီးအောက်တွင် လူတစ်ယောက် ခြေဆင်းထိုင်ကာ ပိတောက်ပင်ကိုမှီ၍ ဆေးလိပ်သောက်နေပါကြောင်း ဆေးတိုက်အနေအထားနှင့် မြင်နေရပါသည်။ နေရာကလေးက ဆေးလံလှသဖြင့် တိတိကျကျ မမြင်နိုင်ပါသော်လည်း မဆုံ၏ ပြောစကားအရ ကိုသိန်းဇံဖြစ်ကြောင်း သေချာနေပါလေပြီ။

'ကံကိသလင်း…ယူ ဘာကြည့်နေတာလဲ…ဟင်'



www.burmeseclassic.com

www.burmeseclassic.com



နောက်ဘက်မှ မိုးရင်း၏အသံကြောင့် ကန့်လန့်ကာဖျတ်ခနဲ ပြန်ပိတ်ကာ လူပါအခန်းတွင်း လှည့်လိုက်ပြီး…

'ဘာမှ မကြည့်ပါဘူးကွာ အလကား အပြင်ကိုငေးနေတာပါ'

'ယူ… ရေမချိုးသေးဘူးလား'

'အင်း… ဟုတ်ပါရဲ့ ချိုးရဦးမယ်'

'မြန်မြန်လုပ်ကွာ စောစောက အန်တီပြောတဲ့ ဆုတောင်းပြည့် ဘုရား သွားရအောင်လေ'

'ဆုတောင်းပြည့်ဘုရား'သည် ခင်ဦးခင်တို့အိမ်နှင့်ဆိုလျှင် အတော်လေး လှမ်းသေးသည်။ မြို့ဆုံးနှင့် မြို့ဖျားလောက်နီးနီး ဝေးသည်။ သာယာကုန်းတစ်မြို့လုံးလို ခြားနေသဖြင့် အတော်လေး သွားကြရပေလိမ့်ဦးမည်ထင်သည်။ လမ်းရှိ 'နန္ဒာကန်'သို့လည်း သူတို့ ဝင်ဖြစ်ကြလိမ့်မည်ထင်သည်။ အိမ်သို့ အချိန်အတော်ကြာမှ ပြန်လာနိုင်ကြပေလိမ့်မည်။ သည်အတွင်း သူသာအိမ်မှာကျန်ရစ်ခွင့်ရလျှင် ကိုသိန်းဖံနှင့် တွေ့ဆုံနိုင်ခွင့်ရနိုင်မည်။ သည်အခွင့်အရေးကို သူ လက်လွှတ်မခံချင်၊ အစွမ်းကုန် အကြံဉာဏ်ထုတ်ရပေတော့မည်။

'အိုင်… ရေချိုးလို့မှ ဖြစ်မါ့မလားမသိဘူး မိုရင်းရယ်… ခေါင်းတွေသိပ်ကိုက်တာပဲ မူးလည်းမူးတယ် ချမ်းလည်းချမ်းတယ် ဗိုက်ကလည်းအောင့်တယ်၊ ပြီးတော့ အန်ချင်သလိုလို…'

'ဟင်… ယူ့ဟာကလည်း ကိုးဆယ့်ခြောက်ပါး အကုန် ပါပဲလား'





ခင်ဦးခင်က ရယ်ချင်စိတ်ကို မနည်းမြိုသိပ်ထားလိုက်ရသည်။ …ရင်းက အပြစ်တင်သလိုသို့ပြောသော်လည်း သူတကယ်ယုံကြည်နေ …ကြောင်း သူ့စကားများအရ ခင်ဦးခင် သိရပါလေပြီ…

'ဟုတ်တယ်…ဒါကြောင့် ညနေက ယူ ကောင်းကောင်း …ခင်းမစားတာကိုး၊ အိုင်ဖြင့် စားကောင်းလိုက်တာ ဟင်းတွေက …နေတာပဲကိုး၊ ညနေတည်းက နေမကောင်းတာထင်တယ် ဟုတ်လား၊ …င်…ကက်သလင်း'

'အစစ်ပေါ့…ညနေတောင်မကပါဘူး၊ ရထားပေါ်တည်းက'

'ရထားပေါ်တုန်းက ယူ မြူးလို့ပါ၊ အိမ်ရောက်မှဖြစ်မှာပါ …ရောက်မှ ငြိမ်ကျသွားတာ'

'ရထားပေါ်မှာတည်းက ခေါင်းကိုက်ကတော့ စနေပါပြီလေ' အရှိန်လွန်သွားပါသဖြင့် ခင်ဦးခင် ရောချလိုက်ရတော့သည်။

'ယူ ချမ်းရင် ကွေးနေလေ၊ အိုင် စောင်ခြုံပေးမယ်၊ …တို့လည်း မသွားတော့ဘူးပေါ့'

'အို…သွားကြပါ၊ ယူ ပြင်ဆင်ပြီးပြီပဲ၊ သွားပါ… သွားဖြစ် …င်သွားပါနော်၊ အိုင်မလိုက်နိုင်လည်း ယူက သွားဖြစ်အောင် …တွန်းပေးပါကွယ် အိုင့်ကိုတော့ ခွင့်လွှတ်ပါနော်…၊ အိုင် …န်းလို့ ကွေးပြီးနေခဲ့ပါရစေ၊ ယူတော့ သွားဖြစ်အောင်သွားပါနော်'

'သွားပါမယ်တဲ့ရှင်…သွားပါမယ်တဲ့၊ ကဲ အိပ်ပေတော့'

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



'ခင်…ခင်ခင်လေးရယ်၊ အစ်ကို့ကိုလာတွေ့တယ်နော်၊ ဝမ်းသာလိုက်တာ…ဝမ်းသာလိုက်တာကွယ်'

ကိုသိန်းဇံက သစ်ပင်ကိုမှီနေရာမှ ခုန်ထပြီး ခင်ဦးခင်ကို ပြေးဖက်လိုက်သည်။ ခင်ဦးခင်က ရုန်းထွက်၍ အိမ်ဘက်မှ မမြင်သာသော သစ်ပင်ကွယ်သို့ ဝင်လိုက်ရပါ၏။ ကိုသိန်းဇံက ပွင့်ဖတ်နုပမာ ညက်အိနေပါသော ခင်ဦးခင်၏ လက်ကလေးကို ဆုပ်တွဲထားရင်း ပိုးဝါးအလင်းရောင်ဖြင့် ချစ်သူမျက်နှာလေးကို ငေးစိုက်ကြည့်နေမိရှာသည်။

'အစ်ကိုသိန်းဇံ'

'ဟင်'

'ခင်ခင့်ကို ဘာလို့ လာမကြိုလဲဟင်'

သိပြီးဖြစ်ပါလျက်နှင့် စကားက ရှာမရ၍ ခင်ဦးခင်က ပြောစရာ ပြောရာ ပြောလိုက်မိပါသည်။

'မဆုံ မပြောဘူးလားကွယ်'





'ပြောသားပဲ'

'ဒါဖြင့် အဲဒီအတိုင်းပေါ့'

နှစ်ယောက်လုံး ပြန်ငြိမ်သွားမိကြပါသည်။ ပြောချင်စရာ ပြောလိုရာတွေက အနန္တ၊ ရင်နှင့်တစ်လုံးရှိနေကြပါသော်လည်း တကယ်တမ်း ကြုံဆုံရသည့်အခါတွင် ဘာစကားက စရမှန်းမသိကြလေတော့။ နှစ်ယောက်လုံးရင်မှာမူ ဖျတ်ဖျတ်ခါလှုပ်ရှားနေမိကြသည်သာ သိကြတော့သည်။

'ခင်ခင်'

'ရှင်'

'ခင်ခင် ဒီတစ်ခါပြန်လာတာ သိပ်လှလာတာပဲကွယ်'

'အို…မပြောနဲ့၊ ခင်ခင်ရှက်တယ်'

'ထိုင်ကြမယ်လေကွယ်၊ အစ်ကိုအချိန်ကြာကြီးတည်းက မျှော်လင့်တောင့်တခဲ့သလို ခင်ခင့်ကို အစ်ကို့ရင်ခွင်မှာ ထွေးပွေ့ပြီး အကြာကြီး စကားတွေပြောချင်လိုက်တာ အချစ်ရယ်'

'အို… ဒီလိုမျိုး ခင်မကြိုက်ဘူး သိလား၊ ပြီးတော့ အမေတို့က ပြန်လာကြတော့မှာ အစ်ကိုသိန်းဇံရဲ့ ခင်ခင်ပြန်တော့မယ်'

'ဟောဗျာ…ခင်ခင်ကလည်းကွယ် တွေ့ရမယ်မှမကြာသေးဘူး'

'တကယ်…ခင်ခင် သိပ်ပြီး စွန့်စားလာရတာပါ၊ အစ်ကို့ကို တွေ့ချင်လို့ အရဲစွန့်လာရတာပါ၊ အစ်ကိုပြန်တော့လေ၊ အစ်ကို့ကို ခင်ခင်လေ သိပ်သနားတာပဲ'



www.burmeseclassic.com

www.burmeseclassic.com



'တကယ်လား ခင်ခင်ရယ်'

'တကယ်ပါ… တကယ့်ကိုပါ'

'သနားရင် မပြန်ပါနဲ့ဦး ခင်ခင်လေးရယ်… နော်'

ကိုသိန်းဇံ၏ စကားသံလေးက တောင်းပန်သံလေး နှောနေပါ၍ ခင်ခင် မပြန်ရက်တော့၊ ဖက်တွယ်ထားပါသော ကိုသိန်းဇံရင်ခွင်မှလည်း ခင်ဦးခင် ရုန်းမထွက်ချင်တော့။

'ခင်ခင်'

'ရှင်'

'ခင်ခင်က ခုလို အိပ်မက်ပေးသလို လာလိုက် ပြန်သွားလိုက်နဲ့ဆို ကြာရင် အစ်ကိုသိန်းဇံ ရင်ကွဲနာကျပြီး သေရလိမ့်မယ် ခင်ခင်'

'အစ်ကိုကလည်း'

'တကယ်ပါခင်ခင်၊ အစ်ကိုဟာ အပိုတွေဘာတွေ ဘယ်တုန်းက ပြောဖူးလို့လဲ၊ တကယ့်ကို ရင်ထဲမှာ ခံစားနေရတာတွေကို ပြောပြနေမိတာပါ၊ ခင်ခင့်ကို ခုလိုခွဲထားရတာ လွမ်းတာအပြင် စိတ်လည်းမချဘူးကွယ်၊ အချိန်ကြာလာရင် ပိုပြီးဝေးရမှာစိုးတယ်၊ ခင်ခင်က ပညာတတ် ကွန်ဗင့်ကျောင်းထွက်၊ ပြီးတော့ သိပ်လည်း လှတယ်မှုတ်လား၊ အစ်ကိုနဲ့က ဘယ်နေရာမှ မတန်ဘူးဆိုတာ အစ်ကို သိသလို ခင်ခင်သိလာတဲ့တစ်နေ့ကို ရောက်မှာစိုးလိုက်တာ ခင်ခင်ရယ်'





'အစ်ကိုကလည်းကွယ်…အစ်ကိုနဲ့တွေ့ရတာ ခင်ခင် စိတ်ညစ်သာပြီ၊ ဒါတွေမတွေးပါနဲ့ဦး၊ ခင်ခင်ပညာသင်ပါရစေဦး၊ ပြီးတော့ အစ်ကိုသိန်းဇံ အလုပ်မရှိလည်း ခင်ခင်ကပဲ ရှာကျွေးမှာပေါ့ မှုတ်ဘူးလား'

'မဟုတ်ပါဘူး ခင်ခင်၊ မဟုတ်နိုင်ပါဘူး…မဖြစ်နိုင်ပါဘူး'

'ဟင် အစ်ကိုသိန်းဇံကလည်း ခင်ခင့်ကို တွေ့ချင်တာ ဒီလို စိတ်ညစ်စရာအကြောင်းတွေ ပြောဖို့လား… ဟုတ်လား၊ ဒါဆိုရင် ခင်ခင် နားမထောင်ချင်တော့ဘူး ပြန်တော့မယ်'

'ကဲ ကဲ မပြောတော့ပါဘူးကွယ် ဒီတစ်ခါ ခင်ခင်ပြန်လာတာ ဘာဖြစ်မှန်းကိုမသိဘူး၊ ရင်ထဲမှာ သိပ်ပူတာပဲ'

'ဟင်…မပြောဘူးလည်းဆိုသေး'

'ဘွာကွာ…ဘွာ…အစ်ကိုသိန်းဇံကို ချစ်ရဲ့လားဟင်'

'အပိုတွေ မေးနေရသေးလား… လို့၊ မချစ်ဘဲ ဘာဖြစ်လို့ ခုလို လာတွေ့ပါ့မလဲ'

'ဒါပေမယ့် ကြားချင်သေးတာပေါ့ ခင်ခင်ရယ်'

'ချစ်ပါတယ် အစ်ကိုသိန်းဇံရဲ့။ ခင်ခင်ချစ်ပါတယ်ဆိုမှ'

ခင်ဦးခင်၏စကားက ပြီးပြည့်စုံပါသော်လည်း ကိုသိန်းဇံ အားမရနိုင်။ သူ့လိုရင်တွင်းရှိ နှလုံးသားဆီမှ တိုက်ရိုက်မလာဟု ထင်မိသည်။ ပေါ့ပေါ့တန်တန်လေး ပြောဆိုခြင်းဖြစ်သည်ဟု ယူဆမိသည်။ ကိုသိန်းဇံထက် ငါးနှစ်ခန့်ငယ်သော အတန်းအားဖြင့်မူ



www.burmeseclassic.com

www.burmeseclassic.com



တစ်တန်းသာကွာခြားလှသော ခင်ခင်သည် ကလေးတွေး တွေးနေဆဲ ရှိသည်ဟု ကိုသိန်းဇံ ခံယူမိပါသည်။ ဆယ်ကျော်သက်ရွယ် ခင်ဦးခင်မှာ ကိုသိန်းဇံကို ချစ်တတ်သည်မှလွဲ၍ အရှည်ကိုမတွေး တတ်သေး။ အိမ်ထောင်ရေးအထိ မမျှော်မှန်းတတ်ရှာသေးပါ။ ကိုသိန်းဇံကဲ့သို့လည်း ရှေ့ရေးကိုလည်း မတွေးတတ်သေးပါချေ။

ကိုသိန်းဇံကမူ ခင်ဦးခင်ကို စတင်၍ မေတ္တာသက်ဝင် ချစ်ခင် မိသည့်နေ့မှစ၍ သောကများသာ ရင်၌ ကြီးစိုးလာခဲ့ရသည်။ ခင်ဦးခင် ၏ ချစ်မေတ္တာကို ပိုင်ဆိုင်နိုင်ခွင့်ရရှိသည် မှန်ပါသော်လည်း ခင်ဦးခင် ပေါင်းဖက်ရန်အရေးမှာ ဝေးလံလှသော အေးရိပ်သာမရှိပါသော သဲကန္တာအတွင်းမှ ရေကြည်တစ်ခွက်ကို ရယူရသည်ထက်ပင် ခက်ခဲ လွန်းလှလေမည်ကို ကိုသိန်းဇံ တွေးမိပါသည်။

'အစ်ကိုသိန်းဇံ ဘာတွေတွေးနေတာလဲ ခင်ခင်ပြန်တော့မယ် နော်...'

'နေပါဦး ခင်ခင်လေးရယ်။ ဟုတ်ပါရဲ့ အစ်ကိုဆိုတဲ့ကောင် ကလည်း တွေ့တုန်း ကြည်ကြည်နူးနူးလေး မနေမိဘူး။ ကဲ...ကဲ... မေးစရာရှိတာတွေ မေးပါရစေဦး ရန်ကုန်မှာ ပျော်ရဲ့လား'

ကိုယ့်ရင်မှ သောကကို ချစ်သူထံ မပျံ့လွင့်စေလိုပါသော သဘောဖြင့် ကိုသိန်းဇံက ဆင်ခြင်လိုက်ပြီး ခင်ဦးခင်၏မျက်နှာလေး ဆွဲမော့ကာ မေးလိုက်မိရာ...





'ပျော်တာပေါ့ အစ်ကိုရှ အပြင်ထွက်ခွင့်ရတိုင်း လျှောက်လည် နေတာ'

'ဟုတ်လား၊ ဒါဖြင့် အစ်ကို့ကို မေ့နေပြီပေါ့'

'မေ့ပါလိမ့်မယ်အားကြီး အမြဲတိုင်း သတိရတယ်သိလား၊ လျှောက်တဲ့နှစ်တုန်းက ငိုလိုက်ရတာတစ်ရှိုက်ရှိုက်'

'ခုတော့ ရော'

'ခုတော့ သိပ်မငိုတော့ဘူး။ သတိကတော့ အမြဲရတယ်။ တကယ်၊ တကယ်ပါ မယုံဘူးလား'

'ယုံပါသတဲ့ဗျာ...ဘာပြောပြော ယုံပါသတဲ့'

'အစ်ကိုကလည်း'

'တကယ်ပြောတာပါ။ ခင်ခင်မညာတတ်တာ အစ်ကိုအသိ ပဲဟာ ဒါနဲ့ နေပါဦး ခုန ခင်ခင်ပြောတဲ့အထဲမှာ အပြင်ထွက် ခွင့်ရတိုင်း လျှောက်လည်နေတယ်ဆိုတာ ပါတယ်နော်... ရန်ကုန်မြို့ ကြီးက သိပ်ရှုပ်တာပဲဆို၊ အလည်တွေလည်းပေါတယ်ဆို အစ်ကို တော့ မရောက်ဘူးလို့ မသိဘူးကွယ်။ ခုလို လျှောက်လည်နေတာ နှစ်ယောက်တည်းများလားကွယ်'

'ဟာ...ဘယ်ဟုတ်ပါ့မလဲ အစ်ကိုရဲ့၊ ခု ခင်ခင်နဲ့ ပါလာတဲ့ ခင်ဦးတို့ မိသားစုနဲ့သွားတာ များပါတယ်။ သူတို့အိမ်လည်းသွားလည် တယ်။ တစ်ခါတလေမှ မိုရင်းနဲ့ ရုပ်ရှင်သွားကြည့်တယ်'

'မိန်းကလေးနှစ်ယောက်တည်း'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ပါဘူး။ သူ့အစ်ကိုက ကားမောင်းပြီး လိုက်ပို့တာ သူတို့ကားပိုင်သိလား… အဲဒီမော်တော်ကားဆိုတာ သိပ်စီးလို့ ကောင်းတာပဲဆရာ'

'ဟုတ်လား… သူ့အစ်ကိုဆိုတာ ဘယ်သူလဲဟင်'

'ကောလိပ်ကျောင်းသား အစ်ကိုရဲ့ ဂိုက်ဖြောင့်တာပဲ၊ မိုရင်းရဲ့ အစ်ကိုအရင်း 'ကက်နက်'တဲ့ ဒါပေမယ့် သူ့ကို ခေါ်ကြတော့ ကိုထွန်း အောင်ကျော် လို့ပဲ ခေါ်ပါတယ်'

'ကိုထွန်းအောင်ကျော်'

ခင်ဦးခင် စကားအဆုံးတွင် ကိုသိန်းဇံက ယင်းအမည်ကို ရွတ်ဆိုကြည့်လိုက်ပါသည်။ ထိုအမည်ရှင်နှင့် ကိုသိန်းဇံသည် နောင်သောအခါတွင် ကြီးမားကြောက်မက်ဖွယ်ရာကောင်းလွန်းသော နှလုံးသားရေးရာ အားပြိုင်မှုကြီး ဖြစ်ကြရလိမ့်မည်။ အနိုင်လုခြင်း၊ အင်အားပြိုင်ခြင်း၊ မုန်းတီးနာကျည်းခြင်း၊ ကလဲ့စားချေခြင်း စသော ရင်မီးတောက်လောင်ဖွယ် ကိစ္စရပ်များသည် နောင် သားစဉ် မြေးဆက် သို့တိုင် ကူးစက်ပျံ့နှံ့ကာ 'အပြစ်မဲ့နှလုံးသားများ'ပါ အလူးအလဲ ခံစားကြရတော့မည့်အရေးကို ထိုစဉ်က ပိတောက်ပင်အောက်မှ ချစ်ဦးသူနှစ်ယောက်တို့သည် မမျှော်မှန်းမိ၊ လုံးဝ မတွေးဆမိခဲ့ကြပါ ချေတကား…။

◆ ◆ ◆

ဒေါ်ကျော့တင်တို့ပိုင် မြေပိုများမှာ ရန်ကုန်မှ သူဌေးခြံကြီးများလို ဆယ်ကုလားထား၍ ပန်းအလှများ စိုက်ထားခြင်းမရှိပါ။ သဘာဝ သစ်ပင်များဖြင့်သာ ခြံရံထားပါသည်။ အိမ်၏ခေါင်းရင်းဘက် ကွက်လပ်တွင် ဘက်တမင်တန် ကစားနေကြပါသော ခင်ဦးခင်နှင့် ချစ်ဖြစ်သူ မိုရင်းကိုကြည့်ရင်း ဒေါ်လှလှထွန်းမှာ နက်နဲစွာ တွေးနေ မိသည်။

မစ္စစ်ဂရေ့စ်အောင်ကျော်ခေါ် ဒေါ်လှလှထွန်းမှာ သည် ဘယာကုန်းရှိ ခင်ဦးခင်တို့အိမ်သို့ လိုက်လာစဉ်ကာလက အလည် သက်သက်မျှသာဖြစ်သည်။ သည်မြို့ကို လေ့လာရုံမျှသာဖြစ်သည်။ ယခုမူ သူ့တွင် စိတ်ကူးတစ်ခုပေါ်ပေါက်လာခဲ့လေပြီ။ ခင်ဦးခင်ကို ကြည့်ရင်း အတွေးတစ်ခုဝင်လာခဲ့ချေပြီ။

'တို့ ဒီမြို့ပြောင်းပြီးရင် သားလေး ထွန်းအောင်ကျော်နဲ့ သက်သလင်းကို နေ့ာ်ပြီး လက်ထပ်ပေးလိုက်ရင် ကောင်းမှာပဲ

www.burmeseclassic.com



သူတို့ဘက်တလည်း ဘာငြင်းစရာရှိလဲ၊ သားက ဘီအေနောက်ဆုံး နှစ် ဘီအယ်(လ်)လည်း တက်နိုင်ဦးမှာ သားဘက်ကဆိုလည်း အရ တော်တာပဲ၊ သူတို့ချမ်းသာသမျှအားလုံး ကက်သလင်းတစ်ယောက် တည်းပဲရမှာ သားတစ်သက်လုံး အေးရရော၊ ကက်သလင်းလေး လည်း မင်းကတော်ဖြစ်ရမှာ သေချာတယ်၊ သားနဲ့ ကက်သလင်းဆိုရင် နေနဲ့လ၊ ရွှေနဲ့မြလို ပဏ္ဏာတင့်တော့မှာပဲ'

ဒေါ်လှလှထွန်း၏ အတွေးများသည် မြားများအသွင် တင်စား ကြစတမ်းဆိုပါလျှင် ပစ်မှတ်နေရာသည် ကိုသိန်းဖေ၏ အသည်းရင်ပြင် သို့သာ ဖြစ်ချေလိမ့်မည်တကား။

◆

သည်သို့ဖြင့် ကျောင်းပြန်ဖွင့်၍ ခင်ဦးခင်တို့ ရန်ကုန်မြို့သို့ ပြန်လာကြပြီး ကျောင်းပိတ်ရက်တစ်ရက်တွင်···

'ခင်ခင် ဒန်ပေါက်ထမင်းက စားမကောင်းဘူးလားဟင်··· နည်းနည်းလေးပဲ စားတယ်ကွယ်'

'ကောင်းပါတယ်ကိုကို၊ ခင်ခင်ဖြန့်ချင်ပြီ'

'အို···မာမီက ဘုရားပို့ခိုင်းထားတာပဲကွယ်'





ခင်ဦးခင် ဘာမျှထပ်မပြောမိတော့။ ကိုထွန်းအောင်ကျော်နှင့် ကုလားဟိုတယ်တစ်ခုမှ ထွက်လာကြပြီး သူတို့ပိုင် မော်တော် လေးဖြင့် ဖရေဇာ(အနော်ရထာ)လမ်းမှ လာကြပြီး ရွှေတိဂုံဘုရား သို့ ချိုးကွေ့၍ မောင်းလာသည်။ ရွှေတိဂုံဘုရားကြီးကို ဖူးမြော်ရန် ရောက်ခဲ့ကြလေပြီ။

ထိုအချိန်က ရန်ကုန်မြို့တွင် မော်တော်ကား မရှုပ်ထွေးလှ ရွှေတိဂုံဘုရားနှင့် သိမ်ကြီးဈေးသို့ ပြေးဆွဲသော ပုဂ္ဂလိက တ်(စ)ကား ခတ်ရထားနှင့် စင်းရေနည်းပါလှသော ကိုယ်ပိုင် များသာ ရှိကြသည်။ ယင်းအထဲတွင် အင်္ဂလန်လုပ် အော်စတင် လေးနှင့် ကိုထွန်းအောင်ကျော်ဆိုသည့် အရေးပိုင်သား ကိုယ်တိုင် င်သည့်ဘေးမှ လိုက်ပါစီးနင်းနေရပါသော ခင်ဦးခင် အမှန်ပင် ည်နူးနေမိသည်။ ရှက်ရွံ့သည့်စိတ်သာ ဖယ်ရှားလိုက်ပါလျှင် ည်လိုပင် သွားလာလည်ပတ်ချင်မိပါသည်။ ခင်ဦးခင်တို့မှာ ကိုထွန်း င်ကျော်တို့ထက် ဆယ်ဆမက ကြွယ်ဝချမ်းသာသည် မှန်ပါသော် ည်း ကားဝယ်စီးဖို့ စိတ်မကူးကြ၊ သူတို့မြို့တွင် စီးရန်လည်း ပါ၊ ခင်ဦးခင်မှာ ကားစီးရသည်ကို များစွာနှစ်မြို့က် သဘောကျ သည်။ လမ်းသွားလမ်းလာ လူအများက ကားစီးသွားကြသော ယ်မောင်နှံအား ငေးမောကြည့်သွားကြသည်ကို ခင်ဦးခင်စိတ်ထင် တ်၍ ဝံ့ကြွားနေမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သည်တစ်ပတ် တနင်္ဂနွေနေ့တွင် ကျောင်းသို့ ဒေါ်လှလှထွန်း ကိုယ်တိုင် လာခေါ်ကာ အစားအသောက် ကောင်းများဖြင့် ကျွေးမွေး ပြုစုအပြီးတွင်

'ကက်သလင်းရေ… အန်တီနဲ့မိုရင်းက သူတို့အန်တီ နေမကောင်းတာ သတင်းသွားမေးရဦးမယ်ကွယ်၊ လိုက်မပို့နိုင်တာတော့ ဆောရီးနော်… ကက်သလင်းရဲ့ ကိုကိုကပဲ ဘုရားကို လိုက်ပို့ပေးပါလိမ့်မယ်ကွယ်။ ကဲ သားရေ…သွားကြတော့လေ၊ ညီမလေးကို စုံအောင် လိုက်ပို့လိုက်ပါကွယ်'

ကိုထွန်းအောင်ကျော်နှင့် ခင်ဦးခင် ရင်းနှီးပါရန် ဒေါ်လှလှထွန်း အကွက်ထွင်ပေးပါကြောင်း ခင်ဦးခင် မရိပ်စားမိ၊ ဒေါ်လှလှထွန်း၏ ဉာဏ်ကို မမီပါချေ။

ကိုထွန်းအောင်ကျော်ကမူ မိခင်ဖြစ်သူ၏ စီမံကိန်းကို သိရှိပြီးသူဖြစ်ချေသည်။ ယခင်က ချာတိတ်မလေးအဖြစ်နှင့်သာ သဘောထားခဲ့မိပါ၍ ခင်ဦးခင်ကို အသေအချာ မလေ့လာမိ၊ မကြည့်မိ ဖာသိဖာသာသာ နေလာခဲ့ရာမှ မိခင်ဖြစ်သူက-

'မိုရင်း သူငယ်ချင်းကက်သလင်းလေးဟာ သဘောကောင်း ရုပ်ချောရုံတွင်မကဘူး သူ့မိဘကလည်း ချမ်းသာလိုက်တာ ထိတ်ထိတ်ကြီသားရေ…ဆန်စက်ပိုင်၊ သူတို့လယ်ယာမြေတွေက သာယာကုန်း ဝန်းကျင်တစ်ခုလုံး လက်ညှိုးထိုးမလွဲဘူး။ အတွင်းပစ္စည်းတွေကလည်း အပြည့်အလျှံပဲ'





'မာမီကလည်း တစ်ခေါက် သွားလည်တာနဲ့ပဲ အားကျလာပြီ၊ တို့နဲ့ ဘာဆိုင်လဲဗျာ၊ ကိုယ်က လခစားပဲ'

'အေး… ဆိုင်ရမယ်သား၊ ဆိုင်ကို ဆိုင်ရမယ်သားရဲ့ သားနဲ့ ကက်သလင်းစိန်မောင်ဆိုတဲ့ ခင်ဦးခင်နဲ့ ပေးစားမလို့'

'ဟာ ကောင်မလေးက ငယ်ငယ်လေးပဲ'

'မငယ်ပါဘူး… သားက သတိမထားမိလို့ပါ'

'မာမီ စကားပြောပြီးလို့လား…သူတို့ဘက်ကရော လက်ခံလား…သားလည်း စဉ်းစားပါရစေဦး'

သည်သို့သည်နှယ် မိခင်နှင့်မကျေမလည် ဆွေးနွေးပွဲအပြီးတွင် ကိုထွန်းအောင်ကျော်မှာ ခင်ဦးခင်ကို အသေအချာ လေ့လာ,လာမိသည်။ ဇွဲစဝ်စွာလေ့လာလေ၊ ခင်ဦးခင်မှာ ချစ်ခင်နှစ်လိုဖွယ်ရာ အကွက်များ,များလာလေပင်၊ ခင်ဦးခင်ကို တရင်းတနှီး ဆက်ဆံပြီး တစ်လလောက်အကြာတွင်

'သားလည်း ဒီဂရီရပြီပဲ မာမီ… ခင်ဦးခင်ကို လက်ထပ်ဖို့သာ မာမီစီစဉ်ပါတော့လေ'

'ကောင်းပြီ သား… မင်းဒယ်ဒီလည်း သာယာကုန်းကို အလုပ်လွှဲပြောင်းပြီးပြီပဲ၊ မေမေတို့ ဒီက အားလုံးလိုက်ပြီးကြတဲ့အခါ မင်္ဂလာပွဲလုပ်ဖို့ စီစဉ်ကြတာပေါ့၊ သာယာကုန်းမပြန်ခင်၊ သားနဲ့ ခင်ဦးခင်လည်း ရင်းနှီးအောင်နေကြဦးလေ၊ လူငယ်ချင်း မေတ္တာရှိကြတော့လည်း အိမ်ထောင်ရေးမှာ ပိုပြီး စိတ်ချမ်းသာတာပေါ့ သားရယ်'



www.burmeseclassic.com

www.burmeseclassic.com



ကိုထွန်းအောင်ကျော်မှာ ကားမောင်းလာရင်း မိခင်ဖြစ်သူနှင့် ဆွေးနွေးခဲ့ရပုံများကို ပြန်လည် ကြားယောင်လာမိပါသည်။ ကားမောင်းနေရင်းလည်း ခင်ဦးခင်၏ မျက်နှာလှလှလေးကို မကြာခဏ လှည့်လှည့်ကြည့်နေမိပါသည်။ ကိုထွန်းအောင်ကျော်အနေနှင့် ခင်ဦးခင်အား ချစ်သူတစ်ယောက်အနေမျိုးနှင့်ဖြစ်ဖြစ်၊ ဇနီးသည်တစ်ယောက်အနေမျိုးနှင့်ဖြစ်ဖြစ် လက်မခံနိုင်စရာ အကြောင်း မြူတစ်မှုန်စာသော်မှ အပြစ်ရှာမရနိုင်ပါချေတည်း။

◆ ◆ ◆

၂

'ခင်ခင် ဘာဆုတွေတောင်းလဲ...ဟင်'

'စာမေးပွဲ အောင်ပါစေ၊ အမေတို့ နေကောင်းပါစေလို့ ဆုတောင်းပါတယ် ကိုကို'

ခင်ဦးခင်မှာ ကိုထွန်းအောင်ကျော်အား မိုရင်းခေါ်သလိုပင် 'ကိုကို'ဟု ခေါ်ဝေါ်သုံးနှုန်းခဲ့လေသည်။ ကောလိပ်ကျောင်းတော်သားကြီးဖြစ်ပြီး မိမိထက်လည်း အသက်ငါးနှစ်ခြောက်နှစ်ခန့် ကြီးသူဖြစ်ပါ၍ ခင်ဦးခင်မှာ ကိုထွန်းအောင်ကျော်ကို လေးစားကြည်ညိုပြီးသားဖြစ်လေသည်။ ကိုထွန်းအောင်ကျော်မှာလည်း ခင်ဦးခင်၏ လေးစားကြည်ညိုခြင်းခံယူထိုက်လောက်အောင်ပင် တည်ငြိမ်သိက္ခာရှိသော လူငယ်တစ်ဦးဖြစ်ပေသည်။ ခင်ဦးခင်ကမူ သည်သို့ မဟာစီမံကိန်းကြီး ချနေကြသည်ကို အနည်းငယ်မျှ မတွေးမိ။ ကိုထွန်းအောင်ကျော် မေးသည်ကိုသာ အမှန်အတိုင်း ပြောလိုက်မိပါသည်။ တစ်ခုတော့ ထိန်ချန်ထားမိသည်။ ခင်ဦးခင်တောင်းသည့်ဆုတွင် အစ်ကိုသိန်းခ နေထိုင်ကောင်းပါစေရန်ပါသည်။ ယင်းဆုကိုမူ ထည့်



www.burmeseclassic.com

www.burmeseclassic.com



မပြောမိတော့။ 'ကိုသိန်းဖုံနှင့် ပေါင်းရပါစေကြောင်း' ဆိုသည့် ဆုမျိုး အထိမူ ရဲဝံ့စွာ မတောင်းမိ၊ သည်အထိလည်း မရည်ရွယ်မိသေး။ ကိုထွန်းအောင်ကျော်က ခင်ဦးခင်ကို ဘုရားရင်ပြင်တွင် ထိုင်ရင်းက ရွှန်းရွှန်းစားစား ကြည့်လိုက်မိသည်။ ပြီးမှ–

'ခင်ခင့်ကို ပြောစရာရှိလို့ ကိုကို ဒီကိုခေါ်လာတာခင်ခင်'

'ဟင်…ခင်ခင့်ကို ဘာများပြောစရာရှိလို့လဲ…ကိုကို'

အံ့ဩသလို မျက်လုံးကလေး ဝိုင်းကြည့်ပြီး မေးလိုက်သည်။ ယင်းအမူအရာလေးကို ကိုထွန်းအောင်ကျော်မှာ တစ်သက်တာ မျက်စိထဲမှ မထွက်နိုင်ရက်လောက်အောင် စွဲညိသွားပါ၍–

'ကိုကိုကလည်း သွယ်ဝိုက်မပြောတတ်ဘူး၊ မပြောချင်ဘူး။ မာမီတို့က ခင်ခင်နဲ့ကိုကိုနဲ့ ပေးစားဖို့ စီစဉ်နေကြတယ်။ အဲဒါ ခင်ခင် ဘယ်လိုသဘောရသလဲ ဟင်'

ကိုထွန်းအောင်ကျော်၏စကားကို ကြားလိုက်ရသည် မှန်ပါသော်လည်း ခင်ဦးခင်မှာ သူ့နားကိုပင် သူမယုံချင်။ ကိုထွန်းအောင်ကျော်ကပင် ဆက်လက်၍–

'ကိုကိုကတော့ လက်ခံဖို့အသင့်ပါပဲ၊ ဘာဖြစ်လို့လဲဆိုတော့ ခင်ခင့်ကို ကိုယ်က ချစ်နေမိလို့ပါပဲ၊ ခင်ခင်ကရော ကိုကို့ကို မချစ်ဘူးလား…ဟင်'

'အို… ကိုကိုကလည်း ဘုရားပေါ်မှာ မပြောကောင်းပါဘူး ငရဲကြီးလိမ့်မယ်'





'ဟဲ ဟဲ ချစ်တယ်ပြောတာ အကုသိုလ်လုပ်တာမှ မဟုတ်ဘဲ ခင်ခင်ရဲ့ ဘယ်ကငရဲကြီးရမှာလဲ ကဲ… ကိုကိုမေးတာ ဖြေပါဦး'

'ဟင်…ခင်ခင် မသိဘူး'

အမှန်က ချစ်ဦးသူရှိပြီးသား ခင်ဦးခင်အနေနှင့် ကိုထွန်းအောင်ကျော်ကို အပြတ်ပြောလိုက်ဖို့ကောင်းသည်။ အဖြစ်မှန်ကို တင်ပြဖို့ကောင်းပါသည်။ သို့ပါသော်လည်း ခင်ဦးခင်မှာ အဖြစ်မှန်ကို မပြောချင်၊ မငြင်းပယ်ချင်၊ ချစ်သည်မမည်ပါသော်လည်း ကိုထွန်းအောင်ကျော် အထင်သေးသွားမှာ မုန်းသွားမှာကိုမူ သူကြောက်ရွံ့မိပါသည်။ ကောလိပ်ကျောင်းသား အရေးပိုင်သား ကားမောင်းတတ်သည့် လူချောလူခန့်တစ်ဦးက မိမိအား ချစ်ရေးဆိုလာသည်ကို ခင်ခင် ဂုဏ်ယူချင်သည်အမှန်။

ဘုရားကအပြန်တွင် ခင်ဦးခင် မျက်နှာလေးကို တိတ်တခိုး ကြည့်သည်မှလွဲ၍ အခွင့်အရေးယူသောအဖြစ်မျိုး တစ်စိုးတစ်စိမျှ မရှိရာပါပေ။

ခင်ဦးခင်မှာ ကိုထွန်းအောင်ကျော်အပေါ်တွင် ကိုသိန်းဖုံကဲ့သို့ မေတ္တာသက်ဝင်နိုင်ခြင်း မရှိသေးသည်မှန်ပါသော်လည်း စိတ်မဝင်စားဘဲ အထင်မကြီးဘဲဖြင့် မနေနိုင်ပါချေ။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

ပုသိမ်မြို့တွင် အမှုထမ်းနေပါသော အရေးပိုင် ဦးအောင်ကျော်သည် ယခုအခါ သာယာကုန်းသို့ ပြောင်းရွှေ့ပြီး အလုပ်တာဝန်ကိုပင် နေသားတကျ ထမ်းဆောင်နေပြီဖြစ်ပါ၏။ ဒေါ်လှလှထွန်းမှာ ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းတွင် ခြံပိုင်အိမ်ပိုင် ရှိသည့်ပြင် သားသမီးခြောက်ယောက်လုံး ရန်ကုန်ကျောင်းတွင် ထားပါ၍ ဦးအောင်ကျော်၏နောက်သို့ အိုးအိမ်ပြောင်းရွှေ့ကာ လိုက်မနေနိုင်ရှာ ယခု သာယာကုန်းသို့ အရောက်တွင်မူ ရင်းနှီးသူလည်းရှိ ကျောင်းလည်းပိတ်သည့်ပြင် မင်္ဂလာအခန်းအနားပါ အဆင်ပြေလျှင် စီစဉ်ချင်ပါ၍ မိသားစုအားလုံး သာယာကုန်းသို့ ရောက်နေချိန် ဖြစ်ပေသည် ဒေါ်ကျော့တင်ကို ဒေါ်လှလှထွန်းကိုယ်တိုင် နားဖောက်ပြီးပြီဖြစ်နေ ပါ၍ ဒေါ်ကျော့တင်တို့အိမ်တွင် -

'ဖြည်းဖြည်းအေးအေးလည်း စဉ်းစားပါမကျော့တင်ရာ ကိုယ့်မှာ မစားနိုင်၊ မသောက်နိုင်တာလည်းမဟုတ်၊ ကိုယ့်သမီး မင်းကတော် ဖြစ်ချင်တာတစ်ခုတည်း မကြည့်ဝါနဲ့၊ သမီးလေးက ငယ်ငယ်လေး ရှိသေးတာ'





'ဟင်း...ဟင်း ကိုစိန်မောင်၊ ရှင်ကသာ ငယ်သေးတယ် င်နေတာ ကျုပ်ဘာလို့ ဒီလောက်အရေးတကြီး စီစဉ်နေတယ်ဆိုတာ င်သိရဲ့လား'

'ပြောမှ သိမှာပေါ့ကွာ'

'ရှင့်သမီး ရည်းစားထားနေပြီရှင့် သိရဲ့လား'

'ဟေ...ဘယ်သူနဲ့တုန်းကွာ၊ ဟုတ်မှ ဟုတ်ရဲ့လား'

'မဟုတ်ဘဲနေပါ့မလားရှင်...အိမ်ကဟာမတွေ ဝိုင်းပြောကြ ၍ မီးဆုံကို ရိုက်နှက်မေးကြတော့မှပေါ်တာ၊ သူက ဒလံလေ... အောင်သွယ်လေ'

'ဖြစ်မှ ဖြစ်ရလေကွာ'

'အေး... ရှင့်သမီးကြိုက်တဲ့ကောင်ကိုသိရရင် ရှင်ပိုပြီးဖြစ်မှ ဖြစ်ရလေဦးမယ်'

'နို့ ဘယ်သူနဲ့တုံး'

'ပန်းပဲဖိုက ကိုသာဒွန်းသား သိန်းဇံရယ်လေ'

'အလိုလေး...ခွေးဖြစ်တော့မှာပဲ၊ သိန်းဇံဆိုတဲ့ကောင်က ယောင်ယောင် သည်ယောင်ယောင်နဲ့ အလုပ်မရှိ၊ အကိုင်မရှိ၊ သော့ သူတို့သားအဖက မိုက်ကမိုက်ရိုင်းနဲ့'

'ရှာအော့ တွေလေ၊ ဒင်းဘာမက်ပြီး ကြိုက်တယ်မသိပါဘူး ဘ် ခွေးဖြစ်ချင်တဲ့ကောင်မ'

'အေးကွာ သမီးကိုတော့၊ ဆူလား...ရိုက်လား လုပ်မနေနဲ့



www.burmeseclassic.com

www.burmeseclassic.com



စိတ်ကစားတဲ့ အရွယ်တွေ ထွက်ပြေးသွားရင်ဒုက္ခ၊ ဒီကိစ္စမျိုးကတော့ မင်းတို့မိန်းမတွေက ပိုပြီးနားလည်ကြမှာပေါ့ကွယ်၊ ကြည့်သာလုပ်၊ ကြည့်သာလုပ်'

'နေပါဦး၊ ဒီမောင်ထွန်းအောင်ကျော်ကိုရော ရှင်လက်ခံနိုင်ရဲ့လား ကိုစိန်မောင်'

'ရုပ်ရည်ရော၊ ပညာနဲ့ မိဘဂုဏ်ရော ဘာငြင်းစရာ ရှိလဲကွယ်၊ သိန်းဖံနဲ့ဆို နတ်သားနဲ့ဘီလူးလိုကို အရည်အချင်းချင်းက ကွာသနဲ့'

'ဟုတ်တယ် ဘီလူးလိုပဲ သမီးရဲ့မင်္ဂလာပွဲတောင် ဖျက်မှာ စိုးရတယ်။ မစားရတဲ့အမဲ သဲနဲ့ပက်မဲ့ ကိန်းဆိုက်မှာ ကြောက်ရတယ် ကိုစိန်မောင်'

'ကျွန်မသိနေတာ သူမသိဘူး။ ကျွန်မ အဖြစ်မှန်ကို မင်းကတော် ပြောပြရရင် ကောင်းမလား… ကိုယ့်အရှက် ကိုယ်ခွဲသလို ဖြစ်နေမလား၊ သူတို့က သမီးလေးများ အထင်သေးသွားကြမလား'

'ဒီလိုရှိတယ် မကျော့တင်'

ကိစ္စဟူသမျှ ပြဿနာပေါင်းစုံဟူသမျှတို့၏ အထွဋ်ထိပ်မှာ မိဘများအဖို့ သားသမီးတို့၏ အရေးပင်တည်း။ ဦးစိန်မောင်က နက်နက်နဲနဲ စဉ်းစားသလို စကားပျိုးလိုက်ပြီးမှ

'မင်းကတော်ဟာ အတော်လည်း နားလည်မှုရှိပုံရတယ်၊ ရည်းစားတစ်ထောင် လင်ကောင်တစ်ယောက်တဲ့ တို့သမီးလေး ဟော့ဟော့ရမ်းရမ်း မဟုတ်ဘူးဆိုတာလည်း သူတို့သိပါလိမ့်မယ် ယ်၊ ငါတော့ ဖွင့်ပြောစေချင်တယ်၊ ဒါမှ ပြဿနာအေးလိမ့်မယ် င်တယ်'

'ဘယ်လိုအေးမှာလဲ'

'သိန်းဖံတို့သားအဖဟာ အာဂဟာတွေနော်…ဒီတိုင်း လက်ပိုက်ကြည့်နေမယ် မထင်ဘူး။ တို့ဆို မျောက်ချီးလောက်အောက်မေ့မှာ ရိုင်းနဲ့ သမီးကိုလှည့်စားပြီး ခိုးယူချင်ယူမယ်။ လှည့်စားလို့ ရင် တစ်နည်းနည်းနဲ့ အရှက်ခွဲမှာပဲ ဒီတော့ ဒီနေရာမျိုးမှာ ဘက်ကငွေနဲ့ ဟန့်တားရုံလောက်နဲ့ အရာ မရောက်ပေဘူး၊ အာဏာ ဟန့်တားမှ နေရာကျလိမ့်မယ်ထင်တယ်၊ မကျော့တင်'

'အင်း… ဟုတ်ပြီ… ကျုပ်သဘောပေါက်ပြီ၊ ဒီကောင် အဖေက ကျုပ်တို့ကို သိပ်ပြီးကျေနပ်လှတာမဟုတ်ဘူး၊ ဒီတော့… ဘတော်နဲ့ အားလုံးတိုင်ပင်ပြီးလုပ်ရရင်ကောင်းမယ်…၊ အိုတော် ကောင့်ကို ဘိန်းပစ်ပြီးဖြစ်ဖြစ် ဖမ်းချုပ်ထားလိုက်ရင် အေးရော လား၊ ကြာတယ် နုပဲ မင်းကတော်အိမ်သွားပြီး အကျိုး အကြောင်း ပြမယ်၊ သူတို့ကလည်း သမီးလေးကို သိပ်နှစ်သက်နေကြတာပါ၊ ဆိုး မင်္ဂလာပွဲကျင်းပနိုင်းမယ်၊ မကောင်းဘူးလား ကိုစိန်မောင်'

'အင်း အင်း… ကောင်းပါတယ် မကျော့တင်'

◆ ◆ ◆







www.burmeseclassic.com

www.burmeseclassic.com



'မဆုံရယ်… အဲဒီစာလေးကို အစ်ကိုသိန်းဇံ ပေးပေးပါ၊ ခင်ခင်ငွေတစ်ကျပ်ပေးပါ့မယ်၊ ရှိခိုးပါရဲ့ မဆုံရယ်'

'တစ်နေ့မှ မုန့်နှစ်ပြားဖိုး ဝယ်မစားနိုင်တာ၊ ငွေတစ်ကျပ် မလိုချင်ဘဲနေပါ့မလား ခင်ခင်ရယ်၊ ပေးလို့ကို မဖြစ်လို့ပါ၊ တကယ် ပါ'

'ဘာဖြစ်လို့လဲ မဆုံရယ်… ခင်ခင့်ကို မသနားတော့ဘူးလား ဟင်…အမေဆိုမှာ စိုးလို့လား…ဟုတ်လား'

မဆုံမှာ မျက်ရည်ဝဲဝဲလေးနှင့် ပြောနေပါသော ခင်ဦးခင်၏ မျက်နှာလေးကို ကရုဏာသက်စွာဖြင့် ကြည့်နေမိပါသည်။ မဆုံသည် ခင်ဦးခင်ကို ငယ်စဉ်ကပင် ချစ်ခင်ခဲ့ရသူဖြစ်ပါ၍ သူ့ကိုယ်အင်အားဖြင့် ထမ်းရွက်သယ်ပိုး၍ပင် လုပ်ပေးချင်ပါသည်၊ ယခုမူ မိမိဘဝ ရပ်တည်ရေး၊ တစ်ဝမ်းတစ်ခါး အသက်ဆက်ရေးအတွက် သခင့် မျက်နှာကို ကြည့်ရပေဦးတော့မည်။ ဒေါ်ကျော့တင် သွန်သင် ညွှန်ပြသည့် ဓာတ်ကွက်အတိုင်း မဆုံ က,ရတော့မည်ဖြစ်ပါ၍…

'မပေး ပေးချင်လို့ မဟုတ်ပါဘူး၊ ကိုသိန်းဇံက လက်မခံလို့ပါ'

'မဟုတ်နိုင်ပါဘူး မဆုံရယ်…ခင်ခင့်ကို မညာပါနဲ့…အစ်ကို သိန်းဇံက ခင်ခင့်ကို သိပ်ချစ်တာ၊ မဆုံအသိပါရှင်'

'ခင်ခင် အထင်လွဲနေတာ ဒီမှာ မဆုံပြောပြမယ်'

မဆုံက အရေးကြီးဟန် အမူအရာ ပြလိုက်ပြီးမှ ပြောရမှာ ရင်နင့်သလိုဖြစ်နေပါ၍ ခေတ္တနားလိုက်ကာ အရှိန်ယူပြီးခါမှ…





'ကိုသိန်းဇံဟာ ခင်ခင်ထင်သလို ခင်ခင့်ကို တကယ်ချစ်တာ ဟုတ်ဘူး ခင်ခင်…သက်သက်ဖျက်ဆီးချင်လို့'

'အို… ခင်ခင် မယုံပါဘူး'

'တကယ်ခင်ခင်…တကယ်၊ သူတို့အမေရဲ့ မိဘလက်ထက်က လယ်တွေ ခင်ခင့်အဖေ ဦးလေးကိုစိန်မောင်ဆီမှာ ပေါင်ထားတယ်၊ ပြန် မရွေးနိုင်လို့ ဒီက အပိုင်သိမ်းယူလိုက်တာ သူတို့က လုံးဝ မကျေနပ်ဘူး၊ တို့ပစ္စည်း မတရားယူသလို သူတို့သမီးကိုလည်း ဖျက်ဆီးမယ်ဆိုတဲ့အကြံကို အဘသာဒွန်းက ပေးတာ၊ မဆုံ အသေ အချာသိတယ်၊ ဒါကြောင့် ကိုသိန်းဇံက ခင်ခင့်ကို ကြိုက်ဟန်ဆောင် တာပါ၊ ကိုသိန်းဇံဟာ အရပ်ထဲမှာ စီခနဲဆို သူပဲ၊ ရိုက်ရဲ-သတ်ရဲသူ၊ ပါးသကလည်းကြီးသနဲ့ ကြောက်စရာပါခင်ခင်ရယ်'

'မဆုံရယ်… အစ်ကိုသိန်းဇံဟာ မခံချင်တတ်တဲ့စိတ်၊ လက် စားချေလိုစိတ်တွေရှိပေမယ့် ခင်ခင့်ကိုတော့ သူတကယ်ချစ်တာပါ'

'မငိုပါနဲ့ခင်ခင်ရယ်… ခင်ခင်ငိုရင် မဆုံလည်း ငိုချင်တယ်၊ စာကို ပေးခဲ့၊ မဆုံ ပေးပေးမယ် ဟုတ်လား'

ခင်ဦးခင်၏ မျက်ရည်ပူကို မဆုံက ကြာရှည်မကြည့်ရက်တော့၊ သူတို့နှစ်ယောက် ကြာရှည်တွဲနေလျှင်လည်း တို့ချင် တိုက်ချင်သော ရွာသားကျေးကျွန်များ ရန်ကလည်း ရှိပါသေး၍ ကိစ္စကို တိုတိုနှင့်သာ ပြတ်လိုက်ခြင်းဖြစ်ပါသည်။

အမှန်မှာ…



www.burmeseclassic.com

www.burmeseclassic.com



ခင်ဦးခင် သူ့အခန်းတွင်း ပြန်ဝင်သွားလျှင်ပင် မဆုံမှာ ဒေါ်ကျော့တင်ကို လက်တို့ပြီး ခင်ဦးခင်၏စာကို ဒေါ်ကျော့တင်၏ လက်သို့ အပ်လိုက်လေသတည်း။

◆ ◆ ◆

'အမေရာ သမီးနဲ့ကိုကိုနဲ့ နှစ်ယောက်တည်း ဆုတောင်းပြည့်ဘုရားသွားရမှာ ရှက်စရာကြီး၊ သမီးမသွားချင်ဘူး'

'ဟဲ့…သမီး ရန်ကုန်မှာနေတုန်းက သူ့ခမျာ လိုက်လိုက်ပို့ရှာတယ်ဆို၊ ကိုယ့်ဆီရောက်တော့ ကိုယ်ကတစ်လှည့် လိုက်ပို့လိုက်ပါဦး'

'ဟာ အမေတို့ပို့'

သည့်လောက်နှင့်ပင် ပြီးပြတ်လိမ့်မည် အထင်နှင့် ခင်ဦးခင်မှာ မပြင်မဆင်မိပါဘဲ သည်အတိုင်း နေခဲ့မိသည်။ ခဏအကြာတွင်၊ ကိုထွန်းအောင်ကျော်ကိုယ်တိုင် ခင်ဦးခင်၏ အခန်းဝတွင် လာရပ်၍-

'ဟေးခင်ခင်၊ ဘာလဲ ကိုကို့ကို လိုက်မပို့ချင်လို့ ပုန်းနေတာအေးကွယ်၊ လာပါ ဆုတောင်းပြည့်ဘုရားမှာသွားပြီး ဆုတောင်းချင်လို့ပါ၊ ကိုကို မြို့ပိုင်စာမေးပွဲ ဖြေထားတယ် အောင်ပါစေလို့ ခင်ခင်ကပါ ဝိုင်းပြီး ဆုတောင်းပေးစမ်းပါနော် လာပါ'

ကိုထွန်းအောင်ကျော်ကိုယ်တိုင် ပေါ်လာပြီး မငြင်းသာအောင် ချွဲဆောင်ခေါ်ငင်နေပြန်တော့လည်း-



www.burmeseclassic.com

www.burmeseclassic.com



'ကိုကို အပြင်က စောင့်လေ… ခင်ခင် အဝတ်လဲ ခေါင်းဖြီးပြီး လာခဲ့ပါ့မယ်'

ကိုထွန်းအောင်ကျော်က ပြုံး၍ အိမ်ရှေ့ဘက် ပြန်ထွက်လာခဲ့ရသည်။ ကိုထွန်းအောင်ကျော်၏ သဘောနှင့် ခင်ဦးခင်၏ အခန်းတွင်းသို့ ဝင်လာရသည်ဖြင့် မဟုတ်ရှာ၊ ဧည့်ခန်းတွင် ထိုင်နေမိသည်တွင် ဒေါ်ကျော့တင်က-

'မောင်ထွန်းအောင်ကျော်ရယ်… မင်းနှမက ကလေးစိတ်၊ မရှက်ရမယ့်နေရာ ရှက်၊ ရှက်ရမယ့်နေရာ မရှက်နဲ့၊ ကဲ… မင်းကိုယ်တိုင်သာ မင်းနှမ သွားခေါ်ပေတော့ကွယ်၊ ဟဲ ဟဲ ဟဲ'

'ဟုတ်သားပဲ သားရဲ့၊ ခင်ခင့်ကို လိုက်ပို့ပေးပါလို့ အရခေါ်ခဲ့ သွား သွား'

ယောက္ခမလောင်းကြီးနှင့် မိခင်ဖြစ်သူတို့က တိုက်တွန်းလွန်းပါသဖြင့် ခင်ဦးခင်၏ထံ သွားခဲ့ရပြီး အပြန်တွင် စစ်အောင်နိုင်သူ၏ အပြုံးမျိုးဖြင့် ကိုထွန်းအောင်ကျော်က-

'လိုက်မယ်တဲ့မာမီ၊ သူအင်္ကျီလဲပြီးရင် ထွက်လာပါလိမ့်မယ်'

ကိုထွန်းအောင်ကျော်၏စကားကြောင့် ဒေါ်ကျော့တင်နှင့် ဒေါ်လှလှထွန်းတို့နှစ်ယောက်မှာ တစ်ယောက်မျက်နှာတစ်ယောက် ပြုံးတူကြည့်လိုက်ကြပြီး နှစ်သက်စွာ ပြုံးလိုက်ကြလေတော့သည်။

◆ ◆ ◆



နှစ်ယောက်သား လိုက်ဖက်ညီစွာ ထွက်သွားကြသည်ကို သားရှင် သမီးရှင်တို့မှာ များစွာ ကြည်နူးနှစ်သိမ့်လျက် ရှိနေကြလေသည်။

'ကဲ…အစ်မကြီး မဆုံကိုလွှတ်မယ်ဆိုတာ လွှတ်တော့လေ'

'အင်း… ဟုတ်ပါရဲ့၊ ဟုတ်ပါရဲ့ သားနဲ့သမီးကြည့်ပြီး ကြည်နူးနေမိလို့ မေ့တောင်သွားပြီ၊ ခဏနေဦးနော် မင်းကတော် ခြံထွက် သင်္ဘောသီးမှည့်လေး သုံးဆောင်လိုက်ပါဦး၊ ကျွန်မ မဆုံကို သွားနိုးလိုက်ပါရစေဦး'

ဒေါ်ကျော့တင်က ဧည့်ဝတ်ပျူငှာပြုရင်း အိမ်တွင်းသို့ဝင်လာခဲ့ပါ၏။ သားနှင့်သမီး သည်သို့ရင်းနှီးပါရန် ကြိတ်၍ ကြံခဲ့သည်သာမက ကိုသိန်းဇံ အသည်းနှလုံးကိုပါ မွှကြွေပါစေရန်လည်း ဖန်တီးခဲ့ပြီးဖြစ်ပါသည်။

ဒေါ်ကျော့တင်၊ ဒေါ်လှလှထွန်းနှင့်မဆုံတို့၏ အစီအစဉ်မှာ ကိုထွန်းအောင်ကျော်နှင့် ခင်ဦးခင်တို့ကို သာယာကုန်းမြို့၏ တောင်ဘက်စွန်း ကုန်းမြင့်လေးပေါ်ရှိ ဘုရားသို့ နှစ်ယောက်တည်း သွားစေမည်။ သည့်နောက်မှ ဒေါ်လှလှထွန်းတို့၏တပည့် လူယုံ သုံးယောက်ကလည်း နောက်ယောင်ခံလိုက်နေမည်။ ခင်ဦးခင်တို့၏ ကျရောက်လာမည့် အန္တရာယ်ကို ကာကွယ်ပေးရန် ဖြစ်ပေသည်။

ယင်းအချိန်နှင့် တိုက်ဆိုင်အောင် မဆုံက ဆုတောင်းပြည့်ဘုရားခြေတော်ရင်းသို့ ကိုသိန်းဇံကို ချိန်းထားစေရမည်။ ကိုသိန်းဇံ



www.burmeseclassic.com

www.burmeseclassic.com



ပေးထားသော စာ၏ အကြောင်းပြန်ကြားချက်ကို ကိုသိန်းဇံ စောင့်မျှော်နေပေလိမ့်မည်။ ယခုအချိန်တွင် မဆုံမှာ သနားကရုဏာတွေ၊ မေတ္တာတွေ ဘေးချိတ်ကာ၊ မဆုံအဖို့ သူ့ဆန္ဒစား ရဲရပေတော့မည်။

'မဆုံ…မဆုံကို စောင့်ရတာ ကြာလှပြီ၊ ခင်ခင့်ဆီက စာပါလားဟင်…စာ…ဘာတဲ့လဲ၊ ဘာ မှာလိုက်သေးသလဲ၊ မြန်မြန်ပြောစမ်းပါ မဆုံရယ်'

မဆုံမှာ လာရင်းကိစ္စ အလုပ်သဘောက မျက်နှာမကောင်းဟန် ဖန်တီးထားရန်ဖြစ်ပေသည်။ ယခုမူ မဆုံ အမှန်ပင် မျက်နှာပျက်သွားရချေပါပြီ။ ကိုသိန်းဇံ၏ တက်ကြွလွန်း၊ စိတ်စောလွန်းသည့် အမူအရာများကြောင့် မဆုံ သနားသွားမိပါတော့သည်။ ကိုသိန်းဇံသည် ခင်ဦးခင်အပေါ်တွင် အမှန်ပင် နှစ်နှစ်ကာကာ ချစ်ရှာလေသည် သာတည်း။

'မဆုံရယ် ဘာလို့များ မျက်နှာပျက်နေရတာလဲ ဟင်… ကျွန်တော် ရင်ထိတ်လိုက်ပါဘိဗျာ၊ ကျွန်တော့်စာထဲမှာ ခင်ခင့်တို စိတ်မချနိုင်လို့ ခိုးပြေးဖို့ပါတယ်၊ ဘာတဲ့လဲ၊ သူက ဘာတဲ့လဲဟင် သူ ကျွန်တော့်ကို တကယ်ပဲချစ်တာ မဆုံ အသိပါနော်'

'ဟိုတုန်းကတော့ ဟုတ်ပါတယ်၊ ခုတော့…'

'ခုတော့…ဘာဖြစ်သလဲဟင်…မဆုံ'

'ခုတော့…ဟို…ဟို…အရေးပိုင်သားနဲ့'

'ဟင်… ထွန်းအောင်ကျော်ဆိုတဲ့ကောင်မှတ်လား'





'ဟုတ်တယ်'

'အဲဒါနဲ့ ဘာဖြစ်သလဲ ပေးစားကြမတဲ့လား…ဟုတ်လား'

'ပေးစားရုံမဟုတ်ဘူး၊ ခင်ခင်ကိုယ်တိုင်ကလည်း'

'ဟာ…ကျွန်တော် မယုံဘူးဗျာ၊ ခင်ခင်ဟာ ရုပ်လှသလောက် ဘောဖြူသူပါ မဆုံ၊ သူလေ သူ့မှာလေ ကျွန်တော့်ထက်ချစ်ရမယ့် မရှိနိုင်ပါဘူး မဆုံရယ်၊ ခင်ခင့်အချစ်ကို ကျွန်တော်ယုံတယ်'

'ရှင်ကသာယုံနေ ကိုသိန်းဇံ၊ ခင်ခင်နဲ့ အဲဒီအရေးပိုင်သားနဲ့ နှစ်ယောက်တွဲပြီး ထွက်သွားကြတယ်'

'ဟင်…ဘယ်…ဘယ်ကိုလဲ'

'လမ်းလျှောက်လို့ပြောတာပဲ၊ ဒီမြို့ကို လိုက်ပြမယ်လို့ ပြောတာပဲ၊ သာယာကုန်းမှာ နာမည်အကြီးဆုံး ဒီဘုရားတောင် ရောက်ချင် တက်နေမှာ ကိုသိန်းဇံရဲ့'

ကိုသိန်းဇံမှာ မဆုံကို ဘာမှပြန်မပြောနိုင်ရှာတော့၊ မေးရိုး ကြောကြီးများ ထောင်လာအောင် အံကိုတင်းတင်းကြိတ်ရင်း ရင်းမှ နွယ်မြက်တစ်ပင်ကိုနှုတ်၍ လက်နှစ်ဖက်တွင် ယှက်လိမ် တ်ချေကာ ဆန့်ဆွဲနေပါသည်။ ရင်တွင်းရှိ နှလုံးသားတို့မှာ တ်ဆတ်ခုန်နေကြပြီထင်သည်။

'ဟော…ဟော ပြောရင်း ဆိုရင်း ဟိုမှာ ဟိုမှာ ဆင်းလာနေ ပြီ၊ ကျွန်မကို မြင်ရင် မကောင်းဘူး၊ ကျွန်မသွားတော့မယ် ကိုသိန်းဇံ၊ လည်းပြန်ပါ ပြန်ပါတော့ တော်'



www.burmeseclassic.com

www.burmeseclassic.com



မဆုံ သရုပ်ဆောင်ပုံမှာ အကွက်ဝင်လှသည်။ အံဝင်ခွင်ကျရှိလှပေသည်။ သည်သို့ မြန်မြန်ပြောရင်း သုတ်သီးသုတ်ပျာ ပြေးရဟာလေသည်။ ဒေါ်ကျော့တင်ခင်းသည့်ဇာတ်တွင် သည်နေရာ၌ မဆုံပါဝင်ရန် မလို၊ ဘေးဖယ်နေရမည်။ ခင်ဦးခင်က မဆုံကို မမြင်စေရ။ ကိုသိန်းဖုံသည်သာ ခင်ဦးခင်တို့စုံတွဲကို မြင်လျှင် လုံလောက်လေပြီ။ သည့်အတွက် သူ့လုပ်ငန်းပြီးစီးနေပြီဖြစ်ပါသော မဆုံမှာ နီးရာလမ်းကြားမှ ချိုးကွေ့ခါ အိမ်သို့ပြန်ပြေးခဲ့ရပါလေ၏။ ကျန်အပိုင်းများကို လိုအပ်ပါလျှင် အရေးပိုင်ကတော်၏တပည့် အငှားလူမိုက်များက ဆက်၍ရှင်းကြပေလိမ့်မည်။

ကိုထွန်းအောင်ကျော်နှင့် ခင်ဦးခင်တို့ကမူ သည်သို့အကွက်ချစီစဉ်ထားကြသည်ကို လုံးဝ မရိပ်မိ၊ မသိရှိကြပါချေ။

'ဒီဘက်ပိုင်းက စမ်းရေစီးကြောင်းရှိလို့ စမ်းရေကုန်းလို့ခေါ်တယ် ကိုကို'

'ဟိုဘက်ကတော့ သူဇာ တောင်တန်း၊ ဒီဘက်ကတော့...

လက်ညှိုးကလေးညွှန်ကာ ညွှန်ကာဖြင့် ပြုံးရယ်စွာ ရှင်းပြရင်းဆင်းလာကြပါသော ခင်ဦးခင်နှင့် ကိုထွန်းအောင်ကျော်တို့ကို ကိုသိန်းဖုံမှာ တောင့်တောင့်ကြီးရပ်လျက်က ကြည့်နေလေသည်။ အကယ်၍ ကိုသိန်းဖုံ၏ မျက်ဝန်းမှ မီးလျှံထွက်နိုင်ခဲ့ပါလျှင် ခင်ဦးခင်နှင့် ကိုထွန်းအောင်ကျော်မှာ စက္ကန့်ပိုင်းအတွင်း ပြာပုံဘဝသို့ ရောက်ရှိသွားကြပေလိမ့်မည်သာ...





ကိုသိန်းဖုံမှာ နှလုံးသားများ ဖွင့်ခွဲခံနေရပါက ထွက်သွားသောက်၊ စိတ်လှုပ်ရှားခြင်းကြီးစွာ ဖြစ်နေပါ၏။ သူ့အနေနှင့် ဤတစ်ရှိပြဿနာကို ဘယ်လိုဖြေရှင်းရမည်မှန်း မဝေခွဲတတ်နိုင်ရှာပါ။ ဖြစ်နိုင်ပါလျှင် နှစ်ယောက်လုံးကို ပြေး၍ သတ်ဖြတ်အမှုန့်ချေပြစ်လိုက်ချင်မိပါပြီ...

ခင်ဦးခင်ကို သစ္စာဖျက်မ၊ မိန်းမယုတ် တစ်ယောက်အနေနှင့် နာကျည်းစက်ဆုတ်စွာ တစ်ချက်သာကြည့်ပြီး ကိုထွန်းအောင်ကျော်သို့ကို မှုန်ဝါးသောအမြင်များကြားမှ မှတ်သားမိအောင် ဂရုထား၍ ကြည့်လိုက်မိပါသည်။

ကိုသိန်းဖုံနှင့် သက်တူရွယ်မျှလောက် ရှိလေမည်၊ အလုံးအရပ်မှာ တိုင်းဖြတ်သည်သို့ သူနှင့် ညီညာနေရုံမက လမ်းလျှောက်သည့်အခါ လက်ဘက်ပခုံးလေး မသိမသာနိမ့်လျှောစောင်းနေသည်ကအစ ကိုသိန်းဖုံနှင့် ကိုထွန်းအောင်ကျော်တို့ တူညီကြပါသော်လည်း ကိုထွန်းအောင်ကျော်က ကိုသိန်းဖုံထက် အသားပို၍ဖြူသည်။ ခေါင်း မျက်လုံးကအစ ကိုထွန်းအောင်ကျော်က လှပပါသော်လည်း ရုပ်နာကျပုံချင်းက မတိမ်းမယိမ်း၊ ကိုယ်လုံးချင်းလည်း တူညီပါ၏။

'အစ်ကိုသိန်းဖုံ... အစ်ကိုသိန်းဖုံ'

ကိုသိန်းဖုံက ကိုထွန်းအောင်ကျော်ကို ငေးမောအကဲခတ်နေစဉ် ခင်ဦးခင်က အရင်မြင်သွားဟန်ရှိပါသည်။ သူ့အမည်ကိုခေါ်ရင်း သူ့ဆီသို့ ပြေးကပ်လာပါ၍



www.burmeseclassic.com

www.burmeseclassic.com



'အယုတ်တမာမ၊ သစ္စာဖျက်မ၊ သွား…သွား…သွား နင့်ကို…နင့်ကို… ငါ့ရင်ကွဲရသလို ကွဲရစေမယ်။ သိလား…ဟင်'

ကိုသိန်းဇံ၏ ခက်ထန်လွန်းသော အမူအရာနှင့် လှိုက်လှဲသံပါနေသည့် စကားများကြောင့် ခင်ဦးခင်မှာ ရွံ့ကြောက်ရင်း ကြောင်နေမိစဉ်၊ ကိုသိန်းဇံက အားပါးတရဆောင့်၍ တံထွေးထွေးလိုက်ပြီး ထွက်သွားလေတော့သည်။

ဤခွန်းနှင့် ဤမျက်နှာကို နောက်ဆုံးအကြိမ် ဒွန်တွဲ၍ မြင်လိုက်ရခြင်းဖြစ်ပါကြောင်း ထိုစဉ်က ခင်ဦးခင် မတွေးမိခဲ့။ နေရာတွင်သာ ကြောက်ရွံ့စွာ ကြောင်၍ရပ်နေမိစဉ်…

'ခင်ခင်…ခင်ခင်…ခုနကလူက ဘာတွေပြောသွားတာလဲ ဟင် သူက ဘယ်သူလဲ ခင်ခင်…ဟင်'

အနားလာ၍ အလောတကြီး ရေးကြီးသုတ်ပျာ မေးရှာပါသော ကိုထွန်းအောင်ကျော်အား ခင်ဦးခင်မှာ ဘာပြေကြားရမှန်း မသိရှာ…

'ခင်ခင်နဲ့ သိလို့လားဟင်'

'သိ…သိ…တော့ သိပါတယ်'

'ဟာ… သိရက်သားနဲ့ သူ့အမူအရာက တစ်မျိုးကြီး… ကဲပါ ခင်ခင်ရယ်၊ ဒါတွေ တွေးမနေပါနဲ့တော့၊ ခင်ခင့်ကြည့်ရတာ ကြောက်နေသလိုပဲ၊ လန့်နေသလိုပဲ၊ လာပါကွယ်… ကိုကိုတို့ အိမ်ပြန်ကြပါစို့နော်…'





ခင်ဦးခင်မှာ ပျက်နေပါသော အမူအရာကိုပင် ရုတ်တရက် ပြုပြင်နိုင်ရှာပါ။ အနီးကပ်ရှိမနေပါဘဲ နောက်မှ ပြေးလိုက်လာပါသော ကိုထွန်းအောင်ကျော်မှာ ကိုသိန်းဇံ၏စကားများကို မကြားလိုက်မိ။ ကြားပါစေနှင့်ဟုလည်း ခင်ဦးခင်မှာ ကြိတ်၍ ဆုတောင်းမိပါသည်။ ကိုသိန်းဇံလို သဏ္ဍာန်နွမ်းပါးနေရုံမျှမက ဟန်ကပါ မာန်ဝင်နေသူ တစ်ယောက်ကို မိမိ၏ချစ်သူပါဟု ခင်ဦးခင် ထုတ်ဖော်မပြောဝံ့၊ ကိုထွန်းအောင်ကျော်သိသွားမှာပင် စိုးရွံ့လှပါသည်။

'ခင်ခင်ဘာတွေစဉ်းစားနေတာလဲကွယ်…ခုနလူနဲ့ ခင်ခင်နဲ့ ဘယ်လိုပတ်သက်လို့လဲ…ဟင်'

'ဩော်…ဟို…ဟိုဟာ ခင်ခင်နဲ့ ဘာ…ဘာမှမပတ်သက်ပါဘူး၊ သူက ခင်ခင်ရဲ့၊ ခင်ခင်ရဲ့ အသိပါ'

'သူနဲ့တွေ့ရလို့ ခင်ခင် စိတ်အနှောင့်အယှက်ဖြစ်သွားရတာတော့ သေချာပါတယ်။ သူ့ကြည့်ရတာ ဒေါမာန်သိပ်ကြီးပုံပဲ၊ အေးလေ၊ ဘာပဲဖြစ်ဖြစ် ခင်ခင်စိတ်မညစ်ပါနဲ့ကွယ်… ကိုကို ဘာလုပ်ပေးရမလဲ…ဟင်'

'နေပါစေ ကိုကိုရယ်…ကျေးဇူးတင်ပါတယ်။ ခင်ခင်တို့ အိမ်ပြန်ကြပါစို့နော်…'

ခင်ဦးခင်မှာ ကိုထွန်းအောင်ကျော်အပေါ်တွင် အမှန်ပင် ကျေးဇူးတင်မိပါပြီ။ ပညာရှိတစ်ယောက်၏ သိမ်မွေ့ယဉ်ကျေးမှုနှင့်



www.burmeseclassic.com

www.burmeseclassic.com



ပညာမဲ့ ကိုသိန်းဖဲ၏ မောက်မာရိုင်းစိုင်းပုံကို နှိုင်းယှဉ်မိတတ်လာပါ ချေပြီ။

အမှန်မှာမူ ဤသုံးဦးလုံး သူ့အတွေး သူ့အယူအဆနှင့် လမ်းမှန်သို့ လိုက်နေကြသည်သာ၊ လုပ်ဆောင်နေကြသည်သာ။

ဘေးမှ အင်အားကြီးမားစွာ၊ အကြံအစည်မြင့်မားစွာဖြင့် ဆောင်ရွက်နေကြကြောင်းကို မသိကြ၍သာ သူတို့ဆင်သည့်အကွက် တွင်းသို့ အားလုံးသက်ဆင်းကြရခြင်းဖြစ်ပေသည်။

ဘေးမှဆောင်ရွက်နေကြပါသော ဒေါ်ကျော့တင်တို့ ဒေါ်လှထွေး ထွန်းတို့ဆိုသည်မှာလည်း ကြီးမားသော မေတ္တာတရားဖြင့် သားနှင့် သမီး၏ တစ်သက်တာ စိတ်ချမ်းသာ ကိုယ်ချမ်းသာရေးကို ရှေးရှု ဖန်တီးနေကြသူများသာဖြစ်ချေသည်။

လောကတွင် အမုန်းကြောင့် မှားယွင်းကြသည်များမှာ ပြင်ရ နတ်ရလွယ်သည်။ လက်ခံနိုင်ဖွယ်ရှိပါချေသည်။ 'မေတ္တာကြောင့် မှားယွင်းမှုများ'သည် ဘယ်သောအခါမျှ ပြင်ဆင်နိုင်ဖွယ်ရာ မရှိပါ သော နာကျည်းရှိုက်ထိတ်ဖွယ်ရာအကြောင်းများနှင့် နောင်အခါတွင် ဆုံစည်းကြရတော့မည်ကို ဒေါ်ကျော့တင်တို့မှာ သေဆုံးသည့်တိုင် သိမသွားနိုင်ခဲ့ကြပါချေတကား…။

◆ ◆ ◆

'သမီးချစ်သူအကြောင်းလည်း သမီး သိရပြီပဲကွယ်၊ အမေ့ကို ဖွင့်လင်းလင်းသာ ဆွေးနွေးစမ်းပါ၊ မောင်ထွန်းအောင်ကျော်မှာ ဘာ ငြင်းစရာရှိသလဲ၊ ဘာကြောင့် သမီးခေါင်းမာနေတာလဲဟင်'

ဒေါ်ကျော့တင်မှာ သမီးဖြစ်သူကို အားမလိုအားမရနှင့် နေပါ၏။ ခင်ဦးခင်အနေနှင့် ကိုထွန်းအောင်ကျော်အပေါ်တွင် ကန့်ကွက်မခံနိုင်စရာ၊ အပြစ်တစုံတရာမရှိပါသော်လည်း ခင်ဦးခင် ချက်နှာများသူ…အချစ်ပြောင်းလွယ်သူအဖြစ်နှင့် အထင်မခံလိုပေ။ သေချွင်အောင် ရှက်ရွံ့၍သာ ငြင်းပယ်နေရခြင်း ဖြစ်ပါသည်။ သူ့အနေ နှင့် ကိုသိန်းဖဲကိုလည်း မျှော်လင့်၍မဟုတ်ပါ၊ မျှော်လင့်နေစရာလည်း အကြောင်းမရှိတော့ပါချေ။

'အရေးပိုင်သားကိုမှ အထင်ကြီးလေသည့် သည်မိန်းမယုတ် ရဲ့ အချစ်ကြီးသလောက် အမျက်ကြီးပါပြီ၊ မျက်နှာသော်မှ မကြည့် ချင်ပါ'

ဟူသော ကိုသိန်းဖဲကိုယ်တိုင် ပြောကြားခဲ့သည့်စကားများအပြင် စာသားလေးများ ဖြည့်စွက်၍လည်း မဆုံက ပြောပြပြီးပါလေပြီ။

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



အမေလည်း သိရှိပြီးပေပြီ၊ သည့်အတွက် အမေ့ မေးမြန်းချက်ကို ဖြေကြားနိုင်ရန် ခင်ဦးခင်မှာ လှဲ့ငိုနေရာမှ အားယူထလိုက်ပြီး။

'အစ်ကိုသိန်းဖေ့ကို ချစ်မိတာတော့ သမီးအမှားပါ အမေ၊ ဒီအမှားကို သမီးတစ်သက်မှာ ပြင်လို့မရနိုင်တော့ပါဘူး အမေရယ်။ ဒီအကြောင်းနောက်မှ ကိုကိုနဲ့သမီး လက်ထပ်ပြီးမှ ကိုကိုသိသွားရင် သမီးကို နှားမန္တပိတ်ရောင်းတယ်ဆိုပြီး'

'ဟဲ့ ဟဲ့ ဩော်…ဖောက်မှန်း၊ ကမ်းမှန်း မသိလိုက်တဲ့သမီးလေး၊ ဒီစကားပုံက ဘာဆိုင်လို့လဲ၊ ဒီနေရာမျိုးသုံးရတာ မှတ်ဘူး သမီးရဲ့၊ ရည်းစားရှိဖူးတဲ့ မိန်းမတစ်ယောက်ကိုသာ ခင်ပွန်းသည်က အပြစ်မြင်မယ်ဆိုရင် ဒီကမ္ဘာမှာ ဇနီးသည်အတော်များများဟာ အပြစ်မြင်စရာကြီးပဲပေါ့ သမီးရဲ့'

'အမေ့ကျတော့ရော'

'ကျုပ်လည်း ရည်းစားနဲ့ပါပဲတော်'

'ဟာ…အမေကလည်း'

'ဟဲ့ အဟုတ်၊ ကျုပ်ရည်းစားနာမည်က 'ကိုရွှေပွင့်'တဲ့ လယ်စာရင်းငှား။ ဒါကို အမေတို့သိလို့ အတင်းဖျက်ပြီး ညည်းအဖေနဲ့ ပေးစားကြလို့ ခုလို လူတစ်လုံးသူတစ်လုံးနဲ့ နေနိုင်တာပေါ့၊ ကိုရွှေပွင့်သာ ညားရင်ဒုက္ခ ဘိန်းစားမယားဖြစ်နေပြီ အလုပ်ကို လက်ကြောတင်းအောင် မလုပ်ချင်ဘူး'

'မယုံပါဘူး အမေကလည်းပဲ'





'မယုံလည်း ညည်းအဖေ မေးကြည့်အေ'

'အဖေက အမေ့ကိုဘာမှ မပြောဘူးလား'

'ဘာပြောရမှာလဲ၊ ဘာပြောစရာရှိသလဲ၊ သူနဲ့ မတွေ့ခင်က [illegible]ားထားတာ လွန်သလား၊ ဘာမှလည်း လွန်လွန်ကျူးကျူး [illegible]တာမှတ်ဘူး။ ဘာအပြစ်မှမရှိဘူး။ ဒီမှာ သမီး ယောက်ျားကောင်း ယောက်ျားမြတ်ဆိုတာ ကိုယ့်ဇနီးသည်ရဲ့ အပြစ်အနာအဆာကို [illegible]ထုတ်လေ့မရှိကြပါဘူးသမီး'

ဒေါ်ကျော့တင်၏စကားက ခင်ဦးခင်ကို နက်နဲစွာ စဉ်းစားစေပြီး မေးစမ်း မမေးမြန်းပါဘဲနှင့် အရမ်းအပြစ်တင် စောလေသူဟု ကိုသိန်းဖေ့အပေါ်တွင် ခင်ဦးခင် အပြစ်မြင်မိပါသည်။ တကယ်ဆို [illegible] တွေ့တွေ့ဆိုင်ဆိုင် တွေ့ဆုံ၍ မေးမြန်းသင့်သည်ဟုလည်း [illegible]သည်။ ယခုမူ ပစ်ပစ်ခါခါနိုင်လွန်းသည်။ အပြစ်တင် [illegible]လွန်းသည်ဟု ခင်ဦးခင် ထင်ပါသည်။ ကိုသိန်းဖေ့ အပိုင်းက [illegible] ကိုထွန်းအောင်ကျော်၏အပိုင်းကိုတွေး၍ စိတ်ပူလာမိသည်နှင့် [illegible]ချစ်သူကို ဖွင့်မေးမည်ကြံရွယ်လိုက်ပါသည်။ ယခုအချိန်တွင် ခင်ဦးခင်မှာ မိခင်ဒေါ်ကျော့တင်သည်သာ အကောင်းဆုံးမိတ်ဆွေ [illegible]ပါ၍

'အမေ…'

'ပြောလေ သမီးလေး ဘာပြောချင်သလဲ'



www.burmeseclassic.com

www.burmeseclassic.com



'တိုကိုက နောက်ကျမှ သမီးကို ရည်းစားရှိမှန်းသိသွားရင် ဘယ့်နဲ့လုပ်မလဲ အမေရယ်'

'အတွေးနုလိုက်ပါဘိတော့ သမီးလေးရယ်...နောက်မှ သိ မလိုဘူး၊ ခုတည်းက မင်းကတော်က အားလုံး သူ့သားကို ပြောပြပြီး ကိစ္စတစ်ခုဟာ အထူးသဖြင့် အိမ်ထောင်ရေးတစ်ခုဟာ အစရှင်းနိုင် တော်ကာကျတယ်၊ သမီးမလေးရဲ့ နောင်ရေး စိတ်အေးရအောင် မေမေ အားလုံး စီစဉ်ပြီးပါပြီကွယ်။ မောင်ထွန်းအောင်ကျော်နဲ့လည်း အား တိုင်ပင်စီစဉ်ပြီးပါပြီ'

'ဟင်...သူသိသွားပြီ ဟုတ်လား၊ ဒီတော့ ကိုကိုက ဘာပြော လဲဟင်'

'ဘာပြောမှာလဲ သမီးရယ်၊ သမီးအပြစ်မှ မဟုတ်တာ မောင်ထွန်းအောင်ကျော်က သမီးကို သနားတောင် သနားနေရှာပါ သေးသတဲ့၊ ခွင့်လွှတ်တတ်တဲ့ ယောကျ်ားမြတ်ပဲ သမီးရယ်၊ ဒီပြဿ လေးလောက်ကိုတော့ သမီးထည့်ကို စဉ်းစားဖို့မလိုတော့ဘူး'

ခင်ဦးခင်၏ရင်မှ လေးလံနေပါသော အရာတစ်ခုကို ဆွဲဖယ် ခြင်းခံလိုက်သည်သို့ပင် ပေါ့ပါးသွားပါတော့သည်။ ခင်ဦးခင်မှာ ကိုသိန်းဇံပေါ်တွင် အပြစ်မြင်၍ ကိုထွန်းအောင်ကျော်အပေါ်တွင် အထင်ကြီးလာသည်နှင့်အမျှ သူမ၏ လက်ထပ်ရေးသည်လည်း လက်တစ်လှမ်းအကွာမျှ နီးလာလေပြီဖြစ်ပေသတည်း။

◆ ◆ ◆

ဒေါ်ကျော့တင်မှာ ကြားရသော သတင်းစကားအတွက် ...သားများက ရက်ကန်းစင်ပေါ်မှ လွန်းလေးများ ပြေးလွှားနေသည့် ...ချင် ယောက်ယက်ခတ် ပြေးလွှားနေပါ၏။ ရတနာထုပ်ကို ...ဆည်းရသည်ထက်ပင် သမီးတစ်ယောက်ကို ထိန်းသိမ်းရသည်မှာ ...လှုပါကြောင်း ဒေါ်ကျော့တင် သဘောပေါက်လာမိသည်။ သတင်း ...ပေးသူ ပြန်သွားလျှင် သွားချင်းပင် ဦးစိန်မောင်နှင့် ခေါင်းချင်းဆိုင် ...ပင်ရတော့သည်။

'အရပ်ထဲက ရွှေပုံတို့ဟာ တစ်စိတ်ကို တစ်အိတ်လုပ်ချင်တဲ့ ...တွေပါ မကျော့တင် ချင့်ချင့်ချိန်ချိန်လည်း ယုံပါကွာ'

'ဘယ်လိုပြောလိုက်တာလဲ ကိုစိန်မောင်၊ မရွှေပုံ ပြောသလို ...ရင် တော်ပါရဲ့ ဖြစ်လာတော့ ဘယ်နဲ့လုပ်မလဲ...ကိုယ်ကျိုးမနည်း ...ရှင်'

'သမီးကို တို့လည်း ဝိုင်းကြည့်ထားတာပဲ'

'ဒါပေမယ့် သူမပါရင် တော်တာပေါ့၊ သူကိုယ်တိုင်က ...အောင်ပေါ်မှာ စိတ်ယိုင်နေရင် မခက်လား'

www.burmeseclassic.com

www.burmeseclassic.com



'အင်း ဒါလည်း ဟုတ်တာပဲ၊ လူငယ်ဆိုတော့ စိတ်ယိုင်ချင်လည်း ယိုင်နေမှာပဲ၊ အေးလေ ဒါဖြင့် မကျော့တင်က ဘာလုပ်ချင်တာလဲ'

'ကျုပ် အရေးပိုင်ကတော်ကို သွားပြောပြမယ်လေတော်၊ သူတို့က အာဏာရှိတယ်မှုတ်လား၊ ဟိုကောင်ကို ဒီရက်ပိုင်း အတွင်း ဖမ်းချုပ်ထားတန် ဖမ်းချုပ်ထားတာပေါ့၊ သမီးတို့ မင်္ဂလာပွဲပြီးရင် သမီးကို ရန်ကုန်ထည့်လိုက်မယ်။ အေးရော့မှုတ်လား'

'အင်း အေးရင် တော်ပါရဲ့'

'ရှင် အတွေးမခေါင်စမ်းပါနဲ့ ကိုစိန်မောင်ရယ်၊ မင်းကတော်ဆီ ကျုပ်သွားတိုင်ပင်မှာတော့ ရှင်သဘောတူတယ်မှုတ်လား'

'ဒါတော့ မမှားပါဘူး'

'အေး… ဒါဖြင့် ရှင်အသာနေ၊ ကျုပ်တို့ မိန်းမသားတွေပဲ ကြည့်လုပ်လိုက်မယ် ဟုတ်လား'

ဒေါ်ကျော့တင်မှာ အရေးပိုင်အိမ်သို့ သွားရမည်ဖြစ်ပါ၍ အလှရုပ်ကို ဟန်လုပ်ရပါသေးသည်။ ဇင်းမယ်၊ ပဒုမ္မာနှင့် စိန်၊ ရွှေ၊ ရတနာများကို ဆင်းမြန်းအပြီး သမီးကို အထူးကြပ်မတ်ဂရုစိုက်ရန် အထပ်ထပ်အခါခါ မှာကြားရပါသေးသည်။ သူကိုယ်တိုင်လည်း သတိထားရပါ၏။ မျက်နှာသိခိုင်းစေ့ဖူးသည့် လန်ချားကုလားကိုမှ ရွေးခေါ်ခိုင်းပြီး လန်ချားစီးကာ ဒေါ်ကျော့တင်မှာ အရေးပိုင်အိမ်သို့ ရောက်လာရပါပြီ။





'သမီးကို မောင်ထွန်းအောင်ကျော်နဲ့ လက်ထပ်ပေးတော့မယ်ဆိုတာ သိန်းဇံသိသွားပြီ မင်းကတော်ရေ့၊ အဲဒါ မရ‌ရတဲ့နည်းနဲ့ ခိုးယူမယ်လို့ သိန်းဇံက ကြံစည်နေပြီတဲ့'

'ဒီသတင်း သေချာရဲ့လား ဒေါ်ကျော့တင်'

'သိပ်သေချာပါတယ်၊ သူတို့အရပ်ထဲက ကို၊ လာပြီး သတင်းပေးတာပါ၊ ဒီကောင်ဟာ အင်မတန်ရမ်းကားတဲ့ အကောင်ပါ မင်းကတော်၊ သတ္တိလည်းရှိတယ်၊ လုပ်ရင် တကွက်ထိုးလုပ်မှာ သေချာပါတယ်'

'ခင်ခင်ကရော'

'သူကတော့ ဘာမှသိဟန်မတူသေးပါဘူး၊ သိန်းဇံအပေါ်မှာ စိတ်နာပုံလည်းရတယ်။ မောင်ထွန်းအောင်ကျော်ကိုလည်း တွယ်တာနေပုံရပါတယ်။ သမီးက စိတ်မပါပေမယ့် သူတို့က အတင်းအဓမ္မ ကြံစည်ရင် မခက်ဘူးလား'

အရေးပိုင်ကတော် ဒေါ်လှလှထွန်းမှာ နက်နက်နဲနဲ တွေးနေသည်။ သက်ပြင်းအခါခါချပြီးမှ-

'ဒါဖြင့် ဒီလိုလုပ်ကြရအောင်လား ဒေါ်ကျော့တင်၊ ပုလိပ်အဖွဲ့ထဲက ကျွန်မနဲ့ အင်မတန်ရင်းနှီးတဲ့ 'အိပ်စီ' လေးတစ်ယောက်ရှိတယ်။ သူ့ကို အတွင်းစကားထည့်ပြီး ဒီသိန်းဇံဆိုတဲ့လူကို မျက်ခြေမပြတ် ကြည့်ခိုင်းထားမယ်လေ၊ လိုအပ်ရင် ဖမ်းချုပ်ထားဖို့လည်း မှာလိုက်မယ်။ ဒီအကြောင်းကို မိုရင်းတို့ ဒယ်ဒီကိုတော့ မပြောပြမထား



www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ သူက မတရားဘူးထင်ချင်ထင်မှာ၊ ကန့်ကွက်ချင် ကန့်ကွက်နေမှာ'

'ဟုတ်ကဲ့ ဟုတ်ကဲ့ ယောက်ျားတွေ မသိသင့်တာကို မသိစေတာပဲ ကောင်းပါတယ် မင်းကတော်ရယ်'

'ပြီးတော့၊ သားနဲ့သမီးအတွက် မင်္ဂလာပစ္စည်းတွေလည်း ဝယ်ချမ်းပြီးနေပြီပဲ။ အမြန်ဆုံး ရက်သတ်ပြီး လက်ထပ်ပေးလိုက်ကြရအောင်လား ဒေါ်ကျော့တင်'

'ကောင်းပါတယ် မင်းကတော် ကောင်းပါတယ်၊ ကျွန်မတို့ အမြန်ဆုံးစီစဉ်ပါ့မယ်ရှင်'

◆ ◆ ◆

ပုလိပ်အဖွဲ့မှ အိပ်စီ မောင်မြင့်ထွန်းသည် လည်းကောင်း၊ သိန်းဖေတို့၏ သွန်းဘုရားရပ်မှ ဒေါ်ရွှေပုံသည်လည်းကောင်း၊ က်နှာကြီးသခင်များ၏ အလိုတော်ရှိသမျှ မျက်နှာရအောင် လုပ်ပေးင်သူများသာတည်း။

ကိုသိန်းဖေမှာ ခင်ဦးခင်ကို ခိုးပြေးချင်သောစိတ်ဖြင့် ကာလသားခေါင်း 'ကိုသာအေး' နှင့် တိုင်ပင်ခဲ့မိသည်တော့အမှန်။

'မင်း ခိုးပြေးချင်ပေမယ့် မင်းဟာမကလေးက ယက္ခ၊ ဂုမ္ဘာန်င်းရံခလို့ရယ် ဆိုတာလို မလွယ်ဘူးကွ၊ မင်းကောင်မလေးကသာ သည့်ပါဆိုပြီး အခွင့်အရေးပေးရင် ငါက ကောင်မလေးရောဘိထုပ်ကိုပါ ထမ်းပေးပါ့မယ် မောင်ရာ'

'ဒါတော့ ခင်ဗျားပြောမှလားဗျ။ ကျုပ်လည်း ထမ်းပြေးနိုင်တာပဲ အဆက်အသွယ်မရလို့ အမွှနည်းနဲ့ ခိုးဖို့ကြံနေမိတာပေါ့'

'မင်း ကောင်မလေးကိုကလည်း အရေးပိုင်သားဘက် ခပ်ပါင်ဝါ့ကွာ'



www.burmeseclassic.com

www.burmeseclassic.com



'မပြောပါနဲ့ကိုသာအေးရယ်၊ ကျွန်တော့်ရင်ထဲမှာ ဘာတွေဖြစ်နေတယ်ဆိုတာ ခွဲပြလိုက်ချင်တယ်၊ သူ့ဘယ်လိုပဲ သစ္စာဖောက်ဖောက် ကျွန်တော် သူ့ကို သိပ်…သိပ်…ချစ်…တယ်ဗျာ'

'ဟကောင်ရ၊ ငိုလို့ပါလားကွာ ခက်တာပဲ၊ ငါ ဘာလုပ်ပေးရမလဲ'

'သူ့ကိုယ်တိုင်က ဟိုဘက်ညွှတ်နေတော့ ခင်ဗျား ဘာလုပ်ပေးလို့ရမှာလဲဗျာ'

'ရော ခက်ပါလား… နင့်မေကလွှား ဒါဖြင့်လည်း ငါ ဘာလုပ်လာပြောသေးလဲ သိန်းဖုံရာ'

'အကြံဉာဏ်လေး ဘာလေးများ ရမလားလို့ပေါ့ဗျာ'

'အေးကွာ သိပ်ပြီးစိတ်ဆင်းရဲခံမနေပါနဲ့ ငါလည်း အခြေအနေကြည့်ပါဦးမယ်၊ ခိုးလို့ရလည်း ခိုးကြတာပေါ့ကွာ ဟုတ်လား'

ကိုသာအေး နှစ်သိမ့်စကား ပြောသည်ကို ကိုသိန်းဖုံလည်း သိရှိပါသည်။ ခင်ဦးခင် စိတ်မပါပါဘဲ မချိန်းဆိုပါဘဲနှင့် ဒေါ်ကျော့တင်တို့၏ သုံးထပ်တိုက်ကြီးမှ ဘယ်နည်းနှင့်မှ ခင်ဦးခင်ကို ခေါ်ထုတ်၍ ရနိုင်လိမ့်မည်မဟုတ်ပါကြောင်း၊ သူငယ်ချင်းနှစ်ယောက်လုံး ကောင်းစွာ သိရှိကြလေသည်သာ။

ထန်းရည်ဆိုင်တွင် တိုင်ပင်သော ယင်းကိစ္စကို တစ်ဆင့်စေ တစ်ဆင့်နားဖြင့် ဆေးပြင်းလိပ် လိပ်သူ ဒေါ်ရွှေပုံ ကြားသိသွားရခြင်း ဖြစ်ပေသည်။ ဒေါ်ရွှေပုံမှာ ဒေါ်ကျော့တင်၏ ကြွေးမြီမကင်းသူသာ





ဖြစ်ချေသည်။ ဒေါ်ကျော့တင်ကို တစ်ခုခုကူညီပေးခြင်းဖြင့် မျက်နှာလုပ်လိုသူ၊ အခွင့်အရေးယူလိုသူဖြစ်ပါ၏။ သည့်အတွက် ကြားရသည်ထက် လွန်ကဲပိုလျှံကာ

'ကျော့ကျော့ရေ ဟိုအကောင်တော့ သာအေးတို့အဖွဲ့နဲ့ တိုင်ပင်နေကြပြီ ပြင်ဆင်နေကြပြီ ခင်ခင်လေးကို မရ,ရတဲ့နည်းနဲ့ ခိုးယူတော့မတဲ့ အမလေး…စိတ်ပူလွန်းလို့ ပြေးလာခဲ့ရတာ ကျော့ကျော့ရယ်၊ ကျွန်မသာ မကြား,မသိလာရင် ကိုယ်ကျိုးကြီးနည်းတော့မလို့'

သည်လို အစချီကာ ခရေစေ့တွင်းကျမက အပိုလေးများထည့်၍ ပြောလိုက်သည့်အတွက် ဒေါ်ကျော့တင်မှာ အရေးပိုင်ကတော်နှင့် တိုင်ပင်ရသည့်အဖြစ်မျိုးသို့ ရောက်သွားခြင်းဖြစ်ပါသည်။

သည်သို့ ပြောဆိုကြပြီး သည်မှာဘက်ပိုင်းတွင် အိပ်စီမောင်မြင့်အမှာလည်း–

'ငါကို အရေးပိုင်ကတော်ကြီးကိုယ်တိုင်က ယုံယုံကြည်ကြည်နဲ့ ရှင်းပြောလာပြီး အကူအညီတောင်းတာ၊ ဒါ ငါ့အတွက်ပဲ ငါ့အတွက် ကောင်းရောင်ခြည်ပဲ 'မင်း' ကို မျက်နှာလုပ်ရတာထက် 'မင်းကတော်' ကို မျက်နှာလုပ်ရတာက ပိုပြီးတောင်ကောင်းသေးတယ်၊ ပိုပြီးတောင် အခွင့်အရေးရနိုင်သေးတယ်'

'ဒီတော့ ငါလိုက်ကြည့်နေတာလည်းကြာပြီ ဘာမှလည်း မထူးခြားဘူး၊ မထူးခြားတဲ့အကြောင်းကို အကြောင်းမပြန်ချင်ဘူး၊ ငါ့ဘယ်လို ကြိုးကြိုးစားစား ဆောင်ရွက်ရတယ်ဆိုတာကို ဖော်ပြနိုင်မှ ကောင်းမယ်



www.burmeseclassic.com

www.burmeseclassic.com



ထင်တယ်၊ ဒီတော့ ဒီကောင်ကို မသင်္ကာဖွယ်ရာ တွေ့ရလို့ဆိုပြီး ဘာပုဒ်မ၊ ညာပုဒ်မတွေတပ်ပြီး ဖမ်းချုပ်ထားလိုက်မယ်၊ ငါ ဘယ်လို ကြိုးစားရကြောင်း၊ ဘာတွေလုပ်ရကြောင်းကိုလည်း မင်းကတော်ကြီးကို အကျယ်ချဲ့ပြီး ပြောပြလိုက်တော့မယ်၊ အထက် လူကြီးမေးရင်လည်း အရေးမကြီးဘူး၊ ဒါထိပ်ဆုံးကကိစ္စပဲ၊ ရာဇဝတ်ဝန်ကြီးနဲ့ အရေးပိုင်ကြီးကလည်း ရင်းနှီးပြီးသားပဲ၊ ဒီကိစ္စကို ခုတုံးလုပ်ပြီး အရေးပိုင်ကတော်ကြီးကို မျက်နှာလုပ်ပြီး ငါရာထူးတက်အောင် သိန်းဖိရော သူ့အဖေရော ဖမ်းချုပ်ထားလိုက်တော့မယ်၊ အပြစ်တစ်ခုရှာမယ်၊ အပြစ်မပျောက်အောင်လုပ်ဖို့သာခက်တာ အပြစ်ရှာတာ သိပ်လွယ်တာပေါ့'

မောင်မြင့်ထွန်း၏ တစ်ကိုယ်ကောင်းဆန်လွန်းသော စိတ်ကူးများ၊ ဒေါ်ရွှေပုံ၏ အကျယ်ချဲ့ရာမှ စခဲ့ကြသော ကိစ္စများသည် အမှိုက်ကစ ပြာသာဒ်သို့တိုင် မီးလောင်လေပြီတကား။

◆ ◆ ◆

အောက်ထပ်တွင် အခန်းဖွဲ့စည်းခြင်းမရှိပါဘဲ ကျယ်ဝန်းသော တိုက်ကြီးတစ်ထပ်လုံးမှာ ခန်းမကြီးအသွင် ဖြစ်နေပါလျက်နှင့် ဧည့်သတ်က မဆံ့။ သည်သို့ ဧည့်ပရိသတ် များပေလိမ့်မည်ဟု ကြိုတင်တွက်ဆပြီးပါ၍ ခြံဝင်းတွင်းရှိ သစ်ပင်များကိုပင် ခုတ်လှဲရှင်းလင်း၍ မဏ္ဍပ်ကြီးထိုးထားရလေသည်။ မဏ္ဍပ်လည်း အပြည့်ပါပင်။

ရန်ကုန်မှ စန္ဒယား၊ ဂီတာ စသည်တို့ပါသော ခေတ်မီတီးဝိုင်းက မင်္ဂလာနေ့တွင် ဧည့်ခံ၍လည်းကောင်း၊ အကြိုညဦးက မန္တလေးမှ ဆိုင်းဆရာကြီးအငြိမ့်က က,ပြ၍လည်းကောင်း စည်ကားသိုက်မြိုက်လှပါသည်။ ခုနစ်ရက် ခုနစ်လီ တင်းနှင့်ချီ၍ ထမင်းချက်ရလောက်အောင် ဒေါ်ကြူတင်တို့ဘက်မှ ဆွေမျိုးများ။ ဒေါ်လှလှထွန်းတို့ဘက်မှ မင်းစိုးရာဇာ ဧည့်ကောင်း စောင်ကောင်းများကပါ ရန်ကုန်မှ ရောက်ရှိလာကြပေသည်။

သာယာကုန်းမြို့၏ အနှစ်တစ်ရာအတွင်း မကြုံစဖူး ထူးကဲသော မင်္ဂလာဧည့်ခံပွဲက ခြိမ့်ခြိမ့်သဲမျှ။ သတို့သမီးကား သာယာကုန်းသူ



www.burmeseclassic.com

www.burmeseclassic.com



ခင်ဦးခင်တည်း။ သတို့သားအမည်မှာ ဤမင်္ဂလာမဏ္ဍပ်တွင် မပေါ်ထင်။

'အရေးပိုင်သားနဲ့'

'ဘီအေနဲ့'

ဆိုသော ဘွဲ့ထူးများသည်သာ ကိုထွန်းအောင်ကျော်အပေါ် လွှမ်းသွားခဲ့ရပါချေပြီ။

ထောင်နှင့်ချီကာ ငွေအကုန်ခံပါသော ဤမင်္ဂလာပွဲကြီးတွင် အားလုံး တက်ကြွရွှင်လန်းနေကြပေသည်။ ခင်ဦးခင်မှာ သူ့အတွက် သည်မျှ အကုန်ခံ၍ ခမ်းနားစွာ ချီးမြှင့်ပေးပါသော မိဘများ၏ ကျေးဇူးတရားများကို နားလည်မိသည်နှင့်အမျှ ပွဲဝင်တင့်တယ်လှပါသော ကိုထွန်းအောင်ကျော်ကို လက်ထပ်ရသည်မှာ မှန်သောလမ်းကို လျှောက်မိချေပြီဟု ခင်ဦးခင်က ယူဆနေမိသည့်အချိန်တွင်...

◆ ◆ ◆

ကိုသိန်းဖံမှာ သံတိုင်ကို ကျစ်ကျစ်ပါအောင် လက်နှင့်ဆုပ် [illegible]၍ အောက်နှုတ်ခမ်းကို ပြတ်လုမတတ် ကိုက်ထားလိုက်မိသည်။ [illegible]ညည်မကျမိတော့၊ အားငယ်စိတ် မဝင်လေတော့။ ကိုသိန်းဖံ၏ရင်၌ [illegible]ည်းပူဆွေးရမည့် အစား နာကျည်းမုန်းတီး၍ ရွံရှာစက်ဆုပ်ခြင်း [illegible]များဖြင့်သာ ကြိတ်မနိုင် ခဲမရ ဖြစ်နေရှာတော့သည်။

မျက်စိရှေ့တွင် တခြားသောပုလိပ်များ ရှုတ်ရှက်ခတ်လာပါ၍ [illegible]ခွင်းဘက်သို့ လှည့်လိုက်သည့်အခါ ကျဉ်းမြောင်းလွန်းသော ပုလိပ် [illegible]တဲ၏ ယာယီအချုပ်ခန်းထောင့်လေးတွင် နှမ်းလျစွာမှီ၍ ထိုင်နေ [illegible]ပါသော...

ကိုသိန်းဖံ၏ဖခင်...ဦးသာဒွန်း...၊

ကိုသိန်းဖံမှာ ဖခင်ကြီးက မိမိအတွက် သက်သက်ဓားစာခံ [illegible] ပါနေရသည့်အတွက် ရင်၌ မချိမဆံ့ ခံစားနေရရှာပေသည်။

'လုပ်ရက်ကြပါပေ့ လုပ်ရက်ကြပါပေ့... မိခင်ခင်တို့ရယ်' 'သား...မထူးတော့ပါဘူးကွယ်၊ တိုင်းပြည်ကိုက သူ့ဝမ်းပါး



www.burmeseclassic.com

www.burmeseclassic.com



ကျွန်။ တို့လိုအလုပ်သမား လူတန်းစားက မင်းစိုးရာဇာ အလိုတော်ရှိတွေရဲ့ ကျေးကျွန်ပဲ ဒီခေတ်မှာ မြေပိုင်ရှင်၊ ငွေပိုင်ရှင်တွေက တို့လိုဆင်းရဲသားကို ချယ်လှယ်ချင်တိုင်း ချယ်လှယ်လို့ရတဲ့ခေတ်ပါ သားတစ်ယောက်တည်းကိုကွက်ပြီး စိတ်မဆိုးနဲ့၊ မနာနဲ့သား၊ ခေတ်ကိုစံနစ်ကိုက မကောင်းတာပဲ၊ ကျွန်နိုင်ငံမှာ လိုမ့်ခံပေတော့ သားရေ…

'မဟုတ်ဘူးအဖေ… မဟုတ်ဘူး၊ ဒင်းတို့ ရက်စက်လွန်းလို့ပါဗျာ၊ အဖေ့ပန်းဘဲဖိုမှာ ဘိန်းထုပ်လာချပြီး ဒီအမှုရော၊ အင်္ဂလိပ်ဘုရင်ကို အရှိအသေတန်အောင် ကျွန်တော်က လုပ်နေတယ်ဆိုတဲ့အမှုတွေရော…ဒင်းတို့သက်သက် အကွက်ဆင်တာ ရင်နာလွန်းလို့ပါဗျာ'

'သားရယ်…အဖေခံနိုင်ပါတယ်၊ သားအတွက်…'

'မဟုတ်ဘူးအဖေ… ကျွန်တော်က ကျွန်တော့်အပြစ်နဲ့ ကျွန်တော် ဒီကောင်မကိုမှကြိုက်မိတဲ့ ငမိုက်သား ကိုယ့်ဒဏ်ကိုယ်ခံရတာ ခံနိုင်ပါတယ်၊ ခံထိုက်ပါတယ်ဗျာ… အဖေ့မှာ အိုကြီးအိုမနဲ့ သက်သက် ကျွန်တော့်အတွက်ဝင်ပြီး ဓားစာခံရတာ ကျွန်တော်လေ ကျွန်တော်…'

'ဒီမှာသား… မကြာပါဘူးသားရယ်… တို့သားအဖ နေရလှခဏပါ။ တော်ကြာမင်္ဂလာပွဲပြီးလို့ ကောင်မလေး ရန်ကုန်ကိုခေါ်သွားရင် တို့ဝဋ်လည်းပြီးပြီ။ တို့အချုပ်လည်း လွတ်ပါပြီသား၊ ရက်ပိုင်းပါကွယ်… ရက်ပိုင်းပါ၊ သည်းခံလိုက်စမ်းပါ'





'မရဘူးအဖေ…မရဘူး၊ ကျွန်တော့်ရင်ထဲမှာ မီးတောက်ရသလို ကျွန်တော့်အဖေကြီး ဒုက္ခခံနေရသလို…ဒင်းတို့ကို ဆယ်ဆပြန်ပြီး လက်စားချေမယ်အဖေ။ အို… ဒင်းတို့ရဲ့ သားစဉ်မြေးဆက်၊ ရင်ကွဲပက်လက်နဲ့ အရှက်တကွဲ အကျိုးနည်းဖြစ်ရအောင် ကျွန်တော်ကိုယ်နှိုက်ဆိုလိုက်မယ်အဖေရေ…။ ဒင်းတို့ကို လက်စားချေရပြီးမှ ကျွန်တော်သေမယ် အဖေရဲ့'

'အို… ခက်ပါလားကွယ်… ဒီကောင်မလေးနဲ့ ကြိုက်ကတည်းက တစ်နေ့နေ့တော့ ဒုက္ခတွေ့ကြတော့မယ်ဆိုတာ အဖေသိပြီးသားပါသား။ မလုပ်ပါနဲ့ကွယ် ရာဇဝတ်ဘေး ပြေးမလွတ်ဘူး။ သူတို့ကိုသတ်ရင် သာပြီး မလွတ်ဦးမယ်၊ ငါ့သား စက်တိုင်တက်ရရင် အဖေသေလိမ့်မယ်'

'မသတ်ပါဘူးအဖေ…မုန်းလို့ သတ်ပစ်လိုက်တာ အဓိပ္ပာယ်ကို မရှိဘူး။ သေခါနီး နည်းနည်းလေး ခံစားလိုက်ရရုံနဲ့ ပြီးရရောလားအဖေရယ်၊ လူတစ်ယောက်ဟာ သေသွားတဲ့နောက် ဘာများခံစားနိုင်တော့မှာလဲ၊ ဒီမှာ အဖေ…'

'ခက်တော့တာပဲ'

'မုန်းလို့လက်စားချေတဲ့နေရာမှာ သတ်ပစ်တာ ဘာမှ အဓိပ္ပာယ်မရှိဘူး၊ စိတ်ကူးမရှိလို့၊ အတွေးအခေါ်နည်းလို့၊ မိုက်လို့ လုပ်ကြတာအဖေရဲ့'

'ဒါဖြင့် မင်းက ဘာလုပ်မှာလဲ သိန်းဖုံရယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဘဝကိုသတ်မယ် အဖေ…အသည်းနှလုံးကို နင်းချေမယ်၊ မီးမြှိုက်မယ်၊ သားစဉ်မြေးဆက် ဒုက္ခပေးမယ်၊ မရယ်ပါနဲ့အဖေ… မလျောင်ပါနဲ့။ အဖေ့သားဟာ ပြောသလို လုပ်တတ်တဲ့ကောင်ဆိုတာ အဖေအသိဆုံးပါ။ ဒင်းတို့ရဲ့ အသက်ကို မသတ်ဘူး၊ ဘဝကိုသတ်မယ်၊ အသည်းနှလုံးကိုသတ်မယ်၊ တစ်ခုတော့ ရှိတာပေါ့အဖေ'

'ဘာလဲ'

'ကျွန်တော့်ကိစ္စက အခုအစီအစဉ်ချ၊ အခုထလုပ်လို့ မဖြစ်ဘူး၊ အချိန်တော့ စောင့်ရလိမ့်မယ်။ နှစ်များစွာ စောင့်ရလိမ့်ဦးမယ်အဖေ၊ ဒီအတွင်း ကျွန်တော်အများကြီး ကြိုးစားရမှာပေါ့ အဖေရယ်။ မိခင်ခင်ရေ… နင့်ရဲ့ဘဝ၊ နင့်ရဲ့အသည်းနှလုံး သားစဉ်မြေးဆက်အထိ ဒုက္ခပေးဖို့ ငါသစ္စာအဓိဋ္ဌာန်ချလိုက်ပြီးပါပြီ။ ငါနင့်ကို ဒုက္ခမပေးရဘဲနဲ့ နှစ်ငါးဆယ်ကြာလည်း ငါမသေဘဲ စောင့်ပြီးနေဦးမယ်ဆိုတာ ငါသစ္စာဆိုလိုက်တယ်'

◆ ◆ ◆



ဦးသာဒွန်း ပြောဆိုထင်မြင်ခဲ့သည့်အတိုင်းပင် ခင်ဦးခင်တို့ [illegible]စဉ်ဦး ဖနီးမောင်နှံ ရန်ကုန်သို့ ထွက်သွားပြီး နှစ်ရက်အကြာတွင် ကိုသိန်းဇံတို့ သားအဖကို အချုပ်မှ အာမခံနှင့် လွှတ်လိုက်တော့သည်။ [illegible]င်တွင်လည်း ယင်းဘိန်းမှုမှာ စုပ်စမြုပ်စ ပေါ်မလာ ပျောက်ဆုံး သွားလေတော့သည်သာ။

ခင်ဦးခင်တို့ လက်ထပ်ပြီး ငါးလအကြာတွင် မြန်မာပြည်ကြီးသို့ ဒုတိယကမ္ဘာစစ်မီး ကူးစက်တော့သည်။ ဗိုလ်ချုပ်အောင်ဆန်းတို့ အဖွဲ့မှ [illegible]နှင့်ပူးပေါင်းကာ နယ်ချဲ့ဝါဒကို ဆန့်ကျင်ကြသည်။ လက်တွဲသော [illegible]မှာလည်း စစ်မှန်သော လွတ်လပ်ရေးကို မရရုံမက ဖက်ဆစ်ဝါဒ [illegible]ပါ ကျင့်သုံးလာကြပြီးဖြစ်ပါ၍ ဂျပန်ကို မြန်မာတစ်မျိုးသားလုံး [illegible]လည်ခုခံတိုက်ထုတ်ကြပြန်သည်။

ယင်းသို့ ခေတ်များ၊ စနစ်များ ပြောင်းလဲနေသည့် နှစ်များစွာ [illegible]တွင်း အရေးပိုင် ဦးအောင်ကျော်နှင့် ဒေါ်လှလှထွန်းသည် လည်း [illegible]ကောင်း၊ ဦးစိန်မောင်နှင့် ဒေါ်ကျော့တင်သည်လည်းကောင်း၊ ဦးသာဒွန်း [illegible]ည် လည်းကောင်း၊ ကွယ်လွန်အနိစ္စရောက်ခဲ့ကြလေပြီ။

ကိုသိန်းဇံတစ်ယောက်လည်း သာယာကုန်းမြေမှ အပြီးတိုင် [illegible] ပျောက်ဆုံးသွားခဲ့လေပြီတည်း။

ဦးထွန်းအောင်ကျော်နှင့် ဒေါ်ခင်ဦးခင်တို့သည်သာ သမီးလေး [illegible]အဝါ''နှင့်အတူ ခေတ်များနှင့် နှစ်များစွာကို ဖြတ်သန်း၍လာခဲ့ [illegible]သည်။



www.burmeseclassic.com

www.burmeseclassic.com



မိဘများ လက်ထက်က ချစ်ခြင်း၊ မုန်းခြင်း၊ နာကျည်းခြင်း
စသော ရန်ငြိုးများ ဂလဲ့စားချေမှုများသည် သည်မှာဘက်ခေတ်သို့
မှ ပြန်လည်ရှင်သန်လာသည်နှင့်အမျှ အလူးအလဲ ခံစားသွားရှာသည့်
အဝါမည်သော မိန်းကလေးနှင့်…

ကိုတင်အောင်မြင့် တည်းဟူသော ချစ်ဦးသူနှစ်ယောက်တို့
ရင်နင့်ဖွယ်၊ ကြေကွဲဖွယ်တို့ လွှမ်းသည့် မယုံကြည်နိုင်ဖွယ်
ဇာတ်လမ်းဆန်းတစ်ခုတွင် ပါဝင်လှုပ်ရှားခဲ့ကြရပုံများမှာ…

◆ ◆ ◆

# အပိုင်း – (၂)

www.burmeseclassic.com

www.burmeseclassic.com

အင်းယားကန်ရေပြင်သည် အသက်ရှင်နေသည့်ပမာ လှုးလွန့်လှုပ်ရှားနေပါသည်။ ဆောင်းဦးဖြစ်၍ လေသစ်က တက်ကြွဟန်နှင့် သုန်သုန်လေး တိုက်ခတ်ဆော့ဝိုက်နေပါသည်။ ကန်၏အဆုံး ကုန်းမြင့်ထက်မှ သရက်ပင်အိုး၏ သားမြေးမြစ်များဖြစ်သည့် သရက်ပွင့်၊ သရက်ကင်း၊ သရက်ရွက်နုအချို့တို့မှာ လေခ၍ ကြွေကြရလေသည်။ သရက်ပင်၏ ဆွေခုနစ်ဆက် မျိုးခုနစ်ဆက်တို့ ဆင်းသက်ကြွေလျောရာ ရေကန်သာမှာ ရှိုက်ဖိုငိုညီးလေသလားပင်၊ လှိုင်းကြက်ခွပ်ကလေးများက စက်ဝန်းငယ်မှ တဖြည်းဖြည်း ကျယ်၍ကျယ်၍ လွင့်ပြယ်ထွက်ပြေးကြကုန်သည် သို့ပင်…။

'အမလေးဟဲ့ စိတ်ကူးလည်းယဉ်ပါပေ့၊ မမတာရယ် ဟား ဟား ဟား၊ စာမေးပွဲနီးလို့များ စာတွေ သိပ်ကြိုးစားနေသလားဆိုပြီး နောက်ကချောင်းကြည့်ပါသယ်၊ လား…လား'

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



'သွားစမ်း၊ အဝါနော် တို့စာခိုးကြည့်တာ သိပ်မုန်းတာပဲ၊ သဘာဝတွဲ ဖော်ကြူးနေလို့ တော်သေးတာပေါ့ ရည်းစားစာဆို ဘယ့်နှယ် လုပ်မလဲ'

'တော်စမ်းပါ မမတာရယ်၊ ရည်းစားစာဆို ဒီလို လူမြင်ကွင်းမှာ ရေးမတဲ့လား… မမတာကတော့ စံပဲ၊ တကယ့်ကိုစံပဲ'

'ကဲ ဘာလို့ လိုက်လာတာ ပြောတော်မူစမ်းပါဦး'

'ပျင်းတယ် မမတာရဲ့'

'ပျော်အောင် အဖော်ရှာပေးရမလား…ပြော'

'တော်ပါ အဆောင်မှာ ရည်းစားထားတဲ့ လူတွေ ကြည့်ရတာ မောလိုက်တာ၊ သူတို့လူတွေလာခါနီး အလှပြင်ရင်း မျှော်… မျှော်ရင်း အလှပြင်နဲ့ ရှုပ်နေတာပဲ၊ ထွက်သွားပြီး ပြန်လာကြပြန်တော့လည်း မှိုင်လို့၊ တချို့လည်း အဆင်မပြေလို့ဆိုပြီး ငိုလို့ စိတ်ညစ်စရာကြီးပါ မမတာရယ်'

'အဝါက စိတ်ညစ်တဲ့အပိုင်း၊ မျှော်တော်စိုက်အပိုင်းသာ မြင်ရတာကိုး'

'ဟုတ်ပါတယ်၊ ဟုတ်ပါတယ်၊ မမတာတို့လို မမတာလူကြီးနဲ့ တွဲပြီး ကြည်နူးမှု အပိုင်းကိုမှ မမြင်ရဘဲကိုရှင့်'

'အဝါနော်'

ကျွန်မက သူ့လက်မောင်းလေးကို မနာအောင်ရိုက်၍ ဟန့်တားလိုက်ရပါသည်။ အဝါက ငြိမ်သွားပြီး ခပ်လှမ်းလှမ်း သစ်ပင်





အောက်မှ ခပ်ကဲကဲစုံတွဲ ဆီသို့ လှမ်းမျှော် ကြည့်နေသည်ကို ကျွန်မက ဘေးတိုက် အနေအထားနှင့် မြင်နေရပါသည်။

သန်မာရှည်လျား များပြားသော မျက်တောင်ကော့ကြီးများနှင့် ထင်းနေအောင်ပေါ်သော နှာတံကလေးများက ဘေးတိုက် အနေအထားနှင့် ပို၍ကြည့်လို့ လှပနေပါသည်။ နှာသီးဖျားလေးချွန်၍ နှာခေါင်း သီးကလေးက တစ်မျိုးကြည့်၍ လှပါပေသည်၊ အဝါ့နှုတ်ခမ်းကလေး များက ပန်းချီဆရာတစ်ယောက် အလှရေးခြယ်ထားသည့်ပမာ နှုတ်ခမ်း လေးများက တိကျညီညာစွာဖြင့် နီနီထွေးထွေးနှင့် ပြည့်ပြည့် တင်းတင်းလေး ဖြစ်ပါ၏။ မွေးနေသော မျက်အိမ်အလည်မှ နက်နေ ပါသော မျက်ဝန်းလေးများက မြင်သူမချီးမွမ်းဘဲ နှစ်ခါပြန်မကြည့်ဘဲ နေနိုင်လောက်အောင်ပင် တောက်ရှန်းလှပလွန်းပါသည်။ ဆံပင် ကောင်းသော အဝါမှာ မျက်ခုံးပါ သွယ်တန်းနက်မှောင်ပြီး နဖူး ညိုညိုလေးတွင် ဆံယဉ်စလေးများ များစွာရှိနေပါ၏။ အဝါ၏မျက်နှာ မှာ ဝိုင်းဝိုင်းလေးဖြစ်ပါသော်လည်း မေးစေ့ပိုင်းက သွယ်လျနေပါ သဖြင့် တစ်မျိုးချစ်စရာကောင်းနေပါသည်။

အဝါ၏အရပ်မှာ ငါးပေနှစ်လက်မ ကျော်နေပါသော ကျွန်မ အရပ်လောက် မမြင့်ပါသော်လည်း ကျွန်မတို့လို ကိုယ်ခန္ဓာ အရုပ် ဆိုးပါ၊ ဖွံ့ထွားသော ဆယ့်ရှစ်နှစ်အရွယ်ဖြစ်ဝါ၍ ကိုယ်ခန္ဓာက အရုပ်နှင့် လိုက်ဖက်ညီရုံလေး တင်းရင်းပြည့်ဖြိုးနေပါသည်။ သဘာဝ ဟု ဆိုပါသော်လည်း အဝါ၏ ကိုယ်ခန္ဓာတည်ဆောက်ပုံက 'မယ်' တစ်ယောက် အချိုးကျပုံမျိုး ဖြစ်နေပါ၏။



www.burmeseclassic.com

www.burmeseclassic.com



အထူးခြားဆုံးက အဝါ၏အသား၊ ဝင်းဝါအိညက်နေသော အသားအရည်ကို အစွဲပြု၍ 'အဝါ'ဟုများ ခေါ်တွင်လေသလားပင် အသားပေါ်တွင် မှည့်တစ်ပေါက် အနာရွတ်တစ်ခု မစွန်းထင်း တစ်နေရာမှ ရှာမရအောင်ပင် စင်းလုံးချောလေး ဖြူဖွေးကာ ဝင်းဝါနေ နေပါသည်။ အဝါ၏ နူညက်လှပလွန်းသော အသားအရည် ကိုယ်နေ မျက်နှာတည်ဆောက်ပုံကလေးများမှာ ယနေ့ထက်တိုင် ကျွန်မတွေ့ သော မိန်းမလှလေးများထက် သာလွန်သည်ချည်းသာ၊ အဝါ၏ အ စံချိန်ကို လိုက်မီနိုင်သော မိန်းကလေးကို ကျွန်မတစ်သက်တွင် မမြင်ဖူးသေးပါချေ။

အဝါသည် ယခုနှစ်မှ တက္ကသိုလ်ရောက်လာသူလေး ဖြစ်ပါ သည်။ ကျွန်မထက် အသက်ရောအတန်းပါ ငယ်ပါ၏။ ကျွန်မနှင့် တစ်ခန်းတည်း လာကျ,ကတည်းက ဤမိန်းမလှလေးကို ကျွန်မ များစွာ ချစ်မြတ်နိုးသွားမိပါသည်။ အဝါသည် ရုပ်လှသည်နှင့် လိုက်ဖက်ညီစွာ စိတ်ပါလှသူလေး ဖြစ်ပေသေးသည်။ ကျွန်မကို လည်း ''မမတာ-မမတာ''နှင့် အမှန်ပင် ချစ်ခင်အားကိုးရှာပါသည်။ ရန်ကုန်တက္ကသိုလ် ရတနာဆောင်တွင် နှစ်ယောက်အတူ တစ်ခန်း တည်းနေရပါသော ကျွန်မမှာ အဝါနှင့် လာကျခြင်းအတွက် များစွာ ကြည်နူးနှစ်သိမ့်ခြင်း ဖြစ်ပါသည်။

ပထမနှစ် ကျောင်းသူလေးများဖြစ်ပါ၍ အပျိုသင်စ ငှက်ငယ် လေးနှင့် တင်စားရမလိုပင် အဝါမှာ ဘာကိုမျှ မဝံ့ရဲရှာသေးပါ။





ကျွန်မကိုသာ မှီတွယ်၍ လှုပ်ရှားရရှာပါသည်။ ယခုလည်း ညနေ ပိုင်း သူရေချိုးနေချိန်တွင် ကျွန်မ အင်းယားကန်ဘက်သို့ ထွက်လာခဲ့ ခြင်း ဖြစ်ပါသည်။ ကဗျာရူး စာရူး ကျွန်မမှာ လေတိုက်၍ သရက်ပင် က သရက်ရွက်နှင့်အသီးများ ကြွေကျသည်ကိုပင် ရေးကြီးခွင်ကျယ် ယူ၍ကာ စာတစ်တန် ပေတစ်တန်နှင့် 'စာညွန့်'ဟန်ဖွဲ့ နေမိပါသည်။ ထိုစဉ် ကျွန်မနောက်သို့ လိုက်လာသော အဝါက နောက်မှရပ်လျက် ခတ်နေသည်ကိုပင် စိတ်ကူးယဉ်နေပါသော ကျွန်မက မသိလိုက်နိုင် ခြင်း ဖြစ်ပါသည်။ ကျွန်မမှာ သူ့ကိုထားခဲ့ပြီး တစ်ယောက်တည်း ထွက်လာမိခြင်းအတွက် အားနာသွားမိပါ၍-

'ပြန်ကြမလား အဝါ'

'မမတာ ဆက်ရေးပါလေ၊ အဆောင်ကို နာမည်ခေါ်မီ ပြန်ရောက်ရင် ပြီးတာပဲ၊ အဝါစောင့်နေမှာပေါ့'

'အလကားပါ စိတ်ကူးယဉ်ပြီး ရေးချင်တာ လျှောက်ရေးနေ တာပါ အဝါရယ်၊ ဟိုဘက်လမ်းလျှောက်ဦးမလား'

'မသွားချင်တော့ဘူး မမတာရယ်'

'ဒါဖြင့် ပြန်ကြမယ်လေ'

'ရေးပါဦးဆို'

'မရေးတော့ဘူးပါဘူးဆို'

အဝါက အားပါးတရ ရယ်မော၍ ကျွန်မကို လှမ်းဖက်လိုက်ပါ သည်။ အဝါ၏ ကိုယ်နံ့ကလေးနှင့် သနပ်ခါးနံ့လေးများက ရောထွေး



www.burmeseclassic.com

www.burmeseclassic.com



မွေးကြိုင်သွားရပါသည်။ အဝါမှာ ဘာလောက်(စ) အင်္ကျီအဝါနှင့် အညိုစင်းလေးဝတ်ပြီး အဝါရောင် ပြောင်ထဘီကို ဝတ်ဆင်ထားပါ၏။ အမည်နှင့် လိုက်ဖက်အောင် ဝတ်ဆင်ထားသော အဝါရောင်မှာ အဝါနှင့် အလိုက်ဖက်ဆုံး အရောင်ဖြစ်ပါသည်။

ခေါင်းလျှော်ထားသော ဆံပင်ကိုဖြန့်၍ ကျောလယ်ဆံပင်၏ အလယ်မှ ဖဲကြိုးအဝါလေးနှင့် လျော့ရဲရဲ သိုင်းချည်ထားလေသည်။ ခေါင်းလျှော်ပြီး ခြောက်သွေ့စမို့ ဖွာကျနေပါသော ဆံယဉ်စကလေးများက အဝါ၏မျက်နှာနောက်ပိုင်းမှ လူးလွန့်ရွေ့လျားနေသည်မှာ အဝါ၏ အလှကို အထောက်အကူပေးနေသည့်ပမာပင်။ အဝါ၏ ပါးပြင်မှ သနပ်ခါးစင်း ညီညီလေးများကလည်း ကြည့်မဝနိုင်စရာပါ။ လှသော အဝါမှာ ယနေ့ပို၍ ထူးထူးခြားခြား လှပနေသည်ဟု ကျွန်မထင်မိပါသည်။ ကျွန်မက သူ့အလှကို အသေအချာကြည့်ပြီးမှ-

'လာပါအဝါရယ်… မမတာလည်း ဒီနေ့ ချမ်းသလိုပဲ၊ လေက သိပ်တိုက်လာပြီလေ၊ အဆောင်ကိုပဲ ပြန်ကြပါစို့'

ကျွန်မတို့နှစ်ယောက် လက်တွဲ၍ အင်းယားကျွန်းထဲမှ ထွက်ခဲ့ကြပြီး အင်းယားလမ်းကိုဖြတ်လျက် ရတနာဆောင်ထဲသို့အဝင် ဆင်ဝင်အောက်အုတ်ခုံတွင် ထိုင်နေပါသော…

'ဟယ်…ကိုတင်အောင်မြင့်ပါလား…ရောက်နေတာကြာပြီလား…ဟင်'





ကိုတင်အောင်မြင့်မှာ ကျွန်မနှင့် တစ်မြို့တည်းသားဖြစ်ပါ၏။ ကျွန်မထက် အသက်ကြီး အတန်းကြီးသော်လည်း အလွန်ပင် ရင်းနှီးသော သူငယ်ချင်းဖြစ်ပါသည်။ သူ ရတနာသို့ လာစရာ ကျွန်မ တစ်ယောက်သာသိရှိပါ၍ ကျွန်မက မေးလိုက်ရခြင်းဖြစ်ပါသည်။

'သိပ်မကြာသေးပါဘူး အတာအဆောင်မပိတ်ခင် ပြန်လာလို့ တော်သေးတာပေါ့'

'ဘာအကြောင်းရှိလို့လဲ… ဟင်'

'တို့မြို့နယ်အသင်းကလေး မိတ်ဆုံစားပွဲ ပဲခူးကိုသွားကြမလို့'

'ဘယ်တော့လဲ'

'နောက်တနင်္ဂနွေ'

'အဲဒီတော့…'

'အဲဒီတော့ ကိုယ့်ဆီမှာ လက်မှတ်တွေပါလာတယ်။ အဲဒါ အတာက ဆယ်စောင်လောက် ရောင်းပေးစမ်းပါ၊ မနက် လက်ဖက်ရည်နဲ့မုန့်၊ နေ့ခင်း ဒန်ပေါက်ထမင်းတစ်ထုပ်နဲ့ ဘိလပ်ရည် တစ်ပုလင်းတဲ့။ ညြော်…ပြီးတော့ လိမ္မော်သီးတစ်လုံးတဲ့။ အဲဒါတွေ စားရမယ် လက်မှတ်တစ်စောင် သုံးကျပ်တဲ့။ အသင်းရဲ့ ဖန်နဲ့လုပ်တာမို့ ရတာ။ ဟောတ်ရင် ပဲခူးနဲ့ရန်ကုန် ကားခပဲတွက်ကြည့်'

'အမလေး…ဈေးသည်ကလည်း အဆွယ်ကောင်းလိုက်တာ… လက်မှတ်တော့ ထားခဲ့လေ…အတာ ရောင်းကြည့်ပေးပါ့မယ်



www.burmeseclassic.com

လူတိုင်းတော့ မပြောချင်ဘူး။ သေချာတာ တစ်ယောက်တော့ရှိတယ်၊ ဟောဒီက ညီမလေးအဝါ'

'အို… မမတာကလည်း'

'ဟောဒီမှာ ကိုတင်အောင်မြင့်နဲ့ မိတ်ဆက်ပေးရဦးမယ်။ အတာရဲ့ အခန်းဖော် အဝါတဲ့ မြကျွန်းသာမြို့ကပဲ ဖရက်ရှာပါ'

'အဝါ…ဒါ အတာတို့မြို့က အကျိုးတော်ဆောင်ကြီး ကိုတင်အောင်မြင့်တဲ့။ ဖိုင်နယ်ကပဲ။ ရာမညမှာနေတယ်'

'ဟုတ်ကဲ့ရှင်…တွေ့ရတာ ဝမ်းသာပါတယ်'

လူမှန်းသိတတ်စ အရွယ်မှစတင်၍ တွေ့မြင်ပေါင်းသင်းဖူးပါသော ကိုတင်အောင်မြင့်ကို သည်လိုအမူအရာမျိုးနှင့် ကျွန်မ တစ်ခါမှ မမြင်ဖူးသေးပါ။ သူ့ အံ့ဩမှု လွန်ကဲပုံက ထူးခြားလွန်း၊ သိသာလွန်းနေပါ၏။ လူရိုးလူအေး မိန်းကလေးများကို စိတ်မဝင်စားပါသော ကျွန်မ၏ သူငယ်ချင်း 'ကိုတုံးကြီး'မှာ အဝါ၏ အလှကို မြင်တွေ့တတ်လေပါပြီ။ သူ့အကြည့်က အဝါ့ထံမှ မလွှဲဖယ်တော့၊ ကျွန်မမှာ အဝါ့ကို အားနာလာမိပါ၍…

'အဝါရေ၊ အဲဒီကတ်လေးတွေယူပြီး ပြန်နှင့်နော်…မမတာ စကားပြောပြီးမှ တက်ခဲ့တော့မယ်'

'ဟုတ်ကဲ့ မမတာ၊ အဝါအခန်းပြန်လိုက်ပါရစေဦးနော်… ကိုတင်အောင်မြင့်'





'သြော်…အင်း…အင်း…ဟို…ကောင်းပါပြီ။ နောင်ကို [illegible]ဦး'

'အင်းပါ၊ နောင်လည်း ကြုံကြဦးမှာပေါ့…ကဲ…ကဲ…အဝါ [illegible]တော့'

စကားပြော မပြေပြစ်နိုင်လောက်အောင် စိတ်လှုပ်ရှားနေပါ[illegible] ကိုတင်အောင်မြင့်ကို ကျွန်မက အရက်သမားတစ်ယောက်ကို [illegible]နည်းဖြင့် ဝင်ထိန်းပေးလိုက်ရပါ၏။ အဝါမှာ ကျွန်မ၏ မိတ်ဆွေ[illegible] သူက ဖော်ရွေစွာ တုံ့ပြန်ပါကြောင်း ပြသလိုပါ၍ ကိုတင်အောင်[illegible]ကို လေးစားစွာ ဆက်ဆံရှာပါသည်။ ပထမတစ်ကြိမ် မြင်တွေ့[illegible]သော ကိုတင်အောင်မြင့်ကို အဝါအနေနှင့် အမူအရာ ထူးကဲနေပါ[illegible]ကြောင်း သိမှတ်မိမည်မဟုတ်ပါ။ အတွင်းသိ ငယ်ပေါင်း ကျွန်မကသာ [illegible]ခတ်နိုင်ခြင်းဖြစ်ပါသည်။

'ဘယ်လိုလဲကွာ'

'ဘာလဲ အတာ'

'သိဝိမင်းကြီးနဲ့တူနေလို့'

'ဟာ… ကိုယ် ဒီလောက်တော့ လူရွှေမပျက်သေးပါဘူး။ [illegible]ယ့် အတာ့ရဲ့အဝါက ဥမ္မာဒန္တီထက် လှမှာတော့ သေချာတယ်'

'အဝါဟာ ရုပ်တင်ချောတာမဟုတ်ဘူး ကိုတင်အောင်မြင့် [illegible]သောထားလည်း သိပ်ကောင်းတဲ့မိန်းကလေးပါ'



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



'မြင်မြင်ချင်း တစ်မျိုးကြီးကို ခံစားလိုက်ရတယ် အတာရယ်— တကယ်ပါပဲ။ ရုပ်ချော သဘောဖြူသူလေးဆိုတော့၊ ကိုယ်က… အဲ…အတာ့ကို ကပ်ရမှာပဲ'

'တက္ကသိုလ်ပရဝုဏ်မှာ အောင်သွယ်စံနစ်မရှိတော့ဘူး သူငယ်ချင်း၊ ကိုယ်ကိုယ်တိုင် ကြိုးစားယူပေါ့…တစ်ခုတော့ရှိတယ် သူငယ်ချင်းတို့ချင်းပြေလည်ရင် တို့များက အေးကခိုင်းတာလုပ်ပေးနိုင်တယ်ဒါပဲ'

'ကိုယ်တို့ချင်းက ဘယ်လိုပြေလည်အောင်လုပ်ရမှာလဲ အတာရဲ့…ဒီဘက်ပိုင်းမှာ ကိုယ်ဟာ ဘာမှ မကျွမ်းကျင် နားမလည်ဘူး ဆိုတာ သူငယ်ချင်းလည်း အသိပဲ'

'ဒါဟာ ကျောင်းတက်ပြီး အလွတ်ကျက်မှတ်ရတဲ့ ပညာရပ်မျိုးမှတ်ပါဘူး။ ပြီးတော့လည်း ကိုတင်အောင်မြင့် အဝါကို တွေ့ရတာ မိနစ်ပိုင်းပဲရှိသေးတာပဲ။ အချိန်ယူ စဉ်းစားပြီးမှ ဆုံးဖြတ်ပါလေ'

'အမှန်အတိုင်းပြောရရင် ကိုယ့်တစ်သက်မှာ ဒီလောက် စိတ်လှုပ်ရှားမှုမျိုး တစ်ခါမှ မခံစားရဘူးသေးပါဘူး အတာရယ်… မိန်းကလေးတစ်ယောက်ဟာ ဒီလောက် ပြည့်ပြည့်စုံစုံ လှတာမျိုး ဒီတစ်ခါပဲ တွေ့ဖူးသေးတယ်။ ကိုယ့်ရင်ထဲမှာ တစ်ခါတည်း စွဲသွားပြီ သူငယ်ချင်း ကိုယ် သူငယ်ချင်းနဲ့ ထပ်တွေ့ပါရစေ၊ သူ့အကြောင်းလည်း ကိုယ်သိချင်တယ်ကွယ်'

'အဝါဟာ လွယ်လွယ်ကူကူ မိန်းကလေး စားထဲကတော့





မဟုတ်ဘူး ကိုတင်အောင်မြင့်၊ သူ့မိဘတွေကလည်း သိပ်ချမ်းသာတာပဲ။ ပြီးတော့ တစ်ဦးတည်းသောသမီးလေးပဲ။ အတာဟာ အဝါရဲ့ချုပ်ထိန်းသူလည်းမှုတ်ဘူး။ ကိုယ်ပိုင်လွတ်လပ်မှုရှိတဲ့ တက္ကသိုလ်မြေမှာ ကိုယ့်ဟာကိုယ် ကြိုးစားစမ်းပါကွာ…ကဲ…အတာ့ဆီလာတာ တခြားဘာအကြောင်း ပြောစရာကိစ္စရှိသေးလဲ စဉ်းစားပါဦး အကြောင်းရှိဘဲမှ မလာတာ'

'အကြောင်းထူးရယ်လို့တော့ မရှိပါဘူး။ အဲဒီဖိတ်စာ လာပေးတာပါပဲ။ အတာတော့ လိုက်မယ်မှုတ်လား'

'အတာကတော့ ကိုယ့်မြို့ကိစ္စပဲ လိုက်ရမှာပေါ့ ကိုတင်အောင်မြင့်စိတ်ထဲ အဝါပါစေချင်နေတယ်မှုတ်လား… ပြောတော့ကြည့်မယ်လေ… ဆွယ်တော့မဆွယ်ပါရစေနဲ့ သူ့ဆန္ဒအတိုင်း လိုက်မယ်ဆိုလည်း ခေါ်ခဲ့ရုံပဲပေါ့…'

'သူငယ်ချင်းချင်း ဒါလောက်တောင် အားမကိုးရဘူးလားကွာ'

'လာပြီး မစည်းရုံးပါနဲ့နော်…ဒါ တခြားလူကို အားကိုးရမယ့် ကိစ္စမျိုးမှုတ်ပါဘူး ဆရာရယ်… ကဲ… ခေါင်းလောင်းထိုးပြီ၊ နောက်တွေ့ကြသေးတာပေါ့ဟုတ်လား'

'ကောင်းပါပြီ။ ကိုယ်ပြောတာတွေ အတာ စိတ်မဆိုးနဲ့နော် သွားတော့မယ်'

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

'မမတာ အဝါပြောတာ စဉ်းစားရဲ့လား…ဟင်'

'ဘာကိုလဲ အဝါ'

'ကျောင်းပိတ်ရင် အဝါတို့ရဲ့ 'ပန်းငုဝါမြိုင်' ကို လိုက်ခဲ့ဖို့လေ'

'မလိုက်ပါရစေနဲ့လား အဝါရယ်၊ အဝါပြောလွန်းလို့ အဝါတို့ရဲ့ ပန်းငုဝါမြိုင်စံအိမ်ကြီးကို လိုက်လည်ချင်တာတော့ အမှန်ပါပဲ ဒါပေမယ့် မမတာအတွက် တာဝန်ကြီးနေပါ့မယ်ကွယ်။ ကျောင်းပိတ်တုန်းလေးနေရတဲ့ အဝါတို့မိသားစုချင်းမှာ ဧည့်သည်ပါလာတော့ မလွတ်လပ်ဘူးပေါ့၊ နောက်များတော့ ကြုံဦးမှာပေါ့ အဝါရယ်'

'မဟုတ်ပါဘူး မမတာရယ်၊ မေမေတို့ကို မမတာ တွေ့ဖူးသားပဲမှတ်လား၊ ဖေဖေက ဒီထက် သဘောကောင်းသေးတယ်၊ အဝါရဲ့ သူငယ်ချင်း လိုက်လာတယ်ဆိုရင်လေ သိပ်ဝမ်းသာမှာပဲ'

'ကျေးဇူးတင်ပါတယ် အဝါရယ်၊ အခုတော့ မလိုက်ပါရစေနဲ့ဦးနော်'

'မဟုတ်ပါဘူး မမတာရယ်၊ ဒီနှစ်လေ အဝါရဲ့ မွေးနေ့ပွဲကို





စည်စည်ကားကား ကျင်းပပေးမှာမို့ပါ မမရဲ့၊ အဝါ့ကို တန်ခူး န်း တစ်ရက်နေ့မှာ မွေးတယ်လေ၊ ငုဝါပန်းတွေ၊ ပိတောက်ဝါတွေ ခြံလုံးပွင့်နေတဲ့နေ့မှာ မွေးလို့ 'အဝါ' လို့ မှည့်ထားတာတဲ့'

'သြော်…ဟုတ်လား၊ အဝါကလည်း ဝင်းဝင်းဝါဝါလေးမို့ ဖက်ပါတယ်ကွယ်'

'မေမေတို့ဟာ လက်ထပ်ပြီး အကြာကြီး ကလေးမရကြဘူးတဲ့ တာရဲ့၊ နောက်မှ ဆေးပညာနဲ့ကု၊ တစ်ဘက်ကလည်း ဆုတောင်း ရလာကြလို့ မေမေတို့က သိပ်ပြီး အဝါ့ကို ချစ်မြတ်နိုးခဲ့ကြ တယ်။ အဝါမွေးပြီးမှ စီးပွားတက်တယ်တဲ့။ တစ်ခြံလုံး အဝါ့ နေ့အချိန်မှာ အဝါတွေလွှမ်းရအောင်ဆိုပြီး ဖေဖေကိုယ်တိုင် ခြံလုံး ငုဝါပင်တွေချည်း စိုက်ထားပေးတယ် မမတာရဲ့'

'ဟုတ်လား… ဒါကြောင့် ပန်းငုဝါမြိုင်လို့ အမည်ပေးထား ပေါ့နော် အဝါ'

'ဟုတ်ပါတယ် မမ၊ အဝါတို့အိမ်ရဲ့ အမှတ်အသားဟာ ပါပဲ'

'ဝမ်းသာပါတယ် အဝါရယ်၊ ငွေကြေးကလည်း ပြည့်စုံတဲ့ ရဲ့မြတ်နိုးခြင်းခံရတဲ့ သားသမီးဖြစ်ရတာ လူဖြစ်ရကျိုး အနပ်ဆုံးပဲ အဝါ'

'ဟုတ်ပါတယ် မမတာ၊ မေမေရော ဖေဖေပါ အဝါ့ကို ချစ်ကြပါတယ်။ ပန်းငုဝါမြိုင်မှာ အဝါမရှိတော့ အဓိပ္ပာယ်မဲ့သလို



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေရပါတယ်လို့ မေမေ့ဆီက တမ်းတလွမ်းဆွတ်တဲ့စာလာတော့ အဝါငိုသေးတာ မမတာ အသိပဲလေ'

'အင်း… ခုပြန်ရခါတော့နီးပါပြီလေ အဝါ'

'ခုနှစ်ဟာ အဝါ ဆယ့်ရှစ်နှစ်ပြည့်တဲ့နေ့အပြင် မွေးနေ့၊ မွေးလ မွေးရက် အားလုံးဆုံတယ်။ ပြီးတော့ တက္ကသိုလ်ရောက်သမီးမို့ ဒီနှစ် အကြီးအကျယ် ပွဲလုပ်မယ်လို့ စာလာတယ်လေ မမတာ၊ ဒါကြောင့် လိုက်ဖြစ်အောင်လိုက်ခဲ့စမ်းပါ မမတာရယ်နော်…နော်လို့'

'ကောင်းပြီလေ အဝါ၊ အကြာကြီးမနေနိုင်တောင်မှ အဝါရဲ့ မွေးနေ့ပွဲကိုတော့ တက်နိုင်အောင် မမတာ ကြိုးစားကြည့်ပါ့မယ်ကွယ်'

'မကြိုးစားပါနဲ့၊ တကယ့်ကိုလာခဲ့ပါနော် မမတာ'

'အေးပါကွယ်၊ ကဲ စာကျက်ကြပါစို့'

'နေပါဦး မမတာရယ်၊ မနက်လည်း ကျောင်းပိတ်တာပဲ၊ ဟိုလူကြီးအကြောင်း အဝါသိချင်လို့ မမတာ အဟဲ'

'ဘယ်လူကြီးလဲ ကိုတင်အောင်မြင့်မှတ်လား၊ ကဲ ဘာကို သိချင်တာလဲ အဝါ'

'မမတာ သိတဲ့အတိုင်း သူက အဝါ့ကို ချစ်ရေးဆိုထား တယ်လေ အဲဒါ'

'ကိုတင်အောင်မြင့်ဟာ အပြစ်မဲ့ပါတယ်၊ သူ့တစ်သက်မှာ ရမ်းရမ်းကားကားကိစ္စမျိုးမရှိဘူး၊ ကျိုးကျိုးနွံနွံနဲ့ ပညာကိုသာ ကြိုးစား လာခဲ့တာတော့ အမှန်ပဲ အဝါ။ သူဟာ အဖေပဲရှိတယ် အဖေ





တစ်ယောက်သားတစ်ယောက်၊ ဒါတွေတော့ အဝါသိပြီးသားပါလေ၊ ဒါပေမယ့် သူတို့သားအဖဟာ ကုန်သည်ပိုင်းကပဲ သာမန်မျိုးရိုးပဲ၊ အဝါတို့နဲ့ဆို သိပ်များအလှမ်းကွာနေမလားပဲ။ အဝါ ကိုယ်တိုင် ကြိုးစားပါ၊ ဆုံးဖြတ်ပါ အဝါရယ်။ အဝါရဲ့ နှလုံးသားရေးရာ ပြဿနာမှာတော့ မမတာ ဝင်မပါပါရစေနဲ့လားနော်'

ကျွန်မက အဝါ့ကို ရှင်းပြအပြီး စာတစ်အုပ်ဆွဲကာ ခုတင်ထက်တွင် လှဲလျောင်းရင်း တမင်စာဖတ်နေလိုက်မိပါသည်။ အဝါနှင့် ပြောကြားစပြုတ်လို၍ဖြစ်ပါ၏။ အဝါနှင့် အခြားအကြောင်းအရာဆို ကျွန်မတို့ ညဥ့်နက်သန်းခေါင်အထိ ပြောဆိုလေ့ရှိကြပါသော်လည်း အခု ကိုတင်အောင်မြင့်နှင့်ကိစ္စတွင် ကျွန်မ,မပါချင်၊ အကြံဉာဏ် ပေးချင်ပါ။ အမှန်ဆိုရပါလျှင် ကိုတင်အောင်မြင့်နှင့်အဝါတို့ကိုပင် ပေါင်းစပ်စေချင်ပါ၏။ အကြောင်းရှိပါသည်။ အဝါ၏မေမေ ဒေါ်ခင်ဦးခင် မှာ သမီးလေးထံ လိုက်လာလေတိုင်း ကျွန်မကို…

'အတာနဲ့တစ်ခန်းတည်းကျတာ အန်တီသိပ်ဝမ်းသာပါတယ် ကွယ် အန်တီ့သမီးလေးက လိမ်မာတယ်ဆိုပေမယ့် အသက်ငယ်တော့ ရင့်ကျက်သေးဘူး။ အတွေ့အကြုံနည်းတော့ အတွေးနုတယ်၊ သမီး လေး မလိမ္မာတာ၊ မှားတာရှိရင် အတာက သွန်သင်ပေးပါနော် အတာပြောလို့မရရင် အန်တီ့ဆီ စာရေးပါ၊ အန်တီလိုက်လာပြီး ဆုံးမ မယ်၊ ကိုယ့်ညီမအရင်းလေးလို သဘောထားပါနော်'



www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ ပြောကြားမှာထားခဲ့သော စကားများကြောင့် ဖြစ်ပါသည်။ ကိုတင်အောင်မြင့်မှာ ကျွန်မ၏သူငယ်ချင်း တစ်မြို့တည်းသားချင်း ဖြစ်ပါ၍ ကျွန်မပယောဂကြောင့် အဝါ့တွင် ချစ်သူရသွားသည့်အဖြစ်မျိုးနှင့် မတိုးချင်ပါ။ ဒေါ်ခင်ဦးခင်ကို မျက်နှာပူစရာကောင်းလှပါသည်။ သည့်အတွက် ကိုတင်အောင်မြင့်အကြောင်းမှာ ကောင်းသည်ချည်းရှိသော်လည်း ကျွန်မအနေနှင့် ဟိမဝန္တာချီးမွမ်းခန်းဖွင့်သလို မဖွင့်ချင်ပါ။

အဝါသည် အရွယ်နှင့်မလိုက်လောက်အောင်ပင် အနေအထိုင်ကျစ်လစ်လှသူလေးဖြစ်ပါသည်။ သူ့အလှကို ငေးမောကြသူများ တက္ကသိုလ်ဝန်းကျင်တွင် လက်ညှိုးထိုးလျှင်ပင် လွဲအံ့မထင်။ အသေအချာ ကြည့်နေသူနှင့် နှစ်ခါမျှလောက် မျက်လုံးချင်းဆုံပြီးလျှင် အဝါသည် ထိုနေရာကို ဘယ်သောအခါမျှ ပြန်မကြည့်တော့ချေ။

'ဟိုလူကဖြင့် ကြည့်လိုက်တာ မျက်လုံးကျွတ်ကျတော့မယ် ဒီလူကဖြင့် ငမ်းလိုက်တာ လွန်ပါရော'

စသည် စသည်တို့ပြောလေ့ရှိသူ မိန်းကလေးများမှာ ကိုယ့်အရက်ကို ကိုယ်ဖော်ပြနေသည်နှင့် မခြားပါဟု ကျွန်မ ယုံမှတ်မိပါသည်။ သူတို့ သူတို့ ကြည့်နေသလောက် ကိုယ်က ပြန်ကြည့်နေ၍သာ မြင်နိုင်ခြင်းဖြစ်ပေသည်။ ကိုယ့်အထုပ် ကိုယ်ဖြေပြခြင်းသာ ဖြစ်ပါ၏။ အဝါမှာ သည်သို့သော မိန်းကလေးစားများမှ ခွဲထွက်သူဖြစ်လေသည်။





သည်သို့ တည်ငြိမ်ကျနေ့ရှိသူ၏မျက်ဝန်းတွင် အတွေးသစ်များ ဖွက်သိုရှိအောင်းနေပါကြောင်း ကျွန်မသိပါသည်။ ယင်းအတွေး၏ ဦးတည်ရာသည် 'ကိုတင်အောင်မြင့်'ဆီသို့သာ ဖြစ်ပါကြောင်း ကျွန်မသိလေ စိတ်ညစ်လေပါပင်။ ဒေါ်ခင်ဦးခင်တို့ အနေဖြင့် ဘယ်နည်းနှင့်မဆို ကျွန်မကို တလွဲထင်လေရော့မည်။ တခြားကျောင်းသူတစ်ယောက်၏ကိစ္စဆိုပါလျှင် သူ့အသိုင်းအဝိုင်းအားလုံးက ထင်ချင်ရာထင်ပါစေ၊ ကျွန်မ ဂရုမစိုက်ပါ။ ယခုမူ ကျွန်မကို အသေအချာအပ်ပြီးခါမှ ကျွန်မနှင့်ပတ်သက်သူ တစ်ယောက်နှင့် အဝါ ချစ်မြတ်နိုးသွားရသည့် အဖြစ်မျိုးရောက်ရမှာ ကျွန်မ စိုးရိမ်လှပါသည်။

◆ ◆ ◆

သည်သို့ဖြင့် ရက်များစွာကို ဖြတ်သန်းလာကြပါသည်။ အကင်းပါးသော အဝါမှာ ကိုတင်အောင်မြင့်အကြောင်းကို ကျွန်မအား ခမေးမြန်းတော့၊ ထူးခြားစွာပင် ကိုတင်အောင်မြင့်သည်လည်း ကျွန်မအား အဝါ့အကြောင်း မစပ်စုပါလေတော့။ ခါတိုင်းဆိုပါလျှင် သူ့စကားဆယ်လုံးတွင် ဝါက ကိုးလုံးလောက်ပါနေတတ်ပါ၏။ အဝါ့အကြောင်း အသေးစိတ် မေးမြန်းလွန်းပါ၍၊



www.burmeseclassic.com

www.burmeseclassic.com



'ဘာလဲ…အဝါ အီးအီးပါတာကအစ စံချိန်ယူပြီး စာတန်းတင်သွင်းရဦးမှာလား ကိုတင်အောင်မြင့်'

'ဟား…ဟား မဟုတ်ပါဘူးအတာရယ် သိချင်လွန်းလို့ပါ။ ညက အဝါဘယ်အချိန်ထိ စာကျက်လဲဟင်…'

စကားပြောလျှင် အဝါမပါ မပြီးပါသော ကိုတင်အောင်မြင့်သည်လည်း ယခုနှုတ်ဆိတ်နေပါပြီ။ အဝါကလည်း စကားမဟတော့။ ကျွန်မ မကြိုက်မှန်းသိ၍ သူတို့ ငြိမ်သွားကြလေပြီဟုသာ ကျွန်မ ယူဆလိုက်မိပါတော့သည်။

သည်လိုနှင့် နွေရာသီသကြံန်ရက် ကျောင်းပိတ်ခါနီးအချိန်တွင် ကျွန်မမှာ အဝါနှင့် ခွဲခွာရမည်ကို လွမ်းဆွတ် တ,သ နေမိပါသည်။ အဝါမှာ ပစ္စည်းများကို တစ်ခုချင်း ဖြည်းညှင်းစွာသိမ်းဆည်းနေပါ၏။ ကျွန်မတို့လို အဆောင်နေကျောင်းသူများအဖို့ စာမေးပွဲအပြီး အိမ်ပြန်ခါနီးအချိန်မျိုးတွင် စိတ်အတက်ကြွဆုံး အပျော်ရွှင်ဆုံးအချိန်မျိုး ဖြစ်နေတတ်ကြပါသည်။ ကျွန်မမှာ အဝါလောက် ကြွယ်ဝချမ်းသာသူ မဟုတ်ပါ၍ သူ့လောက်ပစ္စည်းသိမ်းဆည်းစရာမများပါ။ သိမ်းဆည်းပြီးနေပြီဖြစ်ပါ၍ ကျွန်မကထိုင်ပြီး အဝါ့ကို ကြည့်နေမိပါသည်။ အဝါမှာ နှေးကန်စွာဖြင့် တစ်ခုပြီးတစ်ခု သိမ်းဆည်း၍ ပြီးခါနီးတွင် ကျွန်မက…

'အဝါက ပြန်ရတော့မယ်ဆိုတော့ ပျော်နေတာပေါ့လေ'

ကျွန်မသည်သို့ အသံပြုလိုက်သည့်အခါ အဝါက ကျွန်မ





…သို့ ဖြည်းညှင်းစွာ လှည့်လာပါသည်။ မျဉ်းပြိုင်သဏ္ဌာန် ယှဉ်၍ …ထားပါသော ခုတင်နှစ်ခုတွင် ကျွန်မကတစ်ဘက်မှ ခြေစုံချ၍ထိုင်နေ…အဝါ့ကို ကြည့်နေပါ၏။ အဝါက ကျွန်မနှင့် မျက်နှာချင်းဆိုင် …ကြည့်နေရာလောက်ရှိ သူ့ခုတင်ထက်တွင် တင်ပလ္လင်ထိုင်လိုက်…သည်။ သူ့အမူအရာက ကျွန်မထင်သလို မသွက်လက်ပါ။ …ကွေးနှေးကန်နေသည်သာမက သူ့မျက်နှာလေးပါ ညှိုးလျော်နေ…မြင်ရပါ၍ ကျွန်မက စဉ်းစားမရနိုင်အောင် ရှိနေရပါသည်။ …မျက်နှာလေးကိုကြည့်ကာ အဓိပ္ပာယ်ရှာနေမိပါ၏။

'မမတာရော ပြန်ရမှာ ပျော်လား'

'ပျော်တာပေါ့ ကိုယ့်အိမ်ရာနဲ့ အကြာကြီးခွဲနေရတာ အဝါရော …ပျော်ဘူးလား'

'ပျော်…ပါ…တယ်…'

အဝါ့စကားက အားရစရာမကောင်းလှပါ၊ သူ့စိတ်တွင် တစ်ခုခု …နေဟန်ရှိပါသည်။

'အဝါ့ကြည့်ရတာ အားမရလိုက်တာကွာ ဘာဖြစ်နေလဲ …တာကို ပြောပြပါလား'

'ဟင်'

'ပြောလေကွာ…မမတာကို မအောက်မေ့ဘူးလား ဟင်'

'မမတာ'

'အလို… ဘယ်လိုလဲ အဝါရယ်'



www.burmeseclassic.com

www.burmeseclassic.com



အဝါမှာ မျက်ရည်များ ပိုးပိုးပေါက်ပေါက် ကျလာတော့သည်။ ကျွန်မ ကြောင်ငေးကြည့်နေမိစဉ် သူက လက်ဝါးထက်တွင် မျက်နှာလေး ဝှက်ထားပါ၏။ ကျောပြင်ကမူ တသိမ့်သိမ့်လေး လှုပ်ခါနေပါသည်။ ကျွန်မက အံ့သြစွာကြည့်နေပြီးမှ သူ့ခုတင်ဘက် ကူးသွားပြီး အဝါ့ကိုယ်လုံးလေးကို သိမ်းဖက်၍

'ဘာဖြစ်လို့လဲအဝါ ဟင်··· ဘာဖြစ်လို့လဲကွယ်'

အဝါက မဖြေ။ ကျွန်မက သူ့ကိုယ်လေးကိုဆွဲခါ၍ အထပ်ထပ် အခါခါမေးလေတော့မှ

'မ··· မ··· တာကို အောက်···မေ့လို့'

'အမလေး အဝါရယ်···ဖြစ်မှဖြစ်ရလေ၊ ဒါ ငိုစရာလားကွယ်၊ မမတာ အဝါ့မွေးနေ့ပွဲကို လာခဲ့မယ်လေ၊ ပြီးတော့··· ကျောင်းဖွင့်ရင် အဝါရော မမတာပါ ပြန်ဆုံကြဦးမှာပဲ၊ တိတ်ပါကွာ ငါ့ညီမက ကလေးလေးကျနေတာပဲ တစ်ခါတည်း'

ညီမ မရှိသော ကျွန်မမှာ အဝါ့ကို ကျွန်မညီမအရင်းလေးသာ ဖြစ်လိုက်ချင်စမ်းပါပြီ။ ကျွန်မက သူ့ကိုဖက်ရင်း ချော့နေမိစဉ်

'အမလေးဟဲ့···ဘယ်လိုဖြစ်နေကြတာလဲ'

အောက်ဆုံးထပ်မှ ကျွန်မတို့နှင့် ထမင်းတစ်ဝိုင်းတည်းစားဘ[illegible] ပုသိမ်သူ မ,,အာကျယ်ဟု အမည်တွင်သော 'ခင်သိန်းဝင်း' က အခန်း[illegible] မှ ခါးထောက်ရင်း မေးရှာပါ၍–

'အဝါရယ်ပေါ့၊ ကိုယ့်ကိုခွဲရမှာ ဝမ်းနည်းလို့တဲ့'





'ဟုတ်ပါ့မလား မရွှေဝါရယ် ယူ့အဆက်ကြီးကိုများ လွမ်းလို့လား'

'အို ခင်သိန်းဝင်းကလည်း'

ကျွန်မက အဝါမကြိုက်မည်စိုးပါ၍ ဟန့်တားလိုက်ရပါသည်။

'အေး···ယူ့တို့ ပါတနာချင်းက တကယ်ချစ်တယ်နော်၊ ကိုယ့်အခန်းဖော်ကတော့ မစွံဘူး၊ အဘွားကြီးအိုလေးလို ကုပ်ကုပ်စ၊ ကိုယ်နဲ့က အံမကိုက်ဘူး၊ ဟော့ ဒီမှာ ယူတို့က နာမည်ချင်းလည်း ဆင်တာပဲ အတာနဲ့အဝါလို့။ ယူတို့ချင်း ညီအစ်မလို့ပြောရင်တောင် ရမယ်'

'ဟုတ်တယ် ခင်သိန်းဝင်း၊ ကိုယ့်ရုပ်က အဝါနဲ့ ရွေးမရဘူးမှတ်လား၊ အမြွာလို့သာပြောလိုက်ကွယ်'

ခင်သိန်းဝင်း၏ အော်ရယ်သံကြောင့် ·အဝါပင် အငိုရပ်သွားပါသည်။ ကျွန်မပျက်လုံးက ထိမိလွန်းဟန်ရှိပါသည်။ အဝါလို လှလေးလား နုတ်လေးလား ယိုးမှားနိုင်စရာ အလှပိုင်ရှင်နှင့် သွင်သွင်ခြားနားနေပါသော ကျွန်မ၏ရုပ်ဆင်းသဏ္ဌာန်ကြောင့်ပင် ဖြစ်ပါသည်။

အဝါငိုသော ထိုနေ့၏နောက်ဝယ် ကျွန်မတို့ချင်း ခွဲခွာလိုက်ကြရပါတော့သည်။ အချိန်တန်၍ အိမ်ပြန်ကြရလေပြီတကား

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

## "ပန်းငုဝါမြိုင်"

ရွှေစာလုံးထုဖြင့် ဖော်ကြူးထားခြင်းသည်ကပင် ပန်းငုဝါမြိုင်၏ ဝင့်ထည်မှုကို လှစ်ဟဖွင့်ဆိုထားသည်သို့ပင်။

တစ်ခြံလုံး ထိန်လင်းဝင်းဝါနေပါသည်။ တောက်ပလွန်း၍ ရောင်ပြန်ဟပ်နေသည့်ပမာ ငုဝါပင်တို့က အရွက်မမြင်ရလောက်အောင်ပင် ထိန်ထိန်တောက် ဝါနေကြပါ၏။ သကြိန်လက်ဆေးမိုး တစ်ဖြိုက်နှစ်ဖြိုက် ဆမ်းပြီးပါ၍ ပွင့်လန်းနေပါသော ပိတောက်ပန်း အဝါရင့်ရောင်တို့မှာလည်း အပင်၏ အမြင့်ပိုင်းတွင် အစိမ်းရွက်များနှင့် ရောယှက်ပွင့်လန်းနေဆဲရှိပါသည်။ အောက်ခြေအနိမ့်ပိုင်းမှ အကိုင်းအပွင့်များမှာ ခူးဆွတ်ပြီးကြဟန်ရှိပါသည်။ ခြံတွင်း၌ ပုဏ္ဏရိပ်ဝါမှအစ တစ်နိုင်လုံးရွှေ၊ နှင်းဆီဝါ၊ သစ်ခွဝါ စသော အဝါရောင်အပွင့်ပါသည့် ပန်းတို့ကလည်း စံနစ်တကျ ပွင့်လန်းနေကြပါသည်။

ပန်းတို့သည် အဝါ၏ မွေးနေ့ပွဲကို ကြိုဆိုရမည့်ပမာ ပါဝင်ယှဉ်ပြိုင်ရမည့်အသွင် အစွမ်းကုန် အလှပြိုင်နေကြသလိုရှိပါသည်။

မြကျွန်းသာတစ်မြို့လုံးတွင် အဝါတို့အိမ်နှင့် အဝါတို့ခြံက ခေတ်အမီဆုံးနှင့် အလှပဆုံးဖြစ်ပါသည်။ တစ်ထပ်တိုက်ကလေးမှာ မြန်မာတို့





ဆောက်လေ့ရှိသလို လေးပင်သုံးခန်း၊ သုံးပင်နှစ်ခန်း ပုံစံမျိုး မဟုတ်ပါချေ။ အနောက်တိုင်းဟန် ကော့တော့ချိုဆန်ဆန် ဆောက်ထားပါ၏။ အခန်းတိုတိုနှင့် အလျားရှည်ရှည်၊ အခန်းများ ဖွဲ့စည်းပုံက စံနစ်တကျနှင့် သပ်သပ်ယပ်ယပ်လွန်းလှပါသည်။ အဝါတို့ မိသားစုသုံးယောက်မှာ တစ်ခန်းတည်း၌ပင် နှစ်ယောက်အိပ်ခုတင် တစ်လုံးနှင့် အဝါ၏ တစ်ယောက်အိပ်ခုတင်တစ်လုံးတို့ဆက်၍ အိပ်ကြပါသည်။ အိမ်ခန်းများနှင့် အိမ်၏ သက်ဆိုင်ရာပစ္စည်းများအားလုံးကို အဝါရောင်များဖြင့်သာ ဖုံးလွှမ်းမွမ်းမံထားပါလေသည်။

ဧည့်ခန်းရှိ အဝါရောင် ဆိုဖာတစ်စုံ၏ တည့်တည့်နေရာတွင် နံရံတွင်းသူဟန် အဝတ်အစား အဝါများနှင့် ခန့်ညားသော ရွှေဘောင်ကွပ် ဆီဆေးပန်းချီကားကြီးက မြင်သူတိုင်း ငေးမောမကြည့်ဘဲ မနေနိုင်။ ကျွန်ုမ ရောက်စနေ့က ဒေါ်ခင်ဦးခင်မှာ ယင်းပန်းချီကား ချပ်ကြီးကို လက်ညှိုးညွှန်၍-

"ဒီမြို့ကို သမ္မတကြီးလာတုန်းက အဝါ ပန်း ဆက်ရတယ်လေ၊ တစ်မြို့လုံး အလှဆုံးအနေနဲ့ သူ့ကိုပွဲထုတ်ရလို့ အန်တီကလည်း အဝတ်အစား အပြင်အဆင်ကို အစွမ်းကုန် မွန်းလိုက်တာပဲ အဘာရေ။ အဲဒီနေ့တုန်းကများလေ ကိုယ့်သမီးလေးမို့ ကိုယ်ပြောတာမှတ်ဘူး၊ လှလိုက်တာအတာရယ် ဒါနဲ့ ဖအေကြီးက မြောက်ပြင်က ပန်းချီဆရာကြီးကို ငွေတစ်ထောင် ကန်တော့ပြီး သမီးကို ပုံတူဆွဲခိုင်းထားတာ ကြည့်ပါဦး သိပ်ပြီး အသက်ဝင်တာပဲနော် အဘာ၊ သမီးကို ကျွေးပို့



www.burmeseclassic.com

www.burmeseclassic.com



ထားရတော့ အန်တီတို့မလဲ ဒီပုံကိုပဲ အလွမ်းပြေ ကြည့်ကြည့် နေရတာပေါ့ အတာရယ်'

သည်သို့ အသေအချာ ရှင်းပြရှာပါသည်။ ကျွန်မမှာ ပန်းခြံတွင်း၌ အလုပ်ရှုပ်နေကြသူများကိုကြည့်၍ တစ်ယောက်တည်း ထိုင်၍ စဉ်းစားနေမိခြင်းဖြစ်ပါသည်။ ကျွန်မမှာ မနေ့က ညနေသုံးနာရီ ရထားနှင့် ပါလာခဲ့သူဖြစ်ပါ၏။ ဦးထွန်းအောင်ကျော်ကိုယ်တိုင် ကားမောင်း၍ ဒေါ်ခင်ဦးခင်ရော အဝါပါ လာရောက်ကြိုဆိုကြရှာပါသည်။ ကျွန်မမှာ ဦးထွန်းအောင်ကျော်ကို ယခုမှစ၍ မြင်ဖူးခြင်းဖြစ်ပါ၏။ အဝါက မိတ်ဆက်ပေးပြီးသောအခါ ဦးထွန်းအောင်ကျော်က ပညာရှိပီသစွာ ကျွန်မကို ဖော်ရွေသောအပြုံးနှင့် တုံ့ပြန်ပြီး-

'သမီးနဲ့ တစ်ခန်းတည်းလည်းနေတယ်၊ သမီးကိုလည်း သိပ်ဂရုစိုက်တယ်လို့ ကြားရတည်းက သိပ်ကျေးဇူးတင်နေရတာပါကွယ်၊ ခုလို တစ်မြို့တစ်နယ်က ဂရုတစိုက် လာပြီး သမီးလေးရဲ့ မွေးနေ့ပွဲကို လာချီးမြှင့်တာ အတိုင်းထက်အလွန်ကို ဝမ်းသာမဆုံးနိုင်အောင်ပါပဲ ကျေးဇူးလည်း အထူးပဲတင်လှပါတယ်ကွယ်'

ဤမျှ ဖော်ရွေဖြူစင်သော သဘောထားရှိသူ မိဘများ၏ သမီးဖြစ်ရသော အဝါမှာ ကံကောင်းလွန်းလှလေစွ၊ ပန်းငုံမြိုင် တစ်ခြံလုံးတစ်အိမ်လုံးနှင့် ဦးထွန်းအောင်ကျော် ဒေါ်ခင်ဦးခင်တို့၏ လှုပ်ရှားမှုအားလုံးမှာ အဝါ့အတွက်ချည်းသာ ဖြစ်နေကြပါ၏။

ဦးထွန်းအောင်ကျော်မှာ ဘီအေဘီအယ်လ်ဘွဲ့ရှင် ဖြစ်သည့်ပြင်





သည်မြို့တွင် အကျော်ကြားဆုံး ဝတ်လုံတော်ရတစ်ဦး ဖြစ်လေသည်။

ဆီစက်ကြီးကိုမူ ဒေါ်ခင်ဦးခင်၏အမည်နှင့်ထားပြီး ပဲ၊ နှမ်းများ ကြိုတင်ဝယ်ယူထားနိုင်မှုကြောင့် အမြတ်အစွန်းမှာ သုံးမကုန်နိုင်အောင် ရှိသည်ဟု ဆိုပါသည်။ စစ်ဘေးစစ်ဒဏ်ကြောင့် အပြင်ပစ္စည်းများ ဆုံးရှုံးခဲ့ရပါသော်လည်း မိဘလက်ထက်ပွား အတွင်းပစ္စည်းများစွာမှာ ဒေါ်ခင်ဦးခင်၏လက်တွင် ကျန်ရစ်ပါသေးသည်။ ဇနီးတွင်ပါသော ပစ္စည်းများကို မဖြုန်းရုံမက တိုးပွားအောင်ပင် ကြံဆောင်နိုင်ပါသော ဦးထွန်းအောင်ကျော်တို့မှာ ကိုယ့်အရည်အချင်းကို မမြင်ကြတော့။ သမီးလေးမွေး၍ စီးပွားတက်သည်။ သမီးလေးကြောင့် ချမ်းသာသည် ဟုသာ မြတ်နိုးစွာ ယူဆနေကြပါတော့သည်။

'ဟာ...မမတာ ပျောက်နေလို့ လိုက်ရှာနေတာ ဒီပန်းခြံထဲ ရောက်နေတာကိုး လာပါ မမတာရဲ့'

အဝါက ကျွန်မကို တိုက်တွင်းသို့ ပြန်သွင်းပါသည်။ သူ့အလှပြင်ခန်း အရောက်တွင် ညနေ ဝတ်ဆင်မည့် ပစ္စည်းများကို ကျွန်မအား ပြသနေပါသည်။ တစ်ကိုယ်လုံး ငုဝါရောင် လွင်လွင်အဆင်များဖြင့် ဆင်မြန်းပါလေမည်။ ဒေါ်ခင်ဦးခင်က-

'ဒီမှာ အတာ့အတွက်ပါ စိန်တစ်ဆင်စာ ထုတ်ထားတယ်၊ ဘာဝတ်ချင်လဲဟင်၊ အတာ ဘာရောင်ဝတ်မှာလဲ၊ တစ်မြို့နဲ့တစ်မြို့ သွားရတာဆိုတော့ ပစ္စည်းပစ္စယ ယူလို့ဖြစ်တာမျိုးမှ မဟုတ်ဘဲ၊ ကိုယ့်သွေးသားလို သဘောထားပြီး ဝတ်ပါနော် အတာရယ်'



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မတွင် အဘိုးထိုက်ရတနာ ဝတ်မလာနိုင်သည်ကို နှိမ်သည့် သဘော မရောက်စေအောင်ပြောပြီး ကျွန်မလက်သို့ စက္ကူဘူးလေး တစ်ခု ကမ်းပေးနေပါသည်။ သူတို့သည် ကျွန်မကို စိန်တစ်ဆင်စာ အပ်လောက်အောင် ယုံကြည်ကြသည့်အတွက် ပန်းငုံဝါမြိုင် မိသားစု ဝေါ်တွင် ကျွန်မပိုမို၍ လေးစားခင်မင်မိပါပြီ။ ကျွန်မက-

'ကျေးဇူးအများကြီးတင်ပါတယ် အန်တီရယ်၊ အတာမဝတ်ပါရ စေနဲ့ ကိုယ်ပိုင်မဟုတ်တာ၊ အတာမဝတ်ရဲပါဘူး။ တကယ်လည်း စိန်တစ်ဆင်စာ မဝတ်နိုင်တဲ့အတာ့ကိုယ်မှာ ဒါတွေနဲ့ မကြွားဝါပါရစေနဲ့ အန်တီခင်ရဲ့စေတနာကို အတာ လေးစားပါတယ်၊ အတာငြင်းတာကို ခွင့်လွှတ်ပါ အန်တီခင်'

'ကောင်းပါပြီအတာ အတာ ဆန္ဒမရှိတာကို အန်တီခင်တို့ အတင်း မတိုက်တွန်းလိုပါဘူးကွယ်။ လိုအပ်တာရှိရင်သာ ဘာမဆို ပြောနော် ခွင့်လွှတ်ပြီးသားပါကွယ်၊ ကဲ ကဲ အတာ့ညီမကိုသာ လှအောင် ဝိုင်းပြင်ပေးပါဦး၊ အန်တီခြံထဲမှာ စီစဉ်စရာရှိတာလေးတွေ သွားလုပ်လိုက်ဦးမယ်နော်'

ဒေါ်ခင်ဦးခင် ထွက်သွားလျှင်ပင် အဝါက ကျွန်မလက်ကို ဆွဲဖက်လိုက်ပြီး…

'မမတာ'

'ဟင်'

'လှသိင်္ဂီဆိုင်က အဝါ့မျက်နှာနဲ့ဆံပင်ကို တော်ကြာ





ပြင်ပေးကြလိမ့်မယ် မမတာ'

'ဟုတ်လား ကျွမ်းကျင်သူဆိုတော့ ကောင်းတာပေါ့'

'မလှမှာ ကြောက်လို့ မမတာရဲ့'

'မပြင်ဘဲနဲ့တောင် ဒီလောက်လှနေတာများ အဝါရယ်'

'မှုတ်ဘူး မမတာရဲ့ ဒီနေ့ပိုပြီး လှချင်လို့'

'အားကို မရနိုင်ပါလားကွယ်… မနေ့ကလည်း ပိုလှတယ်၊ [..]နေ့ရော နက်ဖြန်လည်း ပိုလှမယ် စိတ်ချ'

'မဟုတ်ဘူး ဒီနေ့တစ်နေ့တည်း လှချင်တာ'

'ဘာ့ဖြစ်လို့လဲ ဧည့်သည်တွေလာမှာမို့မှုတ်လား'

'အားလုံးအတွက် မှုတ်ပါဘူး'

'အလို ဘယ်သူ့အတွက်'

'တစ်ယောက်တည်းအတွက်'

အတာက လက်ညှိုးလေးထောင်ပြီး ကန့်ကရ ပြောလိုက်ပါ၍

'ဘာလဲအဝါ ရည်းစားလာမှာမို့လား'

ကျွန်မက နောက်ပြောင်သည့်သဘောနှင့် မေးလိုက်မိရာ အဝါ [..]ဟုတ်မှန်ကြောင်း ခေါင်းညိတ်ပြလိုက်ပါ၍

'ဟယ်…ကြည့်စမ်း၊ သူ့မှာရည်းစားရှိနေတာ တို့တောင်မသိ [..] သိပ်ဆိုးတဲ့ကောင်မလေး ဒီမြို့ကလား'

'အင်း…'

'ညနေလာမှာ သူ့လား'



www.burmeseclassic.com

www.burmeseclassic.com



'အင်း…'

'တို့နဲ့ မိတ်ဆက်ပေးမလား'

'မိတ်ဆက်ပေးချင်လွန်းလို့ တမင်အတင်းခေါ်တာပေါ့'

'ပြောပြောကစောရောပေါ့ အဝါရယ်…အန်တီတို့ သိပြီးပြီလား'

'ဟင့် အင်း'

'သဘောတူပါ့မလား'

'တူမှာပါ'

'ချမ်းသာလား'

'အင်း…'

'ပညာရော'

'ဂရက်ဂျူရိတ်'

'မဆိုးပါဘူး။ အဝါနဲ့လိုက်ရဲ့လား၊ လှပါ့မလား၊ ခတ်ပုံပြစမ်း'

'တော်ကြာ မြင်ရတော့မှာပေါ့'

'တကယ်ဆိုးတဲ့အဝါ၊ တစ်ခါတည်း ပြောလိုက်ပြီးရော တို့မှာဖြင့် ကိုတင်အောင်မြင့်ကြီးနဲ့ ကြိုက်သွားမှာ ပူလိုက်ရတာ'

'ဟား ဟား ဟား'

အဝါ့ရယ်သံလေးက ပန်းငုဝါမြိုင်တွင် ဆောင်းညှင်းခတ်သံထဲ ညက်ညက်လေး လွင့်ပျံ့သွားပါတော့သည်။

◆ ◆ ◆



ဦးထွန်းအောင်ကျော်နှင့် ဒေါ်ခင်ဦးခင်တို့မှာ အဝါ့အတွက်သာ လှုပ်ရှားနေကြသလားပင်၊ အသက်ငါးဆယ်ကျော်ရွယ်နှင့် မလိုက်ဖက်ကြလောက်အောင် ဖျတ်လတ်သွက်လက်စွာ လှုပ်ရှားနေကြပါသည်။ ပင်ပန်းလွန်းသဖြင့် နွမ်းနယ်နေသည့် ကိုယ်ကာယကိုကြည်နူးမှု အပြုံးများက လုံခြုံအောင် ဖုံးလွှမ်းထားနိုင်ကြပါပေသည်။ သာသမျှ ဧည့်သည်များကို လိုက်လံ ပျူငှာသော အပြုံးများဖြင့် ကြိုဆိုလျက် ရှိနေကြပါ၏။ သည်နှစ်မှာ အလှသွေးအတက်ကြွဆုံး အဝါ၏ မွေးနေ့ပွဲဖြစ်သည့်ပြင် ရက်နှင့်ပါဆုံပါသည်ဟု ကြွရောက်လာသူများကို ဒေါ်ခင်ဦးခင်က ရှင်းပြပါ၏။ အထူးသဖြင့်မှာ အတ္တသိုလ်ပြန် သမီးလေးကို ဇမ်းတင်ချင်လွန်း၍ အလှပြ ဝင့်ကြွားချင်လွန်း၍ ဖြစ်နေရှာပါကြောင်း အကဲခတ်မိသည်။ သားသမီးကို ချစ်မြတ်နိုးလွန်းပါသော မိဘများမှာ တခြားကိစ္စများတွင် ကြွားဝါ ဆန်ဝင့်လိုစိတ်မရှိကြပါသော်လည်း သားသမီးတို့၏ ကောင်းမြတ်သော အရည်အချင်းရှိလျှင်မူ ကြွားဝါလိုလေ့ရှိကြလေသည်သာ ဂုဏ်ယူလိုစိတ်ရှိကြလေသည်သာ…။

အဝါ့အတွက် မွေးနေ့လက်ဆောင်ယူခြင်းမရှိပါဘဲနှင့် အကျွေးအမွေးမှာ ကောင်းမွန်လှပါချေသည်။ အစားအစာမှာ အိန္ဒိယလူမျိုးများ အစားအစာဖြစ်သော်လည်း မြန်မာများအကြိုက်ဖြစ်သည့် ပရာတာနှင့် ကြက်သားဟင်းကို အလျှံပယ် ကျွေးမွေးနေပါ၏။ သည့်နောက်



www.burmeseclassic.com

www.burmeseclassic.com



လိမ္မော်ရေအေး၊ အိုက်စကရင် ရှားမီးကိတ်များနှင့် အသီးအနှံများ၊ သကြားလုံးများ၊ စီးကရက်များကလည်း ပေါများလိုက်ပါဘိခြင်း။

မြို့၏ အကျော်ကြားဆုံး တေးဂီတ ဝိုင်းတစ်ခုမှလည်း ငြိမ့်ညောင်းသာယာသော တေးသံများက နားသောတ အာရုံကို သာယာချမ်းမြေ့စေလှပါသည်။ အဝါ့ကို စင်တင်၍ သီချင်းဆိုခိုင်းခြင်းမျိုး တစ်ခုခုသရုပ်ဆောင်ခိုင်းခြင်းမျိုး မရှိပါ၍ မွေးနေ့ပွဲမှာ ကြောင်မနေပါ ပေါ်မနေပါ သာမန်အလှူပွဲတစ်ခုမျှသာ ဖြစ်နေပါသည်။

အမျိုးသမီး တော်တော်များများမှာ အဝါရောင်ကို ဝတ်ဆင်လာကြပါကြောင်း ကျွန်မ သတိထားမိပါသည်။ အဝါတို့ မိသားစုကို ချီးမြှင့်ရင်းနှီးစေသည့် သဘောများဟု ကျွန်မယူဆမိပါသည်။ ပန်းငုပ်မြိုင် တစ်ခြံလုံး ရွှေရည်ဆမ်းထားသည်သို့ပင် လန်းဆန်းရှင်သန်နေသည့်အချိန်တွင် အဝါမှာ ရွှေမင်းသမီးလေးပမာ ကျော့ကျော့လေး လှုပ်ရှားမြူးကြွနေပါသည်။ ဝိုင်းအနှံ့ ဧည့်ခံနေရရှာပါ၏။ လှလွန်းသော အဝါကို ကျွန်မပင် ငေးမောရင်း ရင်တွင်း၌ ချစ်မေတ္တာတို့ ပိုမို လန်းဆန်းလာမိပါသည်။

ကျွန်မက မည်သူ့ကိုမျှ မသိပါ၍ ဧည့်ခံစကားပြောနေရန်မလိုပါ၊ ဧည့်သည်များ စားပြီးသား ပန်းကန်များကို သိမ်းဆည်းခြင်း၊ မုန့်ပွဲအသစ်များကို လိုအပ်သည့်နေရာများတွင် လိုက်လံချပေးခြင်း စသည်တို့ကို ကူညီနေမိစဉ် အဝါက ကျွန်မနားသို့ ရောက်လာကာ

'မမတာ သူ ရောက်နေပြီ'





'ဟင် ဟုတ်လား'

ကျွန်မမှာ အဝါ့စကားကို များစွာ စိတ်ဝင်စားသွားမိပါသည်။ 'အဝါ၏ချစ်သူ' ဆိုသော သူကို ကျွန်မအလွန်ပင် တွေ့ချင်လွန်းလှပါသည်။

'လာ... မမတာနဲ့ မိတ်ဆက်ပေးမလို့'

ကျွန်မမှာ ရှင်မြူးတက်ကြွစွာ အဝါ၏နောက်မှ လိုက်ပါသွားရပါသည်။ ခြံ၏ထောင့်စွန်း လူသူရှင်းသော စားပွဲတစ်ခုတွင် အဝါက နေရာချထားပေးဟန် ရှိပါသည်။ ပိုးတိုက်ပုံ အင်္ကျီ အဝါနုရောင်နှင့် ပိုးယောလုံချည် အနက်ရောင်တို့ကို သပ်ယပ်စွာ ဝတ်ဆင်ထားသည့် ယောက်ျားပီသဟန်ရှိသော လူတစ်ယောက်က ကျွန်မတို့လာရာဘက်သို့ ကျောခိုင်းလျက် ထိုင်နေပါသည်။ အဝါက ထိုသူထံသို့ အရောက်ကပ်သွားပြီး ကျွန်မဘက်သို့ လက်ညွှန်ရင်း...

'မောင်...ဝါ့...မမတာဆိုတာလေ...မမတာ၊ ဒါ'

'ဟယ်'

'ဟား...ဟား...ဟား...ဟား'

'ကြည်...ကြည့်စမ်း ကိုတင်အောင်မြင့်ပါလား'

ကျွန်မမှာ မျက်မြင်ကိုယ်တွေ့ ကြုံပါသော်လည်း မယုံကြည်နိုင်အောင် ဖြစ်ရပါချေပြီ။ သူတို့နှစ်ယောက်ကဖြင့် လှိုက်လှဲစွာ ရယ်သွမ်းသွေးလျက်...

'ဒါ... ကိုယ့်ကို သက်သက်အရူးလုပ်ကြတာပေါ့လေ'



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မက စိတ်ထဲတွင် ဒေါသလေလား ဝမ်းနည်းမှုလေလား ရှက်ရွံ့ခြင်းလေလား သရုပ်ခွဲ၍ မရနိုင်လောက်အောင် ခံစားမှုက ပြင်းထန်လာမိပါသည်။

လာပါ၊ မမတာရယ် စိတ်မဆိုးပါနဲ့ အဝါရှင်းပြပါ့မယ်'

'အတာ…စိတ်မဆိုးပါနဲ့ကွာ…အတာ့ ပရောဂ မပါစေချင်ဘူး ဆိုလို့ ကိုယ်တို့ချင်း နားလည်မှုယူပြီး လိမ်ညာထားတာ အတာ ခွင့်လွှတ်ပါကွယ်…အတာ ဝမ်းမသာဘူးလားဟင်'

ကျွန်မဘာမှ ပြန်မဖြေမိပါ။ အဝါဆွဲ၍ ထိုင်စေသည့် ကုလားထိုင်တွင် ထိုင်၍ စဉ်းစားနေမိပါသည်။ သူတို့နှစ်ယောက်သည် ကိုယ့်ဆန္ဒနှင့်ကိုယ် ဆုံးဖြတ်ပြီး ပြေလည်ပြီးချိန်မှစ၍ တစ်ယောက် အကြောင်းကိုတစ်ယောက်က မဟကြတော့ခြင်း ဖြစ်ပါလိမ့်မည်။

ဒါကိုလည်း ကျွန်မ မရိပ်မိ၊ ခင်သိန်းဝင်းက အရိပ်အမြွက် ပြောကြားခဲ့သည်ကိုလည်း ကျွန်မ မတွေးမိ၊ တခြားသော အဆောင်နေ ကျောင်းသူများသည်ပင် အဝါ၏ ချစ်ဇာတ်လမ်းကို သိရှိပြီးနေဝါ လျက် ကျွန်မက ယခုမှ သိရခြင်းမှာ ကျွန်မကိုယ်က ညံ့လို့သာ တခြားလူတွေ သိပြီးမှ သိရတာပေါ့…

ကဲ…နေကြလေ…မမတာ ဟိုမှာ သွားဝိုင်းကူလုပ်ပေးလိုက် ပါဦးမယ်'

ကျွန်မကပြောရင်း ထလိုက်ရာ၊ အဝါက အတင်းလှမ်းဆွဲ၍

'နေပါဦး မမတာရယ်…မမတာကလည်း'





'အတာ…ကိုယ်တို့ကို စိတ်ဆိုးနေသလားကွယ်…အမှန်က ကိုယ်တို့မှာ အပြစ်ရှိပါတယ် အတာရယ်'

'ဟုတ်ပါတယ် မမတာရယ်… အဝါတို့မှာ အပြစ်ရှိပါတယ်။ အဲဒါကို ကျေနပ်တဲ့အထိ အဝါနဲ့မောင်က တောင်းပန်ပါမယ် မမတာရယ်'

ကျွန်မက မတ်တတ်ရပ်နေရာမှ ပြန်ထိုင်ပြီး။ သူတို့ နှစ်ယောက်၏ မျက်နှာကို အသေအချာကြည့်လိုက်မိပါသည်။ ကိုတင် အောင်မြင့်က မျက်နှာပျက်ရုံသာ ပျက်နေပါသော်လည်း အဝါမှာ မျက်နှာလေးငယ်နေရှာသည်။ ငိုမဲ့မဲ့ ဖြစ်လာပါသည်။ ကျွန်မက အမြန်ဆုံး ပြင်ဆင်ဆုံးဖြတ်ရပါပြီ…

'ဒီမှာ ကိုတင်အောင်မြင့်ရော၊ အဝါကိုရော၊ အတာရဲ့ အပြုအမူ အတွက် တောင်းပန်ပါတယ်။ အထူးသဖြင့် အဝါရဲ့ မွေးနေ့ပွဲမှာ အဝါစိတ်အနှောင့်အယှက် ဖြစ်ရတာမျိုး မမတာမဖြစ်စေချင်ပါဘူး… ဒီလိုပါ။ ဒီလိုပါအဝါနဲ့ ကိုတင်အောင်မြင့်ရယ်'

ကျွန်မ၏စကားကို ရပ်နား အသက်ရှူချိန်လေးကို သူတို့က စိတ်ဝင်စားခြင်းကြီးစွာ စောင့်မျှော်နေကြပါ၍…

'အဝါရဲ့ မေမေဟာ အတာ့ကို အသေအချာအပ်တယ်။ အထပ်ထပ်အခါခါမှာတယ်။ မလိမ္မာတာရှိရင် သူ့ဆီ စာရေးတိုင်ကြား ပါလို့လည်း ပြောပါတယ်။ ဒီတော့ ကိုတင်အောင်မြင့်က အတာ့ ငယ်သူငယ်ချင်း၊ တစ်မြို့ကည်းနေကြသူတွေ၊ အဝါနဲ့ ကိုတင်အောင်မြင့်



www.burmeseclassic.com

www.burmeseclassic.com



တို့ချင်း ချစ်သွားကြတာကို အတော့ပရောဂလို့ အဝါရဲ့မေမေတို့ သိသွား ကြရင် မကောင်းဘူးလားလို့ပါလေ... ခုလိုပြေလည်ကြတယ်။ ပန်းငုဝါမြိုင်အထိ ကိုတင်အောင်မြင့် လိုက်လာခွင့်ရှိတယ်ဆိုရင် အဝါ့ ထက်အလွန် ဝမ်းသာစရာပေါ့၊ အဝါနဲ့ ကိုတင်အောင်မြင့်တို့ ချစ်သူ နှစ်ဦးအတွက် ကြည်နူးရဆုံး ဝမ်းသာရဆုံးလူဟာ ဒီကမ္ဘာမှာ အတော လွဲလို့ ဘယ်သူရှိဦးမှာတဲ့လဲကွယ်'

'ဟင်...တကယ်'

'တကယ်ပဲအဝါ...အတော့စိတ်ကို မောင်သိတယ်။ မောင်တို့ အကြောင်းသိရရင်၊ သူဝမ်းသာမှာပါလို့ အဝါ့ကို မောင်ပြောခဲ့သားပဲ'

'ဟုတ်ပါတယ်အဝါ မမတာဘဝမှာ အချစ်ခင်အတွယ်တာ ဆုံး လူနှစ်ယောက်ဟာ အချစ်ဆုံးသူတွေ ဖြစ်နေကြတော့... မမတာ ဝမ်းအသာဆုံးဖြစ်မှာပဲပေါ့'

ကျွန်မ၏ 'ဆုံး' စကားဆုံးလျှင်ပင် သုံးယောက်လုံး၏ ရယ်သံ က လွင်သွားပါတော့သည်။ ကျွန်မစိတ်တွင်လည်း အမှန်ပင် ကြည်လင်ရှင်းပျသွားမိပါတော့သည်။ ကြောင့်ကြစိတ်လွှမ်းနေသည့် အဝါ့မျက်နှာလေးသည်လည်း လန်းသွားခဲ့ပါချေပြီ...

'အဝါရေ... သမီးလေး... ဟိုမှာ သမီးသူငယ်ချင်း သဇင် မျိုးခင်တို့ပြန်ဖို့ နှုတ်ဆက်ချင်လို့တဲ့ကွယ်...ဩော်...အတာလည်း သိပ်ပင်ပန်းနေပြီထင်တယ်'

'ရပါတယ် အန်တီရယ်'





အဝါမှာ သူ့မေမေနောက်လိုက်သွားပြီးသည့်နောက်တွင်-

'ကဲ...ဇာတ်ရှည်လည်အောင် အစကစပြီး လင်းစမ်းပါဦး ရှာတော်ရယ်'

'နေဦး ကိုယ်စဉ်းစားထားတာ တစ်ခုရှိသေးတယ်။ အတော့ကို အတော'လို့ ပြောင်းခေါ်တော့မလို့'

'ဒီအရွယ်ကျမှ ကင်ပွန်းပြန်တပ်ရဦးမှာလား...မဆီမဆိုင် အတွေ ပြောနေတာလဲ'

'မှတ်ဘူး...အဝါနဲ့ ခေါ်ရတာ ဆင်နေလို့'

'အမလေးဟဲ့...အရေးမဟုတ်တာ အရေးကြီးနေပြန်ပြီ'

'မတာ'ပဲ ခေါ်ခေါ်...သူတို့အကြောင်း မရိပ်မိခဲ့လို့ 'မချာ'ပဲ ခေါ်ခေါ်...ခေါ်ချင်သလိုခေါ်...ရတယ်။ ကဲ...ပြော... သူတို့ အကြောင်းကို ဆက်'

'ဒီလို မတာရဲ့'

'ဘယ်လိုလဲ ကိုတင်အောင်မြင့်ရဲ့'

ကိုယ် ဝါ့ကိုမြင်တဲ့နေ့ကစပြီး ကိုယ်သေမတတ် စွဲလမ်းမိ တယ်။ တစ်ခါမှ ဒီလိုမဖြစ်ဖူးဘူး တကယ် တကယ် မရယ်နဲ့ နော်... ဒီအခါမှာ မတာကို ကိုယ်ချဉ်းကပ်တော့ ခါချတယ်'

'ဒါကို ရှင်းပြပြီးပြီလေ'

'ဟုတ်ပါတယ်။ ကိုယ်စကားဆုံးအောင် နားထောင်ပါဦး အတွေးမှန်ပါတယ်။ ဒီတော့ အဝါနဲ့ မတာက ကလပ်(စ)ချင်း



www.burmeseclassic.com

www.burmeseclassic.com



မတွေ့ဘူးမှတ်လား…ကိုယ့်ဖာသာ လိုက်ယူတာပေါ့…အခါကလည်း ကိုယ့်ကို ထည့်စဉ်းစားမယ်လုပ်တော့။ ကိုယ့်အကြောင်း မတာကို မေးတဲ့အခါ သိပ်ပြီး အားမရလှဘူးတဲ့ မတာက မပြောချင်ဘူးတဲ့၊ ဒါလည်း နောက်မှ ပြန်ပြောမိကြတာပါ။ ဒီလိုနဲ့ ကိုယ်တို့ ပြေလည်ကြတာ သုံးလလောက်ရှိပြီ။ မတာမရှိတဲ့ မသိတဲ့ အချိန်မျိုးမှာ အခါနဲ့ ကိုယ်တို့ ဆုံကြလေ့ရှိပါတယ်။ ကိုယ်တို့နှစ်ယောက်လုံးလည်း ခါတိုင်းလို မတာကို တစ်ယောက်အကြောင်း တစ်ယောက် မမေးမြန်းကြတော့ပါဘဲ။ ဆိတ်ဆိတ်နေခဲ့ကြတာ မတာအသိ'

'ဟုတ်တယ်။ ထူးပါတယ်လို့တော့ ထင်သား၊ ဒီလောက် အထိတော့ မတွေးမိဘူး'

'ခု ဒီနေရာ ဒီအချိန်မှာ ဆုံကြဖို့ကိုလည်း အခါကိုယ်တိုင်စီစဉ်တာပါ မတာ'

'အဘိုးကြီး အဘွားကြီးနဲ့ရော ဆုံပြီးပြီလား… ပြေလည်ပြီးပြီလား… ကိုတင်အောင်မြင့်'

'ဟင့်အင်း ပန်းငုဝါမြိုင်ကို ကိုယ်ခုနကမှ ခြေချရတာပါမတာ အခါက ဒီညမှ မိတ်ဆက်ပေးပြီး သူ့မိဘတွေအကဲကို ကြည့်မယ်၊ ဟန်ရင် ဖွင့်ပြောမယ်လို့ ပြောတာပဲ'

'ဒါကြောင့် ရှီးကုန် ထုတ်လာတာပေါ့လေ'

ကျွန်မပျက်လုံးကို ကိုတင်အောင်မြင့်က တဟဲဟဲရယ်သော်လည်း သူ့အမှန်ပင် ရှက်သွားပါကြောင်း ကျွန်မသိပါသည်။ ကိုတင်





အောင်မြင့်ကို သည်သို့ တောက်ပြောင်သော အဝတ်အစားများနှင့် မြင်ရလေ့မရှိပါ။ ဆံပင်တိုလေးကို သည်သို့ သပ်ယပ်စွာ တစ်ခါမျှ ဖီးထား ဖွာရရာကျနေတတ်သည်။ သူ့အဝတ်အစားများကလည်း သန့်ရှင်းသပ်ယပ်သည်မှလွဲ၍ အဘိုးတန် အဝတ်စားများကို ဝတ်ဆင်လေ့မရှိ။ လှချင်စိတ်ရှိဟန်မတူ။ အလှအပ မက်မောလွန်းသော ယောက်ျားများသည် စိတ်ထားနုနယ်တတ်ပါကြောင်း ကြားဖူးပါ၏။

ရင့်ကျက်တည်ငြိမ်သော ခွင့်လွှတ်တတ်၍ မြင့်မြတ်သော စိတ်ထားရှိပါသော ကိုတင်အောင်မြင့်မှာ အလှအပ မကြိုက်တတ်ပါ၍ ကျွန်မ ကြားရသောစကား မှန်လိမ့်မည်ထင်ပါသည်။

ကျွန်မ၏ သူငယ်ချင်းမှာ စိတ်သဘော အပြောအဆိုမှ စပြီး အလွန်ယဉ်ကျေးသိမ်မွေ့၍ ယခုအချိန်ထိ အပြစ်မတွေ့ဖူးသေးပါချေ။ အခါသည်လည်း သဘောဖြူ အဆင်းရုံမျှမက လှပသော နှလုံးသားလေးကိုပါ မြင်သာသူဖြစ်ပါချေသည်။ ကိုတင်အောင်မြင့်သာ အခါ့ကို ပိုင်ဆိုင်ခွင့်ရပါလျှင် မြန်မာပြည်တွင် ကံအကောင်းဆုံး ယောက်ျားတစ်ယောက်ဖြစ်ပါလိမ့်မည်။ ကမ္ဘာပေါ်တွင်ဟုဖြင့် မနှိုင်းလိုပါ၊ ကျွန်မကိုယ်တွေ့ မကြုံနိုင်သည့် အခြားအခြားသော နိုင်ငံများတွင် အခါ့ထက် အရည်အချင်းသာ၍ ကိုတင်အောင်မြင့်ထက် ညံ့ဖျင်းသူများ ဖူးစာဆုံနိုင်ခြင်းရှိမရှိ ကျွန်မ မသိရှိနိုင်၍ ဖြစ်ပါ၏။ အခါ့[illegible]မှ ရလျှင်လည်း တစ်သက်တာ မှီခိုအားထားနိုင်မည့် အရာကို



www.burmeseclassic.com

www.burmeseclassic.com



ဖန်တီးပေးနိုင်စွမ်းနိုင်မည့် ယောကျ်ားမြတ်တစ်ယောက်ကို ပိုင်ဆိုင်နိုင်ခွင့် ရခြင်းဖြစ်ပါလိမ့်မည်။

သူတို့နှစ်ဦး၏ဘဝအတွက် ကျွန်မမှာ ကြည်နူးမဆုံးနိုင်တော့ပါချေ။

'ဒါနဲ့ မတာ ဘယ်တော့ ပြန်မလဲ'

ကျွန်မအတွေးကို ကိုတင်အောင်မြင့်က ဖြတ်၍ မေးလိုက်ပါသည်။ သူ့မျက်နှာ ရွှင်ကြည်ပြုံးနေသလို ကျွန်မလည်း ပြုံးနေမိလိမ့်မည်သာ။

'သန်ဘက်ခါလောက် ပြန်မလားလို့ ကိုတင်အောင်မြင့်ရော'

'မပြောတတ်သေးဘူး။ သူအမိန့်ချသလိုပဲ'

'နေပါဦး...ခု ဘယ်မှာတည်းသလဲ ဘယ်နေ့က ရောက်တာလဲ'

'မနေ့က မနက်ကရောက်တယ် မတာ၊ တည်းတာတော့ ''စိမ်းလဲ့မေတည်းခိုရိပ်သာ''မှာ အဝါမှာကြားတဲ့အတိုင်းပေါ့၊ ဒီမြို့ကို ခုတစ်ခေါက်ပဲ ရောက်ဖူးတာ၊ မတာ အဖော်မရှိရင် ကိုယ်နဲ့အတူ ပြန်ကြတာပေါ့'

'ရပါတယ်၊ အဒေါ်ဝမ်းကွဲတစ်ယောက် ပါလာပါတယ်၊ ယောက္ခမလောင်းကြီးတွေနဲ့ ပြေလည်အောင်နေစမ်းပါဦး'

'လန့်နေတယ်၊ မတာရဲ့'





'အတာလည်း ဝိုင်းဆုတောင်းပါတယ်၊ ကိုတင်အောင်မြင့်ကို သက်ခံနိုင်ပါစေလို့'

'တကယ်ဆုတောင်းပေးစမ်းပါ အတာရယ်၊ ကိုယ့်ဘဝအကြောင်း အတာအသိဆုံးပဲ။ ဒီအရွယ်ရှိလာပြီ အဖေကလွဲလို့ ကိုယ့်ဘဝမှာ ဘာတွယ်တာစရာမှ မရှိခဲ့ဘူး။ အချစ်ဆိုတာလည်း နားမလည်ခဲ့ပါဘူး'

'ဒါတွေ မတာ အားလုံးသိပါတယ်'

'အဲဒီလိုဘဝမှာ အဝါလို မြတ်နိုးစရာ ကောင်းလွန်းတဲ့ မိန်းမလှလေးက ကိုယ့်ရဲ့ချစ်သူဖြစ်လာတော့ ကိုယ့်ရင်ထဲ အသည်းထဲမှာကို စွဲနေတာပဲ မတာ၊ ကိုယ်သူ့ကို သိပ်ချစ်တယ်ကွယ်။ ကိုယ်သူနဲ့ ဝေးရမှာ သိပ်ကြောက်တာပဲ၊ သူ့ကိုသာ စွန့်လွှတ်ရရင် ကိုယ့်အသက်ကိုယ် စွန့်လွှတ်ရသလိုနေမှာပဲ မတာရေ'

'ဒီစကားမျိုး တခြားယောကျ်ားကသာပြောရင် အတာယုံမှာမဟုတ်ပါဘူး။ ကိုတင်အောင်မြင့်ကို နားလည်တဲ့ အတာကတော့ ယုံတယ်၊ အကြွင်းမဲ့ကို ယုံပါတယ်ကွယ်။ တကယ်တော့ တို့သူငယ်ချင်းဟာလည်း အဝါတို့လောက် မချမ်းသာ မကြွယ်ဝတာကလွဲရင် ဘာအပြစ်များ ထောက်ပြစရာရှိလို့လဲ၊ ပြေလည်မှာပါ သူငယ်ချင်းရယ်။ သူငယ်ချင်းတို့ချင်း ပြေလည်ပြီးကြရင် အတာက ဘယ်လိုနေရာမျိုးက ကူညီရ၊ ကူညီရပါလေ'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ပါတယ် မတာရဲ့ စေတနာ ကိုယ်တို့နှစ်ယောက်လုံးက နားလည်ပြီးသား၊ ယုံကြည်အားကိုးပြီးသားပါကွယ်'

'ဒါဖြင့် ကိုတင်အောင်မြင့် ဒီမှာ ထိုင်နေဦးနော်၊ အတာ လိုအပ်တာလေးတွေ သွားပိုင်းလုပ်ပေးလိုက်ပါရစေဦး'

'အဝါ ကိုယ့်အတွက် နောက်ဆံငင်နေရှာပါဦးမယ်။ သူ့ သူငယ်ချင်းတွေနဲ့သာ နေပါလို့ ကိုယ်စောင့်နေပါ့မယ်လို့ ပြောလိုက်ပါ နော်…မတာ'

'ကောင်းပါပြီတဲ့ရှင်'

ကျွန်မမှာ အသေးစိပ် နောက်ပိုင်းရော၊ ရှေ့ပိုင်းပါ ဝိုင်းကူ လုပ်ပေးနေမိပါသည်။ ကျွန်မနှင့်ပါလာသော ဒေါ်ဒေါ်ကလည်း အလှူအတန်းကိစ္စများ ကျွမ်းကျင်ပြီးသားဖြစ်ပါ၍ အကွက်စေ့အောင် ကူညီပေးရှာပါသည်။ ကျွန်မတို့ တူဝရီးနှစ်ယောက်ကြောင့် ဧည့်သည်များ မလစ်ဟာစေရပါကြောင်း ကျေးဇူးတင်လှပါကြောင်း ဦးထွန်းအောင်ကျော်ရော ဒေါ်ခင်ဦးခင်ပါ တဖွဖွပြောဆိုနေကြပါသည်။

ညဉ့်ဦးပိုင်း ရောက်လာသည်နှင့် လူသူများလည်း ရှင်းလင်း ပြလာခဲ့ပါပြီ။ ကိုတင်အောင်မြင့်နှင့် အဝါ့မိဘများ မိတ်ဆက်ပွဲတွင် ကျွန်မ မပါဝင်တော့ ကျွန်မနှင့် မဆိုင်သလိုသာ နေလိုပါကြောင်း သိလေသော အဝါက ကျွန်မကို မခေါ်တော့ပါချေ။ ကိုတင်အောင်မြင့် ပြန်မည့်အကြောင်း နှုတ်ဆက်သွားသည်အထိ ကျွန်မ သူတို့ အကြောင်းကို မမေးမိ ဘယ်လိုပြေလည်သွားကြသည် မသိပါ။





ထိုညက ညဉ့်နက်သန်းခေါင်အထိ သိမ်းဆည်းခြင်း ကိစ္စများ ပြီးနိုင်ကြသေးပါ။ အဝါက ကွက်ကြည့် ကွက်ကြည့်ဖြင့် ကျွန်မကို ပြောလိုဟန်ရှိပါသော်လည်း ကျွန်မက မသိချင်ဟန်ဆောင်နေလိုက်ရ ပါသည်။ အန်တီခင်တို့ မြင်လောက်သည့်နေရာတွင် ကျွန်မတို့ အွတ်တွတ်ထိုးမနေချင်ပါ။

သည်လိုနှင့် ညဉ့်နက်မှ ကျွန်မတို့ အိပ်ရာဝင်ဖြစ်ကြပါ တော့သည်။

◆ ◆ ◆

နောက်တစ်နေ့ မနက်တွင် နေမြင့်မှ ကျွန်မ နိုးလာခဲ့ပါသည်။ ကျွန်မခုတင်ဘေး ခုံလေးတွင် ပြင်ဆင်ပြီးသား အဝါက ကျွန်မကို ထိုင်စောင့်နေဟန်ရှိပါသည်။ အဝါမှာ ရတနာဆောင်တွင် တစ်ခန်း တည်း နေကြစဉ်က ညဉ့်နက်သည့်တိုင် စာကျက်နိုင်ပါသော်လည်း အိပ်ရာထနေမြင့်တတ်ပါသည်။ ယခုမူ ညက အိပ်ပျက်ပါလျက် စောစီးစွာ အိပ်ရာမှ ထပြီး အလှပြင်ပြီးဖြစ်နေပါသော အဝါကို ကျွန်မက–

'စောစောစီးစီး ပြင်လို့ဆင်လို့ပါလား၊ ဘယ်သွားမလို့လဲ အဝါ၊ ဘိုတနဲ့များ ချိန်းထားသလား'



www.burmeseclassic.com

www.burmeseclassic.com



အဝါက မျက်ခုံး မည်းမည်းလှလှလေးနှစ်ခုကို နီးကပ်သွားအောင် မျက်မှောင်ကြုတ်လိုက်ပြီး ကျွန်မ မေးသည်ကို သတိမမူသည့် အလားပင်···

'မမတာ'

'ဟင်'

'မောင်က ဘာဟင်းတွေ ကြိုက်တတ်သလဲဟင်'

'အလို မေးပုံကလည်း တယ်ဆန်းပါလား'

'တကယ်ပါ ပြောစမ်းပါ'

'သိမလားဟဲ့ အဝါရဲ့ ရင်းနှီးတယ် ဆိုပေမယ့် တစ်အိမ်တည်း နေရတာမှ မဟုတ်ဘဲ၊ ကိုယ်က ချက်ပြုတ်ကျွေးရတာမှမဟုတ်ဘဲ ဘာလုပ်မလို့လဲ'

'မမတာကလည်းဗျာ ခေါကြီးပဲ အဟဲ··· ဒီညနေစာ မောင့်ကို ထမင်းဖိတ်ကျွေးမလို့'

'တယ်လည်း ဟုတ်နေကြပါလား'

'တကယ်···အဝါကိုယ်တိုင် ဈေးသွားမလို့၊ အဲဒါလေ··· သူစားကောင်းစေချင်လွန်းလို့၊ ဘာဟင်းတွေ ချက်ကျွေးရမှန်းကို မသိဘူး၊ သူ ဘာကြိုက်တတ်လဲလို့ မမတာကို မေးမလို့ အဝါ ထိုင်စောင့်နေတာ မမတာရဲ့'

အဖြစ်သဲလွန်းနေကြသော သူတို့နှစ်ယောက်ကို ကျွန်မ ရယ်ချင်လာမိပါသည်။ ခုတင်ထက်တွင် လှဲနေရာမှထ၍ ဆံပင်ကို





ပြင်ထုံးလိုက်ရပါ၏။ အဝါတို့အိမ်တွင် ခြင်ထောင်နှင့်မအိပ်ရပါ၊ ခြင်လုံအောင် ကာ တပ်ထားချဲ့ဖြစ်ပါသည်။ ကျွန်မက ကိုယ်မှ စောင်ပါးလေးကို ခေါက်လှပ်လိုက်ရင်း···

'သူကြိုက်တတ်တာကတော့ မရမ်းသီးထောင်းလေးဆိုရင် ကြိုက်တယ်'

'ဟုတ်ပြီ···စိမ်းစားငပိကောင်းကောင်းလည်း ရှိတယ်'

'နောက်ပြီး··· ပုစွန်ထုပ်နဲ့ချက်တဲ့ ချဉ်ပေါင်ဟင်းကိုလည်း ကြိုက်တတ်တယ်'

'ဟုတ်ကဲ့'

'နောက်···မန်ကျည်းသီးစိမ်းချက်ရယ်၊ ရှောက်သီးသုပ်နဲ့ သင်္ဘောချဉ်သီးကို···'

'ကြည့်ကြည့် မမတာကြီး···ရွဲ့ပြောဦး···ရွဲ့ပြောဦး၊ ဒီက ကောင်းမှတ်လို့ နားထောင်နေရတာ၊ ဟား···ဟား···ဟား···ဟား'

အဝါက ကျွန်မကို ပြေးဖက်၍ တအားဖြစ်ညှစ်လှုပ်ရမ်းရင်း ပွတ်လိုက်လှဲလှဲ ရယ်မောနေရှာပါသည်။

'ဖယ်စမ်းပါ မိဝါရယ်'

'ဖယ်ဘူး···အဝါနဲ့ ဈေးလိုက်ခဲ့ရမယ်'

'မလိုက်ချင်ပါဘူးတော်···ကျုပ်တို့ရောက်နေတာ သုံးလေးရက် ရှိပြီ။ ဘယ်နေ့ကများ ကိုယ်တိုင်ဈေးဝယ်ပြီး ကျွေးဖူးလို့လဲ သွားပါ'

'ဒါတော့ ဟိုက ၉၇၂ မှတ်တောင် သာနေတာကိုး မမတာ



www.burmeseclassic.com

www.burmeseclassic.com



ကြီးရဲ့၊ ကိုယ်ချင်းလည်း စာဦးမှပေါ့'

'ဘာလဲ ၉၇၂ မှတ်ဆိုတာ'

'၅၂၈ နဲ့ ၉၇၂ ပေါင်းတော့ ဘာရလဲ ကဲ'

'သွားစမ်းပါဟယ်'

ကျွန်မက အဝါ့ကို တွန်းလွှတ်ရင်း ရယ်မောလျက်ပင် အခန်းတွင်းမှ မျက်နှာသစ်ရန် ထွက်လာခဲ့ရပါတော့သည်။

ပြောသာ ပြောရပါသည် အဝါနှင့်အတူ ဈေးသို့ လိုက်ဖြစ်ခဲ့ရပါလေသည်။ မြကျွန်းသာမြို့၏ဈေးမှာ စည်ကားလှပါချေသည်။ အဝါ့ကိုလည်း အားလုံးလိုလိုက သိရှိကြပါသည်။ အရေးတယူနှုတ်ဆက်ချင်သူများကလည်း ပေါများလှပါဘိတော့သည်။ ကျွန်မတို့၏ မြစ်ဝကျွန်းပေါ်မြို့တွင် မရှိသော ပစ္စည်းများ၊ တောင်စခန်းမြို့တော်၏ အဆန်းအပြား ပစ္စည်းများကို ကျွန်မကလည်း ဝယ်ခြမ်းပါသည်။

အဝါမှာ သူဌေးသမီးအဖြစ် တဖူးဖူးမှုတ်ထားခြင်းခံရသူလေး ဖြစ်ပါသော်လည်း ထမင်းဟင်းလျာကို ကောင်းစွာချက်ပြုတ်တတ်သူလေး ဖြစ်ပါ၏။ မိန်းမသည် အဘယ်မျှပင် ကြွယ်ဝသူ၊ ဂုဏ်ရှိန်မြင့်သူ၏ဇနီး ဖြစ်စေကာမူ 'အိမ်ရှင်မ'အဖြစ်နှင့် နေကြရမည်သာ။ အမျိုးသမီးတို့ တတ်အပ်သည်ကို တတ်မြောက်ကြရမည်သာ။ အဝါ့မေမေ၏ သွန်သင်မှုမှာ အတုယူဖွယ်ကောင်းလှန်းလှပါတော့သည်။

တစ်ခါက ကျွန်မသူငယ်ချင်းတစ်ယောက် အိမ်ထောင်မှုခါနီးအကြောင်းကို သွားသတိရမိပါသည်။ သူသည် ရဲမင်းကြီးတစ်ယောက်၏ သမီးဖြစ်ပြီး မိန်းမတို့တတ်အပ်သော ပညာများကို ခြေဖျားနှင့်မျှ မတို့သူဖြစ်ပါ၏။ အစေအပါးများအလုပ်ဟုသာ သတ်မှတ်ပြီး အိမ်အလုပ်ကို ဂုဏ်ငယ်သည်ဟုထင်သူဖြစ်ပါ၏။ ယင်းအကြောင်းကိုလည်း ခင်ပွန်းလောင်းအား ဂုဏ်ဝင့်သည့်သဘောနှင့် ပြောဆိုလေ့ရှိပါသည်။

'သူများတို့က ဘဲဥပဲ ပြုတ်တတ်တယ်၊ ဘာမှ မလုပ်တတ်ဘူး'

'ရပါတယ်... စီမံတတ်ရင် ပြီးတာပဲ'

ဟူသော သဘောတူညီချက်များဖြင့် လက်ထပ်လိုက်ကြလေတော့သည်။ 'စီမံတတ်ရင် ပြီးတာပဲ' ဆိုသည့် အမျိုးသားစိတ်ကူးက အစေအပါးများ ထားပေးမည်။ ဇနီးသည်က ဩဇာပေး ညွှန်ကြားရုံဟု ရည်ရွယ်ခဲ့သည်။ တကယ်တန်း လက်တွေ့ ကွင်းဆင်းကြသည့်အခါ 'စီမံတတ်ခြင်း' ဆိုသည်မှာ ကိုယ်ကိုယ်တိုင်က တတ်ကျွမ်းမှ စီမံနိုင်ခြင်းရှိပါလားဟူသော အသိတို့ ဝင်ကြရပါတော့သည်။ အမျိုးသမီးခင်ဆုံး၍ ကိုယ့်မိဘဘက်ကလည်း အကူအညီမရ၊ လင်သား၏ ဝင်ငွေကလည်း မီးဖိုချောင်မှ သွန်ကုန်နေပါ၍ ဆုံးရှုံးရခြင်း၊ စိတ်လက်ချမ်းသာရခြင်း၊ လင်မယားချင်း မပြေလည်ကြခြင်း စသော သောင်းကနင်း အိမ်ထောင်ရေးနှင့် ရင်ဆိုင်ကြရပါကြောင်း ကျွန်မကိုယ်တွေ့ မျက်မြင်ကြုံဆုံခဲ့ဖူးပါသည်။







www.burmeseclassic.com

www.burmeseclassic.com



အဝါမှာ ဈေးဝယ်လည်း ခေစပ်ပါ၏။ ဟင်းချက်တတ်သူသော ဈေးဝယ်တတ်ကြပါသည်။ ကုန်ကျမည့် အချိန်အတွယ်ကို ခန့်မှန်း တတ်နိုင်ပါသည်။ အဝါ့မေမေ ဒေါ်ခင်ဦးခင်မှာ မြန်မာအမျိုးသမီး ပီသစွာ နေထိုင်သည်။ သမီးလေးကို ပုံသွင်းသည်။ အဝါကလည်း တသဝေမတိမ်း လိုက်နာရှာပါ၏။ ဦးထွန်းအောင်ကျော် ရှေ့တန်း အကြံအဖန်ရှိသလောက် ကြိုးစားနိုင်သလောက် ဇနီးနှင့် သမီးဖြစ်သူ လည်း သိပ်သည်းကျစ်လစ်လှပါချေသည်။

သည်မျှလိုက်ဖက်သော၊ အဆင်ပြေသော၊ မေတ္တာညီမျှသော စည်းကမ်းရှိသော၊ ကြွယ်ဝသော၊ စိတ်ချမ်းမြေ့ဖွယ် ကောင်းလှပါသော မိသားစုသုံးဦးအတွင်းသို့ ထိုနေ့မှာပင် 'ဦးသိန်းဖေ'မည်သော သားငြေ မြေးဆက်အထိ နှလုံးသားကို နင်းချေဖျက်ဆီးမည်ဆိုသည့်သူ တစ်ယောက်၏ သတင်းစကားကို စတင်ကြားနာခဲ့ကြရချေပြီ တကား···။

◆ ◆ ◆

ဟင်းလျာများက မြိုင်ဆိုင်လွန်းလှပါသည်။ အားလုံး အဝါ့ မေမေနှင့် အဝါ့လက်ရာများချည်းသာ ဖြစ်ပါ၏။ အဝါမှာ မည်မျှပင် ကျစ်လစ်သိပ်သည်းသည်ဆိုပါသော်လည်း ချစ်ရည်လွှမ်းသော အဝါ့မျက်ဝန်းများက မတည်ငြိမ်တော့ပါ။ ကိုတင်အောင်မြင့်ထံ ဆွဲဝဲသွားပါကြောင်း ကျွန်မ မကြာခဏ မြင်တွေ့ရပါသည်။

ထမင်းဝိုင်းတွင် အဝါတို့မိသားစု သုံးဦးနှင့် ကျွန်မတို့ တူဝရီး အပြင် အထူးဧည့်သည်တော် ကိုတင်အောင်မြင့်တို့ ပါဝင်ပါသည်။

'စားကွယ်··· မောင်တင်အောင်မြင့်'

'အားမနာနဲ့နော်···မင်းနမက သူ့ သူငယ်ချင်းတွေလာလို့ ဆိုပြီး ဝမ်းသာနေရှာတာ··· သူကိုယ်တိုင် ချက်ထားတာတွေလေ'

'ဟုတ်ကဲ့ပါခင်ဗျာ'

ကိုတင်အောင်မြင့်သည်လည်း စိတ်လှုပ်ရှားနေပုံ ရပါသည်။ စိတ်မငြိမ်လျှင် အစားလည်း မဝင်နိုင်ပါ။ ကိုတင်အောင်မြင့် အစား ညည်းနေသည်ကို အဝါက အားမလိုအားမရနှင့် ကြည့်ရင်း···

'စားလေ··· ထည့်စားလေ'

ဆိုသော အသံပြတ်များဖြင့်သာ အားပေးနေရှာပါ၏။ ဦးထွန်း အောင်ကျော်က···



www.burmeseclassic.com

www.burmeseclassic.com



ဒါနဲ့ မောင်တင်အောင်မြင့်က ဘယ်အရပ်ကလဲ'

'မြစ်ဝကျွန်းပေါ်ကပါ…မအူပင်ကပါခင်ဗျာ'

သည်အခါ ဒေါ်ခင်ဦးခင်က သောက်လက်စ ဟင်းချိုကို အမြန်မြိုချလိုက်ပြီး…

'ဟင်… ဒါဖြင့် အတာတို့နဲ့ တစ်မြို့ထဲကပေါ့နော်…အတာ'

'ဟုတ်ကဲ့'

ကျွန်မက ခိုးထုပ်ခိုးထည်နှင့် မိသွားပါ၍ ဟုတ်ကဲ့လိုက်ရပါ၏။

'တစ်မြို့တည်းပေမယ့် သိပ်တော့ မရင်းနှီးလှပါဘူးခင်ဗျာ… နေတာချင်းကလည်း ဝေးတော့ ဒီကိုလာကြမယ်ဆိုတာတောင် စကားမစပ်မိကြပါဘူး'

ကိုတင်အောင်မြင့်အကွက်ကို ကျွန်မလိုက်၍…

'ဟုတ်ပါတယ် အန်တီခင်၊ ဒီကျမှတွေ့တော့ အတာတောင် အံ့သြလို့'

ကျွန်မစကားက လိမ်ညာပါသော်လည်း အမှန်အတိုင်း ဖြစ်နေပါကြောင်း အဝါနှင့် ကိုတင်အောင်မြင့်တို့ သိရှိကြပါလိမ့်မည်။ အဝါက…

'သူက ဒီမြို့ကိုလာလည်တာ၊ သက်သက်လာပြီး အပန်းဖြေတာ မေမေရဲ့၊ ဟိုတစ်နေ့က သမီး သီတာအောင်တို့အိမ် သွားရင်း လမ်းတွေ့တော့မှ သမီးမွေးနေ့ကိုလာဖို့ ဖိတ်ခဲ့ရတာပါ။ မေမေတို့ကို ပြောပြီးပြီလေ'





'အေးကွယ်…ဦးလေးကျော်တို့မြို့မှာ သမီးသူငယ်ချင်းတွေ လာဆုံနေလို့ သမီးလေးပျော်နေတာကို ဦးလေးကျော်တို့က ဝမ်းလည်း သာတယ်။ အတာနဲ့ မောင်တင်အောင်မြင့်ကိုလည်း ကျေးဇူးတင်လှပါတယ်ကွယ်'

'ဟာ… အတာတို့က ကျေးဇူးတင်ရမှာပါ'

'ဟုတ်ပါတယ်ခင်ဗျာ'

ထမင်းဝိုင်းမှာ သာမန်ဧည့်ခံပွဲအဖြစ်မျိုးလောက်သာ လူကြီးမင်းက သိမှတ်ကြလိမ့်မည်ဟု ကျွန်မထင်ပါသည်။ အဝါ၏ မိဘတို့သည် အဝါပြောသည့်သို့ပင် သမီးဖြစ်သူ၏ ဧည့်သည်များ အပေါ်တွင် ဖော်ရွေလွန်းလှပါချေသည်။ အရေးတယူရှိလွန်းလှရှာပါသည်။

ထမင်းဝိုင်းအပြီး၊ အချိုဝိုင်း လက်ဖက်ဝိုင်းတွင် ဒေါ်ခင်ဦးခင်တို့ လင်မယားမှာ ခဏပါဝင်ပြောဆိုကြပြီး ဧည့်ခန်းတွင် မနေကြတော့ပါ။ သူငယ်မိတ်ဆွေချင်း ရင်းနှီးစကားဆိုကြရာတွင် လူကြီးရှိနေလျှင် အနေကြပ်မည်။ မလွတ်လပ်မည်စိုးပါ၍ ထွက်ခွာသွားကြခြင်းဖြစ်ပါကြောင်း ကျွန်မတို့အားလုံး သိရှိကြပါသည်။ ကျွန်မ၏အဒေါ်ဝမ်းကွဲကလည်း အေးဆေးသူဖြစ်ပါ၍ သည်ဝိုင်းတွင် ဝင်မပါ။ ချစ်သူနှစ်ဦးကြားတွင် ကျွန်မက ဆေးရိုးသည်ပမာ ဖြစ်နေမည်စိုးပါ၍…

'ကဲ…နေခဲ့ကြဦး ခြံထဲဆင်းလိုက်ဦးမယ်'

'ဟာ…မမတာကလည်း'

'မြန်မြန်သွား ါ-လို့ ပြောမလို့မှတ်လား'



www.burmeseclassic.com

www.burmeseclassic.com



'ဟဲ…ဟဲ…မှတ်ပါဘူး…မမတာရဲ့'

ကျွန်မ မတ်တတ် ထရပ်လိုက်သည်ကို အဝါက လှမ်းဆွဲရင်း ပြောလိုက်ပါသည်။ ကိုတင်အောင်မြင့်ကလည်း…

'နေပါ မတာရဲ့၊ ကိုယ်လည်း သိပ်မရဲဘူး။ မတာရှိနေတော့ ကောင်းတာပေါ့'

ကျွန်မ ခဏပြန်ထိုင်ပြီး ထွေရာလေးပါး စကားများ ပြောကြားနေစဉ် ဦးထွန်းအောင်ကျော်နှင့် ဒေါ်ခင်ဦးခင်တို့ ဝတ်စားပြင်ဆင်ပြီး ထွက်လာကြကာ…

'ကဲ… သူငယ်ချင်းတစ်တွေ စကားပြောနေကြဦးနော်… အန်တီခင်တို့ ဘုရားကိုးဆူ သွားလိုက်ကြဦးမယ်'

'ဟုတ်ကဲ့ အန်တီခင်'

ကျွန်မက ဖြေကြားလိုက်ပြီးသည့်အခါ

'မောင်တင်အောင်မြင့်လည်း ဖြည်းဖြည်းမှပြန်ပေါ့၊ ဒီမှာ ကျောင်းပိတ်တုန်း လာဆုံကြရတာ ဝမ်းသာစရာပါပဲလေ'

'ကောင်းပါပြီခင်ဗျာ'

သူတို့ထွက်သွားကြပြီး ခဏသာ ကျွန်မထိုင်နေမိပါသည်။ ချစ်ဦးသူနှစ်ယောက်ကြားတွင် နေလိုစိတ်မရှိပါ။ ယခုအချိန်မှာ အဝါ့အတွက်လည်း ရှုံ့ကြောက်စရာလူ မရှိတော့ပါ၍ ချစ်စကားဆိုရန် လောက်ဖြင့် အခွင့်သာစေချင်ပါသည်။ ကျွန်မက သူတို့ကို ဘာမှ ပြောမနေတော့ပါဘဲ ဆတ်ခနဲ ထ၍ ဧည့်ခန်းပြင်သို့ အမြန်ထွက်ခဲ့





ရပါတော့သည်။ သူတို့ ကျွန်မကို လိုက်မခေါ်ကြတော့ပါ။ ကျွန်မက တိုက်တွင်းမှထွက်၍ ပန်းခြံတွင်းသို့ ဆင်းခဲ့ရပါတော့သည်။

မနေ့က ဧည့်ပေါင်းစုံရောက်လာကြသည့်ပြင် ပန်းပင်များပါ ကျေနပ် မီးလုံးရောင်စုံများ လှပစွာ ထွန်းညှိထားသည့် အပူရှိန်ကြောင့် ပန်းပင်တို့မှာ ညှိုးနေကြပါသည်။ ပန်းပွင့်ဝါဝါတို့လည်း နွမ်းနေကြေနေကြပါသည်။ ငုဝါပန်းတို့ကမူ သစ်လွင်စွာ ဝင်းဝါနေဆဲပါပင်…

ကျွန်မပန်းခြံထဲတွင် လမ်းလျှောက်ရင်း ရွက်ခြောက်ကြွေများကို ကောက်ယူဖယ်ရှားပစ်နေမိပါသည်။ အဝါတို့ခြံမှာ တိုက်ပုံစံသည်သာ စံနစ်ကျ လှပသည်မဟုတ် ခြံတွင်းရှိ သစ်ပင် ပန်းမန်တို့ပါ ထားသိုပုံက သပ်ယပ်ရှင်းလင်း၍ ကြည်နူးစရာကောင်းလွန်းလှပါချေသည်။

လှပတင့်မောသွယ် ဤပန်းငုဝါမြိုင်မှ ရွှေမင်းသမီးလေးအဝါ၏ ချစ်မေတ္တာခတ်လမ်းသည်လည်း လှပစွာ နိဂုံးချုပ်နိုင်ပါစေဟု ကျွန်မ ဆန္ဒပြုလိုက်မိပါသော်လည်း (ကျွန်မ၏ ဆန္ဒက ပြည့်ဝမလာနိုင်တော့ပါချေ။)

'ဒီမှာ…ဒီမှာ'

ခေါ်သံကြောင့် ငုံ့၍ ရွက်ကြွေကောက်နေသော ကျွန်မက မော့ကြည့်လိုက်မိရာ ခြံဝန်း၏ သံတံခါးအပြင်မှ လူတစ်ယောက်က ရပ်၍ ကျွန်မကို လှမ်းခေါ်နေပါကြောင်း တွေ့ရပါသည်။ ကျွန်မရင်မှာ



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းမဲ့ တုန်ခါသွားမိပါ၏။ ထိုသူက ကျွန်မကို လက်ယပ် လှမ်းခေါ်နေကြောင်း မြင်တွေ့လိုက်ရပါသည်။ အချိန်မှာ မှောင်ရီဖြိုးဖျ နေဝင်စဖြစ်၍ နေဝင်ရာဘက်သို့ ကျောပေးရပ်နေပါသော ထိုလူမှာ အင်္ကျီ အစိမ်းပုတ်ရောင်နှင့် လုံချည်ခပ်မည်းမည်းဝတ်ထားပြီး အရပ် ရှည်ရှည်ပုလောက်သာ မှန်းမိနိုင်ပါသည်။ ရုပ်လွှာသွင်ပြင်ကို မသဲမကွဲပါ။ သူက ဆက်လက်၍ လက်ယပ်ခေါ်နေပါသဖြင့် ကျွန်မက ခြံဝင်းတံခါးနားသို့ မရွံ့မရဲ ကပ်လာမိသည့်အခါ။

'ဒီမှာ အဝါ၊ …အဝါဆိုတာလား'

'မ…မ…ဟုတ်ပါဘူး၊ ကျွန်…ကျွန်မ… ညွှံ့သည်ပါ'

ကျွန်မက သည်သို့ဖြေပြီးမှ…

'အဝါ့ကို ခေါ်ပေးရမလား၊ သူ အိမ်ထဲမှာ ရှိနေပါတယ်'

သူက ဘာမှပြန်မပြောပါ။ အဝါတို့၏ အသိမိတ်ဆွေဖြင့် ဟုတ်ဟန်မတူပါ။ အဝါ့ကိုပင် မြင်ဖူးသူ မဟုတ်ပါပေ။ ကျွန်မက အဝါနှင့် တွေ့ဆုံဖြေရှင်းစေလိုပါ၍ ပြောလိုက်ရပါသည်။ ခြံဝင်း တံခါးက သော့ခတ်ထားဆဲဖြစ်ပါ၍ ကျွန်မ အနည်းငယ် စိတ်အေး သွားမိပါသည်။ ကျွန်မက အဝါ့ကို ပြေးခေါ်ရန် လှည့်လိုက်စဉ်၊

'ဒီမှာ…ဒီမှာ…ညွှံ့သည်ဆိုလည်း ရပါတယ်၊ ဒီအိမ်မှာ တည်းတာမှုတ်လား'

'ဟုတ်တယ်'

'ဒါဖြင့်… ဟောဒီစာလေးကိုသာ သူတို့လက်ထဲ ရောက်





အောင် ဆက်ဆက်ထည့်ပေးစမ်းပါ… ရော့'

'သူတို့ဆိုတာက'

'ဩော်…ဒီတိုက်ရှင် သူဌေးလင်မယားနဲ့ သမီးအဝါဆိုတာပေါ့၊ သူတို့မိသားစု သုံးဦးလုံးလက်ထဲ ရောက်အောင် ဆက်ဆက်ပေးလိုက် ပါနော်…ရော့ ရော့…'

သူက စာအိတ်တစ်ခုကို လှမ်းပေးနေပါ၍ ကျွန်မက မရွံ့မရဲနှင့် လှမ်းယူလိုက်မိလျှင်ပင်… ထိုသူက လေကဲ့သို့ လျှင်မြန်စွာ ကျွန်မ ရှေ့မှောက်မှ ပျောက်ကွယ်သွားပါတော့သည်။ ကျွန်မက သူ့ကို ဆေးကြည့်ရာမှ သူပျောက်သွားသည့်အခါ လက်တွင်းမှ စာအိတ်ရှိ သိပ်စာကို ဖတ်ကြည့်လိုက်မိရာ…

"ထွန်းအောင်ကျော်-ခင်ဦးခင်"
"ပန်းငုဝါမြိုင်"
မြို့ပတ်လမ်း၊ မြကျွန်းသာမြို့။

မှ

သိန်းဇံ

မိုင်းတုံမြို့၊ တောင်ပိုင်းရှမ်းပြည်နယ်…၊

သူ ပါရှိပါ၏။ စာမှာ စာတိုက်မှလာခြင်းမဟုတ်ပါ။ သူ့မိန် ဓိတ်ဆွေချင်းပေးသော စာသာ ဖြစ်ဟန်တူပါ၏။ တစ်ခုသာ ထူးခြား



www.burmeseclassic.com

www.burmeseclassic.com



သည်၊ ဤအမည်ရှင်သုံးဦးလုံး၏ရှေ့တွင် 'ဦး…' 'ဒေါ်…' 'ကို…' စသည်တို့ မပါရှိပေ။ ဦးထွန်းအောင်ကျော်နှင့် ဒေါ်ခင်ဦးခင် တို့၏ ဂုဏ်ဒြပ်နှင့်ဆိုပါလျှင် 'ဦး…' 'ဒေါ်…' စသည်တို့ တပ် သင့်လှပါ၏။ သည်စာကို စိတ်တွင် တစ်မျိုးကြီးလို ဖြစ်မိပါသော်လည်း အရေးကြီးလွန်းသည့်ကိစ္စဟု ကျွန်မ မယူဆမိခဲ့ပါ။

အပြင်တွင်လည်း အမှောင်တဖြည်းဖြည်း လွှမ်းလာပြီဖြစ်ပါ၍ ကျွန်မက စာလေးကို ကိုင်ကာ တိုက်တွင်းသို့ ပြန်ဝင်ခဲ့သည့်အခါ ကိုတင်အောင်မြင့်နှင့် အဝါတို့ကို မတ်တတ်အနေအထားနှင့် တွေ့ရပါသည်။ ပြန်ရန် နှုတ်ဆက်နေကြခြင်းဖြစ်ပါသည်။

'မတာ… ကိုယ်ပြန်မယ်၊ ကိုယ် မနက်ရထားနဲ့ပဲ ပြန်တော့မယ်…'

'မြန်လှချည်လား'

'နေချင်သေးတာပေါ့… အဝါ့အတွက် ငဲ့လို့ပါ၊ ကိုယ်ရှိနေလို့ အဆင်ပြေရင် တော်ပါသေးရဲ့၊ မပြေရင် ကိုယ့်အတွက် အဝါ ကျောင်းတက်ရာမှာတောင် အဟန့်အတားတွေ ဖြစ်လာမှာစိုးလို့ပါ'

'ဟုတ်တာပေါ့လေ…အတာတို့လည်း သန်ဘက်ခါ ပြန်ခဲ့မယ် အိမ်ကို ပြောလိုက်ပါနော်'

'ကိုယ် ရန်ကုန်ဝင်ဦးမှာ၊ အတာ ဘာအရေးကြီးလို့လဲ'

'မကြီးပါဘူး…အရင် ရောက်မလားလို့ပါ…၊ ရပါတယ် နေပစေတော့'





'ဒါဖြင့်လည်း ပြီးရောလေ။ မောင်ပြန်မယ်နော်…အဝါ'

'မောင်…'

'ဘာလဲဟင်…အချစ်'

'ရန်ကုန်ရောက်ရင် စာထည့်လိုက်ဦးနော်… အဝါ စိတ်ပူနေတယ်၊ ပြီးတော့လေ…'

'ပြီးတော့…ဘာဖြစ်သေးလဲ အချစ်ရယ်…ဟင်'

'အောက်မေ့တယ်'

'အဆင်ပြေမယ်ဆို အဝါ စာရေးလိုက်လေ၊ မောင်လာခဲ့မယ်၊ မောင် အချိန်မရွေးလာနိုင်ပါတယ်ကွယ်၊ အဝါ့ကြောင့် မောင်လည်း လွမ်းရက်နဲ့ ပြန်ရမှာပါကွယ်…သွားမယ်နော်… မောင့်အဝါလေးရယ်…'

'သွားတော့လေ၊ ဝါတော့ သိပ်လွမ်းနေဦးမှာပဲ မောင်ရယ်…'

ချစ်သူနှစ်ဦး ခွဲခွာခါနီး အလွမ်းတေးသီနေကြသည်ကို ကျွန်မမှာ ရှက်ရှက်နှင့်ပင် ပြန်ထွက်ရ ခက်နေပါသဖြင့် နားထောင်နေမိပါတော့သည်။ ကိုတင်အောင်မြင့် ထွက်ခွာသွားသည်ကို ခြံဝအထိ အဝါက လိုက်ပို့ပြန်ပါသည်။ ကျွန်မက လက်ထဲတွင် စာအိတ်လေးကိုင်ရင်း စာလာပို့သူ၏ ထူးခြားသော အမူအရာကို တွေးဆနေမိပါသည်။ ခဏအကြာတွင် အဝါပြန်လာပြီး…

'မမတာ ဘယ်ကစာလဲဟင်…'

'သြော်…အဝါ…အဝါတို့စာပါ ရော့'



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မက စာကိုလှမ်းပေး၍ ပေးသွားသူ၏အကြောင်းကိုပါ အဝါ့အား အသေးစိတ် ပြောပြလိုက်ပါသည်။ အဝါက စာအိတ်ပါ လိပ်စာများကိုဖတ်ပြီး။

'သြော် ဖေဖေတို့ မေမေတို့ရဲ့ သူငယ်ချင်းတစ်ယောက်ယောက် ထင်ပါရဲ့'

အဝါက ခပ်ပေါ့ပေါ့လေးပင် အရေးယူစရာကိစ္စမဟုတ်သလို ပြောပြီး စာကို အနီးရှိ ရေဒီယိုတင်သည့် စားပွဲလေးပေါ်တွင် တင်ထား လိုက်ပါ၏။ သည့်နောက် အဝါက ကျွန်မအား ပြောကြားလေသမျှသော အကြောင်းအရာများသည် ကိုတင်အောင်မြင့် အကြောင်းအရာများ သာ ဖြစ်ပါကြောင်း အထူးဖော်ပြရန်ပင် လိုတော့မည်မထင်ပါ။

ညဦး ၈ နာရီလောက်တွင် ဒေါ်ခင်ဦးခင်တို့ ဘုရားကိုးဆူမှ ပြန်ရောက်လာကြပါသည်။ စာကို အဝါက မပေးအပ်သေးပါ။ မေ့နေ၍ လေလား၊ မပေးသင့်သေး၍လား မသိပါ၍ ကျွန်မက ဝင်သတိမပေးမိ တော့ပါ။ ညေ့ခန်း၌သာ ကျွန်မနှင့် အဝါတို့ ထိုင်နေမိကြပါသည်။ အဝါက သူချစ်မေတ္တာအကြောင်း တီးတိုးပြောပြ နေသည်ကို ကျွန်မက နားထောင်နေရပါ၏။

'မပြန့်ပါနဲ့ဦးလား အတာရယ်…သမီးလေးက အတာရှိနေတာ သိပ်ပျော်နေရှာတာ၊ ပြီးတော့… အတာတို့ တူအရီးက အားနာစရာ ကောင်းလောက်အောင် အဖော်ရနေတော့ အန်တီခင်တို့ပါ ပျော်နေရ ပြီကွယ်'





'ဟုတ်ကဲ့ အန်တီခင်ရယ် နေချင်ပါတယ်၊ အတာလည်း ကျောင်းပိတ်တုန်း အိမ်မှာတာဝန်လေးတွေ ရှိနေလို့ပါ၊ ကြာကြာနေမယ် လည်း မပြောလာခဲ့လို့ သန်ဘက်ခါတော့ ပြန်ခွင့်ပြုပါ'

'အေးလေ…မပြန်မဖြစ်ရင်လည်း ပြန်ပေါ့၊ နောင် ကျောင်းပိတ် ရက်တွေ အဝါ့မွေးနေ့ပွဲတွေမှာလည်း လာနိုင်အောင် ကြိုးစားပါသမီး'

'ကောင်းပါပြီ ဦးလေးကျော်ရယ် ကောင်းပါပြီရှင်'

ကျွန်မတို့ သည်သို့ စကားများ အတန်ကြာ ပြောနေပြီးမှ ရေဒီယိုခုံပေါ်မှ စာလေးကို အဝါက သတိရသွားဟန်ဖြင့်၊

'သြော်…ဖေဖေတို့စာ'

ဦးထွန်းအောင်ကျော်က စာအိတ်ကိုယူ၍ ခပ်ကြာကြာ စိုက် ကြည့်နေပါသဖြင့် ဒေါ်ခင်ဦးခင်က၊

'ဘယ်ကစာလဲဟင်…ကိုကို'

'ဦး ဒေါ် တောင် တပ်မထားဘူး… သိန်း၈ ဆိုပါလား၊ ဘယ်သူများပါလိမ့်'

'ခင်ခင့်ပြစမ်းပါ ကိုကို'

ဦးထွန်းအောင်ကျော်က ဝေခွဲမရဟန်ဖြင့် စာကို ရှည်ကြာစွာ စိုက်ကြည့်နေသည်ကို ဒေါ်ခင်ဦးခင်က စိတ်မရှည်ဟန်ဖြင့် ပြောပြီး ဆွဲယူလိုက်ပါသည်။ ဒေါ်ခင်ဦးခင်က စာကိုကြည့်ပြီး ခေတ္တစဉ်းစား သလို မျက်မှောင်ကြုတ်လိုက်ပြီးမှ၊

'ဟင်…ဒါ…ဒါ… သူ…များလား…ကိုကိုရယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဘယ်သူများလဲ'

'ကို…အစ်ကို…သိန်းဖေ'

'အလို…ဖြစ်နိုင်မယ်မထင်ပါဘူးကွာ…စာကို ဖတ်ကြည့်ပါဦး ခင်ခင်ရယ်'

သည်အချိန်က ဘာတစ်ခုမှ မသိရသေးပါသော ကျွန်မနှင့် အဝါမှာ လူကြီးနှစ်ယောက်၏ ကိုယ်ရေးကိုယ်တာကို မစပ်စုလိုကြပါ၍ အပြင်သို့ ထွက်လာမိကြပါသည်။ ကျွန်မအတွက် ပေးထားသော အခန်းတွင်းသို့ အဝါပါ လိုက်လာပြီး ခုတင်ထက်တွင် လဲလျောင်းရင်း စကားပြောနေမိကြပါ၏။ အဝါ့စကားများက နားညီးဘွယ်ကောင်း လွန်းနေပါ၍–

'ဒီ ကိုတင်အောင်မြင့်အကြောင်း မပါရင် စကားမပြောတတ်တော့ဘူးလား အဝါရယ်၊ နားညီးလာပြီ'

'ကိုတင်အောင်မြင့်…ကိုတင်အောင်မြင့်…မိဝါချစ်တဲ့ ကိုတင်အောင်မြင့်…မိဝါအသည်း ကိုတင်…'

'အို…သွား'

ကျွန်မကို အဝါက သူ့ကိုယ်နှင့်ဖိ၍ ဖက်ထားပြီး နားနား ကပ်ကာ တမင်ရွဲ့ပြီး ဆက်တိုက်ပြောနေပါတော့သည်။ သည်တစ်ခါမှ တကယ်ပင် နားတအုံလုံး ပူထူရပါပြီ။ ကျွန်မက အဝါ့ကို တွန်းပစ်၍ ပူနေသောနားကို လက်နှင့်အုပ်ဖိပြီး ပွတ်နေမိပါ၏။ အဝါရော ကျွန်မပါ ခွက်ထိုးခွက်လန် ရယ်မောနေမိကြပါသည်။ ပြီးမှ ကျွန်မက…





'လွန်တယ်ကွယ်…အဝါတို့ကတော့ တကယ့်ကိုပဲ'

'ဒါတောင် ပါးစပ်က ပြောရတာ နည်းသေးတယ်၊ အဝါ့ အသည်းနှလုံးသားထဲမှာလေ…မောင်…မောင်နဲ့၊ ကိုတင်အောင် မြင့်… ကိုတင်အောင်မြင့်ဆိုတာတွေပဲ မြည်နေတယ် မမတာရဲ့'

'အမလေးဟဲ့ နော်…'

'တကယ်ပါ… သူနဲ့သာဝေးရရင် အဝါသေမှာပဲ၊ ပြီးတော့ လေ…သူဟာ အဝါ့အချစ်ဦးပဲ၊ အဝါ့ရဲ့ ချစ်မေတ္တာနဲ့ ကိုယ်ခန္ဓာကို သူသာပိုင်ဆိုင်စေရမယ်။ တကယ်လို့ အဝါ့ဘက်ကသာ ချိုးဖွင်း သွားမယ်၊ ညစ်နွမ်းသွားမယ်ဆိုရင် အဝါ သတ်သေပစ်လိုက်မှာ မမတာရဲ့'

'အဝါကလည်းကွယ်… သိပ်စိတ်ကူးယဉ်တာပဲ၊ ဟော… နားထောင်စမ်းအဝါ'

တစ်ဖက်ခွန်း ရောက်လွန်းနေပါသော အဝါ့စကားများကို ကျွန်မက ဟန့်တားလိုက်ရပါ၏။ ထိုစဉ် အသံတစ်ခု သဲ့သဲ့ကြားရပါ၍ သက်ကာပြီး နားစွင့်နေလိုက်မိကြရာ…

'ဟင်…မေမေ့ ငိုသံပါလား'

'ဟုတ်တယ် အဝါ'

'ဘာဖြစ်တာပါလိမ့်၊ ဖေဖေနဲ့လည်း တစ်ခါမှ ရန်မဖြစ်ဖူးပါဘူး၊ မေမေ ဒီလိုလည်း တစ်ခါမှ မငိုဖူးပါဘူး၊ လာ မမတာ… အဝါတို့ အပြင်သွားရအောင်'



www.burmeseclassic.com

www.burmeseclassic.com



'မမတာလိုက်လို့ မကောင်းပါဘူး ညီမရယ်…အဝါသာသွား'

ကျွန်မက အဝါ့ကို တွန်းပို့ရင်း ပြောလိုက်ရပါသည်။ အဝါသည်လည်း ပျာယာခတ်သွားရှာပါ၏။ အဝါ ပြေးထွက်သွားလျှင် ကျွန်မရင်တို့ လှုပ်ရှားစွာဖြင့် နားစွင့်နေမိပါသည်။ ကိုယ်ခေတ္တမှီ၍ နေရပါသော အိမ်ရှင်တို့ မကြည်လင်သောစိတ်ဖြင့် သောက ဝေဒနာရနေသည်ကို မကြည့်လိုပါ။ ပြီးခဲ့သည့် အချိန်များကလိုပင် အဝါတို့မိသားစု စိတ်လက်ရွှင်ပျစွာ ကြည်ကြည်သာသာ ရှိနေစေချင်မိပါသည်။ ကျွန်မက အခန်းဝမှ ရင်ထိတ်စွာရပ်ရင်း အဝါတို့သားအမိ၏ အဖြစ်ကို နားစွင့်နေမိပါသည်။ တစ်အိမ်လုံး တိတ်နေပါ၍ အသံတို့က လွင့်ပျံ့လာနေပါ၏။ ကျွန်မ ကျွန်မ ကြားသာလာပါပြီ…

'ဘယ်လိုလုပ်ကြမလဲ…ကိုကိုရဲ့၊ ခင်ခင်ကြောင့်၊ ဒါ…ခင်ခင် မကောင်းခဲ့လို့…ဟို့'

'အို…ခင်ခင်ကလည်းကွယ်… အခြေအမြစ်မရှိတာကို အလကား ယုံနေတယ်၊ မဖြစ်နိုင်လိုက်တာ…မဖြစ်နိုင်ပါဘူး'

ဦးထွန်းအောင်ကျော်၏အသံ ဆုံးလျှင်ပင်…

'မေမေရယ်၊ မေမေဒီလောက် စိတ်လှုပ်ရှားတာ သမီးတစ်ခါမှ မတွေ့ဖူးဘူး၊ သမီးလည်း ငိုချင်တယ် မေမေရဲ့၊ ဘာဖြစ်နေကြတာလဲ သမီးကို ပြောမပြနိုင်ကြဘူးလား ဖေဖေတို့ရယ်'

'ထိုင်…ထိုင်သမီး၊ သမီးတို့သားအမိ ငိုနေကြတော့ ဖေဖေ ရင်ထဲ ဘယ်လိုနေမလဲကွယ်၊ ဖေဖေ အတိုချုပ်ပြောပြမယ်။ သမီးသည်း ခေတ်လူငယ် ပညာတတ်တစ်ယောက်ပဲ စဉ်းစားချင့်ချိန် ကြည့်စမ်းပါကွယ်'

'ဟုတ်ကဲ့ဖေဖေ'

'သမီးမေမေဟာ… ဖေဖေနဲ့ မတွေ့ခင်က ကိုသိန်းဖုံဆိုတဲ့ လူတစ်ယောက်နဲ့ ဟို ဟို ဟာ နည်းနည်း ဆက်သွယ်ခဲ့ဖူးတယ် ဆိုပါတော့၊ ဒါ အပြစ်မှတ်ပါဘူး၊ ဖေဖေရော ဖေဖေရဲ့ ဆုံးသွားတဲ့ မိဘတွေပါ သိကြပါတယ်၊ ဒီလိုနဲ့ ဖေဖေတို့ လူငယ်ချင်းရော… လူကြီးချင်းပါ သဘောမျှကြပြီး လက်ထပ်ခဲ့ကြတယ်၊ ဖေဖေရော မေမေရော ချစ်ကြင်နာကြတယ်၊ စိတ်ချမ်းသာခဲ့ကြတယ်ဆိုတာ သမီး အမြင်'

• 'သိပါတယ် ဖေဖေရယ်'

'အေး အခုဆို နှစ်ပေါင်း နှစ်ဆယ်အစိတ်လောက် ရှိလာမှ ဒီ ကိုသိန်းဖုံဆိုတဲ့လူ ပေါ်လာပြီး ဒီစာကို ရေးလိုက်တာပဲ'

'စာက…'

'ရော့…သမီးဖတ်ကြည့်လေ'

စကားသံများက တိတ်ဆိတ်သွားကြပါ၏။ ဒေါ်ခင်ဦးခင်၏ ရှိုက်သံများသာ တစ်ချက်တစ်ချက် လွင့်ပျံ့နေပါ၏။ အဝါဖတ်နေသော စာကို ကျွန်မ မြင်တွေ့ဖတ်ကြည့်လိုလှပါသည်။ သူတစ်ပါး၏ အတွင်းရေးကိစ္စများကို သိချင်လိုစိတ် မရှိခဲ့ဖူးပါသော်လည်း ယခု ဒေါ်ခင်ဦးခင်တို့၏ ပြဿနာကိုမူ ကျွန်မ သိလိုစိတ် ပြင်းပြနေမိပါသည်။







www.burmeseclassic.com

www.burmeseclassic.com



မတော်လွန်း၍သာ အခန်းတွင်း၌ နေရပါ၏။ ကျွန်မစိတ်များက အဝါတို့မိသားစုနားတွင်သာ ဝဲပျံနေပါသည်။ အာရုံစိုက်နေမိပါသည် ခဏအကြာတွင် အဝါစာဖတ်၍ ပြီးဆုံးသွားဟန်ရှိပါသည်။ ဦးထွန်း အောင်ကျော်၏ အသံက တိတ်ဆိတ်မှုတွင်းသို့ ဖြိုခွင်းတိုးဝင်လာပါ၏

'ကဲ ဘယ့်နှယ်လဲသမီး၊ ဒီ နှစ်ဆယ်ရာစုခေတ်မှာ စုန်းကဝေ အတတ်ပညာဆိုတာ လက်ခံနိုင်စရာရှိပါသေးရဲ့လားကွယ်'

'ဟုတ်ပါရဲ့မေမေရယ်…မေမေငိုနေလို့သာ သမီးပါ ဝိုင်းငိုရတာ၊ စိတ်ထိခိုက်ရတာ၊ တကယ်တော့ ဒီစာဟာ ရယ်စရာတောင် ကောင်းသေးတော့။ ဖေဖေရဲ့စိတ်ကိုလာပြီး လွှမ်းမိုးကြီးစိုးမယ် ဆိုရအောင် ဖေဖေက စိတ်ဓာတ်နုနယ်သူမှ မှုတ်ဘဲ၊ အနုံညာတလည်း မဟုတ်ပါဘူး။ မဖြစ်နိုင်လိုက်တာ မေမေရယ်၊ သမီးဟာလည်း ခလေးလေး မဟုတ်တော့ဘူး၊ စီစဉ်စွမ်းဆောင်နိုင်တဲ့ အရွယ်လည်း ရောက်လာပါပြီ။ ပြီးတော့… တံတိုင်းကြီးလို ကာကွယ် ထားနိုင်မယ့် ဖေဖေ့လို ပုဂ္ဂိုလ်ကြီး တစ်ယောက်လုံးလည်း မေမေ့ရှေ့မှာ ရှိနေပြီပဲ မေမေရယ် နော်'

'ဟုတ်ပါတယ် ခင်ခင်၊ သမီးလေးပြောသလိုပါပဲ၊ ကိုကိုဟာ သူများအမှုကိစ္စတွေရဲ့ရှေ့မှာတောင် မားမားရပ်ပြီး ဖြေရှင်းပေးခဲ့တဲ့ ဝတ်လုံတစ်ယောက်ပါကွယ်၊ ခုလို စုန်း၊ ကဝေ၊ မှော် အတတ်ပညာနဲ့ တိုက်မယ် ဆိုတာလောက်တော့ ကိုကိုတို့အဖို့ အသေးအဖွဲပါ။ အထူး လုပ်စရာမှုတ်ပါဘူး၊ အလကား စိတ်ပင်ပန်းခံလို့ကွယ်'





'ခင်ခင်လည်း ဒီလို လောကီပညာရပ်တွေကို ဘယ်တုန်းက ယုံကြည်ခဲ့ဖူးလို့လဲ ကိုကို၊ ဒါပေမယ့် ကိုသိန်းဇံရဲ့စာဟာ ကိုကိုတို့ ပြောသလောက် မပေါ့ဘူး၊ မလွယ်ဘူးကွယ်၊ အနှစ်နှစ်ဆယ်ကျော်လုံး ကျည်းတဲ့စိတ်တွေ မွေးထားပြီးမှ ချေမယ့် ဂလဲ့စားဟာ ပေါ့ပေါ့ တန်တန် ဖြစ်နိုင်ပါ့မလား…၊ မေမေသိတယ် သမီးလေးရယ်၊ မလွယ်ဘူးဆိုတာ ခင်ခင်သိတယ် ကိုကိုရဲ့'

'ခင်ခင်ပြောတာ မှန်ပါတယ်၊ ဒါပေမယ့် ကိုကိုတို့ကို လာ သတ်မယ်၊ မီးရှို့မယ်။ ဆိုကြပါစို့ သမီးလေးပဲ ပြန်ပေးဆွဲမယ် ဆိုရင်တော့ သဘာဝကျတယ်၊ ဖြစ်နိုင်တယ်။ ဒါဆိုရင် ကြောက်ပါ၊ ကြောက်ပါ ခင်ခင်။ ခုဟာကကွယ် စုန်းတိုက်မယ်၊ ကိုကို့စိတ်ကို ပြောင်းပစ်မယ်ဆိုတာကတော့ကွာ လူကြားရင်တောင် ရယ်စရာကြီး'

'အေးလေ… ကိုကိုတို့ကတော့ တစ်မျိုးမြင်နေတာကိုး၊ ခင်ခင် ကတော့ သိပ်စိတ်လေးတာပဲ။ ကိုကိုတို့ သားအဖ လက်မခံနိုင်ဘူး ဆိုလည်း ဒီစကား ထားလိုက်ကြပါစို့ရယ်လေ'

'ခင်ခင်ပြောတာ မလေးစားလို့ မှုတ်ပါဘူးကွယ်၊ မဖြစ်နိုင်လွန်း တာကို ခင်ခင်က အလကား စိတ်ပင်ပန်းခံနေလို့ ခင့်ခင့်ကို သနားလို့ ပါ။ လာ ခင်ခင် အခန်းထဲသွားပြီး ခဏ နားနေကြရအောင်ပါကွယ်၊ ခုတော့ သိပ်ပင်ပန်းတာ၊ လာ…လာ…ထပါကွယ် ခေါင်းကိုက် ပါဦးမယ်'



www.burmeseclassic.com

www.burmeseclassic.com



ဦးထွန်းအောင်ကျော်၏ ကြင်နာလွန်းသော ယုယမှုက ဒေါ်ခင်ဦးခင်၏ စိတ်အစဉ်ကို အေးငြိမ့် စိမ့်ဖြာနိုင်စေမည်မှာ အမှန်ပါပင်။ လင်သားတစ်ယောက်၏ ကြီးမားသော မေတ္တာဖြင့် ယုယ ကြင်နာမှုသည် ဇနီးသည်တစ်ယောက်အတွက် ကန္တာရတွင်းမှ စိမ့်စမ်းရေကြည်အိုင်တစ်ခုကို သောက်သုံးခွင့်ရရှိသည့်ပမာ ဖြစ်ပါ လိမ့်မည်သာ။

ဦးထွန်းအောင်ကျော်တို့ အသံတိတ်သွားကြပြီဖြစ်ပါသဖြင့် သူတို့၏ အခန်းသို့ ဝင်ကြပြီထင်ပါသည်။ အတူအိပ်သော အဝါပါ အခန်းတွင်း ဝင်လိုက်သွားလေသလား မသိပါ၊ အဝါထွက်သွားစကပင် မတ်တတ်အနေအထားနှင့် အသက်ရှူမှားမတတ် စိတ်ဝင်စားနေမိပါသော ကျွန်မမှာ ယခုမှပင် သက်ပြင်းတစ်ချက် ချလိုက်နိုင်ပါတော့သည်။ ကျွန်မမှာ ခုတင်ပေါ်တွင် လှဲလျောင်းချလိုက်ရပါတော့သည်။ တစ်ဖန်ခန်းရှိ ကျွန်မအဖော် ကျွန်မအဒေါ်မှာ ယင်းအဖြစ်ပျက်များကို ကြားသိလေသလား၊ မသိလေသလား မသိပါ။ သူက စောစီးစွာဖြင့် အိပ်ပျော်တတ်လေ့ရှိသူဖြစ်ပါသည်။ ကျွန်မမှာ အဝါတို့အကြောင်းသာ အချိန်ကြာမြင့်စွာ တွေးတောနေမိစဉ်-

'မမတာ'

'ဟင် အဝါ'

အဝါဝင်လာသည်ကိုလည်း မသိ မမြင်မိလိုက်ပါ။ အနားရောက်၍ အသံပြုမှ ကျွန်မသိလိုက်ရပါတော့သည်။ ကျွန်မက





ခုတင်ထက်မှ ရုတ်တရက် ထထိုင်လိုက်ပြီး အဝါ့ကို ငေးကြည့်နေမိပါသည်။ အဝါမှာ မျက်နှာမသာမယာ ရှိပါသော်လည်း အလွန်အမင်းပူပင်သည့်စိတ်တို့ ကိန်းဝပ်နေခြင်းဖြင့် ရှိဟန်မတူပါ။ သူ့လက်တွင် စာတစ်ရွက်က ခေါက်လျက် ကိုင်ထားဆဲပင်။

'ထိုင်လေ အဝါ၊ မမတာလာတုန်း ခုလိုဖြစ်ရတာ တကယ်ပဲ စိတ်မကောင်းပါဘူး အဝါရယ်'

'ကိစ္စမရှိပါဘူး၊ မမတာနဲ့လည်း ဘာမှ မပတ်သက်ပါဘူးလေ'

'ဒီစာကို မမတာကိုယ်တိုင်လည်း လက်ခံထားလိုက်မိတာယ် မှတ်လား အဝါ၊ အန်တီခင်တို့ ဒီလိုဖြစ်မယ်မှန်း သိရင် မမတာ ယူဘဲနေလိုက်ရ ကောင်းသားနော်'

'ဒီလိုလည်း ဘယ်ဟုတ်မလဲ မမတာရဲ့၊ ဒီအိမ်ရှေ့တောင် ရောက်လာမှတော့ ဒီစာကို မရောက် ရောက်အောင် ပေးသွားတော့မှာပေါ့။ မမတာနဲ့မကြုံလည်း တစ်ယောက်ယောက် ပေးခဲ့မှာပဲ၊ အဲဒါ သားလိုက်စမ်းပါ။ မမတာဆီက တစ်ဆင့်ရတာပါလို့ မေမေတို့တောင် မသိပါဘူး'

အဝါ့စကားများကို ကျွန်မက ဘာမှပြန်မဖြေကြားမိတော့ပါ။ အဝါများ ဘာပြောလာလေမလဲဆိုသည့် စောဖြင့်သာ ကျွန်မ မျှော်လင့်စောင့်စားနေမိပါသည်။

'မမတာ'

'ပြောပါ အဝါ'



www.burmeseclassic.com

www.burmeseclassic.com



'စုန်းတို့ ကဝေတို့ ဆိုတဲ့ အတတ်ပညာတွေဟာ တကယ် ရှိသလား တကယ်စွမ်းဆောင်လို့ ရသလားဟင်'

'ပြောဖို့တော့ ခက်သားလား အဝါရယ်။ မမတာတို့ တွေးနိုင်တာထက် ပိုပြီး နက်ရှိုင်းကျယ်ဝန်းလိမ့်မယ် ထင်ပါတယ်။ ဒါပေမယ့် မမတာ စိတ်သဘောတစ်ခုတည်း ပြောစမ်းဆိုရင်တော့ မယုံဘူးအဝါ၊ ဒီပညာရပ်တွေနဲ့ လူတစ်ယောက်ကို လှည့်စားနိုင်လိမ့်မယ်လို့လည်း မထင်ဘူး၊ မမတို့ အဝါတို့က သိပ္ပံပညာရပ်ကို သင်ကြားနေတဲ့ ကျောင်းသူတွေပါ အဝါ။ မမတာတို့ရဲ့ လက်တွေ့ပိုင်းအနေနဲ့ဆိုရင်တော့ အများကြီး ကွာဟ နေလိမ့်မယ်ထင်ပါရဲ့ ညီမရယ်၊ ဘာဖြစ်လို့လဲဟင်'

အဝါကပါ ကျွန်မစကားကို ဝိုင်းစဉ်းစားနေဟန်တူပါသည်။ ဘာမှ မပြောသေး ငေးငိုင်နေပြီးမှ၊

'မမတာဟာ အဝါတို့မိသားစုဝင်လို ဖြစ်နေပါပြီလေ၊ ခုန ဖေဖေတို့ ပြောနေတာတွေလည်း မမတာ ကြားမှာပေါ့၊ ဒါကြောင့် ဒီစာကိုသာ ဖတ်ကြည့်ပါတော့ မမတာ'

ကျွန်မမှာ အဝါကမ်းပေးသည့် စာရွက်လေးကို လှမ်းယူပြီး သိချင်ဇောကြီးစွာဖြင့် စာကို စူးစူးစိုက်စိုက်ကြည့်ကာ အသေအချာ ဖတ်လိုက်မိပါသည်။ စာအိတ်တွင် ဦးထွန်းအောင်ကျော်အမည်ပါ တပ် ထားပါသော်လည်း အတွင်း၌ ဒေါ်ခင်ဦးခင်သို့သာ ရည်ညွှန်း ထားပါကြောင်း မြင်တွေ့ရပါသည်။





ခင်ခင်

ကိုယ် သိန်းဖဲပါ . . .

ဒီနာမည်ကိုတော့ မမေ့သေးဘူးထင်ပါတယ်၊ ငါ့ရင်ထဲမှာတော့ နှစ်ပေါင်းများစွာကြာပေမယ့် အခုဖြစ်နေရဆဲ၊ ခံနေရဆဲလိုပဲ၊ ရင်ထဲမှာ နာနေတုန်းပဲ ခင်ခင်ရေ . . .။

မင်း . . . မင်းကတော့ ဖြစ်ချင်တာနဲ့ ငါ့အသည်းကို နင်းချေတာမျိုး၊ ငါ့ရင်ကိုခွဲတာမျိုးလောက်သာဆိုရင် ငါဒီလောက်မနာဘူး ခင်ခင်ရယ်၊ ခုတော့ ငါ့ဘဝကိုပါ ဖျက်ဆီးတယ်၊ အပြစ်မဲ့တဲ့ ငါ့အဖေအိုကြီးကို အချုပ်ခန်း ကျဉ်းလေးထဲမှာ ခုနစ်ရက်လုံး ငါနဲ့အတူ ငရဲခံခိုင်းခဲ့ကြရက်တယ်၊ အလုပ်ကြမ်းသမားဆိုတော့ အဲဒီကရလာတဲ့ဒဏ်နဲ့ နလံမထူနိုင်ဘဲ သေခဲ့ရပြီ ခင်ခင်ရဲ့။

ငါဟာလည်း ဘိန်းသူခိုးအဖြစ်နဲ့ ငါ့ရပ်ရွာမှာ မျက်နှာမပြဝံ့လောက်အောင်၊ လူတောထဲမဝင်ဆန့်နိုင်လောက်အောင် ဖြစ်ခဲ့ရတဲ့ဘဝ . . .။ မင်းတို့ရဲ့ အကြံအစည် စီမံကိန်းတွေက ရက်စက်လွန်း ပက်စက်လွန်းလှပါတယ်။ ငါခံစားရတာ ရင်နာရတာတွေသာ ရေးပြရရင် ဘယ်တော့မှ ဆုံးမှာ မှုတ်တော့ဘူး။

ဟိုတုန်းကတော့ မင်းတို့က ငွေရှိတယ်၊ ဂုဏ်ရှိတယ်၊ အာဏာရှိတယ်။ ဥပဒေဆိုတာက မင်းယောက်ျားကြီးတွေ



www.burmeseclassic.com

www.burmeseclassic.com



ဖန်တီးတည်ဆောက်နိုင်တဲ့အရာ ဖြစ်ပါတယ်၊ သက်ဦးဆံပိုင်လို့ တို့နယ်မှာ မင်းယောက္ခမဟာ ရှင်ဘုရင်ပါ။ ဒါကို မင်းအမေ ဒေါ်ကျော့တင်ကြီးက ကိုးကွယ်ဆည်းကပ်ပြီး ငါတို့မျက်နှာရွဲ့သားအဖကို လုပ်ရက်ကြတာထားပါတော့…။ တစ်ချိန်က ချစ်လှပါတယ်ဆိုတဲ့၊ ငါရင်ကွဲမတတ် မြတ်နိုးခဲ့ရတဲ့ မင်းက မင်းယောက်ျားကို မျက်နှာလိုချင်တာနဲ့ ဝိုင်းပြီး ရက်စက်ခဲ့တယ်နော် ခင်ခင်။

ကဲ… ဒါတွေက ငါခံရတဲ့အပိုင်း။ ခုတစ်ခါ ငါ့အလှည့်ရောက်လာပြီ။ တန်ပြန်ခံပေဦးတော့ ခင်ခင်ရေ။ ငါ့ရင်ထဲက လုယူသွားတဲ့ မင်းယောက်ျားရဲ့စိတ်ကို ငါက ပြောင်းပစ်မယ် ခင်ခင်၊ ငါ့စိတ်သွင်းမယ်။ ငါလုပ်ချင်တာတွေကို မင်းယောက်ျားက အားလုံးလုပ်လိမ့်မယ်။ မင်းကို နှိပ်စက်လိမ့်မယ်။ တို့ငယ်ငယ်က ပွဲကြည့်ရတဲ့ မကြေးမုံ နတ်တိုက်တာ မှတ်မိမှာပေါ့၊ အေး မင်းယောက်ျားစိတ်ကို ငါပိုင်တော့မယ်။ ငါခိုင်းတော့မယ်…။

ဒီလို သူတစ်ပါးရဲ့စိတ်ကို ကြီးစိုးချယ်လှယ်နိုင်တဲ့ 'စုန်းကဝေဆိုတဲ့ အောက်လမ်းပညာရပ်' ကို ငါဟာ နှစ်ပေါင်းများစွာ သင်ကြားလေ့လာခဲ့ရတယ်။ ဒါမှ မင်းတို့ရဲ့စိတ်ကို နှိပ်စက်လို့ရမှာကိုး ခင်ခင်ရဲ့။

ငါ့ဒီပညာ တတ်ပြန်တော့လည်း မင်းတို့ကို ရှာလိုက်ရတာ မင်းတို့အကြောင်း စုံစမ်းလိုက်ရတာ၊ ခုမှပဲ တွေ့ရ





ကြားရတော့တယ်။ မင်းယောက်ျားက မင်းကို သိပ်မြတ်နိုးကြင်နာဆိုပါလား…အေး "သူ့ရဲ့ မူလစိတ်တွေ ငါနှုတ်ယူလိုက်မယ်" "ငါ့ရဲ့စိတ်တွေ သူ့ဆီသွင်းပြီး ငါမင်းကို နှိပ်စက်ချင်သလို နှိပ်စက်ပြမယ်" ဟုတ်လား… ငါ့ရဲ့ စုန်းကဝေပညာစွမ်းဟာ ဘယ့်လောက်ထက်မြက်တယ်ဆိုတာ မင်းလက်တွေ့သိရမှာပေါ့ကွာ…

ဒါပဲ ခင်ခင်၊ မကြာခင် မင်းတို့မိသားစုရဲ့ရင်ကို ခွဲဖို့ ငါ့ကဝေ ပညာနဲ့ စီရင်လိုက်တော့မယ်… ငါခံစားရတာထက် ဆယ်ဆပိုရ စေမယ်…

သိန်းဇံ
တောင်ပိုင်းရှမ်းပြည်နယ်
မိုင်းတုံမြို့။

ကျွန်မစာဖတ်၍ ပြီးဆုံးသွားပါသော်လည်း အဝါက ဘာစကားမှ မပြောသေးပါဘဲနှင့် ကျွန်မ၏ဝေဖန်ချက်ကို စောင့်နေဟန်ဖြင့် ကျွန်မကို ငေးကြည့်နေရှာပါသည်။ ကျွန်မထံမှ ဘာစကားသံမျှ ထွက်မလာပါ၍ အဝါက မနေနိုင်တော့သည့်ဟန်ဖြင့်–

"ဒီစာကို မမတာ ဘယ်လိုသဘောရသလဲဟင်"

ကျွန်မက စဉ်းစားချင့်ချိန်ပြီးမှ–



www.burmeseclassic.com

www.burmeseclassic.com



'ခက်တာက မမတာတို့ မမွေးခင် အချိန်က အဖြစ်အပျက်တွေဆိုတော့လည်း ဟိုတုန်းက ဘာတွေဖြစ်ခဲ့ပျက်ခဲ့ ကြတယ်ဆိုတာ မမတာတို့ဘက်က မခန့်မှန်းနိုင်ကြဘူးပေါ့၊ ဒါပေမယ့် အဲဒီ ကိုသိန်းဇံရဲ့စာမှာ ပါသလို ဂလဲ့စားချေမယ်ဆိုတဲ့ သူ့ရဲ့နည်းကတော့ မဖြစ်နိုင်လွန်းပါဘူး အဝါရယ်၊ သူထင်တာ သူသန်တာ ပြောနေတာဖြစ်မှာပါ၊ ဘယ့်နဲ့ကွယ် ဒီခေတ်ကြီးမှာ ပြုစားတဲ့အတတ်ဆိုတာ ခေတ်ကုန်နေပါပြီ။ အမှန်တော့ မမတာ ထင်တယ်လေ··· အန်တီခင်များ အကြောက်လွန်တာ ဖြစ်နေလေမလားပဲ'

'ဟုတ်တယ်၊ အဝါလည်း ဒီစာကို ဖတ်ပြီး ဒီလိုပဲ ယူဆချင်ပါတယ် မမတာ၊ ဒါပေမယ့် မေမေဟာ အင်မတန်မှ ဆင်ခြင်တွေးခေါ်နိုင်တဲ့ မိန်းမတစ်ယောက်ပါ၊ ဒါကိုလည်း အဝါ ယုံကြည်ပါတယ် မမတာ၊ ဒါကြောင့် အတွေးရခက်နေတာပေါ့၊ မေမေဟာ အဖြစ်သဲတတ်တဲ့ မိန်းမစားမျိုးလည်း မဟုတ်လို့ အကြောင်းမဲ့တော့ ဒီလိုမဖြစ်တန်ရာဘူးလို့လည်း အဝါထင်မိပါတယ်'

'အေးကွယ်···မမတာ ရောက်လာတုန်း ဒီလို ဖြစ်ကြရတာ မမတာ တကယ်ပဲ စိတ်မကောင်းပါဘူး အဝါရယ်'

'ကိစ္စမရှိပါဘူး။ ဒီပြဿနာကို မမတာ သယ်လာတာမှ မဟုတ်ပဲ မမတာရယ်၊ အဝါတို့ကတောင် ပြန်ပြီး မမတာကို အားနာရဦးမှာပါ'

'မလိုပါဘူးအဝါ မမတာရဲ့စိတ်မှာ ကိုယ်ပိုင်ပြဿနာလို





ကိုယ့်မိသားစုရဲ့ သောကတစ်ခုလိုပဲ သတ်မှတ်ထားပါတယ်။ အဝါနဲ့ ထပ်တူလိုပဲ ခံစားရတယ်ဆိုတာ ယုံပါကွယ်'

'အဝါသိပါတယ် မမတာ၊ အဝါယုံပါတယ်ရှင်'

ကျွန်မတို့နှစ်ယောက်လုံး အတွေးကိုယ်စီဖြင့် စကားမပြောဖြစ်ကြတော့ပါ။ ဒေါ်ခင်ဦးခင်၏စိတ်လှုပ်ရှားမှုမှာ ချောက်ချားစရာကောင်းလောက်ပါပေသည်။ ယင်းသို့သာ မဖြစ်ခဲ့ပါလျှင် ကျွန်မတို့ မကြုံတွေ့ရပါလျှင် သည်စာပါ အကြောင်းအရာကို ထည့်သွင်း၍ပင် စဉ်းစားဖြစ်ကြလိမ့်မည်မဟုတ်ပါ၊ ရယ်ရွှင်ဖွယ် အဆင့်လောက်သာ ရှိကြလိမ့်မည်ထင်ပါသည်။

ယခုမူ တွေးခေါ်မြော်မြင်နိုင်သော ဆင်ခြင်စဉ်းစားနိုင်ပါသော ဒေါ်ခင်ဦးခင်မှာ အကြောင်းမဲ့ဖြင့် သည်မျှ မဖြစ်တန်ရာပေါ၊ ဦးသိန်းဇံ၏ စာမှာ ကျွန်မတို့အမြင်၌ ဖြစ်နိုင်စရာ အကြောင်းမရှိပါ၊ ယုတ္တိမတန်ပါ၊ သို့တစေ ဒေါ်ခင်ဦးခင် သည်မျှလောက် ခံစားမှု ရှိသွားရသည်ကိုဖြင့် စဉ်းစားဖွယ်ရာဖြစ်ပါသည်။

'မမတာ'

'ဟင်'

'အဝါတော့လေ မေမေဒိုနေတာကို သနားတာက လွဲလို့ ဒီစာနဲ့ ပတ်သက်ပြီး အယုံအကြည်ကို မရှိဘူး။ ရှင်းရှင်းပြောရရင် နည်းနည်းမှ မတုန်လှုပ်မိဘူး။ ပြီးတော့ ဖေဖေရဲ့ အရည်အချင်းကိုလည်း အဝါ ယုံတယ် မမတာ'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ပါတယ် အဝါ၊ ဦးလေးကျော်လို အစစအရာရာ ဝေဖန်ပိုင်းခြားနိုင်တဲ့ ပုဂ္ဂိုလ်တစ်ဦးကို ဖခင်အဖြစ် တော်စပ်ရတာ ခင်ပွန်းသည်အဖြစ် ပေါင်းသင်းရတာ အဝါတို့သားအမိအတွက် တံတိုင်းကြီးကာဆီးထားသလိုပါပဲ အဝါ၊ ဘာမှ ကတီမ်းကပါး ဖြစ်နိုင်စရာအကြောင်း မရှိပါဘူးလေ'

သည်သို့ အဝါကို နှစ်သိမ့်ခဲ့သည့် အတိုင်းလည်း ကျွန်မတွင် ခံယူချက်ရှိပါသည်။ ဦးလေးကျော်ကို ကိုးစားမိသည်။ ယင်းပြဿနာသည် နောင်အခါတွင် ခက်ခဲနက်နဲလာလိမ့်မည်။ အသည်းကွဲလောက်အောင် နာကျည်းရှုပ်ထွေးစရာများနှင့် ကြုံဆုံလာရ ပေလိမ့်မည်ဟု ထိုစဉ်က ကျွန်မရော အဝါပါ မတွေးတတ် နိုင်ခဲ့ ကြပါ။

နောက်တစ်နေ့ ကျွန်မ၏ အပြန်ခရီးတွင် အဝါတို့ မိသားစု သုံးယောက်လုံး ဘူတာရုံထိ လိုက်လံပို့ဆောင်ကြပါသည်။ မြကျွန်းသာ မြို့ထွက်ပစ္စည်းများကိုလည်း လက်ဆောင်ပေးလိုက်သည်မှာ တောင်းတစ်လုံးနှင့်အပြည့်ပင်။ သူတို့သားအဖ သုံးယောက်လုံး တစ်နေ့က ကိစ္စကို ဘာမှ ပြန်မစကြပါ။ ဘာမှ မဖြစ်ကြသည့်ဟန် ဖန်တီးထားကြပါ၏။ ကျွန်မလာရောက်တည်းခိုခိုက် အိမ်တွင်းရေးပြဿနာကြောင့် ကျွန်မ စိတ်ညစ်ညူးသွားမည်ကို စိုးရိမ်လွန်းကြဟန် ပေါ်လွင်နေပါသည်။ အဝါနှင့် ဦးလေးကျော်က ရင်မှ ဖြစ်ရပ်အတိုင်း မျက်နှာတွင် ပေါ်လွင်နေပါသည်။ ကြည်လင်နေပါသည်။ ဒေါ်ခင်ဦးခင်၏မျက်နှာမှ အပြုံးသည် နှလုံးသားမှ တိုက်ရိုက်မလာ၊ လှုပ်ရှား





ညှိုးနွမ်းနေသော ရင်မှ ဝေဒနာကို ဖုံးဖိသိုသိပ်ထားပုံရပါသည်။ ကျွန်မကို မမြင်စေလို၍ အပြုံးနှင့် ဖုံးထားပါကြောင်း ကျွန်မ ရိပ်စားမိပါသည်။

'မမတာပြန်တော့ အဝါဖြင့် ရင်ထဲမှာ ဟာကျန်ရစ်ခဲ့တော့မှာပဲ'

'မမတာကြောင့် ဟုတ်ရဲ့လား'

'မမတာကြီးနော်'

ကျွန်မက အသံခပ်အုပ်အုပ်ဖြင့် အဝါ့နား တီးတိုးကပ်၍ ပြောလိုက်သော စကားကို အဝါက မျက်စောင်းခဲခြင်းနှင့်အတူ ပြန်လည်ချေပပါသည်။

'အတာ ဘယ်နေ့အရောက် ကျောင်းပြန်မယ်ဆိုတာ စာထည့်နော်···အဝါ့ကိုလည်း အတာရောက်မယ့်ရက်လောက် မှန်းပြီး ဦးလေးကျော်လာပို့မယ်'

'ဟုတ်ကဲ့ပါ ဦးလေးကျော်၊ အတာစာထည့်ပါ့မယ်'

'အေး အေး၊ ရထားထွက်ဖို့ အချက်တောင် ပေးနေပြီသမီး၊ အောင်တင်အောင်မြင့်ကိုလည်း ဦးလေးကျော်တို့က သတိရနေပါတယ်လို့ ပြောလိုက်ပါကွာ'

'ကောင်းပါပြီ ဦးလေးကျော်၊ အတာသွားမယ်နော် အန်တီခင်၊ အဝါရေ မမတာ စာထည့်ရင်ပြန်နော်···ကဲ အားလုံးပဲသွားမယ် အစစအရာရာကိုပဲ ကျေးဇူးတင်လှပါတယ်ရှင်'

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

မိုးပုလဲတို့ကြွေ၍ တက္ကသိုလ်မြေမှ ပန်းတို့ဝေလေပြီ။

နွေတစ်ရာသီလုံး အထည်းတည်း ရပ်တည်ခဲ့ရပါသော တက္ကသိုလ်ပရဝုဏ်မှာ ရှင်သန်နိုးကြွားလာသည့်ပမာ အသက်ဝင်လာခဲ့ပါပြီ။ တက္ကသိုလ်၏ ရင်သွေးများကို ကျောင်းဆောင်များတွင်လည်းကောင်း၊ စာသင်ခန်းများတွင် လည်းကောင်း၊ အင်းလျားကန်ဝန်းကျင်တွင် လည်းကောင်း တက်ကြွစွာလှုပ်ရှားနေသည်ကို မြင်သာနိုင်ပါပြီ။

သည်နှစ် ကျောင်းပြန်အဖွင့်တွင် အဖြစ်အသဲဆုံး စုံတွဲတစ်တွဲကို ညွှန်ပြပါဆိုလျှင် အဝါတို့ကိုသာ ညွှန်ပြရလိမ့်မည်သာ။ ကျွန်မလည်း သိရှိပြီးဖြစ်နေပါ၍ ကျွန်မရှေ့တွင်ပင် တွဲထွက်သွားလေ့ရှိပါသည်။ နေ့စဉ်လို ရက်ဆက်လိုဖြစ်နေပါ၍ ကျွန်မက-

'အဝါ သွားတာ များလွန်းနေပြီနော်။ အဝါတို့ အိမ်ကို သတင်းရောက်သွားရင် မကောင်းဘူးထင်တယ်'

'အဝါတို့ တခြားသွားတာ မှုတ်ပါဘူး၊ ဟောလီးဒေးမှာတောင် အပြင်ထွက်ခဲကြပါတယ်၊ မမတာအသိပါ။ ညနေတိုင်း သွားတာက





အင်းယားကန်စောင်းမှာ ထိုင်ပြီး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်နေကြတာပါ မမတာရဲ့'

'ယုံပေါင်တော်၊ ကြည့်ရုံနဲ့ပြီးမတဲ့လား'

'ဗိုး…မမတာနော်၊ အဝါရှက်တယ် သွား'

'အလို သူ့ဟာသူ မလုံနေတာ တို့က ဘာပြောသေးလို့လဲ၊ ကြည့်ရုံနဲ့ပြီးမလား။ တေမိဇာတ်ခင်းမတဲ့လား။ ချစ်ခွန်းမကြူကြတော့ဘူးလား၊ ဒါကိုပြောမလို့ပါ ကျောင်းအစ်မရဲ့'

'ဟွန်း တော်သေးတာပေါ့'

'ခုမှပဲ ရင်အေးတယ်ဆိုပါတော့'

'ကြည့်၊ သူများက အကောင်းပြောမလို့ဟာ'

'အကောင်းပြောပြော အဆိုးပြောပြော နားမထောင်ချင်ဘူး။ သူ့မှာ ကိုတင်အောင်မြင့် အကြောင်းကလွဲလို့ တခြားစကားပြောစရာ ရှိတော့သလိုပဲ'

ကျွန်မက ခပ်တည်တည်နှင့် ပြောလိုက်မိသည်။ အဝါက ကျွန်မမျက်နှာကို တစ်ချက်ကြည့်ပြီး မဆက်ရဲတော့သလို ငြိမ်နေပါသည်။ လူသာငြိမ်သည် စိတ်ငြိမ်ဟန်မရှိ အသိသာချည်းပါ။ အဝါတွေးနေသည်က သူ့ချစ်သူအကြောင်းသာ။

'မမတာ'

'ဟင်'

'မောင်ဟာလေ…'



www.burmeseclassic.com

www.burmeseclassic.com



'စလုံးရေတော့ စပြီကွ'

'တကယ်ပါ မမတာရယ်၊ သူဟာ သိပ်ပြီး သစ္စာရှိတာပဲ။ သိက္ခာလည်း သိပ်ရှိတယ်။ အဝါ့ကိုလေ အခွင့်အရေးယူချင်တဲ့စိတ်မျိုးနဲ့ တစ်ခါမှ မထိတွေ့ဖူးပါဘူး မမတာ၊ တကယ်ပါ'

ကျွန်မ ယုံပါသည်။ ကျွန်မ သူငယ်ချင်း၏ သိက္ခာမျိုးကို သူ့ရွယ်တူ အမျိုးသားများ ထိန်းသိမ်းနိုင်ဖို့ မလွယ်ပါ။ ပင်ကိုသိက္ခာပြည့်ဝသည့်ပြင် အဝါ့ပေါ်တွင် ချစ်မြတ်နိုးလွန်းစိတ် လွန်ကဲမှုကြောင့် ဆန္ဒစိတ်ကို ထိန်းသိမ်းနိုင်ခြင်း ဖြစ်ပါလိမ့်မည်။ အဝါ့ကိုလည်း ညှိုးနွမ်းသွားစေလိုသောစိတ် ရှိမည်မဟုတ်။ လ,ရောင်နှင့်မှ ပွင့်စေသော ကုမုဒြာကြာကို အလှကြည့်နေသည့်ပမာ တင်စားလိုပါသည်။ ကိုတင်အောင်မြင့်၏ မေတ္တာက ငွေလ,ရောင်နှယ်၊ အဝါ့အလှက ကုမုဒြာကြာပမာ။

သည့်နှယ် အဝါတို့၏ ချစ်မေတ္တာ အင်အားပြိုင်မှု အထွတ်အထိပ်သို့ ရောက်နေချိန်အတွင်း တစ်နေ့တွင်

'မမတာရေ၊ ဖေဖေလာမယ်တဲ့ ဒုက္ခပဲ'

'ဟဲ့ အဝါ၊ ဘာလဲ ဒုက္ခဆိုတာ'

'အို…မမတာကလည်း မောင်နဲ့တွေ့လို့ ဘယ်ဖြစ်တော့မလဲ၊ နက်ဖြန်ညနေဆို ဖေဖေနဲ့ အန်တီကြီးတို့အိမ် လိုက်သွားအိပ်ရမှာ'

နက်ဖြန် စနေနေ့ ဖြစ်ပါသည်။ ဦးထွန်းအောင်ကျော်သည် မနက်ပိုင်း ရထားနှင့်ရောက်လာပြီးနောက်တွင် အဝါ့ကို လာခေါ်မည်။





ဦးထွန်းအောင်ကျော်၏ အစ်မအိမ်တွင် တစ်ညအိပ်လိုက်ပြီး လိုအပ်သည်များကို ဝယ်ချမ်းပေးမည်ဟု ဦးထွန်းအောင်ကျော်၏စာတွင် ပါရှိလေသည်။ အဝါမှာ ချစ်လှစွာသော ဖေဖေလာသည်ကိုပင် အာဝင်မကျနိုင်ရှာ။

'မမတာ၊ အဝါတို့ ရာမည ခဏလိုက်သွားရရင် ကောင်းမလား ဟင်၊ မောင်နဲ့တွေ့ချင်လို့'

'ခြော် အဝါရယ်၊ အမျိုးသားကျောင်းဆောင်ကို တို့များသွားလို့ တော်မတဲ့လားကွယ်၊ ဒီလောက်တောင် ဘာအရေးကြီးနေလို့လဲ'

'နက်ဖြန် ကျောင်းဆင်းပြီးရင် မောင်လာမှာ အဝါနဲ့ချိန်းထားတယ်၊ ဖေဖေက အရင်ရောက်လာပြီး အဝါ့ကို ခေါ်သွားရင် ဒုက္ခ၊ မောင် စိတ်ညစ်သွားတော့မယ်၊ သနားပါတယ်'

'စိတ်ကြီးများညစ်ပါရဲ့ အဝါရယ်၊ သဲလွန်းတယ် တကယ်'

အဝါက ဘာမျှ ပြန်မပြော။ မျက်နှာလေးသာ ငယ်နေရှာပါသည်။

'ဦးလေးကျော်ဟာ တစ်ခါတလေမှ လာရရှာတာ၊ ဒီမှာက နေ့မြဲတွေ့နေရတာပါ အဝါ၊ ဦးလေးကျော်လို အဖေမျိုးကို အဝါ သိက္ခာမပြုသင့်ဘူးကွယ်၊ ဘယ်မိဘမှ မတုနိုင်တဲ့ မေတ္တာမျိုးနဲ့ ချစ်ရှာတဲ့ ဦးလေးကျော်ရဲ့ မေတ္တာကို အဝါ လေးစားစမ်းပါ၊ မနက်ဖြန် ဦးလေးကျော်လာရင် လိုက်သာသွား၊ မမတာ ကိုတင်အောင်မြင့်ကို တွေ့ပြီး ပြောပေးမယ်၊ စာရေးချင် ရေးထားခဲ့ပေါ့'



www.burmeseclassic.com

'ဟုတ်ကဲ့ မမတာ'

'ဒြော် ဦးလေးကျော်လာရင် မမတာပါ ဆင်းပြီး နှုတ်ဆက်ပါဦးမယ် အဝါ'

သောကြာနေ့ ညနေတွင် ထမင်းစားခန်းမ၌ စာများဝေငှအပြီး ကျွန်မတို့ချင်း ပြောနေကြခြင်းဖြစ်ပါသည်။ သည်တစ်ခါ အဝါနှင့် ပြန်လည်ဆုံတွေ့ရချိန်၌ ဒေါ်ခင်ဦးခင်၏ အပျိုစင်ဘဝမှ မေတ္တာဇာတ်လမ်းများ အသေးစိတ်ကို ကျွန်မ သိခွင့်ခဲ့ပါသည်။ ဒေါ်ခင်ဦးခင်က သမီးဖြစ်သူ အဝါအား အကြောင်းစုံ အံ၍ ပြောပြခဲ့သမျှ အဝါက ကျွန်မကို ပြန်ပြောပြပါ၏။ စနေနေ့ ညနေပိုင်းတွင် အခန်းတွင်း၌ ကျွန်မတို့ရှိနေကြစဉ် အဝါ့ညီမ့သည် ရောက်ကြောင်း အဆောင်ဒရဝမ်က လာ၍ပြောကြားပါသည်။ တွေ့လိုသူ အမည်က–

'ဦးထွန်းအောင်ကျော်'

'ကဲ မမတာ အဝါ အောက်ဆင်းလိုက်ဦးမယ်၊ အိတ်ကလေးတော့ မယူသေးဘူး၊ ဖေဖေက တစ်ခါတည်းလိုက်ခဲ့ဆိုမှ လာယူမယ်၊ မောင်လာရင်သာ မမတာပြောပေးပါ၊ အဝါပေးသွားတဲ့စာလည်း ပေးလိုက်ပါနော်'

'အေး ကောင်းပြီ အဝါ၊ မမတာလည်း ဦးလေးကျော်ကို လာတွေ့ပါဦးမယ်'

အဝါနှင့်အတူ မဆင်းသွားလိုပါ၍ ကျွန်မ ခေတ္တဆိုင်းငံ့နေပါသည်။ ကွဲကွာနေကြသော သားအဖချင်း လွတ်လပ်စွာ ဆွေးနွေးနေနိုင်ပါစေ။ ပြီးမှ ကျွန်မသွားသင့်သည်ဟု ထင်မိ၍သာ ဆယ့်ငါးမိနစ်ခန့် ခွာ၍နေပြီးမှ ဦးလေးကျော်ရှိရာသို့ ကျွန်မ ဆင်းလာ၍ တွေ့မိပါသည်။

စုံတွဲများ သဲကြလွန်းသော ဧည့်ခန်းတွင် မောင်နှင့်နှမ၊ သားနှင့်အမိ စကားပြောလေ့မရှိကြပါ။ အဝါတို့ သားအဖကို အဆောင်ရှေ့ ဆင်ဝင်အောက်တွင် မတ်တတ်ရပ်လျက် တွေ့ရပါ၍ ကျွန်မက–

'နေကောင်းပါရဲ့လား ဦးလေးကျော်၊ အန်တီခင် မပါဘူးလား'

'ဟော အတာ၊ ခုပဲ ဦးလေးကျော် မေးနေသေးတယ်။ အတာတို့ အန်တီခင်တို့က မလိုက်နိုင်ဘူးလေ၊ အိမ်နဲ့ စက်က တစ်ယောက်ယောက်တော့ စောင့်နေမှအတာ'

'ဟုတ်တာပေါ့ ဦးလေးကျော်…ဒါနဲ့ ဒီမှာ ဘယ်လောက်များ ကြာဦးမှာပါလဲရှင်'

'ကိစ္စပြီးရင် ပြန်မှာပဲအတာ၊ အမြန်ဆုံးသုံးရက် အကြာဆုံး ငါးရက်ပေါ့'

'ဟုတ်ကဲ့'

'စက်အတွက် ပစ္စည်းတွေဝယ်ဖို့ပါပဲ။ ဦးလေးကျော် လုပ်ငန်းကိုလည်း နည်းနည်းတိုးချဲ့ဖို့ စိတ်ကူးထားတယ်သမီး၊ စုံစမ်းမေးမြန်းဦးမှာတွေလည်း ရှိသေးတယ်'

'ဟုတ်ကဲ့… အတာတို့ဆီကျတော့ ဘာမှကို မကူညီနိုင်ဘူး ဦးလေးကျော်ရယ်'







www.burmeseclassic.com

www.burmeseclassic.com



'ဟာ…ကလေးတွေပဲကွယ်။ မဟုတ်တာ'

ဦးလေးကျော်က ကျွန်မတို့ကို မူလတန်းကျောင်းသူလေးများပမာ ထင်နေဆဲလားပင်။ အသက်ကြီးသူ လူကြီးမိဘများက ငယ်ရွယ်သူ သားသမီးများပေါ်တွင် အစဉ်ပင် ကလေးပမာ မြင်နေတတ်ကြသည်မှာ ဓမ္မတာပါ။

ကျွန်မနှင့် အဝါတို့မှာ ဦးလေးကျော်ယူလာပါသော စားစရာပစ္စည်းများ တပုံတပင်ကို သယ်မထားရင်း စကားပြောနေကြခြင်းဖြစ်ပါသည်။ ကျွန်မက အဆောင်ဘက် မျက်နှာမူထားပါ၍ အဝင်အထွက်ဘက် ကျောပေးထားပါသည်။ အဝါနှင့်မူ မျက်နှာချင်းဆိုင်၊ ဦးလေးကျော်က တစောင်းအနေအထားပါ။ အဝါမှာ လမ်းမဘက်ကြည့်နေရာမှ မျက်လုံးလေးဝိုင်းသွားရုံမက ပါးစပ်ပါ ဟ,သွားပါသည်။ သူ့ အမူအရာက စိုးရွံ့ထိတ်လန့်ဖွယ် မြင်ကွင်းတစ်ခုကို မြင်လိုက်ရသည့်ပမာ ကျွန်မက ဦးလေးကျော်ရှေ့တွင် ဣန္ဒြေမပျက်စေလိုပါ၍ အသာလေး လည်ပြန်လှည့်ကြည့်လိုက်မိရာ ကျွန်မေ ထင်သည့်အတိုင်းပင် မြင်ရပါသည်။

'ကိုတင်အောင်မြင့်'

သူဝင်လာသည့်အတွက် ကာယကံရှင် အဝါကိုမဆိုထားနှင့် ကျွန်မပင် ရင်ထိတ်သွားမိပါသည်။ ဦးလေးကျော် သိရှိရိပ်မိ သွားမည်ကို အဝါရော ကျွန်မပါ စိုးကြောက်မိလှပါသည်၊ ဦးလေးကျော်က ဘာမှမသိရှာပါ။ အဝါနှင့်သာ ကျွန်းမာရေး ပညာရေ





အကြောင်းများ ပြောဆိုဆွေးနွေး မေးမြန်းနေရှာပါသည်။ ဤအခြေအနေကို ဘေးလူကျွန်မက ဝင်ထိန်းပေးပါမှ ပြေလည်နိုင်ပါလိမ့်မည်။

ချစ်သူကို တွေ့လိုဇောဖြင့် ဘေးဘီသို့ မကြည့်။ တစိုက်မတ်မတ် လျှောက်လာပါသော ကိုတင်အောင်မြင့်ကိုသာ ကျွန်မက မျက်ခြေမပြတ်ကြည့်နေရပါသည်။ မလှမ်းမကမ်းအရောက်တွင်မှ ကျွန်မက သူလာရာလမ်းသို့ သုံးလေးလှမ်းတိုးသွား၍…

'ဟော…ကိုတင်အောင်မြင့်၊ အတော့ဆီလာတာမှတ်လား… အသင်းကိစ္စခိုင်းထားတာ အတာလုပ်ပြီးပြီ'

'အယ်'

ဦးလေးကျော်ကို မတွေ့သေးပါ၍ ကိုတင်အောင်မြင့်က ယောင်ချာချာ ဖြစ်နေပါ၍

'ကိုတင်အောင်မြင့် အတော့ဆီလာတာ၊ အဟော်ပဲ။ ဒီမှာ အဝါတို့ဖေဖေလည်း ရောက်နေတယ်။ မြကျွန်းသာ အဝါတို့အိမ်မှာ ဆုံခဲ့ကြတဲ့ ဦးလေးဦးထွန်းအောင်ကျော်လေ ကိုတင်အောင်မြင့်'

ကျွန်မ၏ စကားနှင့် အခြေအနေအရိပ်ရိပ်ကို ရိပ်စားမိဟန်ဖြင့် ကိုတင်အောင်မြင့်က ပျာပျာသလဲအမူရာ ပြောင်းလဲ၍…

'သြော်…ဟော်…ဟုတ်ပါရဲ့။ အခန့်သင့် တွေ့ရတာ ဝမ်းသာလိုက်တာခင်ဗျာ…ရောက်နေတာကြာပါပြီလား ဦးလေးကျော်'

'ရန်ကုန်ရောက်တာတော့ မနက်ကရထားနဲ့၊ ဒီရောက်တာတော့ခုနလေးကပဲ မောင်တင်အောင်မြင့်နဲ့ ဆိုက်ဆိုက်မြိုက်မြိုက်ကြုံပြီး တွေ့သွားရတာ ဦးလေးကျော် ဝမ်းသာပါတယ်ကွယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ကဲ့ခင်ဗျာ… ကျွန်တော်လည်း ဝမ်းသာလှပါတယ်'

ဦးလေးကျော်အနေနှင့် တစ်ခါတစ်ရံလာသော ကိုတင်အောင်မြင့်နှင့် တိုက်တိုက်ဆိုင်ဆိုင် ကြုံဆုံရလေသည်ဟု ယူဆဟန်ရှိနေပါ၍ ကျွန်မတို့သုံးယောက်လုံး ဣန္ဒြေမပျက်ရန် မနည်းသတိထားနေရပါသည်။ အဝါက စကားအများပါမှာစိုး၍လားမသိပါ။ ဘာတစ်ခွန်းမှ ဝင်မပြောပါချေ။ ကိုတင်အောင်မြင့်သို့သာ တိတ်တခိုး မျက်လုံးလေး ဝင့်ခါဝင့်ခါ ကြည့်နေရှာပါသည်။ ဦးလေးကျော်က ကိုတင်အောင်မြင့်ကို တရင်းတနှီး ဆက်ဆံရှာပါသည်။ သူ့လိုရင်းကိစ္စများကိုပါ ပြောဆိုအပြီးတွင်…

'လိုအပ်ရင် ကျွန်တော် ကူညီပါရစေလား ဦးလေးကျော်… ကျွန်တော်အားပါတယ်'

'ဖြစ်နိုင်ရင်တော့ ကောင်းလှပေသပေါ့၊ မောင်တင်အောင်မြင့်ရယ်။ ဦးလေးကျော်က ရန်ကုန်သားဆိုပေမယ့် နယ်မှာ အနေကြာနေတော့ နယ်မကျွမ်းသလို ဖြစ်နေတယ်။ ခေတ်နောက်ကျနေပြီဆိုပါတော့ကွာ… ကားမောင်းရတာတောင် တယ်မရဲလှဘူး'

'ကျွန်တော် ကားလည်းမောင်းတတ်ပါတယ်ခင်ဗျာ ဦးလေးကျော် ခိုင်းစရာရှိခဲ့ပါရင် ကျွန်တော်ဆောင်ရွက်ပေးပါရစေ'

'နေပါစေကွယ်…ကျောင်းတစ်ဖက်နဲ့ ဦးလေးကြောင့် အနှောင့်အယှက်ဖြစ်နေပါဦးမယ်'





'မဖြစ်ပါဘူးခင်ဗျာ… ကျွန်တော် အောင်ပြီးသွားပါပြီ… အမ်(မ)အက်(စ)စီ ဆက်တက်ဖို့ ကွာလီဖိုင်းဖြစ်ပါတယ်။ အခုကျွန်တော်နေခဲ့တဲ့အဆောင်မှာပဲ သူငယ်ချင်းတစ်ယောက်အခန်းမှာ ခဏနေတာပါ၊ ကျွန်တော်အားပါတယ်။ ရန်ကုန်ရောက်လာတဲ့ ဦးလေးကျော်ကို ကျွန်တော်က တလဲပြန်ကူညီပါရစေခင်ဗျာ'

'ဟုတ်သားပဲဖေဖေ…ဟို…သူက ကားလည်းမောင်းတတ်တာပဲ၊ ဖေဖေလိုရင် ကူညီခိုင်းပါ၊ ရပါတယ်'

အဝါမှာ ချစ်သူ၏ အလိုက်သိတတ်မှု၊ ယဉ်ကျေးဖော်ရွေမှုများကြောင့် ဝမ်းပန်းတသာ ရှိနေရှာပါသည်။ ကိုတင်အောင်မြင့်နှင့် ဦးလေးကျော်တို့ကိုလည်း တရင်းတနှီး ရှိနေစေလိုလိမ့်မည်သာ…

'ဒါဖြင့်လည်း ကျေးဇူးပါပဲ မောင်တင်အောင်မြင့်ရယ် ဦးလေးကျော် အစ်မအိမ်က ကားသာရတာ၊ ဒရိုင်ဘာမရှိဘူး၊ အစ်မကြီးခင်ပွန်းရုံးသွားချိန် ကားအားနေတုန်း ဦးလေးကျော် သုံးခွင့်ရပါတယ်။ မောင်တင်အောင်မြင့် မောင်းပို့ပေးနိုင်ရင်တော့ အင်မတန်မှ အဆင်ပြေမှာပေါ့ကွယ်'

'ကောင်းပါပြီး ဦးလေးကျော်ခင်ဗျာ… ကျွန်တော် ဘယ်အချိန်ဘယ်ကိုလာရမလဲသာ အမိန့်ရှိပါ။ ကျွန်တော်ကတော့ ဦးလေးကျော်ကို ကူညီခွင့်ရတာပဲ ဝမ်းသာလှပါပြီ'

ယင်းစကားစုကိုပြောရင်း အဝါ့ဘက်သို့ ကိုတင်အောင်မြင့်က တစ်ချက်ဝေ့ကြည့်လိုက်ပါသည်။ အဝါကလည်း ဆုံသွားသော



www.burmeseclassic.com

www.burmeseclassic.com



အကြည့်ချင်းကို ချစ်မျက်စောင်းလေးများဖြင့် တွန်းလှန်တိုက်ခိုက်ပါ၏။ ချစ်သူနှစ်ဦး၏ ချစ်ရည်ရွှမ်းသော မျက်ဝန်းများကို ဦးလေးကျော် မမြင်သာပါစေရန် ကျွန်မက ဦးလေးကျော်ကို စကားများ အဆက်မပြတ် ပြောပေးနေရပါသည်။

"ဒီလိုလုပ်လေ၊ မောင်တင်အောင်မြင့်…မနက်ဖြန်မှ တွေ့ကြတာပေါ့…ဦးလေးကျော် မောင်တင်အောင်မြင့်ရဲ့ ဟော(လ်)ကို လာခဲ့ပါ့မယ်။ နက်ဖြန်တော့ သမီးလေးကို ဘုရားတွေဘာတွေ လိုက်ပို့လိုက်ပါဦးမယ်။ ဒါတော့ နေပါစေတော့ ဦးလေး ကြည့်စီစဉ်လိုက်ပါ့မယ်ကွယ်…"

ယင်းအဆိုပြုချက်ကို ချစ်သူနှစ်ဦးက ကျေနပ်ခြင်း ရှိလှမည် မဟုတ်ပါသော်လည်း စောဒကတက်၍ မဖြစ်လို့သာ ငြိမ်နေကြပါကြောင်း ကျွန်မ သိပါသည်။ ဦးလေးကျော်ကိုကြည့်၍ အဝါက–

"ဖေဖေ၊ မမတာကိုပါ ခေါ်ခဲ့ချင်တယ်။ သမီးတစ်ယောက်တည်းဆို ပျင်းစရာကြီး"

"ဒီမရောက်ခင်တည်းက ဖေဖေစဉ်းစားထားတာပါ သမီး၊ ဒါပေမယ့် အတာ့ကို ခေါ်သင့်မခေါ်သင့် ချင့်ချိန်နေတာပါ။ မအားဘဲနဲ့ အားနာပြီးလိုက်ရမှာစိုးလို့ပါ၊ သမီးအဖို့ကတော့ အတာပါရင် သာကောင်းတာပေါ့ကွယ်"

ဦးလေးကျော်မှာ သိက္ခာပြည့်ဝလွန်းသူဖြစ်ပါ၍ အန်တီခင်မပါ ပါဘဲနှင့် ကျွန်မကိုခေါ်ရန် မသင့်ကြောင်း တွေးဆမိဟန် တူပါသည်။ သည့်အတွက် ချင့်ချိန်နေပါကြောင်း ကျွန်မ ရိပ်စားမိပါ၏။

ကိုတင်အောင်မြင့်နှင့်အဝါမှာ နက်ဖြန်တနင်္ဂနွေ တစ်နေ့တာ မတွေ့ဆုံကြရမည်ကို တစ်ကမ္ဘာခြားသွားမလောက် စိုးကြောက်နေကြသည့်စိတ်သဏ္ဌာန်ကို ဟန်အပြုံးများဖြင့် မလုံ့တလုံ ဖုံးထားကြပါသည်။ ကျွန်မကို အားနာနေရှာပါသော ဦးလေးကျော်အား–

"အတာ အားပါတယ်။ ဦးလေးကျော် ခေါ်မယ်ဆိုရင် အတာလည်း လိုက်လည်ချင်တာပေါ့၊ အတာတို့ အဝါတို့ နှစ်ယောက်လုံး အပြင်ထွက်ခဲကြပါတယ်၊ လာခေါ်မယ့်လူ မရှိရင်လည်း မသွားတတ်ကြဘူးလေ"

"ဟုတ်လား ဒီလိုဆို ဝမ်းသာပါတယ်သမီး၊ ဒါဖြင့် အခုပဲ အဝါနဲ့ လိုက်အိပ်မလား၊ ဦးလေးကျော်အစ်မအိမ်ကတော့ ကျယ်ပါတယ်"

ကျွန်မက ယနေ့ညဖြင့် မလိုက်လိုပါ၊ နက်ဖြန် လည်ပတ်ရမည်ကိုမူ ဝမ်းသာနေမိသည်မှာ အမှန်ပါ၊ ကျွန်မနှင့် မြင်ဖူးခြင်းပင် မရှိပါသော အဝါတို့၏ အန်တီကြီးဆိုသည့် အိမ်သို့လည်း လိုက်ရမည်ကို မဝံ့ရဲပါ။

နက်ဖြန် လည်ပတ်သည့်အခါတွင် ချစ်သူနှစ်ဦးနှင့် ဦးလေးကျော်ကိုလည်း ဒွန်တွဲစေချင်ပါသည်။ ကျွန်မ၏ ချစ်သူငယ်ချင်းကိုလည်း ဦးလေးကျော်နှင့် ရင်းနှီးသထက် ရင်းနှီးစေချင်ပါ၏။







www.burmeseclassic.com

www.burmeseclassic.com



လက်ခံထိုက်သော သမက်လောင်းအဖြစ် မြင်စေချင်ပါသည်။ ကိုတင်အောင်မြင့်မှာ အဝါတို့လောက် မချမ်းသာမကြွယ်ဝသည်ကလွဲ၍ အရည်အချင်းအပြည့်ရှိပါသည်ဟု ကျွန်မ ယုံကြည်ပါသည်။ လွဲချော်သောအတွေးအခေါ်မရှိပါဘဲ တိကျစွာ သုံးသပ်ဝေဖန်နိုင်ပါသော ဦးလေးကျော်နှင့် ကိုတင်အောင်မြင့်တို့ကို ပိုမိုရင်းနှီးစေလိုသောဆန္ဒဖြင့် ကျွန်မက–

'နက်ဖြန် ဦးလေးကျော် ကားအားတယ်ပေါ့နော်၊ ဒရိုင်ဘာရော ရမလား...ဟင်'

'ကားကတော့ ရပါတယ်။ ဒရိုင်ဘာတော့ သပ်သပ်ငှားမှ ရမယ်ထင်တယ်။ ဦးလေးကျော်ပဲ ဖြည်းဖြည်းမောင်းသွားရင် ဖြစ်ပါလိမ့်မယ်။ ငယ်ငယ်ကတော့ ကားမောင်းသိပ်လျှင်တာပေါ့ကွယ်၊ ခုတော့ မျက်စိသိပ်မကောင်းဘူး ရန်ကုန်မှာလည်း မောင်းကျင့်မရှိလို့ပါ ဖြစ်ပါလိမ့်မယ် သမီးတို့'

'ဒါဖြင့် ဒီလိုလုပ်ရမကောင်းဘူးလား ဦးလေးကျော်'

'ဆိုပါဦး အတာ'

'အဝါတော့ ခုပဲ ဦးလေးကျော်နဲ့ လိုက်သွားမှာမှတ်လား၊ နက်ဖြန် ဦးလေးတို့အပြင်ထွက်မယ့်အချိန် ပြောခဲ့ပါလေ၊ အတာနဲ့ ကိုတင်အောင်မြင့် လာခဲ့ကြမယ်။ သူ့ကို ဒရိုင်ဘာလုပ်ခိုင်းရမှာပဲ မကောင်းဘူးလား...ဟင်ဦးလေးကျော်'

'ဟာ ကောင်းတယ်၊ ကောင်းတယ်။ အဝါတို့လေးယောက် လျှောက်လည်ရရင် သိပ်ပျော်မှာပဲ ဖေဖေရယ်'





အဝါမှာ ကိုယ်လေးပါ သိမ့်သိမ့်ခါသွားအောင် ဝမ်းသာစကားဆိုရှာပါသည်။ ကျွန်မ၏ အစီအစဉ်ကြောင့် ကိုသဲ၊ မသဲများက ထိုင်ကန်တော့ချင်လောက်အောင် ကျွန်မကို ကျေးဇူးတင်စိတ်များဖြင့် ကြည့်နေကြပါသည်။ ကျွန်မတို့သုံးယောက်လုံး ဦးလေးကျော်၏ အဖြေကို မျှော်လင့်ခြင်းကြီးစွာဖြင့် စောင့်စားနေကြစဉ် ဦးလေးကျော်က နှစ်နှစ်ခြိုက်ခြိုက်ကြီး ရယ်ပြုံးလိုက်ကာ...

'သိပ်ကောင်းပေါ့ကွာ၊ သမီးတို့ သူငယ်ချင်းသုံးယောက်နဲ့ရောပြီး ဖေဖေပါ လည်ရတော့ ကိုယ့်ကိုယ်ကို အဘိုးကြီးဆိုတာတောင် မေ့သွားရတော့မှာပေါ့ ဟား...ဟား'

မလည်ပတ်ရခင်ကပင် စကားဝိုင်းမှာ ပျော်ရွှင်ဖွယ်ရာကောင်းလှပါချေသည်။ အဝါရော ကိုတင်အောင်မြင့်ပါ ဝမ်းသာလှိုက်လှဲနေကြပါကြောင်း သိသာလွန်းလှပါသည်။

'ဒီလိုလုပ်လေ သမီးတို့၊ အဝါ့ကိုတော့ ခုပဲခေါ်သွားမယ်။ နက်ဖြန်ရှစ်နာရီမှာ ဦးလေးကျော်နဲ့အဝါ လာခဲ့မယ်။ ဒီလောက်တော့ ဦးလေးကျော်ရပါတယ်၊ လာရမှာကလည်း ဝင်ဒါမီယာကဆိုတော့ မဝေးလှပါဘူး၊ မောင်တင်အောင်မြင့်ကို အရင်ခေါ်ပြီးမှ အတာ့ဆီ လာခဲ့မယ် ဟုတ်လား'

'ကျွန်တော့်ဆီ တစ်ခါဝင်နေရပါဦးမယ် ဦးလေးကျော်ရယ်၊ ရှစ်နာရီမထိုးခင် ကျွန်တော် ဒီဟော(လ်)ရှေ့ကပဲ လာစောင့်နေပါ့မယ်ခင်ဗျား'



www.burmeseclassic.com

www.burmeseclassic.com



သည်သို့ဖြင့် ကျွန်မတို့၏စကားဝိုင်းမှာ ပြေပြေလည်လည်နှင့် ပြီးဆုံးသွားခဲ့ကြပါပြီ။ ရင်ထဲတွင် ချမ်းမြေ့မှု၊ ကြည်နူးမှုကိုယ်စီဖြင့်သာ လူချင်းခွဲခွာလိုက်ကြရပါတော့သည်။

◆ ◆ ◆

'စားကြနော် မောင်တင်အောင်မြင့် ထည့်စားကွယ်၊ သမီး အတာ ထည့်နော်၊ အဆောင်မှာစားရတာ အများစာဆိုတော့ သိပ် မကောင်းလှဘူးပေါ့'

'ဟုတ်ကဲ့ ဦးလေးကျော် အများကြီးစားပါတယ်'

ကျွန်မတို့လေးယောက်သားမှာ နမ်(မ)စင်းဟိုတယ်၏ အခန်းတစ်ခုတွင်းဝယ် နံနက်စာ စားသောက်နေကြခြင်း ဖြစ်ပါသည်။ တနင်္ဂနွေနေ့ဖြစ်ပါ၍ နမ်(မ)စင်းတွင် လူစည်နေပါ၏။ ဟင်းပွဲများက စုံလင်လှချေသည်။ ငါးမန်းတောင်ဟင်းချိုမှအစ ငှက်သိုက်နှင့် ငါးစွပ်ပြုတ် စသော ရာကျော်တန်ဟင်းများပါ ပါဝင်နေပါ၍ စားရသော ကျွန်မတို့သူငယ်ချင်းနှစ်ယောက်မှာ အရသာထူးတွေ့နေရပါသော်လည်း အားနာစိတ်က လွှမ်းကဲနေမိပါသည်။

'စားကြနော်၊ မောင်တင်အောင်မြင့် လိုတာထပ်မှာကွယ်၊ အတာ ဘာယူဦးမလဲ သမီး'





'ဦးလေးကျော်ရယ် တော်ပါပြီ၊ များလှပြီပဲ၊ အားလည်းနာပါရဲ့၊ စားလို့လည်း ကောင်းပါရဲ့'

အားလုံးရယ်မောမိကြပါသည်။

'မမတာကလည်း ဘယ်ကအားနာရမှာလဲ ဘယ်လောက်များ ရှိလို့လဲလို့'

အဝါ့ပြောစကားကို မသိသူနားဆင်ပါလျှင် ကြွားဝါသည် ထင်ပါလိမ့်မည်။ လူလေးယောက်ကို နှစ်ရာကျော်သုံးရာ ကျသင့်နေပါသဖြင့် ကျွန်မတို့အနေဖြင့် တနင့်ကြီးဖြစ်နေပါသော်လည်း အဝါတို့လို ချမ်းသာမှုကို သိန်းဂဏန်းဖြင့် ရေတွက်ရမည့်သူများမှာမူ ယခုလို 'ရာ'ကိန်းကို အသေးအဖွဲသာ ထင်ပါလိမ့်မည်။

ဦးလေးကျော်မှာ ကိုယ့်သမီး သူငယ်ချင်းများမို့ ဝတ္တရားအရ ကျွေးမွေးနေသည်မဟုတ်ပါ။ ရင်သွေးငယ်သို့ မေတ္တာကြီးစွာဖြင့် ကျွေးမွေးနေသည့် မိဘတစ်ယောက်ပမာ ခွဲ့မပေးရုံသာ ရှိပါတော့သည်။ ဦးလေးကျော်၏ မြင့်မြတ်သောသဘောထားနှင့် ကြီးမားသော စေတနာကို ကျွန်မနှင့် ကိုတင်အောင်မြင့်တို့မှာ ခံယူနေရပါပြီ။ ကျွန်မတို့ နှစ်ယောက်လုံးမှာလည်း ဦးလေးကျော်အပေါ်တွင် ဖခင်လိုပင် ချစ်ကြည်ညိုစိတ်များ ပွားများနေမိကြပါတော့သည်။

'ဖေဖေတို့ကဖြင့် ဒီမှာ စားကောင်းလို့ သမီးမေမေ ဒေါ်ကပ်စီးကတော့ ဖေဖေမရှိရင် ကောင်းကောင်းမွန်မွန် ချက်စားမှာ မှတ်သူထင်တယ်'



www.burmeseclassic.com

www.burmeseclassic.com



ဦးလေးကျော်မှာ ရုသာမွန်များကို သုံးဆောင်နေခိုက် ချစ်ဇနီးကို တမ်းတ သတိရသွားဟန်ရှိပါသည်။

'အစစ်ပဲ မေမေက သိပ်ကပ်စေးနည်းတာ'

'သမီးရယ်… သူ ဒီလို သိမ်းသိမ်းဆည်းဆည်းလုပ်ခဲ့လို့သာ ဖေဖေတို့ ခုလို ကောင်းကောင်းမွန်မွန် နေနေရတာပေါ့ကွယ်။ သမီးမေမေကတော့ စံထားထိုက်အောင် တော်တဲ့မိန်းမပါ'

သားသမီးမှ မိခင်ကိုမြင်သော အမြင်နှင့် လင်သားကောင်း တစ်ယောက်က ဇနီးပေါ်မြင်သော အမြင်တို့ မတူညီကြပုံကို ကျွန်မ စဉ်းစားမိပါပြီ။ မိန်းမသားတစ်ယောက်အဖို့ သားသမီးမှ ကြင်နာခြင်း ထက် လင်သားထံမှ ကြင်နာခြင်းက ပိုမိုအလေးသာတတ်ပါကြောင်း လည်း ကိုယ်တွေ့ကြုံရပါလေပြီ။

ယနေ့တစ်နေ့လုံး ကျွန်မတို့ အပျော်ရွှင်ဆုံးပါ။ တက္ကသိုလ် ရောက် နှစ်များမှ အပြင်ထွက်ရသည့်နေ့များအနက် အပျော်ရွှင်ဆုံး နေ့ဟုလည်း သတ်မှတ်ရလိမ့်မည် ထင်ပါသည်။ အဝါသည်လည်း ချစ်သူနှင့်ဖခင် ပြေလည်နေကြသည့်အတွက် ဝမ်းသာကြည်နူးမှုက အမြင့်မားဆုံးသို့တိုင် နေပါပြီ။ ကိုတင်အောင်မြင့်သည်လည်း သူ့အား လက်ခံနိုင်လောက်ပါသော အခြေအနေရှိလာပြီဟု ယူဆဟန်ရှိပါ၍ သူ့နှလုံးသား ချမ်းမြေ့မှုများက မျက်နှာတွင် ဟပ်ထင်နေစေပါပြီ။

စားသောက်အပြီးတွင် ကမ္ဘာအေး-မင်္ဂလာဒုံ-အင်းစိန်ဘက်သို့ လည်းကောင်း၊ ရွှေတိဂုံ-ဆူးလေ-ဗိုလ်တထောင်နှင့် ကန်တော်ကြီး





စသည်တို့သို့ လည်းကောင်း၊ ကျွန်မတို့ တပျော်တပါး ခရီးဆက်ကြပါ သေးသည်။ ဦးလေးကျော်မှာ လူကြီးတစ်ဦး အနေမျိုးဖြင့် ကြောက်ရွံ့ နေစရာမလိုပါ။ လူငယ်များသဘာဝနှင့် လိုက်ဖက်အောင် ပြောဆို နေထိုင်တတ်လှပါသဖြင့် သူငယ်ချင်းလေးယောက်ပမာ ရှိနေရပါပြီ။

ထိုနေ့ညနေ ခြောက်နာရီမှ ကျွန်မတို့ အဆောင်ပြန်ရောက်ကြပါ သည်။ ဦးလေးကျော်နှင့် ကိုတင်အောင်မြင့်တို့က ကျွန်မတို့ နှစ်ယောက်ကို ပို့ပေးအပြီး အတူတွဲ၍ ခရီးဆက်သွားကြပါတော့သည်။ နက်ဖြန်အတွက်လည်း အစီအစဉ်များရေးဆွဲလျက် အတူလမ်းထွက် ကြပေလိမ့်မည်။ ဦးလေးကျော်၏ ဝယ်ချမ်းရေးကိစ္စကို ကိုတင်အောင် မြင့်ကလည်း စွမ်းစွမ်းတမံ ကူညီပေလိမ့်မည်သာ။

တစ်နေ့လုံး ကားစီးရသည့်ဒဏ်က ပင်ပန်းနွမ်းနယ်စေလှပါ သည်။ ကိုယ်ပိုင်ကားကို သက်တောင့်သက်သာ စီးရသည်မှန်ပါ သော်လည်း ကျွန်မမှာ ခရီးရှည်ကားစီးစ မရှိ၍ပင် ဖြစ်ပါလိမ့်မည်။ ခုတင်ထက်တွင် လဲလျောင်း၍ အပန်းဖြေနေရင်း အဝါတို့မိသားစု သို့သာ စိတ်ကရောက်နေမိပါသည်။ ဦးလေးကျော်၏ ခွင့်လွှတ်တတ် သော ကြင်နာတရား သဒ္ဓါတရားပြည့်ဝပါသော အပြုံးများကိုသာ ကျွန်မ မြင်ယောင်နေမိပါသည်။ တဆက်တည်းပင် အန်တီခင့်ထံ စိတ်က ရောက်သွားမိသည်။ အဝါ့အား မေးမည်ဟု စိတ်ကူး ခဏခဏ ရပါသော်လည်း မမေးဖြစ်ခဲ့ပါ။ ခုမှ…

'အဝါရေ'



www.burmeseclassic.com

www.burmeseclassic.com



'ဟင်'

တစ်ဖက်ခုတင်၌ ကျွန်မလိုပင် လဲလျောင်းနေပါသော အဝါ့ကို ကျွန်မ အသံပြုလိုက်မိပါသည်။ အဝါ၏ 'ဟင်'က လေးကန်နေးကွေး လွန်းလှပါလေသည်။ ကျွန်မက အဝါ့ဘက်သို့ ကိုယ်ကို စောင်းလှဲ၍...

'မမတာ မေးဖလို့ ကြာပြီ မမေးဖြစ်ခဲ့ဘူး၊ မမတာတို့ စန်းမားလာတုန်းကလေ'

'အင်း'

'အန်တီခင်ဟာ ဟို ဦးသိန်းဇံဆိုသူဆီက စာရလို့ စိတ်လှုပ်ရှားတာလေ'

'ဟုတ်ကဲ့'

'အဲဒါ ဘာများ ထူးထူးထွေထွေ ဖြစ်သေးသတဲ့လဲ'

'ဒီအကြောင်းကို အဝါလည်း မကြာခဏ သတိရပါတယ်၊ ညက ဖေဖေ့ကိုတောင် မေးမိပါသေးတယ်'

'အဲဒီတော့ ဘာပြောလဲဟင်'

'ဖေဖေက ဒီအကြောင်းကို အခြေအမြစ်မရှိဘူးလို့ အနိုင်အမာ ယူဆထားပေမယ့် မနေ့ညက အဝါမေးလိုက်တော့ ဖေဖေတောင် မျက်နှာပျက်သွားတယ်'

'ဘာဖြစ်လို့လဲ အဝါ'





'မေမေ့ကို စိတ်မချ ဖြစ်သွားတယ်နဲ့ တူပါတယ်၊ အဝါ တောင် စိတ်မကောင်းဘူး၊ မေမေ့ကိုလည်း စိတ်ပူသွားမိတယ် မမတာရယ်'

ဒါပေမယ့် သူ့စာမှာက ဦးလေးကျော်ရဲ့စိတ်ကိုသာ ပြောင်းပစ်မယ်၊ မှော်အတတ်နဲ့ စိတ်ကို စိုးပိုင်မယ်ဆိုတဲ့ သဘောမျိုးလောက်ပဲ မှတ်လားကွယ်...အန်တီခင့်ကို တိုက်ရိုက်ဒုက္ခပေးမယ်လို့တော့ မပါဘူးနော်...အဝါ...'

'အင်း...မပြောနိုင်ဘူးလေ မမတာ...ဒီစာကို အယုံအကြည် မရှိဘူး၊ မဖြစ်နိုင်ဘူးဆိုပေမယ့် ဒီအကြောင်း တွေးလိုက်ရင် အဝါ စိတ်လေးလေးလာတယ် မမတာရယ်...'

'အဝါထင်လို့ပါကွာ...ဦးလေးကျော်ကြည့်ပြီး ဖန်တီးပါလိမ့်မယ်။ မမတာတော့ ထင်တယ်လေ...ဒီဦးသိန်းဇံဆိုတဲ့ လူဟာ တစ်လောကလုံးက လူတွေရဲ့စိတ်ကိုသာ ဖမ်းစားချုပ်ကိုင်လို့ ရချင် ရမယ် ဦးလေးကျော်ရဲ့စိတ်ကိုတော့ ဘယ်တော့မှ မစိုးမိုးမချယ်လှယ် နိုင်ဘူးလို့...'

'ဟုတ်ပါတယ်နော်... မမတာရယ်... ဖေဖေ့ကို သူများတွေ ကတောင် ပြောတယ်။ ဝတ်လုံလုပ်ဖို့ မကောင်းဘူး။ တရားသူကြီး လုပ်ဖို့ပဲကောင်းတယ်တဲ့၊ ဖြောင့်မတ်လွန်းလို့ စိတ်ဓာတ်ကြံ့ခိုင် လွန်းလို့တဲ့'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ်အဝါ…ဟုတ်တယ်။ ဦးလေးကျော်ကို မမတာ
ကိုတင်အောင်မြင့်ပါ သိပ်ပြီး ကြည်ညိုနေမိကြပါပြီကွယ်…'

'မောင်နဲ့ပြေလည်လို့ အဝါဖြင့် ဝမ်းသာရတာ ရှုမတတ်ပါ
မမတာရယ်… မေမေပဲ ကျန်တော့တယ်'

'အန်တီခင်ကလည်း အဝါ့မောင်တော်ကို ဦးလေးကျော်လို
ရှိမှာပါပဲရှင်… ကဲ–ဒီည စောစောအိပ်ကြစို့လားကွာ…'

ကိုတင်အောင်မြင့်အကြောင်းသာ စပေးလိုက်ပါလျှင် အဝါ
စကားက ဆုံးမည်မဟုတ်ပါ။ တိုတိုနှင့် ဖြတ်လိုပါ၍ ကျွန်မပိတ်ပြီး
ပြောလိုက်သည့်တိုင်…

'အင်းလေ… မောင်နဲ့သာ သဘောမတူဘူး၊ မယူရဘူးဆိုရင်
အဝါတော့ သေပစ်လိုက်မှာပဲ။ ကြည့်ပါလား… မေမေ့ကိုပဲ၊ ချစ်ဦး
ရှိခဲ့ဖူးတော့ ပြဿနာက ခုထိရှုပ်တုန်း၊ ဒီလူနဲ့ကြိုက်၊ ဒီလူနဲ့ရတာ
အကောင်းဆုံးပဲနော်… မမတာရယ်။ အဝါလည်း မောင်နဲ့ဝေးရမှာ
သိပ်ကြောက်တာပဲ၊ ခွဲရရင်သေမှာပဲ…'

'မသဲရယ်…မပိုရဲ့ တော်တော်လည်း သဲသဲလှုပ်ကြပါ…
ကဲ…တနင်္ဂနွေမို့ စာကျက်ချိန် ခေါင်းလောင်းလည်း ရပ်ထားတုန်း
တို့များ အိပ်လိုက်ကြဦးစို့လား…အဝါရေ…'

◆ ◆ ◆

သမီးအဝါ…
အဆောင်မှူးဆီခွင့်တိုင်၊ အတာ့ကို
ဘူတာထိလိုက်ပို့ခိုင်းပြီး သမီးအမြန်
ဆုံး အိမ်ကိုပြန်လာခဲ့ပါ'
'မေမေ…ဒေါ်ခင်ဦးခင်'

ကျွန်မမှာ သံကြိုးစာကို ဖတ်ကြည့်ပြီး ငိုနေပါသော အဝါ့ကို…
'မငိုနဲ့လေအဝါ…ဘာအကြောင်းမှန်းမှ မသိရသေးဘဲကွယ်…
ဝါဘယ်လိုထင်သလဲဟင်'

'မထင်တတ်ဘူး မမတာရယ်။ အဝါရဲ့အပြင်ကိစ္စက ဖေဖေ့
ာဝန်ပဲ။ ခုတော့ ဖေဖေမှာတာမှုတ်ဘဲ မေမေကမှာတော့ အဝါ
ထိတ်လိုက်တာရှင်…ဖေဖေတော့ တစ်ခုခုဖြစ်ပြီထင်ပါရဲ့…ဟဲ့…'

'အို…အို…မငိုနဲ့ အဝါရယ်။ မပြောကောင်း မဆိုကောင်း
ွယ်…'

'အဝါမတွေး‌ဝတ်တော့ဘူး မမတာရဲ့၊ အဝါဘာလုပ်ရမလဲ'



www.burmeseclassic.com

www.burmeseclassic.com



'ဟင့်…ကူပါဦး မမတာရယ်။ မောင်နဲ့လည်းတွေ့ပြီး တိုင်ပင်ရင် ကောင်းမယ်ထင်တယ်နော်…'

'ဟုတ်ပါတယ်အခါ၊ သူငယ်ချင်းနဲ့ပါ တိုင်ပင်ကြည့်ရင်တော့ မမှားဘူးပေါ့ ကဲ… ဒီတော့ အဝါက ပစ္စည်းလေးတွေသာ သိမ်းထားနှင့်၊ အဆောင်မှူးဆီကိုလည်း မမတာ ခွင့်တိုင်ပေးမယ်။ ပြီးတော့ ကိုတင်အောင်မြင့်ကိုလည်း အကြောင်းကြားပေးမယ်လေ အဝါ'

'ဟုတ်ကဲ့ မမတာ… မြန်မြန်လာနော်…'

ကျွန်မမှာ အဝတ်လဲပြီး အခန်းမှ ထွက်ခဲ့ရပါသည်။ ယင်းပြဿနာကို ကျွန်မကိုယ်တိုင်လည်း မစဉ်းစားတတ်ပါ။ အတွေးခေါ်ကောင်းသော ကိုတင်အောင်မြင့်နှင့် ဆုံလိုလှပါပြီ။ သူနှင့်ပါ တိုင်ပင်လိုပါသည်။ ကျွန်မက အဆောင်မှူးအခန်းမှ အပြန် ဒရဝမ်ကြီးကိုပင် တောင်းပန်၍ ရာမညဆောင်သို့ စာတစ်စောင် ပေးခိုင်းလိုက်ရပါတော့သည်။

သူငယ်ချင်း

'အဝါ့မှာ သိပ်ကြီးကျယ်တဲ့ ပြဿနာ ဝင်လာပြီ။ ဒီညနေ ရထားနဲ့ပြန်သွားလိမ့်မယ်၊ အဲဒါ သူငယ်ချင်း ခုချက်ချင်းလိုက်ခဲ့ပါနော်'

'အတာ'





အခေါ်လွှတ်သောသူ မရောက်လာမီပင် ဣန္ဒြေမဆည်နိုင်လောက်အောင် မျက်နှာပျက်နေပါသော ကိုတင်အောင်မြင့်တစ်ယောက် ရောက်ရှိလာခဲ့ပါပြီ။

'အတာ…အတာ…ဘာလဲဟင်…ကိုယ်လေ…ကိုယ်'

'မင်း ချက်ချင်းလိုက်လာဖြစ်အောင် ရေးတာပဲ။ အတာလည်း မသိဘူး၊ အဝါလည်းမသိဘူး၊ ကိုတင်အောင်မြင့်။ ဟောဒီသံကြိုးစာ ဖတ်ကြည့်ပါတော့'

ကိုတင်အောင်မြင့်က သံကြိုးကို နှစ်ခေါက်လောက် ဖတ်မည်ထင်ပါသည်။ အကြာကြီးကြည့်နေပြီးမှ

'ဒီအတိုင်းဆို ဦးလေးကျော် တစ်ခုခုဖြစ်ပြီထင်တယ်အတာ'

'ဘယ်လိုဖြစ်မယ်ထင်သလဲဟင်…ဟို…ဖွ…မပြောကောင်း ပြောကောင်း သေများသွားပြီလား…'

'အင်း…မသေတောင် သေလောက်အောင် အရေးကြီးတဲ့ ပြဿနာပဲ ဖြစ်လိမ့်မယ်ထင်တယ်အတာ ကိုယ်သိပ်စိတ်ပူတာပဲကွယ်…'

'ဘုရား…ဘုရား…ဘယ်လိုလုပ်မလဲ'

'ကိုယ်အဝါနဲ့တွေ့ချင်တယ်။ သူရော'

'ငိုနေတယ်။ သူလည်း ဘာလုပ်ရမှန်း မသိရှာဘူးပေါ့… ပစ္စည်းတွေသိမ်းထားနှင့်ဆိုပြီး အတာက ကိုတင်အောင်မြင့်ကို စောင့်နေတာပါ'



www.burmeseclassic.com

www.burmeseclassic.com



'ဒါဖြင့် ဒီညနေရထားနဲ့ ပြန်ရမှာပေါ့နော်…'

'ဟုတ်တယ်'

'ကိုယ်စိတ်မချဘူးအတာရယ်။ ကိုယ်လိုက်သွားချင်တယ်'

'ဖြစ်ပါ့မလား…'

'ဘာပဲဖြစ်ဖြစ် သူ့ကို ရထားပေါ် တစ်ယောက်တည်းတင်ပြီး မလွှတ်လိုက်ရက်ဘူး။ ဟိုကျလည်း ဘာနဲ့ရင်ဆိုင်ရဦးမယ် မသိဘူး။ ကိုယ်တော့ ဖြစ်ချင်ရာဖြစ် လိုက်သွားမှာပဲ'

'ဒါတော့ အဝါနဲ့သာ ပြောကြည့်ပါလေ…ခုပဲ တစ်နာရီထိုး နေပြီ။ သူ ဘူ့တာဆင်းဖို့ ကားပါစီစဉ်ပေးဦးမှ'

'ဒါက ရပါတယ်။ ကိုယ် သူနဲ့တွေ့ချင်တယ်'

'ဒါဖြင့် ခဏနေဦး အတာလွှတ်လိုက်မယ်။ သူ့ပစ္စည်းတွေ အတာသိမ်းပေးထားလိုက်မယ်'

'ဒီမှာ အတာ၊ သူ့ချည်းပဲ မလွှတ်လိုက်ပါနဲ့၊ အတာပါ ဆင်းလိုက်ခဲ့ပါဦး၊ တို့များသုံးဦးသား တိုင်ပင်ကြရအောင်ပါကွယ်'

ကိုတင်အောင်မြင့်မှာ မျက်နှာပျက်လွန်းနေသည်သာမက အသံများပါ တုန်ယင်နေပါသည်။ ကျွန်မတွာ သူ့ကို ထားရစ်ခဲ့ကာ အပေါ်သို့ ပြန်ပြေးတက်လာရပါသည်။ အဝါမှာ ငိုရှိုက်နေဆဲ။

'အဝါ… သူ… သူရောက်နေပြီ။ ပစ္စည်းတွေရော သိမ်းပြီး ပြီလား'

'လုပ်တော့ ပြီးပြီ၊ ဘာတွေမှန်းတောင် မသိတော့ပါဘူး။ မမတာပဲ ကြည့်သိမ်းပေးပါတော့'





'အေး အေး ရပါတယ်၊ ဖြစ်ပါတယ်၊ မငိုနဲ့ကွယ်။ လာ ညီမလေးအောက်မှာ ကိုတင်အောင်မြင့် စောင့်နေတယ်'

အဝါက မျက်ရည်များသုတ်သိမ်းရှာပါသည်။ မျက်ဝန်းနှင့် ခေါင်းထိပ်ဖျားလေးများက နီမြန်းသလို မျက်နှာလေးကလည်း ညှိုးနွမ်းလွန်းလှပါသည်။ ကျွန်မရင်မှာ အဝါ့အတွက်ကရုဏာတရားတို့ များစွာ ဖြစ်ထွန်းနေရပါပြီ။ အခန်းတံခါးသော့ပိတ်ပြီး ကိုတင်အောင် မြင့် ရှိရာသို့ ရောက်လာခဲ့ကြပါသည်။ ကိုတင်အောင်မြင့်မှာ သူ့ချစ်သူ မျက်နှာလှလှလေးတွင် မျက်ရည်စများကို မမြင်ရက်သလို ကြည့်နေ ပါတော့။

'အဝါ ဘာလုပ်ရမှာလဲ မောင်ရယ်။ အဝါ့စိတ်ထဲမှာ ကြောက် နေတယ်။ မပြန်ရဲသလိုပဲ မရင်ဆိုင်ရဲသလိုပဲ'

'ဟုတ်တယ် အဝါ။ သောကကြီးလာရင် ကြောက်စိတ်ဝင်လာ တတ်တာပဲ။ သိပ်လည်း စိတ်ဆင်းရဲ မခံပါနဲ့ကွယ်။ မောင်ရှိပါတယ် အချစ်ရယ်။ မောင်စဉ်းစားနေတယ်။ အဝါ့ကို တစ်ယောက်တည်း လွှတ်ဖို့ မောင်စိတ်မချဘူး။ မောင်မလွှတ်လိုက်ရက်ဘူးကွယ်။ မောင်လိုက်ခဲ့ပါရစေ။ မောင်နဲ့အဝါချည်း သွားလို့လည်း မတော်ဘူး။ အတာပါ လိုက်ခဲ့ပါကွယ်။ ကိုယ်တို့ မြကျွန်းသာရဲ့ ပန်းငုဝါမြိုင် ရောက် အဝါ့ကို ပို့ပေးပြီးရင် ပြန်လာခဲ့ကြရုံပါပဲ အတာရယ်။ ကိုယ်တို့ကို ကူညီပါကွယ်'

ကျွန်မ ဘာမျှမဖြေနိုင်။ ရင်လှုပ်ရှားနေကြသည့် ချစ်သူနှစ်ဦး ကိုသာ ကရုဏာကြီးစွာ ကြည့်နေမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ်။ မောင်ပြောသလိုသာ မမတာနဲ့ မောင်နဲ့ လိုက်ခဲ့ကြမယ်ဆိုရင် ဘာမဆို အဝါရင်ဆိုင်ရဲပါပြီရှင်။ မမတာရယ် လိုက်ခဲ့ပါနော်'

ကျွန်မမှ ရုတ်တရက် ပြောမထွက်နိုင်အောင် ရှိရပါပြီ။ ကျွန်မအနေနှင့် လိုက်သွားဖို့ ဘယ်နည်းနှင့်မှ ဖြစ်နိုင်လိမ့်မည် မဟုတ်ပါ၍-

'ဝမ်းနည်းပါတယ် အဝါရယ်။ အဝါ့ပြဿနာဟာ မမတာရဲ့ ကိုယ်ပိုင်ပြဿနာလို ရင်ထဲမှာ ထပ်တူခံစားရပါတယ်ဆိုတာ မမတာ ကျိန်ရဲပါတယ်။ ဒါပေမယ့် အိမ်ကမသိဘဲနဲ့ မြကျွန်းသာအရောက် မမတာ ဘယ်လိုက်ရဲပါ့မလဲ ညီမလေးရယ်။ မမတာကို နားလည်ပါကွယ်'

အားလုံး ငြိမ်သွားကြပါသည်။ အတွေးကိုယ်စီနှင့် ဘာကို စီစဉ်ဆုံးဖြတ်ရမည်ကို မသိတတ်အောင် ရှိနေကြပေလိမ့်မည်သာ။ အဝါက မျက်ရည်များကျဆင်းဆဲ။

'ဒါဖြင့် ဒီလိုလုပ် အချိန်တော့ရှိပါသေးတယ်'

ကိုတင်အောင်မြင့်က လက်မှနာရီကို မြှောက်ကြည့်လိုက်ပြီးမှ-

'အဝါ မောင်အပြင်သွားလိုက်ဦးမယ်။ ရထားလက်မှတ်လည်း ဝယ်ခဲ့မယ်။ ကားလည်းငှားခဲ့မယ်။ ပြီးတော့ မောင့်အစ်မဝမ်းကွဲ အပျိုကြီးတစ်ယောက်ကိုလည်း လိုက်ခဲ့ဖို့ ဝင်ခေါ်မယ်။ သူ့ကိုတော့ ပိုင်တယ်။ သဘောလည်းကောင်းတယ်လေ။ ဒါမှ အဝါနဲ့ မိန်းမဖော်





ရမှာ။ မောင်နဲ့ချည်းဆို အဝါသိက္ခာကျနေမှာစိုးလို့ မင်္ဂပါနဲ့အချစ်ရယ် မောင်ရှိတယ်။ မောင်လိုက်ခဲ့မယ်နော်'

'မောင်ရယ်'

မင်္ဂပါနဲ့ဆိုခါမှ အဝါက ပိုမိုဝမ်းနည်းလာဟန် ရှိပါသည်။ မျက်ရည်များ တစ်ပေါက်ချင်း လိမ့်ကျလာပါတော့သည်။ ကျွန်မက...

'မမတာ တာဝန်ပျက်ကွက်နေသလို ဖြစ်နေရတာ တောင်းပန်ပါတယ် အဝါရယ်။ ကျောင်းသူဘဝဆိုတော့ အိမ်ကမသိဘဲနဲ့'

'ဟုတ်တယ် မတာ။ မတာလိုက်လို့လည်း မတော်ပါဘူး။ ကိုယ်တို့ချင်း ဆက်ဆံရေးက တို့များချင်းသာသိတာ။ သေးလူအမြင်မှာ မတာ သိက္ခာကျစရာရှိနေတယ်၊ နေခဲ့ပါ။ ဒါဖြင့် ကိုယ်သွားဦးမှ သွားရမှာက တစ်နေရာစီ'

'အင်း...အင်း အတော့ဘက်က ဒီလိုမြင်ရင် ကျေနပ်လှပါပြီရှင် အတာလည်း အဝါနဲ့ ထပ်တူလို ခံစားနေရတာတော့ အမှန်ပါ'

'တို့များသုံးယောက်ဟာ တစ်စိတ်တည်း သုံးကိုယ်ခွဲထားသလိုပါမတာ။ ဒါတွေပြောမနေပါနဲ့'

'မောင်'

ကိုတင်အောင်မြင့်မှာ အဝါ့မျက်နှာလေးကို ကြင်ကြင်နာနာ စိုက်ကြည့်ရင်း အဝါ့စကားကို စောင့်နေရှာပါသည်။ အဝါမှာ ရှိုက်၍သာငိုနေပါသဖြင့် ကိုတင်အောင်မြင့်က-

'ဝါ မင်္ဂပါနဲ့ကွယ်။ ဘာပြောချင်လို့လဲ ပြောလေ...ချစ်



www.burmeseclassic.com

www.burmeseclassic.com



'ဟင့်အင်း… ဝါ…ဝါ ဘာလုပ်ရမှန်း ဘာပြောရမှန်း မသိတော့ပါဘူးမောင်ရယ်။ ဝါ သိပ်စိတ်ပူတာပဲ၊ သိပ်ဝမ်းနည်းတာပဲ'

'အချစ်ငိုနေတာ မောင်မကြည့်ရက်တော့ဘူးကွယ်။ ကဲ မတာအပေါ်ပြန်ခေါ်သွားပြီး နားနေပါစေဦး။ ဝါ…မောင်ဆောင်ရွက်ရမယ့်ကိစ္စလေးတွေ သွားဆောင်ရွက်လိုက်ဦးမယ်နော်'

'မောင် မြန်မြန်ပြန်ခဲ့'

'ပြန်ခဲ့မယ် ဝါ။ မောင် အမြန်ဆုံး ပြန်ခဲ့ပါ့မယ်နော်'

ကိုတင်အောင်မြင့် မထွက်ခွာသွားမီပင် ကျွန်မမှာ အဝါကိုဖေးမနှစ်သိမ့်လျက် အခန်းရှိရာသို့ ပြန်တက်ခဲ့ကြပါတော့သည်။

◆ ◆ ◆

အဝါပြန်သွားသည်မှာ သုံးရက်ရှိပါပြီ။

ယခုချိန်အထိ သူတို့ဆီမှ ဘာသတင်းမှ မကြားရသေးပါ၍ ကျွန်မမှာ အတန်းမှန်အောင် တက်နေရပါသော်လည်း စိတ်ကဖြင့် သူတို့ဆီမှာသာ။ စာကိုပင် ဟုတ်တိပတ်တိ မကျက်မှတ်နိုင်ခဲ့။ အဝါ့ကိုလည်း လွမ်းဆွတ်လှပါသည်။ သတင်းစကားကိုလည်း ကြားသိလိုလှပါပြီ။

ကျွန်မသည် ပန်းငုဝါမြိုင်မိသားစုကို သွေးသားရင်းချာပမာ ချစ်ခင်နေမိပါ၍ သူတို့၏ ခံစားမှုများကို မျှဝေခံယူနေမိပါကြောင်း ကိုယ့်နှလုံးသားက လှုပ်ရှားပြနေပါပြီ။

အဝါနှင့် ကြုံဆုံစနှင့် ချစ်ခင်ပေါင်းသင်းရသည့် အချိန်များအတွင်း အန်တီခင်ကိုသာ ရင်းနှီးစွာ ဆက်ဆံခဲ့ဖူးပါသည်။ မိခင်ဖြစ်သူနှင့် မနှိုင်းယှဉ်လိုသည့်တိုင် သွေးရင်းချာ အဒေါ်တစ်ယောက်သာမာ တင်စားရပါမည်။ ဒေါ်ခင်ဦးခင်၏ အလှနှင့် သိမ်မွေ့မှုများက ချစ်ခင်



www.burmeseclassic.com

www.burmeseclassic.com



လေးစားထိုက်စရာ ကောင်းလှပါသည့်ပြင် ကျွန်မကိုလည်း အထူး အရေးထား ဆက်ဆံရှာပါသည်။ အစားအသောက် ပို့လေတိုင်း ကျွန်မအတွက် သီးသန့်ပါလာတတ်သည်သာ။

ဒေါ်ခင်ဦးခင်ပေါ်တွင် ရင်းနှီးချစ်ကြည်စိတ်များစွာ ထားရှိခဲ့မိပါသော်လည်း ဦးလေးကျော် ခေါ်သည့် ဦးထွန်းအောင်ကျော်ကိုမူ စိမ်းနေခဲ့မိပါသည်။ ပန်းငုဝါမြိုင်သို့ ရောက်ပြီးချိန်ထိ လေးစားခင်မင်မိသည့် အဆင့်လောက်သာ ရှိခဲ့ပါကြောင်း ကျွန်မ သိမှတ်မိနေပါသည်။

သည်နှစ် ကျောင်းအဖွင့် ဦးလေးကျော် ရန်ကုန်ရောက်လာသည်မှစ၍ ဦးလေးကျော်ပေါ်တွင် ချစ်ကြည်ညိုစိတ်က ဖခင်တစ်ယောက်နှင့် နှိုင်းစာရလိမ့်မည်ထင်ပါသည်။ ဝတ်လုံတစ်ဦးဖြစ်ပါ၍လည်း လူ့စိတ်နေသဘောထားများကို လေ့လာပြီးလေသလားပင်။ ကျွန်မနှင့် ကိုတင်အောင်မြင့်တို့ တစ်ယောက်ချင်း လေ့စရိုက်အလိုက် ပေါင်းသင်းခဲ့ရှာပါသည်။ လူငယ်များဘက်က မြင်တတ်တွေးတတ်လိုက်သည့် ဦးလေးကျော်...

ယခုလပိုင်းအတွင်း ဦးလေးကျော်မှာ ရန်ကုန်သို့ မကြာခဏ ရောက်လာတတ်ပါသည်။ ရောက်လာလေတိုင်း ကျွန်မတို့ သူငယ်ချင်းသုံးယောက်နှင့် အမြဲဆုံစည်းခါ ပြုစုကျွေးမွေးရှာပါသည်။ နောက်ပိုင်း အလုပ်ကိစ္စများအတွက် သွားလာရာတွင် အစဉ်ပါရှသူက ကိုတင်အောင်မြင့်-





'အဘိုးကြီးကတော့ တကယ် "ပြည့်" တဲ့ အဘိုးကြီးပဲ မတာရယ်၊ စေတနာကောင်းရုံမကဘူး သဘောထားလည်း မြင့်မြတ်လှပါပေတယ်။ ကိုယ်တော့ အဝါ့ကို ချစ်မြတ်နိုးတာနဲ့အမျှ အဝါ့မိဘကိုလည်း ကြည်ညိုလေးစားစိတ် လွှမ်းကဲနေမိပါပြီ။ ကိုယ်နဲ့အဝါ့ကိစ္စကိုလည်း အဘိုးကြီး ရိပ်စားမိမလားဘဲ လူပါးပဲ၊ ဝတ်လုံပဲကွယ်... သိချင်လည်းသိနေမှာပဲ၊ ဘာမှ မပြောပုံထောက်တော့ ကိုယ့်ကို လက်ခံနိုင်လို့များလားလို့ ဖြစ်ချင်တဲ့ဘက်ကို ယူတွေးမိပါတယ်။ တကယ်လို့သာ ဦးလေးကျော်တို့က ကျေနပ်ပြီး အဝါ့ကိုသာ လက်ထပ်ခွင့်ရရင် ကိုယ့်ဘဝကို နတ်ဘုံ၊ ဗြဟ္မာဘုံဆိုတာတွေနဲ့တောင် မလဲနိုင်ပါဘူး မတာရေ'

သူငယ်ချင်း ပြောပြခဲ့ဖူးသော စကားများကို ကြားယောင်နေမိပါသည်။ ပန်းငုဝါမြိုင်၏ အခွင့်အရေးတွင် ကိုတင်အောင်မြင့်ပါ ပါဝင်နေသလားပင်။ ဟိုမှာ ပြေလည် နေလေသလား ပြဿနာဘက်နေလေသလား၊ ကျွန်မ ကြားသိလိုလှပါပြီ။ အဝါတို့ထံမှ တစ်စုံတစ်ခုသော သတင်းများ ကြားရလေမလားဟု ကျွန်မ မျှော်လင့်ခဲ့မိသည်မှာ...

ငါးရက်တာရှိပါပြီ၊ ဘာသတင်းစကားမှ ရောက်မလာသေး။

ထိုနေ့ညနေက အဝါ့ကို တသလွမ်းဆွတ်စိတ်နှင့် စိတ်မရွှင်နိုင်အောင် ရှိနေရပါသည်။ စိတ်မကြည်သော်လည်း လူလန်းဆန်းပါစေရန် အင်းယားကန်သို့ ကျွန်မတစ်ယောက်တည်း လာထိုင်နေမိခိုက်။



www.burmeseclassic.com

www.burmeseclassic.com



'မတာ'

'ဟယ်'

'အဆောင်မှာ မရှိဘူးဆိုလို့ ကိုယ်ဒီလိုက်လာခဲ့တာ'

'အဝါ…အဝါရော၊ ဟော(လ်)မှာ ကျန်နေခဲ့လား၊ ဟင်၊ ကိုတင်အောင်မြင့် ဘယ်တုန်းက ရောက်ကြတာလဲ'

'ကိုယ် ညနေ လေးနာရီကမှ ရန်ကုန်ပြန်ရောက်ပါတယ် မတာ၊ ပန္နည်းထား မမသန်းကို ပို့ခဲ့ပြီး ဒီတန်းလာတာ အဝါတော့ မပါဘူး'

ကိုတင်အောင်မြင့်၏ နွမ်းနယ်နေသော ရုပ်ဆင်းသဏ္ဌာန်နှင့် ညှိုးနွမ်းဟန် ပေါ်လွင်နေပါသော မျက်နှာထားများကြောင့် ကျွန်မ စိတ်များ လှုပ်ရှားသွားမိပါသည်။ အဝါ့အတွက် ကြီးစွာသော သောက ဝင်လာမိပါ၏။

'မိဝါလေး…ဘယ်တော့မှ ပြန်လာမှာလဲဟင်၊ သူတို့ဘာတွေ ဖြစ်ကြတာလဲ၊ အတာနေ့တိုင်းမျှော်နေတာ'

ကိုတင်အောင်မြင့်က ဘာမှ မပြောသေးပါဘဲနှင့် ကျွန်မအား တစ်လံအကွာလောက်မှ သရက်ပင်မြစ်ဆုံတစ်ခုပေါ်တွင် လေးကန်စွာ ထိုင်ချပြီး ခဏအကြာမှာ…

'အဝါ ကျောင်းပြန်တက်ဖို့ မလွယ်တော့ဘူး ထင်တယ် မတာ'

'အို…ဘယ် ဘယ်လို မဟုတ်နိုင်တာ'





'ဟုတ်တယ်မတာ ဦးလေးကျော်ကိုယ်တိုင် ကိုယ့်ကို ပြော လိုက်တာ'

'ဟာ…ဦးလေးကျော် ဘယ်လိုဖြစ်တာလဲ၊ သမီးလေး တက္ကသိုလ်ရောက်ရတာ သူသိပ်ဂုဏ်ယူနေတာပါ၊ နေပါဦး အားလုံး တော့ နေကောင်းကြတယ်မှတ်လား'

'အင်း'

'မှာတာက ဘာကိစ္စတဲ့လဲ'

'သိပ်ဆန်းတယ်မတာ၊ သိပ်ဆန်းနေတယ်။ ဦးလေးကျော်က လေ သူဟာ ဦးလေးကျော် မဟုတ်ဘူးတဲ့ ဦးသိန်းဖေတဲ့ အဝါတို့ မိသားစုကို ဒုက္ခပေးဖို့ ပန်းငုံဝါမြိုင်ကို ရောက်လာခဲ့ပြီတဲ့ ကိုယ့်ကိုလည်း လုံးဝ မမှတ်မိသလိုပဲ'

'ဘုရားရေ…အမလေး မဖြစ်နိုင်တာ'

'ဟုတ်တယ်မတာ၊ မျက်စိနဲ့မြင်၊ နားနဲ့ကြားပေမယ့် ကိုယ်မယုံ လိုက်တာ မတာရေ…ဦးလေးကျော်စိတ်ကို မှော်အတတ်နဲ့ နှုတ်ယူ လိုက်ပြီ၊ ကိုသိန်းဖေစိတ် ဝင်လာပြီ၊ ပြောင်းလာပြီလို့ သူက ကိုယ့်ကိုပဲ ပြောပြတယ် မတာ'

'ဖြစ်မှဖြစ်ရလေ ဒါကို အန်တီခင်တို့က ဘာဖြစ်လို့ လက်ခံနေ ကြတာလဲ၊ ဘယ်ကမှော်အတတ် ဖြစ်နိုင်မှာလဲ ခက်တာပဲ ဦးလေးကျော် ရုတ်တရက် မကျန်းမာဘူးထင်တယ်၊ စိတ္တဇရောဂါ စွဲကပ်ပြီ ထင်တယ်'



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်လည်း အတော်ပဲစိတ်မကောင်းဖြစ်ခဲ့ရပါတယ်။ ကိုယ့်မှာလည်း မတွေးတတ်အောင်ပါပဲ။ မဝေဖန်တတ်အောင်ပါပဲ မတာ၊ ဦးလေးကျော်ဟာ အကောင်းပကတိပဲ၊ အရင်ပုံစံအတိုင်းပဲ၊ တစ်စက်ကလေး မလွဲဘူး။ ဒါပေမယ့် သူ့အပြောတွေ၊ သူ့ကြည့်တဲ့ မျက်ဝန်းတွေဟာ အရင်လို မသိမ်မွေ့တော့ဘူး။ စေတနာ ကရုဏာ မပါတော့ဘူး။ ရှန့်ရင်းကြမ်းတမ်းနေတယ်၊ ပြီးတော့ သူ့ကြည့်ပုံတွေဟာ သိပ်ရက်စက်မယ့်ပုံပဲ'

'မဖြစ်နိုင်တာကွယ်'

'ဟုတ်တယ်မတာ ကိုယ်တွေ့ကြုံလို့ ယုံခဲ့ရပါပြီ။ လူကတော့ ဦးလေးကျော်မှ ဦးလေးကျော် စိတ်ကတော့ မှော်အတတ်နဲ့ လဲလှယ်ယူလိုက်တဲ့ ဦးသိန်းဖဲဆိုတာ တကယ်ပဲ ဖြစ်လိမ့်မယ်လို့ ကိုယ်ထင်ခဲ့ရပြီ မတာရေ'

'ခက်လည်းခက်တဲ့ ကိုတင်အောင်မြင့်၊ ဒီခေတ်ကြီးမှာ မှော်အတတ် စုန်းကဝေအတတ်ဆိုတာတွေ သူငယ်ချင်းပါးစပ်က ထည့်ပြောတာ မတာ ရှက်လိုက်တာကွာ'

ကိုတင်အောင်မြင့်က ဘာမှမပြော လှိုင်းကြက်ခွပ်လေးများ ယိမ်းကနေကြသည့် ကန်ရေပြင်ကို စိုက်ကြည့်ရင်း သက်ပြင်းချနေပါတော့သည်။

'ဟုတ်တယ် မတာ ကိုယ်ဒီတစ်ခွက်ကို မတွေးမိဘူး'

'ဘယ်ဟာလဲ'





'စိတ္တဇရောဂါ ဆိုတာလေ...ဟုတ်တယ် ဖြစ်နိုင်တယ်'

'ဒါပဲဖြစ်ရမှာပေါ့၊ လူတစ်ယောက်မှာ စိတ္တဇစွဲကပ်လာရင် ကိုယ့်ကိုယ်ကို ဘာထင်ညာထင် တရားပေါက်လို့ အကြားအမြင်ရပြီ ပြောလိုပြော၊ ကိုယ်ဟာ ဘုရင်ကောက်မယ့် ,မိဖုရားလောင်းလို့ ထင်လိုထင်၊ ဥစ္စာစောင့် ဝင်စားသူ၊ သကြားမင်း ဖန်ဆင်းထားသူ စသည်ဖြင့်ပေါ့၊ ဒီလို ကိုယ့်ကိုယ်ကို ထင်ချင်ရာထင်တိုင်း ပြောနေတာ၊ စိတ္တဇ ဝေဒနာရှင်၊ အခု ဦးလေးကျော်က သူ ဦးသိန်းဖဲပဲလို့ ပြောတယ်မှတ်လား၊ ဟုတ်ပါပြီ ဒါပါပဲ စိတ္တဇရောဂါ ရုတ်တရက် ဝင်လာတာပဲ'

ကိုတင်အောင်မြင့်က နက်နက်နဲနဲ စဉ်းစားလိုက်ပြီးမှ

'ဒီမှာ...မတာ'

'ပြော'

'မတာ ပန်းငုဝါမြိုင်မှာ ကျန်နေတုန်းက ထူးဆန်းတဲ့ စာအစ်စောင် ရောက်လာတဲ့အကြောင်း ကိုယ့်ကိုပြောပြခဲ့ဖူးတာ ကိုယ်အမှတ်ရနေပါသေးတယ်။ ဦးလေးကျော်အဖြစ်က ဒီစာထဲက အတိုင်းဖြစ်နေပြီ မတာ၊ ကိုယ်တော့ သိပ်အတွေးရခက်သွားပြီကွယ်၊ သိပ်ပြီး ရှုပ်ထွေးနက်နဲတဲ့ ပြဿနာတစ်ခုတော့ ပန်းငုဝါမြိုင်မှာ ဝင်လာပြီ မတာ'

'အို...ရှုပ်သထက်ရှုပ်အောင် ကိုတင်အောင်မြင့် လုပ်နေပြန်ပြီ၊ ဦးလေးကျော်ဟာ အဲဒီစာကို သူ့စိတ်စွဲနေမှာပေါ့၊ ရောဂါဝင်တော့ ဒါကိုပဲ ပြောနေတာဖြစ်မှာပေါ့'



www.burmeseclassic.com

www.burmeseclassic.com



'အင်း...ဒါလည်း ဖြစ်နိုင်စရာပါပဲ မတာ'

'ကဲပါ...အဝါက ဘာမှာလိုက်သေးလဲ၊ ဟိုမှာ ဘာတွေ ဘယ်လိုဖြစ်ခဲ့တယ်ဆိုတာ အတော့ကို အသေးစိပ် ပြောပြစမ်းပါဦး၊ ပန်းငုဝါမြိုင်ဟာ အတော့နှလုံးသားကို စိုးမိုးနေလွန်းလို့ပါ ကိုတင်အောင်မြင့်ရယ်'

◆ ◆ ◆

'မောင်...အိမ်ထိလိုက်ပို့နော်'

'လိုက်မယ်လေ ဝါ၊ ပန်းငုဝါမြိုင် ခြံထိပ်ထိတော့ မောင်လိုက်ခဲ့ပါ့မယ်။ ဒီခရီးမှာ မောင်ပါလာတာကို အန်တီခင် သိသွားရင် မကောင်းဘူး ထင်တယ်။ ဦးလေးကျော်ကတော့ ကိစ္စမရှိဘူး'

ရထားမှအဆင်း အဝါ၏ ပြောစကားကို ကိုတင်အောင်မြင့်က ဖြေကြားရသည်။ အဝါ့စိတ်တွင် သူ့ဖခင်များ သေဆုံးနှင့်နေပြီလားဟု မပြောကောင်းမဆိုကောင်း သူတွေးထင်နေမိပါသည်ဟု ဖွင့်ဟပြောကြားရပါသည်။ ကိုတင်အောင်မြင့်စိတ်တွင် သည်မျှ ဆိုးရွားစွာဖြစ်လိမ့်မည်မထင်။ ပြဿနာတစ်ခုသာ အိမ်တွင်းရေးအရှုပ်တစ်ခုသာ ဖြစ်ရပေလိမ့်မည်ဟု ကိုတင်အောင်မြင့် ခိုင်မာစွာ ယူဆသည်။

သည်သို့နှင့် သုံးယောက်သား တက္ကစီကားငှား၍ မြကျွန်းသာ၏ မြို့ပြင် မြို့ပတ်လမ်းရှိ ပန်းငုဝါမြိုင်ခြံကြီးသို့ ရောက်ရှိလာခဲ့





ကြလေတော့သည်။ ပန်းငုဝါမြိုင်နားနီးလေ အဝါ့မျက်နှာလေး ဖြူလျော်လာလေဖြစ်လာရာမှ ခြံဝရောက်သည့်အခါ နှုတ်ခမ်းလေးများ ဖြူ၍ မျက်ရည်များပါ ဝိုင်းလာရှာတော့သည်။ ကိုတင်အောင်မြင့်မှာ ချစ်သူအပူသည်မလေး၏ ဒုက္ခဝေဒနာကို ဆယ်ဆလောက် ပိုယူ၍ ခံစားပစ်လိုက်ချင်ပါသည်။ မကြည့်ရက်တော့၊ တစ်ယောက်တည်း မလွှတ်လိုက်ရက်တော့ ဖြစ်ချင်ရာဖြစ် မိန်းမဖော် ပါလာပြီဖြစ်၍ ခြံဝထိလိုက်လာပြီး သူစောင့်စားနေတော့မည်။ အကြောင်းရင်းမှန်ကို သိရှိပြီးမှ သူပြန်လိုပါပြီ။ ချစ်သူကို သည်အတိုင်း မထားရက်ခဲ့တော့။

'မေမေ... မေမေရေ'

ခြံဝမှ အဝါက အသံလေး တုန်တုန်ဖြင့် လှမ်းခေါ်ရှာပါသည်။ ကိုတင်အောင်မြင့်က ခြံ၏ အုတ်တိုင်ကွယ်မှ ကပ်လျက်ရပ်နေရသည်။

'မေမေ'

အဝါက အသံကုန်ကြိုးခေါ်ပြန်သည်။ ခြံတွင် ဘဲ(လ်)ရှိပါလျက်နှင့် အဝါဘာကြောင့် မနှိပ်သည်မသိ။ မေ့လျော့နေလေသလားပင်။ ကိုတင်အောင်မြင့်ကမူ ဘာမှဝင်မပြောမိတော့၊ အဝါ့အရိပ်အခြေသာ ကြည့်နေရသည်။ သူ့ချစ်သူလေးမျက်နှာ ညှိုးနွမ်းဝင်ပန်းနေသည်ကို ရင်မှာ နေဆယ်စင်းသွင်းထားသည်သို့ သူမှာပူပြင်းနေမိပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



အဝ့်အော်သံကြားသွားပြီထင်ပါသည်။ တိုက်တွင်းမှ သံတွန်းတံခါးနှစ်ချပ် ဟသွားပြီး ဒေါ်ခင်ဦးခင် ပြေးထွက်လာသည်။ ဒေါ်ခင်ဦးခင်၏ အမူအရာမှာ အရင် ကိုတင်အောင်မြင့် မြင်ရသလို အေးဆေးတည်ငြိမ်မနေပါ၊ သိမ်သိမ်မွေ့မွေ့ ရှိမနေပါ ပျာယာခတ်နေသည်။ ကျီးလန့်စာစားသလို ဖြစ်နေသည်။ အပြင် ကြည့်လိုက် တိုက်တွင်း ပြန်ကြည့်လိုက်နှင့် ရန်သူနှစ်ဦး ဝိုင်းနေသည်သို့ ရှိနေပါသည်။ ကိုတင်အောင်မြင့်မှာ အမူအရာပျက်လွန်းနေပါသော ဒေါ်ခင်ဦးခင်ကြောင့် ချောင်းကွယ်ကြည့်မနေသာတော့၊ တိုက်တွင်းမှ အန္တရာယ်ဆိုပါလျှင်လည်း ခုခံကာကွယ်ရန် အသင့်ပြင်ခြင်းဖြစ်ပါသည်။

'ခင်ခင်'

ဟိန်းထွက်လာသော အသံကြီးကြောင့် ဒေါ်ခင်ဦးခင် ခြေလှမ်းတုန့်သွားသလို အဝါတို့အုပ်စုလည်း အလန့်လန့် အထိတ်ထိတ်ဖြင့် တိုက်တွင်းကို လှမ်းကြည့်လိုက်မိကြသည့်အခါ

'ဦးလေးကျော်ပါလား'

ကိုတင်အောင်မြင့်၏ အာမေဋိတ်အသံက ပွင့်ထွက်လာတော့သည်။ ဦးလေးကျော်၏ အသံနှင့်ဟန်က မာန်ဝင်လွန်းနေလှသည်။ အဝါနှင့် ကိုတင်အောင်မြင့်ကိုလည်း သိမှတ်ဟန်မပြသလို ခပ်တည်တည်နှင့်ပင်၊

'ဖေဖေ...ဖေဖေ...မေမေ...ဘာ...ဘာဖြစ်နေကြတာလဲ သမီးကို ပြောကြပါဦး'





တံခါးဖွင့်ပြီးသည့်အခါအဝါက ကိုတင်အောင်မြင့်တို့ကို သတိမရတော့သလို ခြံတွင်းသို့ တဟုန်ထိုး ပြေးဝင်သွားတော့သည်။ ဒေါ်ခင်ဦးခင်ရှေ့မှ ဖြတ်ပြေး၍၊ ပြီး ဦးထွန်းအောင်ကျော်ကို လှမ်းဖက်လိုက်ရှာပါသည်။ သမီးနှင့်ဖခင်မှာ အများတကာလို စိမ်းနေသူများ မဟုတ်ခဲ့ကြပါ၍ အဝါက ဦးထွန်းအောင်ကျော်ကို လှုပ်ခါ၍ မေးသည် ပြောသည်။ စကားလုံး မသဲကွဲပါသော်လည်း ကိုတင်အောင်မြင့်တို့နေရာမှ အတိုင်းသား လှမ်းမြင်နေရပါသည်။

အဝါမှာ ဖခင်ကိုဖက်ထားလျက်က လက်တစ်ဖက်ကို ဆန့်ထုတ်ပြီး ကိုတင်အောင်မြင့်တို့ရှိရာသို့ ညွှန်ပြသည်။ ဦးထွန်းအောင်ကျော် ချစ်ခင်ရင်းနှီးလှပါသော ကိုတင်အောင်မြင့်ပါလာပါကြောင်း လိုက်ပို့ပါကြောင်း ဖွင့်မာပြောပြနေမှန်း သိသာလှပါသည်။

ဦးထွန်းအောင်ကျော်က ဖော်ရွေပျူငှာမှု လုံးဝမပြ။ ခပ်တည်တည် မျက်နှာထားတင်းတင်းနှင့်သာ လှမ်းကြည့်နေပါ၏။ သူ့အကြည့်က မလွှဲပြောင်း၊ ကိုတင်အောင်မြင့်ကိုသာ မလွှဲတမ်း စိုက်ကြည့်နေပါသည်။ ဒေါ်ခင်ဦးခင်မှာ ကိုတင်အောင်မြင့်ကို ကြည့်လိုက်၊ သမီးနှင့် ခင်ပွန်းသည်နှစ်ယောက်ကို ကြည့်လိုက်ဖြင့် ဗျာများနေရာမှ အိမ်ဘက်သို့ တစ်လှမ်းချင်း ပြန်ဝင်သွားပါတော့သည်။

'မမသန်း၊ ဒီမှာ ခဏစောင့်နေဦး၊ ကျွန်တော် သွားလိုက်ဦးမယ်'



www.burmeseclassic.com

www.burmeseclassic.com



ကိုတင်အောင်မြင့်က အဖော်ခေါ်လာပါသော ဒေါ်ခင်သန်းကို လှည့်၍ ပြောလိုက်ပြီး အိမ်တွင်းသို့ ခပ်တည်တည်ပင် ဝင်လိုက်သွားတော့သည်။ ပန်းငုံဝါမြိုင်၏ ပြဿနာကို ကိုယ်ပိုင်ပြဿနာလို သဘောထား၍ သွေးသားရင်းများလို ရင်းနှီးခဲ့ပြီး ဖြစ်၍လည်း သူလိုက်သွားရဲသည်။

'မောင်…မောင်…တင်အောင်မြင့်'

ဒေါ်ခင်ဦးခင်က စိတ်လှုပ်ရှားမှုကို ထိန်းနိုင်ဟန်မရှိတော့ဘဲ အသံများက လှိုက်လှဲတုန်ယင်နေရှာပါသည်။

'ဖေဖေ…ဖေဖေ… ကိုတင်အောင်မြင့်လေ ဖေဖေရဲ့'

မသိသလို လုပ်နေပါသော ဦးထွန်းအောင်ကျော်ကို အစဖော်ပေးသလို အဝါက ပြောဆိုလိုက်တော့မှ

'ဩော်…ဩော် တင်အောင်မြင့်ဆိုတာ မင်းကို'

'ဗျာ'

'ဖေဖေရယ်'

ဦးထွန်းအောင်ကျော်၏ စိမ်းလွန်းသော အကြည့်၊ တိမ်ဝင်နေသော အသံနှင့် ပြောစကားများကြောင့် အဝါရော ကိုတင်အောင်မြင့်ပါ ငြိုင်တူအော်လိုက်မိကြပါသည်။ ခေတ္တမျှ လေးယောက်သား ကြောင်နေမိရာမှ စတင်လှုပ်ရှားသူက အဝါ။

'ဖေဖေ…ဖေဖေ ဘာဖြစ်နေတာလဲ ကြောင်တောင်တောင်နဲ့ နေပါဦး…ဖေဖေရော မေမေပါ ကျန်းကျန်းမာမာ ရှိနေပါရက်နဲ့ သမီး





ကို ဘာလို့မှာကြတာလဲ။ ဘာလို့ ရင်မီးတောက်အောင်လုပ်ကြတာလဲ၊ ငိုလိုက်ရတာ သေတော့မယ်။ ပြီးတော့ သမီး…သမီးချွေးသည်ကို…'

'နေပါစေ အဝါ'

အဝါက ဒေါသနှင့် ဝမ်းနည်းမှုကို မျက်ရည်နှင့် နှော၍ ပြောလိုက်ပါသဖြင့် ကိုတင်အောင်မြင့်က ဟန့်တားလိုက်ရပါသည်။ မိဘပေါ်တွင် သည့်ထက်ပို၍ ဒေါသမထွက်စေလို၍သာ ဟန့်တားလိုက်ရပါသော်လည်း ကိုတင်အောင်မြင့်ကိုယ်တိုင်က မကျေနပ်ချင်။ ပကတိ အကောင်းစင်စစ် ဖြစ်ပါလျက်နှင့် အရင်အသွင်နှင့် ခြားနားနေပါသော မလိုလားဟန်ပြနေပါသော ဦးထွန်းအောင်ကျော်ရှေ့မှောက်မှ ထွက်ခွာသွားလိုပြီဖြစ်ပါ၍–

'အဝါ…ကိုယ်ပြန်မယ်။ ဟိုမှာစောင့်နေရတဲ့ မမသန်းကို အားနာဖို့ကောင်းနေပြီ သွားမယ်'

'အို…မသွားရဘူး၊ နေပါဦး။ ခေါ်ပါ၊ မမသန်းကို ခေါ်ပါ။ ဒီမှာ ဖေဖေ၊ ဖေဖေမှာ ဘာပဲဖြစ်နေဖြစ်နေ ဖေဖေခင်မင်လှပါတယ်ဆိုတဲ့ ကိုတင်အောင်မြင့်ကို မဘိတ်တော့ဘူးလား၊ မခေါ်တော့ဘူးလား။ သမီးကိုခေါ်ပြီး အရှက်ခွဲကြမလို့လား။ ဘာလို့ခေါ်ကြတာလဲ'

အဝါမှာ စိတ်လှုပ်ရှားရုံမက လူပါ ဆတ်ဆတ်တုန်လာသည်။ ခုန်ပေါက်တော့မယောင် ရှိလာသည်။ အခြေအနေက ထင်သည်ထက် ပိုမိုဆိုးရွားလာပုံရတော့မှ

'ကဲ သူငယ်၊ အထဲခဏဝင်ထိုင်ဦး'



www.burmeseclassic.com

www.burmeseclassic.com



သည်မျှသာပြောပြီး ဦးထွန်းအောင်ကျော်က ဧည့်ခန်းရှိရာသို့ လှည့်ဝင်သွားတော့သည်။

'သမီး…သမီး၊ မောင်တင်အောင်မြင့်ရယ် ဘယ်လိုကဘယ်လို ဖြစ်ကုန်မှန်းကို မသိတော့ပါဘူး၊ အန်တီ ရူးချင်နေပြီ။ ဒါကြောင့် သမီးလေးကိုမှာရတာ ကျေးဇူးတင်ပါတယ်။ ဒီမှာတော့ ဒုက္ခတွေ ဝိုင်း…'

'ဟေး ခင်ခင်တို့ လာကြလေ'

'ဟော…လာကြ…လာကြ'

ဒေါ်ခင်ဦးခင်၏ စကားနှင့် ဟန်ပန်မူရာများကြောင့် အဝါနှင့် ကိုတင်အောင်မြင့်တို့မှာ တစ်ယောက်မျက်နှာတစ်ယောက် ပြိုင်တူ လှမ်းကြည့်လိုက်မိကြသည်။ လက်ရှိပြဿနာ၏ တစ်စွန်းတစ်စသော်မှ မရိပ်စားမိကြပါ။

ဒေါ်ခင်ဦးခင် ဦးဆောင်ဝင်သွားသော နောက်က အဝါနှင့် ကိုတင်အောင်မြင့်တို့ လိုက်ဝင်သွားရသည်။ ဧည့်ခန်းဆိုဖာတွင် သားအမိနှစ်ယောက်က ဝင်ထိုင်ကြပါသော်လည်း ကိုတင်အောင်မြင့် က မတ်တတ်ပင်။ သူ့အပေါ်တွင် သည်မျှ သူစိမ်းဆန်သွားပါသော ဦးထွန်းအောင်ကျော်နှင့်လည်း စကားမပြောလိုလှတော့။ ကိစ္စအမြန် ဆုံး ပြီးပြတ်လျှင် ပန်းငုဝါမြိုင်မှ အပြီးတိုင် ထွက်ခွာသွားလိုစိတ် ဖြစ်ပေါ်နေမိသည်။

'ထိုင်လေ'





'နေပါစေခင်ဗျ'

'အေး…အဝါဆိုတာ ရောက်လာလိမ့်မယ်လို့ ခုနကမှ သိရတာ။ ဘူတာသွားကြိုမယ်ဆိုလို့ မေးတော့မှ သံကြိုးရိုက် ခေါ်ထားကြောင်း သိရတယ်'

'ဟုတ်ကဲ့'

ကိုတင်အောင်မြင့်ကိုကြည့်ကာ စတင်ရှင်းပြနေပါ၍ စကား ထောက်ပေးလိုက်ရသည်။

'တကယ်တော့ မှာစရာကိစ္စမှုတ်ပါဘူး။ မင်းတို့လူငယ်တွေနဲ့ မဆိုင်ပါဘူး။ တို့ချင်းပြဿနာပဲ၊ စစ်ကြိုခေတ်ကကိစ္စတွေ စာရင်း ရှင်းရမှာပါ'

'ဖေဖေ'

'နေစမ်း…ဒီမှာ ငါဟာ မင်းတို့ရဲ့ ဦးထွန်းအောင်ကျော် မဟုတ်ပါဘူး၊ သိန်းဇံပါ။ ဟောဒီ ခင်ခင်ကြောင့် ဘဝနာခဲ့ရတဲ့ သိန်းဇံပါ'

'ကိုကိုရယ်…ကိုကိုရဲ့၊ ဒါတွေချည်း ပြောပြောနေရင် ခင်ခင် သေရတော့မယ်။ သမီး…သမီးလေးရေ၊ မေမေ့ ဒုက္ခတွေက တစ်ယောက်တည်းဆို အားငယ်လွန်းလို့ မှာရတာပါကွယ်'

ဒေါ်ခင်ဦးခင်၏ ရှိုက်သံများက 'ပန်းငုဝါမြိုင်' စံအိမ်ကို လွှမ်းမိုးသွားစေခဲ့ပါပြီ။

'ဒီမှာ'



www.burmeseclassic.com

www.burmeseclassic.com



ဦးထွန်းအောင်ကျော်က ဆက်ပြန်ပါသည်။

'တို့ပြဿနာက တို့ဖာသာ တို့ဖြေရှင်းရမှာပါ၊ ဘယ့်သူ အဲ မောင်တင်အောင်မြင့်။ ဒီတော့ မင်းပြန်နိုင်ပါပြီ။ ဒီထဲ မင်းတော့ ဝင်မရှုပ်နဲ့ပေါ့ကွာ ဟား…ဟား ရှုပ်လို့လည်း မရပါဘူးလေ။ အနှစ်နှစ်ဆယ်ကျော်လုံးလုံး အကြံကြီးကြံထားရတာ ဘယ်ရမလဲကွာ။ ငါ့ရဲ့လျှို့ဝှက်မှုကို ဒီတစ်လောကလုံးမှာရှိတဲ့ ဘယ်လူသားတစ်ယောက်ကမှ မသိနိုင်ဘူး ဟား…ဟား'

'သမီးရယ် ကြည့်ပါတော့၊ ဒါတွေချည်း ပြောနေတော့ မေမေ ဘယ်လိုနေရမလဲကွယ်'

'ငါဟာ မင်းတို့ရဲ့ ဦးထွန်းအောင်ကျော် မဟုတ်ပါဘူးကွာ။ သူမရှိတော့ပါဘူး၊ သူ့ရဲ့စိတ်သဏ္ဍာန်ကို ထုတ်နှုတ်ပြီး ငါဆိုတဲ့ သိန်း ရောက်လာပြီဆိုတာ မင်းတို့ နမူးတွေ့ဒူးတွေ့ တွေ့ရစေမပေါ့။ ငါ့ရဲ့ မှော်အတတ်၊ ကဝေအတတ်တွေ ဘယ်လောက်စွမ်းသလဲဆိုတာ လက်တွေ့ကြုံရတော့မှာပါ။ ကြိုက်တဲ့ဆရာပင့်ပြကြ။ ကဲကဲ…မင်း ဒီကလေးမကို လာပို့တာမှတ်လား။ တို့ပြဿနာ တို့ရှင်းပါရစေဦးကွ၊ မင်းပြန်နိုင်ပြီ'

'ကျွန်တော်ကလည်း အသင့်ပါပဲ။ ကဲ အဝါ ကိုယ်ပြန်မယ်'

ကိုတင်အောင်မြင့် နောက်မှ အဝါက ထက်ချပ်လိုက်ပါလာရင်း…

'မောင်…မောင်ရယ်။ ဖေဖေရဲ့ ပြောင်းလွဲမှုတွေကို အဝါ





တောင်းပန်ပါတယ်၊ စိတ်မဆိုးပါနဲ့နော်မောင်၊ နော်…မောင်ရယ်'

'ရပါတယ်ဝါ၊ ဦးလေးကျော် ဘာဖြစ်သွားတာပါလိမ့် သူ့စကားတွေက အခြေအမြစ်မရှိလိုက်တာ'

'ဟုတ်တယ် အဝါလည်း သိပ်စိတ်ညစ်သွားတာပဲ၊ ဒါပေမယ့် ဖေဖေ ဘာဖြစ်နေဖြစ်နေ အဝါပိုင်ပါတယ်မောင်၊ ဝါပြောရင် ရပါတယ်'

'မောင် မပြန်သေးဘူးအဝါ၊ အရင်လာတုန်းက တည်းတဲ့ စိမ်းလဲ့မေ ဟိုတယ်မှာပဲ မောင်ရှိနေမယ်၊ ဝါ အကြောင်းရှိရင် ဖုန်းဆက်ခေါ်နော်… မောင်သွားမယ်'

'ဘယ်တော့ပြန်မလဲမောင်၊ အဝါပါတစ်ခါတည်း ပြန်လိုက်ခဲ့ချင်တယ်'

'ဖြစ်နိုင်ရင် ပိုကောင်းတာပေါ့အဝါ၊ ထပ်တွေ့ကြဦးမယ်လေ၊ မောင်သွားမယ်နော်…ဝါ၊ ငိုမနေပါနဲ့ အချစ်ရယ်'

'စိတ်ချပါ ဖေဖေ့ကို အဝါပိုင်တာ မောင်သိသားနဲ့'

ကိုတင်အောင်မြင့်မှာ ချစ်မြတ်နိုးလှသည့်အဝါ့ကို နှုတ်ဆက်၍ မမသန်းနှင့်အတူ မဝေးလှပါသော စိမ်းလဲ့မေဟိုတယ်သို့ ခြေကျင်ပင် လျှောက်လာခဲ့ကြပေတော့သည်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



'ဒါပဲ မတာ ပန်းငုဝါမြိုင်နဲ့ ပတ်သက်လို့ ကိုယ်သိလာရတာ ဒါအကုန်ပဲ'

'ဟင် ခုဟာက ရောက်တဲ့နေ့က အဖြစ်အပျက်ပဲ။ သူငယ်ချင်းဟိုမှာချည်း သုံးရက်တောင် ထပ်ကြာနေသေးတာပဲ'

ရန်ကုန်နှင့် မြကျွန်းသာမြို့က ရထားစီးလျှင် တစ်နေ့ခရီးဖြစ်ပါသည်။ ကိုတင်အောင်မြင့်တို့ ငါးရက်ကြာပါ၍ မြကျွန်းသာမြေပေါ်တွင် အသားတင် သုံးရက်ကြာခဲ့သည်ဟု ဆိုရပေလိမ့်မည်။ သူပြောပြသည့်ကိစ္စက ရောက်သည့်ညနေပိုင်းက အဖြစ်ပျက်သာဖြစ်ပါ၍ ကျွန်မက အလောတကြီးမေးလိုက်မိခြင်းဖြစ်ပါသည်။

'ဒါပဲ မတာ ဒါပဲ၊ ကိုယ်ပြန်လာခဲ့တဲ့အထိ မြကျွန်းသာမြေမှာ ကိုယ်နဲ့အဝါ ထပ်ပြီး တွေ့ခွင့်မရကြတော့ဘူးကွယ်'

'အို…'

ကိုတင်အောင်မြင့်မှာ စိတ်ဓာတ်ခိုင်ကျည်သော ယောက်ျားဖြစ်၍သာ ရင်၌မချိမဆန့် သိမ်းဆည်းထားနိုင်ဟန် ရှိပါသည်။ ပျော့ညံ့စိတ်ကလေးသာ ရှိပါလျှင် သည်နေရာ၌ ငိုချဖြစ်လိမ့်မည်ထင်ပါသည်။

'လုံးဝ အဆက်အသွယ် မရတော့ဘူးလား'

'ကိုယ်အိမ်သွားတယ်၊ အဝါမရှိဘူး ပြောပြီး ဝင်ခွင့်မပေးဘူး'

'ဒုက္ခပါပဲလား'

'မပြောနဲ့တော့ မတာရေ'





ကိုတင်အောင်မြင့်က ခေါင်းကို ဖြည်းညှင်းစွာ ယမ်းခါပါသည်။

ဦးလေးကျော်ပဲကိုင်တယ်၊ အဝါနဲ့ စကားပြောခွင့်မပေးနိုင်ဘူးတဲ့ ခင်ခင်တို့ သားအမိနှစ်ယောက်လုံးကို သူချုပ်ကိုင်ထားလိုက်ပြီတဲ့ အဝါလည်း ကျောင်းပြန်မလွှတ်တော့ဘူးတဲ့'

'ခက်လိုက်တာ မယုံနိုင်စရာတွေပါလားကွယ်'

'တကယ့်ကို မယုံနိုင်စရာတွေပါ မတာရယ်။ ကိုယ်ကတောင်းပန်တော့ မင်းဟာ ပန်းငုဝါမြိုင်နဲ့ ဘာမှမဆိုင်သူပါတဲ့၊ အဝါ့ချစ်သူအဖြစ်နဲ့လည်း ဘယ်တော့မှ ပန်းငုဝါမြိုင်မှာ လက်မခံနိုင်ဘူး။ မင်းပြန်တော့တဲ့'

'ဟယ်…စိတ်ညစ်ရပါလား၊ ဒါပေမယ့် အဝါဟာ ကိုတင်အောင်မြင့်ဘက်က ရှိနေလိမ့်မယ်လို့ ကိုယ်ယုံပါတယ် သူငယ်ချင်း အခိုက်အတန့်ဖြစ်မှာပါ'

'အဝါ့မေတ္တာကိုတော့ ကိုယ်အကြွင်းမဲ့ယုံတယ်။ သူ့သစ္စာတရားကိုလည်း ကိုယ်ယုံကြည်လေးစားပါတယ်။ ဒါပေမယ့် အခြေအနေမပေးနိုင်တဲ့ ဘဝနဲ့ ဆုံးကြရမှာ ကိုယ်စိုးရိမ်တယ် မတာရယ်'

'အေးကွယ် ကြံကြံဖန်ဖန် အကုသိုလ်ဝင်ရတာပဲ၊ ဒါပေမယ့် ဒီနေ့ ခေတ်လူငယ်တွေကို လူကြီးတွေ ချုယ်လှယ်လို့ မရတော့ပါဘူး ဆိုတာ ကိုတင်အောင်မြင့် ထည့်တွက်ဦးမှပေါ့'

ကျွန်မ၏ အားပေးစကားက သူ့အားငယ်စိတ်ကို အင်အားဖြည့်တင်းပေးနိုင်ခြင်းရှိအံ့မထင်ပါ၊ ကိုတင်အောင်မြင့်မှာ စိတ်ပင်ပန်းကြီးစွာဖြင့် ငေးငိုင်နေဆဲပါ၊ ကျွန်မက လက်မှနာရီကို ကြည့်လိုက်ပြီး။



www.burmeseclassic.com

www.burmeseclassic.com



'အတာ ပြန်ဦးမှပဲ ကိုတင်အောင်မြင့် နောက်ထပ်တွေ့မယ်လေ'

'ကိုယ်လည်း ပြန်မှာပဲ လမ်းလျှောက်ရင်း စကားပြောသွားကြ တာပေါ့မတာ'

'ကောင်းသားပဲ၊ သွားကြမယ်လေ'

ကျွန်မတို့ နှစ်ယောက်မှာ အင်းယားရေစပ်မှ အဆောင်ရှိရာသို့ အင်းယားလမ်းအတိုင်း ပြန်လျှောက်လာခဲ့ကြပါသည်။ ကိုတင်အောင်မြင့်မှာ ကျွန်မနှင့် ခပ်ကွာကွာမှ ခေါင်းငုံ့ရင်းသာ လျှောက်လိုက်လာသည်။ လမ်းလျှောက်ရင်း စကားပြောမည်ဆိုသူက နှုတ်ဆိတ်နေပါသည်။ ကျွန်မကိုယ်တိုင်ကလည်း မြတ်နိုးဖွယ်ရာ ပစ္စည်းတစ်ခု ဆုံးရှုံးခဲ့လိုက်ရသည်သို့ပင် အဝါနှင့်ပတ်သက်၍ ရင်မှာနာကျင်လွန်းရပါပြီ။

'ကိုတင်အောင်မြင့်'

'ဟင်'

'အတာ စာရေးလိုက်မယ်လေ'

'ကိုယ်လည်း စိတ်ကူးပြီးပါပြီ။ အဝါ့လက်ထဲမှ ရောက်ပါ့မလားလို့ စိုးရိမ်နေမိတယ်'

'ဒီလောက်အထိလည်း အခြေအနေတွေ ဆိုးဝါးလိမ့်မယ်လို့ အတာတော့ မထင်ဘူးကွယ်။ သီတင်းကျွတ် ကျောင်းပိတ်ဖို့လည်း ဘာမှမလိုတော့ဘူး။ လိုအပ်ရင် အိမ်ကိုပြောပြီး အတာလိုက်တန် လိုက်သွားမယ်လေ'





'သိပ်ကောင်းတာပေါ့မတာရယ်၊ သိပ်ကောင်းတာပေါ့ကွယ် ကိုယ်တို့ချစ်သူနှစ်ဦးအတွက် မတာဟာ မဏ္ဍိုင်ကြီးတစ်ခုပါပဲ'

'စိတ်ချပါ သူငယ်ချင်း ဒီညပဲ အတာစာရေးပြီး ရယ်ဂျစ်(စ) တာ လုပ်ထည့်လိုက်မယ်၊ ဒါမှ အဝါ လက်မှတ်ထိုးယူမှာ။ အတာ ကိုယ်တိုင်လည်း စာကျက်ပျက်လောက်အောင် စိတ်မကောင်းပါဘူး ကိုတင်အောင်မြင့်ရယ်။ အတာရဲ့ ကိုယ်အားရှိသလောက်၊ ဉာဏ်အား ရှိသလောက် ပိုင်ဆိုင်တဲ့ အခွင့်ရေးရှိသလောက် အသုံးချပြီး သူငယ်ချင်းတို့နှစ်ယောက်ကို ကူညီပါ့မယ့်ကွယ်'

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

မမတာရယ်

ပေးလိုက်တဲ့စာ အဝါ့ဆီ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာလို့ ဝမ်းသာလိုက်တာ၊ မောင်လည်း စာတွေ ထည့်ရှာမှာပဲထင်တယ်။ အဝါ့လက်ထဲတော့ ရောက်မလာပါဘူး မမတာ။ ခုစာနဲ့အတူ မောင့်ဆီကိုလည်း ထည့်လိုက်ပါ့မယ်၊ ရေးထားပြီးပါပြီ…

မမတာ အဝါတို့သားအမိနှစ်ယောက်မှာဖြင့် မီးလောင်တိုက်သွင်းထားသလို ပူပြင်းလောင်မြိုက်နေရပါပြီရှင်…။ မမတာ လာတုန်းက သိန်းဖုံဆိုသူဆီကရတဲ့စာနဲ့ မောင်လာတုန်းက ကြုံတွေ့ရတဲ့ ကိစ္စတွေတော့ မမတာ ဆက်စပ်တွေးမိမှာပေါ့နော်။

တစ်လောကလုံးမှာ ဒီအဖြစ်အပျက်ဟာ အဆန်းဆုံး ဖြစ်နေလိမ့်မယ်ထင်ပါတယ်။ အဝါတို့သားအမိ ဘယ်လို ခံစားနေရတယ်ဆိုတာတွေတော့ ရေးမပြတတ်တော့ဘူး မမတာရေ…။ ကိုယ်တွေ့သာ လာကြည့်လှည့်ပါတော့ရှင်၊





မမတာစာရတော့ ဖေဖေ့ကွယ်ရာမှာ မေမေနဲ့ တိုင်ပင်ကြည့်ပါတယ်၊ မေမေကလည်း ဖေဖေ့ပြောင်းလဲမှုကြောင့် သေမတတ် အံ့သြနေရာက လင်းရောင်ခြည် ပွင့်လာသလို ဖြစ်ခဲ့ရပါပြီ။

မမတာ တွေးထင်သလို ဖေဖေဟာ စိတ္တဇဝေဒနာရှင် တစ်ယောက်များ ဖြစ်နေပြီလားပဲ မမတာရယ်။ လူကတော့ အကောင်းလိုပါပဲ၊ မေမေ့မှာဖြင့် မျက်ရည်နဲ့မျက်ခွက်ပါ၊ သိပ်သနားစရာကောင်းတာပဲ၊ ဖေဖေကတော့ အရင်တုန်းက နူးညံ့သလောက် ခုတော့ ဘီလူးသဘက်စီးနေသလို ဖြစ်နေပြီ မမတာရယ်။ အဝါလေ… သေတောင်ပစ်ချင်တယ်… မောင့်ကြောင့်။ အဝါသေသွားရင် မောင်ပူဆွေးနေရမှာကို သနားလွန်းလို့…သိလား။

ဒီမှာ မမတာ…အဝါ့ကို မသနားဘူးလားဟင်၊ အဝါတို့သားအမိ ဒုက္ခကို ကယ်တင်ပေးပါ မမတာရယ်၊ အဝါရှိခိုးပါတယ်၊ အဝါရှိခိုးပြီး တောင်းပန်ပါတယ်။

ကျွန်မက ရောက်လာသော အဝါ့စာကိုဖတ်ရင်း သည်နေရာ အရောက်၌ ရပ်တန့်သွားမိပါသည်။ ရင်ထဲတွင် နင့်သွားမိပါသည်။ စာကို ဆက်မဖတ်နိုင်တော့ပါ။ မမြင်ရတော့ပါ။ ကျွန်မမျက်ဝန်းတွင် မျက်ရည်ကြည်များ လျှံလာ၍ ဖြစ်ပါသည်။ ကျွန်မက မျက်ရည်များ



www.burmeseclassic.com

www.burmeseclassic.com



သုတ်ပစ်ပြီး မျက်တောင်တဖျတ်ဖျတ်ခတ်၍ စာကို အလောတကြီး ဆက်လက်ဖတ်မိရာ…

ဝင်ဒါမီယာ အိမ်လိပ်စာပေးထားတာရှိတယ်နော်။ နောက်အဲဒီ အိမ်က အန်တီကြီးကို အဝါ့စာပြပြီး သွားပြောပေးပါ။ သီးခြားမထည့်တော့ဘူး။ မမတာစာနဲ့ ရောပေးလိုက်မယ်။ ကြီးကြီးလိုက်နိုင်သည်ဖြစ်စေ၊ မလိုက်နိုင်သည်ဖြစ်စေ သူတို့ညွှန်တဲ့ စိတ်ရောဂါအထူးကုဆရာဝန်မကြီး "ဒေါ်ခင်အေးဆက်" ကို သွားတောင်းပန်ပြီး ရအောင်ပင့်လာခဲ့ပါ။ အန်တီကြီး လိုက်ပြောပါလိမ့်မယ်။ သူတို့နဲ့က နှစ်အိမ်တစ်အိမ်လို ရင်းရင်းနှီးနှီးနေကြတာပါ။

ကြီးကြီးလိုက်နိုင်သည် ဖြစ်စေ၊ မလိုက်နိုင်သည် ဖြစ်စေ၊ အဲဒီဆရာဝန်နဲ့ မမတာ ပန်းငုံဝါမြိုင်ကို ခဏလာခဲ့ပေးပါ မမတာရယ်။ မောင်တော့ မြကျွန်းသာကိုလာလို့ မဖြစ်သေးဘူးထင်တယ်။ ဖေဖေတွေ့ရင် ခက်လိမ့်မယ်။

ဒီမှာ မမတာလာရင်လေ… ပါလာသူဟာ ဆရာဝန်လို့ မပြောပါနဲ့။ မမတာရဲ့အဒေါ် အဖော်လိုက်လာတာလို့ ပြောပါနော်…ဘေးက အကဲခတ်ပြီး လိုအပ်ရင် ဆေးရုံတင်တန် တင်ရအောင်ပါနော်…

ခုအချိန်မှာတော့ အဝါနဲ့မေမေဟာ ဖေဖေ့ရဲ့ ရက်စက်





မှုအောက်မှာ ဒုက္ခကြီးစွာ ရောက်နေရပါပြီ မမတာရေ သေမလောက်ပဲ စိတ်ဆင်းရဲရပါတယ်။ တကယ်ပါပဲ။ ဒီတော့ အန်တီဆီကို အဝါ့စာနဲ့ အမြန်ဆုံးသွားပြီး အဝါတို့ဆီကို အမြန်ဆုံးလိုက်လာပေးပါ မမတာရယ်။ မမတာကလွဲရင် ဘယ်သူမှ ကူညီမယ့်သူ မရှိသလောက် အဝါ့မှာ ဒုက္ခရောက်နေရလွန်းလို့ အဝါ့ကို သနားရင် ကူညီပါမမတာရေ…

မမတာကို အမျှော်ကြီးမျှော်နေတဲ့
ပန်းငုံဝါမြိုင်မှ ဒုက္ခသည်မလေး
အဝါ

"ဖြစ်မှဖြစ်ရလေ ညီမလေးရယ်။ အဝါ့ကို မမတာကူညီမယ်၊ ကူညီပါ့မယ်ကွယ်… မမတာ အခုပဲ အဝါရဲ့ အန်တီကြီးဆီ သွားမယ်။ အိမ်ကို အကြောင်းကြားမယ်။ ဘာပဲဖြစ်ဖြစ် ပန်းငုံဝါမြိုင်ကို မမတာ အရောက်လာခဲ့ပါ့မယ် ညီမလေး အဝါရယ်…

ကျွန်ုပ်မစိတ်မှာ သည်သို့ သံမိဋ္ဌာန်ချလိုက်မိပါသည်။ ဘာပဲဖြစ်ဖြစ် ကျွန်ုပ်မကူညီပါမည်။ ကျွန်ုပ်မ၏ အုပ်ထိန်းသူများထံ အကြောင်းကြားပါမည်။ ကျောင်းခွင့်ယူပါမည်။ ကိစ္စအဝဝကို ကိုတင်အောင်မြင့်အား ကူညီစေခိုင်းပါမည်။ သူလည်း သူ၏ချစ်လှစွာသော အဝါ၏ စာကို ယနေ့ရရှိပြီးဖြစ်ပါလိမ့်မည်။ ကျွန်ုပ်မထံသို့ ကိုတင်အောင်မြင့် ကျိန်းသေ ရောက်လာပေလိမ့်မည်သာ…

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

နှင်းမှုန်စွာနှင့် တရိပ်ရိပ် ပြေးလွှားနေပါသော ရထား၏ နံ့ယမ်းလှုပ်ခါချက်အတိုင်း ယိမ်းကနေရသလို ရှိနေပါပြီ။ တောင်တက်တောင်ဆင်း ကုန်းမြင့်လမ်းများပါသဖြင့် ရထားနှုန်း နှေးသော်လည်း လှုပ်ခါမှုများနေပါ၏။

ယခုတစ်ခါ လာရသည့် ခရီးမှာ ကျွန်မအတွက် စိတ်ကျဉ်းကျပ်လှပါသည်။ ရင်မ,၍ လိုက်လာရသည်ဟု ဆိုချင်ပါသည်။ ဟိုရောက်လျှင် ရင်ဆိုင်ရမည့်-အရေးကတစ်မျိုး၊ ရထားပေါ်မှ အမျိုးသမီးကြီးနှစ်ယောက်နှင့် လိုက်ပါရသည်ကလည်း အနေကြံ့လှပါသည်။

ပန်းငုံပါမြိုင်တွင် မည်သို့ရှိနေမည်မသိတော့…

ကျွန်မနှင့်အဝါ အဆက်အသွယ်ပြတ်ခဲ့သည်မှာ ရက်နှစ်ဆယ်ကျော်ခဲ့ပါပြီ။ အဝါ့စာရပြီးတည်းက ဖြစ်ပါသည်။ ဘာသတင်းအစမှ ထပ်မကြားရတော့ ကျွန်မပြန်လိုက်သည့်စာလည်း အဝါ့ထံရောက်မရောက် မသိရပါ။ ကျွန်မစိတ်ဆန္ဒအတိုင်း လှုပ်ရှားကြစတမ်းဆိုပါလျှင် အဝါ့စာရပြီးကတည်းက ကျွန်မ မြကျွန်းသာသို့ လိုက်ဖြစ်ပါမည်။ သို့ပါသော်လည်း ကျောင်းသူတစ်ဦးမို့ ကိုယ့်ဘ၀ ကိုယ်





မပိုင်သေးပါ။ စိတ်လိုက်မာန်ပါလုပ်ဆောင်ခွင့် မရသေးပါ။ ကျွန်မအိမ်ကို ကိုတင်အောင်မြင့်ကိုယ်တိုင် သွားပြောပေးခဲ့ပါသည်။ အိမ်ကချက်ချင်းသွားခွင့်မပြုခဲ့ပါ။ ကျောင်းပျက်မခံစေခဲ့ပါ။ လူကြီးပိုင်းအဖြစ်နှင့်ကြည့်လျှင် လျော်ကန်သင့်မြတ်လှပါသည်။ ကျွန်မတို့ပြဿနာက ကျွန်မတို့တွင်သာ သေရေးရှင်ရေး ဖြစ်ပါသော်လည်းဘေးအမြင်တွင် တိကျစွာ အကြောင်းပြစရာ မရှိပါ။ တင်ပြစရာခိုင်လုံသောကိစ္စ ဖြစ်ခဲ့ပါ။ သည့်အတွက် ကျောင်းပိတ်ရက်မှ သွားရမည်ဟု အိမ်က သတ်မှတ်ပေးခဲ့ပါသည်။

အဝါတို့၏ အန်တီကြီး ဒေါ်မေဘဲယ်(လ်)အောင်ကျော်ထံသို့ကျွန်မနှင့် ကိုတင်အောင်မြင့်တို့ အဝါ့စာပြ၍ သွားရောက်ဆွေးနွေးခဲ့ကြပါသည်။ အဝါ့စာက သူ့ဖခင်မှာ မော်ဝင်သည်ဟုပြောပြီး စိတ္တဇဝေဒနာဖြစ်နေပြီဟု အထင်ရှိပါ၍ ယခုလာသော မမတာနှင့်အတူဒေါ်ခင်အေးဆက်ကို မြကျွန်းသာသို့ပါလာနိုင်အောင် ဆောင်ရွက်ပေးပါ၊ အန်တီကြီးပါ လိုက်လာနိုင်လျှင် ပို၍အဆင်ပြေပါမည်ဟု ရေးသားထားပါသည်။

ဒေါ်မေဘဲယ်(လ်)အောင်ကျော်က စာကို အသေအချာဖတ်ကျွန်မနှင့် ကိုတင်အောင်မြင့်ကို အထက်စီးအကြည့်မျိုးဖြင့် အကဲခတ်ပါသည်။ ကျွန်မတို့ကို စေ့စုံအောင် မေးပါသည်။ ကျွန်မက အလိုက်သင့် ဖြေကြားနေရပါသော်လည်း ကိုတင်အောင်မြင့်က စိတ်ရှည်ဟန်မပြ။ ထိုအချိန်က ကိစ္စကို ယခုစကားနှင့် ပြောရပါလျှင်…



www.burmeseclassic.com

www.burmeseclassic.com



'ရင့်လှချည်လား'

ဆိုသော အကြည့်များဖြင့်သာ ကြည့်နေပါသည်။ ကျွန်မကမူ ယင်းပြဿနာ၌ ဒေါ်မေဘဲယ်(လ်)မပါလျှင် မဖြစ်ပါ၍ အတတ်နိုင်ဆုံး ပြေလည်အောင် ပြောနေရပါသည်။ တကယ်ဆိုပါလျှင် သူတို့က ပိုမိုဝှပင်ရမည့်သူ သွေးသားရင်းချာ မဟုတ်ပါလား။ ဒေါ်မေဘဲယ်(လ်)မှာ အရေးပိုင်သမီး ခေတ်ပညာတတ် ဖြစ်ခဲ့သည့်ပြင် ထိပ်တန်း မင်းကတော်ကြီးတစ်ဦးဖြစ်ပေသည်။ ယခုလို အသက်ကြီးရင့်လာ ချိန်တွင်လည်း သားသမီးများက ဆေးတက္ကသိုလ် ကျောင်းသူ ကျောင်းသားများ၊ နိုင်ငံခြား ပညာသင်များချည်း ဖြစ်သည်ဟု ဆိုပါသည်။ ဘဝနာစရာ အကြောင်းရှိမလာခဲ့သူများသည် လူတကာကို အထက်စီးမှပင် မြင်တတ်သော သဘောရှိကြပါသည်။ ဒေါ်မေဘယ်(လ်) မှာ သဘောဆိုးသည့် အဆင့်လောက်ထိ မဆိုသာပါ၊ ဘဝင်မြင့်ခြင်းမျိုးဖြင့် မဟုတ်ပါ။ ဦးထွန်းအောင်ကျော်လောက် ပြေလည်ခြင်း မရှိရုံသာပါ။ စိတ်စောလွန်းနေပါသော ကိုတင်အောင်မြင့်နှင့် စေ့စပ်စွာ မေးမြန်းလွန်းပါသော ဒေါ်မေဘယ်(လ်)တို့မှာ စပ်ဟပ်၍မရနိုင်ခြင်းပင် ဖြစ်နေပါလိမ့်မည်။

'ကောင်းပြီလေ သူတို့ဆန္ဒရှိတဲ့အတိုင်း အန်တီကြီး ဖြစ်အောင် ဆောင်ရွက်ပေးပါ့မယ်။ တို့များမှာလည်း ဒီမောင်နှမနှစ်ယောက်ပဲ ကျန်တော့တယ်။ စစ်အတွင်းက ဆုံးကုန်ကြပြီလေ။ ကယ်ဆို ခင်ခင့်





အနေနဲ့က အန်တီကြီးဆီ တိုက်ရိုက်အကူအညီမတောင်းသင့်ဘူးလား၊ ကလေးတွေကတစ်ဆင့်ဆိုတော့'

ဒေါ်မေဘယ်(လ်)၏ မကျေနပ်ချက်ကို ကျွန်မတို့ သိရှိခွင့်ရကြပါပြီ။ ဒေါ်မေဘဲယ်(လ်)အောင်ကျော်ဘက်က ကြည့်လျှင်လည်း မကျေနပ်သင့်သည် မှန်ပါသော်လည်း အဝါတို့ဘက်ကကြည့်လျှင် အခြေအနေမပေး၍သာ ဖြစ်ပါလိမ့်မည်ဟု ယုံကြည်ပါ၍-

'အန်တီမင်ဟာ အကျဉ်းချထားသလိုကို ဖြစ်နေရတယ်ထင်ပါရဲ့ အန်တီကြီးရယ်၊ အဝါ့စာကလည်း အချိန်မရအဲ ရေးရတဲ့အပြင် ကျွန်မတို့ရှင်းပြရင် ပိုပြီး ဓာတ်ရည်လည်မှာမို့ ဒီလိုလုပ်လိုက်ကြတာထင်ပါတယ်။ ဒါပေမယ့် အဝါတို့သားအမိရဲ့ တာဝန်ပေါ့လျော့မှုလို ဖြစ်သွားရတာတော့ အမှန်ပါပဲရှင်'

ကျွန်မစကားကို ခေတ္တစဉ်းစားသလို ငြိမ်နေပြီးမှ

'ကိစ္စတစ်ခု ဖြစ်လာမှတော့ တစ်ယောက်အပြစ် တစ်ယောက် လက်ညှိုးထိုးမနေသင့်ကြတော့ဘူး။ ဒီတော့ အတာ့အခန်းနံပါတ် ပေးခဲ့ပါ၊ ရတနာမှာနော် အန်တီကြီး ဒီက အဆင်ပြေတာနဲ့ လာအကြောင်းကြားမယ် ဟုတ်လား'

သည်သို့ ဒေါ်မေဘယ်(လ်)နှင့် ပြေလည်ပြီးသည်မှ ကျွန်မတင်ပြသလို အတော်ပင် ကြန့်ကြာပြီးမှ လာဖြစ်ခဲ့ကြရပါပြီ။ ကျွန်မက ဆရာဝန်မနှင့် မင်းကြီးကတော်နှင့် တွဲလာရသူဖြစ်ပါ၍ ရထား အထက်တန်းတွဲမှ စီးနင်းလိုက်ပါခဲ့ရပါသည်။ ဤရထား ရှိးရိုးတန်း



www.burmeseclassic.com

www.burmeseclassic.com



တံစ်နေရာတွင် ကိုတင်အောင်မြင့်လည်း ပါရှိလာခဲ့ပါသည်။ ဒေါ်မေဘယ်(လ်)နှင့် ဒေါ်ခင်အေးဆက်တို့အသိတွင် ကိုတင်အောင်မြင့် ပါရှိမလာခဲ့။ တိတ်တဆိတ် လိုက်ပါလာခြင်းသာ ကျွန်မကိုလည်း အဖော်ရစေလိုသည့်ပြင် သူ၏ချစ်မြတ်နိုးလှစွာသော အဝါနှင့် ဆုံတွေ့လို၍လည်း ဖြစ်ပါသည်။ အကျိုးအကြောင်းသိလို၍လည်း ဖြစ်ပါသည်။

ဒေါက်တာ ဒေါ်ခင်အေးဆက်မှာ စာတစ်အုပ်ကိုဖတ်၍ လိုက်ပါလာပါသည်။ ဒေါ်မေဘယ်(လ်)ကမူ ဆိုဖာနောက်မှီပေါ်တွင် ခေါင်းတင်၍ မှေးနေပါသည်။ ကျွန်မက ဖြတ်သန်းလာခဲ့ရပါသော ဝန်းကျင်ကို ငေးမောရင်း လိုက်ပါလာရာမှ မလာခင်က အကြောင်းများကို တွေးတောနေခြင်းဖြစ်ပါသည်။

ဒေါက်တာ ဒေါ်ခင်အေးဆက်မှာ အသက်လေးဆယ်ကျော် အရွယ်ဖြစ်ပြီး အသားဖြူဖြူပုပုနှင့် တည်ကြည်သော မျက်နှာထား ရှိပါသည်။ ကိစ္စအဝဝကို တိကျစွာ စွမ်းဆောင်ဆုံးဖြတ်ပေးနိုင်မည့် အရည်အသွေးမျိုးလည်း ရှိပုံရပါ၏။ ဒေါ်မေဘယ်(လ်)အောင်ကျော်၏ ခင်ပွန်းဘက်မှ ဆွေမျိုးမကင်းသည့်ပြင် အလွန်ပင် ရင်းနှီးကြသည်ဟု သိရပါသည်။ သို့ကြောင့်သာ ယခုလို တနယ်တကျေးသို့ လိုက်ပါလာခဲ့ခြင်း ဖြစ်ပါသည်။ ဒေါ်ခင်အေးဆက်မှာ ရုံးပိတ်ရက်နှစ်ရက်ဆက်နှင့် ခွင့်တစ်ရက်ယူလာပါသဖြင့် မြကျွန်းသာတွင် နှစ်ညနှင့်တစ်နေ့ နေရ





ပေလိမ့်မည်။ စိတ္တဇဝေဒနာရှင်တစ်ယောက်ကို စမ်းသပ်ကြည့်ရှုရန် လုံလောက်သော အချိန်ပါပင်။

ဤအမျိုးသမီးကြီးနှစ်ယောက်မှာ စားသောက်သွားလာသည့် နေရာတွင် ကျွန်မကို ဂရုတစိုက် ရှိလှပါသော်လည်း ဆွေးနွေးစကား အာလာပ သလ္လာပ စကားများကိုမူ ကျွန်မနှင့်မပြော။ သူတို့ချင်းသာ ပြောစရာရှိလျှင် ပြောကြသည်။ ကျွန်မနှင့် အရွယ်ချင်းကွာခြား လှသည့်ပြင် ကျွမ်းဝင်ရင်းနှီးခြင်းလည်း မရှိပါ၍ ပြောရန်စကားမရှိခြင်း ဖြစ်ပါလိမ့်မည်။ အနေကြံ့ရပါသော ကျွန်မက ပန်းငုဝါမြိုင်သို့သာ ရောက်လိုလှပါပြီတည်း။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



ပန်းငုဝါမြိုင်မှာ ကန္တာရတစ်ခုပမာ ခြောက်သွေ့တိတ်ငြိမ်နေပါသည်။ ခြံတွင်းရှိ ပန်းပေါင်းစုံတို့လည်း ပြုပြင်သူမဲ့လေပြီထင်သည်။ ညှိုးလျော်နွမ်းလျ၍ မြက်ရိုင်းပင်များပါ ပေါက်ရောက်နေပါလေပြီ။ ဝန်းခြံတံခါးဝက ပိတ်ဆီးထားပါသော်လည်း သော့ခတ်မထားပါ။ သံချက်ကလေးသာ ထိုးထားပါ၍ ကျွန်မကပင် ဖွင့်လိုက်ရပါသည်။ ကျွန်မတို့သုံးယောက်သား တိုက်ရှေ့သို့ ဖြည်းညင်းစွာ တိုးကပ်သွားမိကြသည်။ တိုက်၏ သံဆွဲတံခါးကိုမူ သော့ခတ်ထားပါ၏။

'ကက်နက်ရေ…ဟေး ကက်နက်'

ဒေါ်မေဘယ်(လ်) အသံပြုသည့်အမည်မှာ ဦးထွန်းအောင်ကျော်ကို ရည်ညွှန်းကြောင်း ကျွန်မသိပါသည်။

'ကက်နက်ရေ…ဟေး ခင်ခင်…ဩော် ခက်ပါလား'

ဒေါ်မေဘယ်(လ်)က စိတ်ရှုပ်ဟန်ဖြင့် ညည်းညူလိုက်ပါသည်။ ကျွန်မက လှုပ်ရှားနေသော နှလုံးကို အားတင်းရင်း၊

'အဝါ…အဝါရေ…အဝါ'





ကျွန်မအသံပြုပြီးမှ အတွင်းက လှုပ်ရှားသံ ကြားရပါသည်။

'ဘယ်သူလဲ'

'မမတာတို့ပါ အဝါ၊ တံခါးဖွင့်ပါဦး'

ကျွန်မစကားဆုံးလျှင်ပင် အဝါက ပြေးထွက်လာတော့သည်။ အဝါ့အမူအရာက အရူးမလေးတစ်ယောက်နှယ် ယောက်ယက်ခတ်လှုပ်ရှားသွားပါသည်။ သော့ဖွင့်သော လက်ကလေးများပင် ဘာဆတ်ဆတ် တုန်နေရှာပါသည်။

အဝါမှာ များစွာပိန်ကျသွားကာ ဝင်းနေသော အသားလေးများပင် ခြောက်သွေ့သွားရှာပါသည်။ တံခါးပွင့်လျှင် အဝါက ကျွန်မကို အရင်ပြေးဖက်လိုက်ရင်း-

'ကြာလိုက်တာ မမတာရယ်၊ ခုမှပဲလာတော့တယ်။ အန်တီကြီးရယ် ဖေဖေ့အဖြစ်ကိုကြည့်ပါ၊ အကဲခတ်ပါတော့၊ မယုံနိုင်လောက်အောင်ပါပဲ။ ဒေါက်တာပါလာတာ အဝါ သိပ်ဝမ်းသာတာပဲ။ လာကြပါ…ဝင်ကြပါ'

အဝါ ဦးဆောင်သွားသည့်နောက်သို့ ကျွန်မတို့ ဝင်သွားကြပြီး ဧည့်ခန်းတွင် ထိုင်မိကြလျှင်ပင် ဒေါ်မေဘယ်(လ်)က အတွင်းခန်းသို့ မျှော်ကြည့်ရင်း

'ကက်နက်ရော'

'ရှိပါတယ် အန်တီကြီး၊ ထမင်းစားနေပါတယ်။ အဝါသွားပြောလိုက်ပါဦးမယ်။ ဩော်…ဟို…ဆ…ဆရာဝန် ပါလာတာယ်

www.burmeseclassic.com



ဆိုရင် ကြိုက်ချင်မှကြိုက်မှာ၊ အန် …အန်တီကြီးတို့ လာလည်တာလို့ ပြောထားလိုက်မယ်နော်။ ဝမ်းသာလိုက်တာ၊ အားရှိလိုက်တာ၊ မျှော်တဲ့ရက်တုန်းကတော့ မလာကြဘူး။ ခုမှပဲ ရောက်ကြတော့တယ်၊ နေကြဦးနော်'

အဝါက စကားကို တဆက်တည်းပြောပြီး ဧည့်ခန်းမှ ပြေးထွက်သွားပါတော့သည်။ ကျွန်မမှာ ပန်းငုဝါမြိုင်တွင် ငါးရက်မျှ နေထိုင်ခဲ့ဖူးပါ၍ အိမ်သားများအားလုံးနှင့် ရင်းနှီးခဲ့ပြီးပါပြီ။ ပန်းငုဝါမြိုင်တွင် မှီတင်းနေထိုင်ရသူ အပေါင်းကလည်း ကျွန်မကို ချစ်ခင်ရင်းနှီးကြပါ၍ သည်အိမ်မှာ ကျွန်မနှင့် စိမ်းမနေပါ။

သည့်အတွက် ကျွန်မက အဝါ့နောက်မှ ဝင်လိုက်လာမိပါသည်။ ထမင်းစားခန်းအရောက်တွင် ကျွန်မတို့ လာရာလမ်းဘက်သို့ မျက်နှာမူကာ ထိုင်နေသူက ဒေါ်ခင်ဦးခင်။

အန်တီခင်ကို ကျွန်မ မမြင်ရသည်မှာ လပိုင်းမျှသာ ရှိပါသေးသော်လည်း ဆယ်နှစ်တာမျှ အိုစာသွားလေသည်ဟု ထင်ရပါသည်။ ကြုံလှီသောခန္ဓာနှင့် မျက်ဝန်းများက နိမ့်ကျပြီး မျက်ခမ်းတစ်ပြင်လုံး ညိုနေပါသည်။ မျက်ဝန်းက နီကျင်နေပါသေးသည်။ အားငယ်စိုးရွံ့စိတ်ဖြင့် အကြိမ်များစွာ ငိုထားရရှာလေသည်ဟု မြင်ရုံနှင့် သိသာပါသည်။

'ဖေဖေ…အန်တီကြီးတို့ လာလည်တယ်။ ဒီမှာ သမီးသိပ်ချစ်တဲ့ သူငယ်ချင်း မမတာလည်း လာလည်တယ် ဖေဖေ'





အဝါက ဦးထွန်းအောင်ကျော်၏ ပခုံးကိုကိုင်၍ သိမ်မွေ့စွာ အသံနှိမ့်၍ ပြောပြရှာပါသည်။ နောက်ခိုင်း အနေအထားဖြစ်ပါ၍ ဦးထွန်းအောင်ကျော်၏ မျက်နှာအမူအရာကိုဖြင့် ကျွန်မ မမြင်ရပါ။ မျက်နှာချင်းဆိုင်မှ ဒေါ်ခင်ဦးခင်မှာမူ ပျူငှာလိုက်လှဲစွာ ကျွန်မကို မခေါ်ပါ၊ မဝံ့ရဲဟန် ရှိနေပါသည်။ သူ့မျက်ဝန်းများက အားတက်ဟန် ရှိပါသော်လည်း ရင်တွင်းစိတ်ကို ထုတ်ဖော်နိုင်ခွင့် မရှိရှာသလို များလား။

'ဘယ်က အန်တီကြီးလဲ'

'ဟင်'

ဒေါ်ခင်ဦးခင်က မျက်လုံးများဝိုင်း၍ ပြူးကျယ်သွားရင်း အာမေဋိတ်သံ ပြုလိုက်ပါသည်။ အဝါက ငိုသံလေးများ ပါရင်း–

'ဝင်ဒါမီယာက အန်တီကြီးရယ်လေ ဖေဖေ၊ ဖေဖေ့ အစ်မအရင်း ဒေါ်မေဘယ်(လ်)မှ မသိတော့ဘူးလား ဖေဖေရယ်'

သည်အခါမှ ဦးထွန်းအောင်ကျော် လှုပ်ရှားသွားတော့သည်။ ထမင်းလက်စသပ်လိုက်ကာ လက်ဆေးလက်သုတ်လိုက်ပြီးမှ၊

'သြော်…သြော် အရေးပိုင် သမီးကြီးကို တွေ့ကြသေးတာပေါ့ကွာ။ အရင်တုန်းက အင်နဲ့အားနဲ့ ငါ့ကိုဝိုင်းနှိပ်စက်ထားကြတဲ့ဟာတွေ'

'ကို…ကို…ကို…ရယ်'

'မင်း ယောင်းမဟောင်းကြီးထိလို့ နာသလား ခင်ခင်။



www.burmeseclassic.com

www.burmeseclassic.com



ထွန်းအောင်ကျော် အမျိုးတွေကိုလည်း စိတ်နာတာပဲ။ မင်းကိုပါ အစပျောက်လုပ်မလို့ပဲ ခင်ခင်ရဲ့။ ဒါပေမယ့် အနှစ်သုံးဆယ်လောက်တည်းက ငါသေမလောက် ချစ်မြတ်နိုးခဲ့ရတဲ့ မိန်းမဆိုတော့ ကရုဏာစိတ်ကလေးက ဝင်ရပြန်ရော'

'ကိုကိုရယ်... ဒါတွေ မပြောပါနဲ့'

'ကိုကိုဆိုတဲ့ မင်းယောကျ်ားယောင်းအဖြစ်နဲ့ ငါ့ကိုမခေါ်ပါနဲ့ ဆို ခင်ခင်။ အစ်ကိုသိန်းဇံလို့ ဟိုတုန်းကလို ခေါ်စမ်းပါဆိုမှ ဟား... ဟား၊ ကဲလာ၊ ဘယ်မလဲ မင်းတို့အန်တီကြီးဆိုတာ သွားတွေ့ရအောင်'

ဦးထွန်းအောင်ကျော်၏ ပြောင်းလွဲလွန်းသော အမူအရာ အပြောအဆိုများကြောင့် ကျွန်မမှာ အသက်ရှူရန်ပင် မေ့လျော့နေမိသည့်ပမာ ဖြစ်ရပါပြီ။ ကျွန်မကိုလည်း လုံးဝသိမှတ်သည့် လက္ခဏာ မပြတော့၊ လှည့်၍မျှပင်မကြည့်တော့။ ကျွန်မနှင့်အဝါမှာ ဦးထွန်းအောင်ကျော်၏ လှုပ်ရှားမှုကို သံလိုက်ဓာတ် ဆွဲငင်နေသည့်အလား လိုက်၍ စိုက်ကြည့်နေမိပါသည်။

ဦးထွန်းအောင်ကျော်မှာ အရင်အတိုင်းပင် ရုပ်ခန္ဓာက ဘာမှ မပြောင်းလွဲပါသော်လည်း အမူအရာအပြောအဆိုကဖြင့် အရင်နှင့် သွင်သွင်ကြီး ပြောင်းလဲခြားနားနေပါပြီ။ မျက်ဝန်းများက ကြင်နာရိပ် မလွှမ်းတော့၊ ရန့်ရင်းကြမ်းတမ်းသည့်အသွင်၊ ရက်စက်မည့်ဟန်များ ပေါ်လွင်နေပါသည်။ လူတစ်ယောက်၏ နှလုံးသားနူးညံ့မှု၊ ရက်စက်မှု ဆိုသည်မှာ မျက်ဝန်းအကြည့်တို့၏ ပြောင်းလဲမှုပါတကားဟု ကျွန်မ





တွေးတောရင်း ဦးထွန်းအောင်ကျော်၏ နောက်မှ လိုက်ပါလာခဲ့ရပါတော့သည်။

'မောင်လေးရယ်... နေမကောင်းဘူးဆိုလို့ ငါစိတ်ပူလိုက်ရတာ၊ လူကတော့ အရင်အတိုင်းပါပဲလား'

ဒေါ်မေဘယ်(လ်)က အပြစ်တင်သံ နှော၍ တရင်းတနှီး ပြောလိုက်ပါသည်။ ယောင်းမဖြစ်သူ ဒေါ်ခင်ဦးခင်ကိုလည်း လှိုက်လှဲသောအပြုံးဖြင့် လှမ်း၍ နှုတ်ဆက်ရှာပါသည်။ ဒေါ်မေဘယ်(လ်)မှာ မပြေလည်လှခြင်းမဟုတ်၊ မဖော်ရွေခြင်းဟုသာ ပြောရမလားပင်။ ဆွေမျိုးသားချင်း အပေါ်တွင် ကူညီစိတ်လည်း ရှိပုံရပါသည်။ သည် မောင်နှမ နှစ်ယောက်တည်းသာ အရင်းအချာရှိပါ၍လည်း ချစ်ခင်စိတ်က လွန်ကဲလိမ့်မည်ထင်ပါသည်။ ဦးထွန်းအောင်ကျော်က ဆိုဖာလွှတ်တစ်ခုတွင် ခပ်တည်တည် ဝင်ထိုင်ရင်း ဒေါ်မေဘယ်(လ်)ကို စိမ်းစိမ်းကြီးစိုက်ကြည့်နေပါသည်။ ဒေါ်ခင်ဦးခင်က ဒေါ်မေဘယ်(လ်)နှင့် အနီးဆုံး ဆိုဖာတွင်ကပ်၍ ထိုင်လိုက်ပါသည်။ မျက်လုံးများ ဝိုင်းဝိုင်းလည်ရင်း တစ်လှည့်စီ ကြည့်နေရှာပါ၏။ ကျွန်မနှင့်အဝါက တစ်ယောက်လက် တစ်ယောက်တွဲပြီး ပွဲကြည့်ပရိသတ်လို ဘေးမှ မတ်တတ်ရပ်လျှက်-

'ကဲ... ဆိုပါဦး၊ ခင်ဗျားတို့ ဘာကိစ္စနဲ့လာကြတာလဲ'

'အလို... မင်းအိမ်ကို ငါက ကိစ္စရှိမှလာရမှာလား၊ ကလေးတွေလည်း ကျောင်းပိတ်တယ်၊ မင်းလည်း နေထိုင်မကောင်းဘူးဆိုလို့ အလည်သဘောလာရတာပေါ့'



www.burmeseclassic.com

www.burmeseclassic.com



'ခင်ဗျားတို့ရဲ့မောင် ထွန်းအောင်ကျော်ဆီကို လာတာမှတ်လား'

'ဟော'

'ဒါဆိုရင် ပြန်နိုင်ပြီ။ ဒီပန်းငုဝါမြိုင်ဆိုတဲ့အိမ်မှာ ထွန်းအောင်ကျော်ဆိုတဲ့ကောင် မရှိတော့ဘူး။ ကျွန်တော် သိန်းဖံပါ'

'အလို'

'တကယ်ပြောတာ ဒေါ်မေဘယ်(လ်) ကျွန်တော်နဲ့ ခင်ခင့်ကြားမှာ လူမရှုပ်စေချင်ဘူး။ ဒါကြောင့် အိမ်ကအစေခံတွေတောင် ထုတ်ပစ်လိုက်ပြီ သူက ကျွန်တော့်ကြောက်တယ်ဆိုပြီး သူ့သမီးခေါ်ထားတယ်လေ၊ ဒါတော့ ရပါတယ်။ ဧည့်သည်လာတာတော့ ကျွန်တော် သိပ်မကြိုက်ဘူး'

'ဟဲ့ဟဲ့ အို'

'ကိုကို... ကိုကိုရယ် မမကြီးကိုတောင် မှမှတ်မိတော့ဘူးတဲ့လား'

ဒေါ်ခင်ဦးခင်က အသံတုန်တုန်ဖြင့်ပြောရင်း လှိုက်လှဲစွာ ငိုချလိုက်ပါတော့သည်။ ခပ်အေးအေးပင် ထိုင်နေခဲ့ပါသော ဒေါ်မေဘယ်(လ်)မှာ မျက်လုံးပြူးရပါပြီ။ ထင်မှတ်ထားသည်ထက် ခက်ခဲသော ပြဿနာတစ်ခု ဤပန်းငုဝါမြိုင်တွင် အမှန်တကယ် ဖြစ်ပျက်ခဲ့လေပြီဟု ဒေါ်မေဘယ်(လ်) သိရှိသွားလေပါပြီ။ ဆရာဝန် ဒေါ်ခင်အေးဆက်ကဖြင့် ဦးလေးကျော်ကိုသာ မျက်နှာမလွှဲပါဘဲ စိုက်ကြည့်နေပါတော့သည်။ အသေအချာ လေ့လာနေပါသည်။





'ကဲ ကိစ္စရှိရင် ပြောပါ ဒေါ်မေဘယ်(လ်)၊ ကျွန်တော် ခင်ဗျားတို့အတွက် အချိန်သိပ်မပေးနိုင်ဘူး'

'ကက်နက် မောင်လေး... အမလေးနော်၊ ဘယ်လိုများ ဖြစ်ရတာလဲ၊ မမကြီးကို အဆက်သွယ်ဖြတ်ချင်လို့ တမင်များလုပ်နေတာလား မောင်လေးရယ်'

'မဟုတ်ပါဘူး၊ တကယ်ပါ ကျွန်တော် တကယ်ပြောတာပါ၊ ကျွန်တော် ထွန်းအောင်ကျော် မဟုတ်ပါဘူး'

'ဖြစ်မှဖြစ်ရလေဟယ်... မွေးကတည်းက တူတူကြီးလာကြတာ ဒီမျက်နှာနဲ့ ဒီရုပ်ဟာ ထွန်းအောင်ကျော်မဟုတ်ဘူး ဟုတ်တယ်ဆိုတာ မသိဘဲနေပါ့မလား၊ ကက်နက်ရယ်...မင်းစကားကို မင်းမိန်းမနဲ့ မင်းသမီးပဲ မေးပါဦး... တစ်လောကလုံးကို မေးပါဦး၊ မှန်ထဲပြန်ကြည့်ပါဦး၊ မင်းဟာ ထွန်းအောင်ကျော်ဟုတ်လား မဟုတ်ဘူးလား ဆိုတာ'

'ဟား၊ ဟား၊ ဟား၊ ဟား...အောင်မြင်လိုက်တဲ့ငါ့နဲ့နော်... ဒီလိုဖြစ်အောင် မနည်းလုပ်ထားရတာပါ၊ ကျွန်တော့်ရဲ့ မော်အတတ်ပညာဟာ ဘယ်လောက်များ ထိရောက်လိုက်ပါသလဲလို့ ဟား၊ ဟား၊ ဟား'

ဦးထွန်းအောင်ကျော်၏ အော်ရယ်သံက ကျွန်မတို့အဖို့ ကမ္ဘာကြီး တုန်ဟည်းသွားသည့်အလား ချောက်ချားကြရပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မေဘယ်(လ်)မှာ ပါးစပ်များ ပွင့်ဟသွားသည်။ မျက်လုံးများပါ ပြူးကျယ်သွားတော့သည်။ ပေါ့ပေါ့တန်တန်ထင်မှတ် ထားခဲ့ရာမှ အလေးအနက်ဖြစ်လာသည်။ မိုးမီးလောင်မည့် ပြဿနာမျိုးကြုံဆုံရလေတော့မည်ဟု ဒေါ်မေဘယ်(လ်) သိမှတ်လာဟန် ရှိတော့သည်။ ဒေါ်ခင်အေးဆက်ကိုလည်း အားကိုးတစ်ခုလို လှမ်းကြည့်သည်။ လေ့လာပါ၊ ဝေဖန်ပါတော့ဟူသော သဘောမျိုးဖြင့်လည်း မျက်ရိပ်ပြသည်သို့ ရှိလာပါသည်။

'ဒီမှာ ကက်နက်'

ဒေါ်မေဘယ်(လ်)က အသံခပ်မာမာဖြင့် မောင်ဖြစ်သူကို လှမ်းခေါ်လိုက်သည်။

'ဘာလဲ'

သည့်ထက် နှစ်ဆကျယ်သော လေသံဖြင့် ဦးထွန်းအောင်ကျော်က ပြန်ထူးလိုက်ပါသဖြင့် ဒေါ်မေဘယ်(လ်)၏ ပြောမည့်စကားတို့ ပျောက်သွားသည်သို့ ရှိသည်။ ခေတ္တကြာမှ-

'မင်းဘာပြောပြော ဘယ်လိုပဲ အပြတ်လုပ်လုပ် တို့ကတော့ မပြတ်နိုင်ဘူး။ အရင်းအချာချင်း မနေနိုင်ဘူး။ မင်းပြောသလို မော်အောင်နေတယ်ဆိုတဲ့ မော်ဆရာနဲ့ ကုရမှာ၊ စုန်းကဝေ အတတ်ဆိုလည်း အထက်လမ်းရော အောက်လမ်းရော အလယ်လမ်းရော ငါက တိုက်ရမှာပဲ မောင်လေး…အဲဒါတွေ ဘာမှအခြေအမြစ်မရှိရင်လည်း မင်းဟာ ရူးနေလို့ပဲ စိတ္တဇရောဂါ စွဲကပ်နေလို့ပဲ၊ ငါက သက်ဆိုင်ရာပါရဂူနဲ့ ကုရမှာပဲ'





'ခင်ဗျားနဲ့အတူ ပြဿနာတွေ သယ်လာမလို့လား…ဟင်၊ ဘာရမလဲ ထွန်းအောင်ကျော်ဟာ ပန်းငုပါမြိုင်ရဲ့ အရှင်သခင်ဆိုမှတ်လား၊ ကျုပ်သဘောပေါ့၊ ကဲ ခင်ဗျားတို့အားလုံး ကျုပ်အိမ်ပေါ်က ဆင်းသွားကြ သွား… ခု ထွက်သွားကြစမ်း'

'အမယ်လေး'

ဦးထွန်းအောင်ကျော်က မတ်တတ်ထရပ်ပြီး ဒေါသတကြီးနှင်လွှတ်ပါ၍ ဒေါ်ခင်ဦးခင်က အသံကုန်အော်ဟစ်လိုက်ရှာပါသည်။ အဝါက ကျွန်မနှင့် တွဲထားသည့်လက်ကို ရုတ်တရက် ဖြုတ်လိုက်ပြီး ဖခင်ထံ တဟုန်ထိုးပြေး၍ ဖက်လိုက်ပါသည်။ အဝါမှာ ခံစားမှုပြင်းထန်နေဟန်ရှိပါ၍ ဒူးလေးများ ညွတ်ခွေသွားလေသလားပင် ဖြည်းဖြည်းချင်း လျောကျကာ ဖခင်၏ခြေအစုံကို ဖက်ရင်း…

'ဖေဖေ၊ ဖေဖေရယ် အန်တီကြီးတို့ကို နှင်မလွှတ်ပါနဲ့၊ သနားပါသနားပါဦး၊ သမီးတို့ကို သနားပါဦး ဖေဖေရဲ့'

အဝါ၏ ငိုရှိုက်သံက ကျွန်မနှလုံးသားကို တိုက်ရိုက် ရိုက်ခတ်ပါလေပြီ။ ကျွန်မလည်း မျက်ရည်မဆည်နိုင်တော့၊ ကိုတင်အောင်မြင့်သာ အဝါ၏ ပရိဒေဝကို မြင်ရပါလျှင် ရင်ကွဲရှာပေလိမ့်မည်။ ဦးထွန်းအောင်ကျော်က ဒေါသများ အနည်းငယ်ပြေလျော့သွားလေသလားပင် ဘာစကားမျှ မပြောကြားပါသော်လည်း လှုပ်လှုပ်ရှားရှား မလုပ်တော့ပါချေ။

ရပ်လျက် ငြိမ်နေသည့်မို့ အဝါက အားတက်လာဟန်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



'နော် ဖေဖေနော်···သမီးသူငယ်ချင်းလည်း ပါလာပါတယ် ဖေဖေရယ် အားလုံး မိန်းမတွေချည်းပါ၊ နေခွင့်ပြုပါဖေဖေ၊ နေခွင့်ပြုပေးပါ ဖေဖေရယ်'

ဦးထွန်းအောင်ကျော်က အဝါပခုံးလေးကို ဆွဲမ၍ ဘေးဖယ်လိုက်ပြီး ဆိုဖာပေါ်တွင် ပြန်ထိုင်ကာ-

'ကဲ တစ်ညတော့ နေခွင့်ပြုမယ်၊ လာရင်းကိစ္စသာ ပြောကြစမ်းပါ'

လာရင်းကိစ္စကို ဘယ်သူကစ၍ ပြောနိုးနိုးဖြင့် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်နေမိကြသည်။ သည်သို့ ငြိမ်နေရာမှ စတင်လှုပ်ရှားလာသူက ဒေါက်တာဒေါ်ခင်အေးဆက်···

'ဒီမှာ ဦးသိန်းဖေ'

ဒေါ်ခင်အေးဆက်၏ ခေါ်သံကြောင့် ဦးထွန်းအောင်ကျော် ဖျတ်ခနဲ လှည့်ကြည့်လိုက်သည်။ မထင်မှတ်သော ခေါ်သံကြောင့် အားလုံး တအံ့တသြပင် ဒေါ်ခင်အေးဆက်ကို လှည့်ကြည့်လိုက်ကြပါသည်။ ဒေါ်ခင်အေးဆက်ကပင် ဆက်လက်၍-

'ကျွန်မ ခင်အေးဆက်ပါ၊ ဒေါက်တာခင်အေးဆက်ပါ၊ ဆေးကုသပေးဖို့ ငွေတစ်ထောင်နဲ့ ကျွန်မလိုက်လာခဲ့တာပါ၊ ဒီတော့ ဦးထွန်းအောင်ကျော်ပဲဖြစ်ဖြစ် ဦးသိန်းဖေအဖြစ်နဲ့ပဲဖြစ်ဖြစ် ကျွန်မကုသရမှ ငွေရမယ့်သူပါ၊ ဒီတော့ ကျွန်မက ဦးသိန်းဖေအဖြစ်နဲ့ပဲ ဆက်ဆံပါရစေ၊ ကျွန်မကို စစ်ဆေးခွင့် ပေးပါရှင် ကူညီပါ'





'ကျုပ်က ဘာဖြစ်နေလို့ သူတို့က ဆရာဝန်တောင် ခေါ်လာရတာတဲ့လဲ'

'ဦးသိန်းဖေကို သူတို့က ဦးထွန်းအောင်ကျော်လို့ပဲ ထင်နေကြတာကို ဦးသိန်းဖေရဲ့ မှော်ပညာကို သိပ္ပံနည်းနဲ့ တွန်းလှန်ချင်တဲ့ သဘောလို့ ဆိုရမှာပေါ့'

'ဟား၊ ဟား၊ ဟား၊ ဟား'

'ကဲ··· ပါလေ··· ကျွန်မကို စမ်းသပ်ခွင့်လေးတော့ပေးပါ။ ဒါမှ ကျွန်မလာရကျိုးနပ်ပါလိမ့်မယ် ဦးသိန်းဖေ···'

'နေပါဦး ကျုပ်ကိုခင်ဗျားက ဘယ်လိုအပိုင်းကနေကုမှာလဲ'

'ဪ··· ကျွန်မက ဆရာဝန်ပဲ။ နားကျပ်နဲ့ထောက်မှာပေါ့။ ဒူးဂေါင်းခေါက်မှာပေါ့။ မျက်လုံးဖြဲ၊ လျှာထုတ်ကြည့်မှာပေါ့'

ဒေါ်အေးဆက်၏ ပြောပုံဆိုပုံက တစ်မျိုးပါပင် ကျွန်မတို့ထင်မှတ်ထားသလို စိတ်ပညာပိုင်းဆိုင်ရာ အတွေးအခေါ်နှင့် စည်းရုံးခြင်းမပြုပါလားဟု ကျွန်မတွေးမိပါသည်။

'ခက်တဲ့မိန်းမတွေပဲ'

'ဒီလိုပါဦးသိန်းဖေ၊ ဦးသိန်းဖေရဲ့ကိုယ်မှာ ဘာရောဂါလဲလို့ အကြောင်းရှာပြီးရင် ကျွန်မတာဝန်ပြီးပါပြီ။ တကယ်လို့ ရောဂါတွေ့နေရသည့်တိုင် ကုသဖို့ မကုသဖို့အပိုင်းက ဦးသိန်းဖေသဘောပါ။ ကျွန်မက ညွှန်ပြခဲ့ရုံပါပဲ။ ဦးသိန်းဖေ အခန်းထဲမှာပဲ အေးအေးဆေးဆေး နှစ်ယောက်ချင်း စမ်းသပ်မှာပါ။ သူတို့မသိစေချင်ခဲ့ရင်ပေါ့လေ···'



www.burmeseclassic.com

www.burmeseclassic.com



ဦးသိန်းဇံက တဟားဟား…ဟား…ရယ်မောရင်း…

'အင်း…ဟုတ်ပြီ။ စမ်း…စမ်း…တစ်ကိုယ်လုံး ကြိုက်တဲ့နေရာစမ်း။ ခင်ဗျားတို့ သိပ္ပံပညာတွေနဲ့ ကျုပ်တို့ရဲ့ စုန်းကဝေပညာကို ကျော်လွှားလို့ရမရ ဆိုတာ စမ်းကြည့်ကြသေးတာပေါ့လေ… ဒီညတော့ အနားယူကြဦး…နက်ဖြန်မှ စမ်းကြပေါ့'

'ကောင်းပါပြီ ဦးသိန်းဇံ ကောင်းပါပြီ…'

'ဒီမှာခင်ခင်'

ဦးထွန်းအောင်ကျော်က ဒေါ်ခင်ဦးခင်ကို ခပ်ငေါက်ငေါက် ခေါ်လိုက်ပါ၍…

'ရှင်…ကိုကို…'

'ခေါ်ပြန်ပြီ။ ဒီကိုကို… ဒီမှာ မင်းဇည့်သည်တွေဘာတွေ ပို့မယ်ဆိုပြီး အပြင်လိုက်မသွားရဘူးနော်… ကြားလား… ခင်ဗျားတို့လည်း ဒီမှာနေပြီး ဒီကပဲ ပြန်ကြပါ။ ဒီမှာ… ဟိုသူငယ်မ…'

ဦးထွန်းအောင်ကျော်က ကျွန်မဘက် လှည့်ကြည့်ရင်း လက်ညှိုးညွှန် ခေါ်လိုက်ပါ၍ ကျွန်မ လန့်ဖျပ်သွားမိပါသည်။ စိတ်ကို အနိုင်နိုင်တင်း၍…

'ပြောပါဦးလေးကျော်…'

'အေး…မင်းတို့ကတော့ လူငယ်တွေပဲ။ သွားလည်ချင် လည်ကြ။ မမှောင်စေနဲ့။ ကြားလား…ကဲ… ခင်ခင် မင်း ယောင်း ယောင်းကြီးတို့အတွက် ကျွေးလိုက်၊ မွေးလိုက်ပေဦးပေါ့'





ဦးထွန်းအောင်ကျော်က သည်သို့ ခက်ထန်စွာ ပြောကြားပြီး ဧည့်ခန်းမှ ထွက်သွားသည့်အခါ ကျွန်မတို့ မိန်းမသား ငါးယောက်မှာ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ခါဖြင့် ကျန်ရစ်ခဲ့ကြရပါတော့သည်။

◆ ◆ ◆

'မငိုပါနဲ့အဝါရယ်။ မငိုပါနဲ့ကွယ်…အချစ်ပိန်သွားလိုက်တာ၊ မောင်မကြည့်ရက်လိုက်တာ၊ ဝါလေးရယ်'

'မောင်… အဝါလေ… သိပ်အားငယ်နေတာ၊ မောင့်ကိုလည်း သိပ်လွမ်းနေတာ၊ အဝါငိုလိုက်ရတာ ညတိုင်းပဲ…မောင်ရဲ့'

'တိတ်ပါအဝါ… အခု မောင်ရောက်လာပြီပဲ။ ပြီးတော့… စိတ်ရောဂါ ပါရဂူလည်း ပါလာပြီပဲကွယ်…ဦးလေးကျော် ပြန်ကောင်းလာတော့မှာပါ။ ဝါရော၊ မောင်ရော စိတ်ချမ်းသာကြရတော့မှာပါ။ ယောက္ခမကြီးက မောင့်ကို ကျေနပ်ပြီးသားပါ ဝါရယ်။ သူ့စိတ်မှာ မသိစိတ်ဖုံးနေတုန်းခဏပါ။ တော်ကြာ သမက်ကလေးကို ချစ်လွန်းလို့၊ သမက်ကလေးကလည်း သူတို့သမီးလေးကို ချစ်လွန်းလို့ ပန်းငုဝါမြိုင် တစ်ခြံလုံး ချစ်ချစ်ချစ်ချစ်နဲ့…တောင် မြည်နေဦးမှာ ဝါရဲ့'



www.burmeseclassic.com

www.burmeseclassic.com



'သွား… သူများ စိတ်ညစ်ရတဲ့အထဲ သူကဖြင့် ပျော်လို့'

'ပျော်တာပေါ့…ဒကာမလေးရဲ့။ ယောက္ခမကြီးနေကောင်းရင် ဒကာမလေးကို ကပ္ပိရတော့…'

'အို…ကဲ…ပြောဦး…ပြောဦး…မဟုတ်တာတွေပြောဦး…'

အဝါ လက်သီး နုနုလေးနှင့်ထုသံ၊ နွဲ့ဆိုးသံ၊ ရယ်မောသံများဖြင့် ဝန်းကျင်တစ်ခုလုံး ကြည်နူးစရာများသာ လွှမ်းနေခဲ့ပါပြီ။ ကျွန်မမှာ ချစ်သူနှစ်ဦးကို ကျောခိုင်းထားပါသော်လည်း အသံများက အနီးကပ်ကြားနေရပါသည်။ ကျွန်မလည်း မကြည့်ဝံ့ပါ။ သူတို့ကလည်း ကျွန်မတစ်ယောက် သူတို့နားတွင်ရှိနေပါလား ဟူ၍ လုံးဝသတိရကြဟန်မတူ။ ကိုတင်အောင်မြင့်က အဝါနှင့် ကြုံတွေ့ရကတည်းက ရင်ခွင်တွင်းသွင်းခါ တင်းကျပ်စွာ ဖက်တွယ်ထားပါသည်။ သည်မှုစ၍ ကျွန်မ ကျောခိုင်းထားရခြင်းဖြစ်ပါသည်။

ကျွန်မတို့မှာ ပန်းငုဝါမြိုင်သို့ ယနေ့ညနေလေးနာရီကျော်ကျော်တွင် ရောက်ခဲ့ကြပါသည်။ ခေတ္တစကားပြောပြီး ထမင်းပင်မစားတော့ပါဘဲ ရေသာချိုးခဲ့မိပါသည်။ ဦးလေးကျော်၏ ခွင့်ပြုချက်လည်း ရရှိပြီးဖြစ်ပါ၍ ကျွန်မနှင့်အဝါမှာ ကသုတ်ကရက် ထွက်လာခဲ့ကြရပါ၏။ ပန်းငုဝါမြိုင်တွင် ကောင်ဆယ်(လ်)ကားကြီး ရှိပါသော်လည်း ဒရိုင်ဘာမရှိတော့၊ ကားမောင်းတတ်သော အဝါကိုလည်း မောင်းခွင့်မပေးခဲ့ပါချေ။

ကျွန်မတို့နှစ်ယောက်မှာ ခြေကျင်ပင် ကိုတင်အောင်မြင့် တည်းခိုရာ စိမ်းလဲ့မေရှိရာသို့ အရောက်လာခဲ့ကြရပါသည်။ ပြီးမှ





သုံးယောက်သား စိမ်းလဲ့မေတည်းခိုရိပ်သာ၏ နောက်ဘက်ရှိ ပင်လယ်ကသစ်ပင်ကြီးနားသို့ လာခဲ့ကြခြင်းဖြစ်ပါသည်။ နေစရာ ဝန်းကျင်က မကျယ်ဝန်းလှပါ၍ ကျွန်မအဝေးသို့ လွဲဖယ်မသွားနိုင်၊ မမြင်အောင် ထိုင်နေရပါသော်လည်း အချစ်ကြီးလွန်းသော ချစ်ဦးသူနှစ်ယောက်၏ ချစ်ခွန်းသွဲ့ကြူနေပုံများကို အတိုင်းသား ကြားနေရခြင်းဖြစ်ပါသည်။

ရှိပါစေ သူတို့နှစ်ဦး ကြည်ကြည်နူးနူး ရှိနေကြသည်ကိုပင် ကျွန်မရင်၌ ချမ်းမြေ့လှပါသည်။

'လွှတ်တော့ မောင်ရယ် မမတာကြီး သနားပါတယ်'

'မသနားစမ်းပါနဲ့အဝါရယ်၊ သူ့မှာလည်း'

'ဟဲ့နော်…ဟော့၊ ကိုယ့်ဖာသာကိုယ် လှုပ်ရှားကြပါ၊ ကျုပ်ကို ဆွဲမထည့်ကြစမ်းပါနဲ့'

'ဟင်း ဟင်း… ဟား ဟား'

အလိုလို အူရွှင်နေကြပါသော ချစ်သူနှစ်ဦးက ရယ်စရာမဟုတ်ပါဘဲနှင့် တသိမ့်သိမ့် ရယ်မောနေကြပါသည်။ ကျွန်မက သူတို့ကို ခေါ်နေကျအတိုင်း

'ကဲ သဲသဲလှုပ်တို့ရေ… အချိန်သိပ်မရဘူးနော်၊ မမောင်ခင်ပြန်ကြမှ အိမ်မှာ ဘယ်လိုအခြေအနေနဲ့ ရင်ဆိုင်ရဦးမယ်မသိသေးဘူး'

ကျွန်မ သည်သို့ သတိပေးလိုက်မှ ထိုင်ရာက ထကြဟန်တူပါသည်။ ရွက်ခြောက်ကြွေများ၏ ကမ္ဘာပျက်သံ ညီးညီးညံညံကို ကြားရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



'မောင်'

'မောင့်အချစ်ရယ်'

'ဝါ မပြန်ချင်ဘူး'

'မောင်လည်း မခွဲနိုင်ပါဘူး'

'ဒါပေမယ့် ဝါပြန်ရတော့မယ်ကွယ်'

'ဒီမှာဝါ'

'ပြောပါမောင်'

'မောင်ဆုံးဖြတ်လာတယ်၊ ဒီတစ်ခါ ရန်ကုန်ကို ဝါမပါဘဲ မောင် မပြန်တော့ဘူး။ အိမ်က အခြေအနေကောင်းရင် ဝါ ကျောင်းပြန်တက်ပါနော်၊ မကောင်းရင်လည်း မောင် ခိုးပြေးတော့မယ်'

'ဟင် မောင့်ဟာကလည်း'

'တကယ်ပါဝါ၊ လွမ်းရတဲ့ဝေဒနာဟာ ဘယ်လောက်ခံစားရတယ်ဆိုတာ မောင်သိရပြီ၊ မောင့်အချစ် ရင်မှာလည်း ဒီလိုဝေဒနာ ခံစားနေရမှာပါပဲ၊ သိပ်ပင်ပန်းမှာပဲ၊ မောင်သိပ်သနားရတာပဲ ဝါရယ်။ ဒီတစ်ခါ မောင်တို့ မခွဲပါရစေနဲ့လားကွယ်။ ဝါလိုက်ခဲ့နော်'

'ခက်တဲ့ မောင်ရယ်၊ အိမ်မှာ မေမေက သိပ် သနားစရာကောင်းနေတာ မောင်ရဲ့'

'ဒါဖြင့် ဒီလိုလုပ် ဝါ'

'ဘယ်လိုလုပ်ရမှာလဲ'

'မောင် မပြန်တော့ဘူး၊ မောင်လည်း ဒီဂရီရပြီးပြီပဲ ဒီမြို့မှာပဲ





မောင်အပြီးနေပြီး အလုပ်လုပ်မယ်လေနော်'

'မောင်ရယ် အဝါ သိပ်အားရှိတာပဲ၊ မောင့်ကို အိမ်ကလည်း ကြည်ဖြူကြမှာပါ၊ ဒါပေမယ့် အခြေအနေက မပေးသေးဘူးလေ မောင်၊ ထပ်တွေ့ကြသေးတာပေါ့နော်၊ ဝါသွားမယ်နော် အချစ်ရယ်၊ ဟိုမှာ မမတာကြီး နုတ်ခမ်းစူနေပြီ'

'ပိန္နဲပင် ခွဲမထည့်ကြပါနဲ့ ကျောင်းအစ်မတို့ရယ်'

ကျွန်မတို့သုံးယောက် အပြန်လမ်းတွင် သူတို့နှစ်ယောက်က ကျွန်မကို ကျေးဇူးတင်စကားများ ပြောကြားလာကြသည်မှာ နားမှ မတတ်ပင်။ ကိုတင်အောင်မြင့်ကို ပန်းငုဝါမြိုင်နားအထိ လိုက်လာခွင့် မပြုတော့၊ ကျွန်မက တားမြစ်ရပါသည်။ ဦးထွန်းအောင်ကျော် တစ်စွန်းတစ်စ သိသွားပါလျှင် ပြဿနာပို၍ အတက်မခံချင်ပါ။ ကျွန်မနှင့်အဝါတို့က သူ့ကိုနှုတ်ဆက်လျက် ထွက်ခွာလာကြပြီးမှ အဝါက ရုတ်တရက် အပြေးပြန်လှည့်ကာ...

'မောင်ရယ် မောင့်ကို ပေးမလို့ မေ့နေလိုက်တာ'

'ဘာများလဲ ဝါ'

မတ်တတ်ရပ်ကြည့်နေပါသော ကိုတင်အောင်မြင့်ကလည်း အဝါ့နား တယုတယ ပြေးကပ်၍ မေးလိုက်ပါသည်။ အဝါက သူ့ပိုက်ဆံအိတ်တွင်းမှ ငွေတစ်ထပ်ထုတ်လိုက်ပြီး-

'ရော့ ဒါ အဝါစုထားတဲ့ ငွေနှစ်ရာမောင်၊ မောင် ဟိုတယ်မှာ တည်းရတာ ငွေသိပ်ကုန်မှာ ယူထားနော်...မောင်'



www.burmeseclassic.com

www.burmeseclassic.com



"ဩော်…မောင့်အဝါလေး၊ မောင့်မှာ ပါ၊ပါတယ်အချစ်ရယ်"

"ဟင့်အင်း ယူယူ၊ မောင်ယူရမယ်၊ အဝါသွားတော့မယ်နော်… အဝါအခွင့်သာရင် လာခဲ့မယ်၊ သွားပြီနော်မောင်"

လက်ချင်းဆက်၍ တွဲထားပါသော ချစ်သူနှစ်ယောက်မှာ တစ်ယောက်မျက်နှာတစ်ယောက် မခွဲရက်သလို စိုက်ကြည့်နေပြီးမှ ခွဲခွာလိုက်ကြရှာပါတော့သည်။

သည်မြင်ကွင်းလေးကို ကျွန်မမျက်စိထဲမှ ယနေ့ထက်တိုင် မထွက်နိုင်တော့ပါချေ။

◆ ◆ ◆

"အစ်မကြီးမေဘာယ်(လ်)၊ ကိုထွန်းအောင်ကျော်မှာ အမြွာညီအစ်ကိုများ ရှိခဲ့ဖူးသလား"

"ဘုရားရေ… ဘယ်ကရှိရမှာလဲ"

"သေချာတယ်နော်"

"ကိုယ်နဲ့သူက ရှစ်နှစ်တောင်ကွာတာပဲ သိတာပေါ့၊ ဘယ်က အမြွာမွေး ရှိရမှာလဲ တစ်ယောက်တည်းပါ၊ တစ်ယောက်တည်းမှ တစ်ယောက်တည်းပါ"

"ဒါဖြင့်ရင်တော့ အတော့်ကို စဉ်းစားရကျပ်နေပြီ။ ဒီလူဟာ ဦးထွန်းအောင်ကျော် အစစ်ပါပဲလို့ အစ်မကြီးထင်ရဲ့လား"

"အမလေး… ဒုက္ခပါပဲ၊ အနှစ်ငါးဆယ်ကျော်လုံးလုံး နေခဲ့ကြတဲ့ မောင်နှမပဲ ခင်အေးဆက်ရယ် မသိဘဲနေပါ့မလား၊ ဟုတ်ပါတယ်၊ ဘာဖြစ်လို့လဲဟင် ဘာဖြစ်လို့များလဲကွယ်"

ဒေါက်တာဒေါ်ခင်အေးဆက်နှင့် ဒေါ်မေဘာယ်(လ်)တို့ နှစ်ယောက် ပြောစကားများကို ကျွန်မနှင့်အဝါမှာ ဘာအဓိပ္ပာယ်မှ



www.burmeseclassic.com

www.burmeseclassic.com



မပေါက်၊ ဘာသဘောမှ မစေ့ငုံမိပါဘဲ သူတို့ကိုကြည့်နေမိပါသည်။ ဒေါ်ခင်အေးဆက်က နက်နက်နဲနဲ စဉ်းစားသလို ခေတ္တ မျက်မှောင်ကြုတ်၍ နေပြီးမှ အဝါ့ဘက်သို့ လှည့်ကာ···

'အဝါကရော··ဒါ အဝါ့ဖေဖေပဲလို့ တစ်ထစ်ချ ပြောနိုင်ရဲ့လားဟင်'

ဒေါ်ခင်အေးဆက်၏ ပြောစကားများကြောင့် အဝါမှာ တအံ့တသြဖြင့် ပါးစပ်ကလေး ပွင့်ဟသွားပြီးမှ

'ဘယ်လိုမေးလိုက်တာလဲ အန်တီရယ်။ စိတ်တွေ တစ်မျိုးတစ်ဖုံ ပြောင်းလွဲသွားတာကလွဲလို့ အဝါ့ဖေဖေမှ အဝါ့ဖေဖေ အစစ်ပါရှင်···'

'ကောင်းပြီ။ ဒေါ်ခင်ဦးခင်ကရော ဘာပြောလဲ သူ့ခင်ပွန်း မဟုတ်ပါဘူးလို့ သံသယမရှိဘူးလား'

'အို···ဒုက္ခပါပဲ။ မေမေက မဟုတ်ဘူးထင်ရင် အိမ်ပေါ်မှာ အတူပေါင်းသင်းနေပါ့မလားရှင်···'

'အင်း···မြန်မာပြည်မှာတော့ ဒီလောက် တစ်ယောက်နဲ့တစ်ယောက် ချွတ်စွပ်တူတဲ့လူ ရှိမှာမဟုတ်ပါဘူးလေ···'

ဒေါက်တာဒေါ်ခင်အေးဆက်က ကျွန်မတို့ကိုပြောသလိုလို သူ့ကိုယ်သူ ညည်းညူသလိုလိုနှင့် ပြောနေပါ၍ ဒေါ်မေဘယ်(လ်)က···

'နေပါဦး ခင်အေးဆက်က မောင်လေးကို ဘယ်လိုမြင်နေလို့လဲ





ဘယ်လိုထင်နေလို့လဲဟင်···ရောဂါက··'

'ဒါကိုပြောချင်လို့ ကျွန်မ အသေအချာမေးနေတာပါအစ်မကြီး၊ ကျွန်မလို စိတ်ရောဂါ ပါရဂူတစ်ယောက်အမြင်နဲ့ ပြောရရင်တော့ ကိုထွန်းအောင်ကျော်မှာ ဘာရောဂါမှမရှိဘူး။ အကောင်းပကတိပဲ'

'ဘုရား···ဘုရား'

'ဟယ်'

'ဒါ···ဒါဖြင့် ဖေဖေဟာ ဘာဖြစ်နေတာလဲ ဒေါက်တာရယ်'

ဒေါ်မေဘယ်(လ်) ကျွန်မနှင့်အဝါတို့ထံမှ အသံများ ဆင့်၍ထွက်လာကြပါသည်။ ဒေါ်ခင်အေးဆက် ကိုယ်တိုင် အဖြေရခက်လှန်းသော ပြဿနာတစ်ရပ်နှင့် ရင်ဆိုင်နေရပါကြောင်း သိသာနိုင်ပါသည်။ ကျွန်မတို့ လေးယောက်လုံး စကားမပြောဖြစ်ပါ။ စိတ်လှုပ်ရှားခြင်းဝေဒနာက ကျွန်မတို့အားလုံးကို စိုးမိုးနေပါလေပြီ။

ဒေါ်ခင်ဦးခင်မှာ အိပ်ပျော်နေပါသော ဦးထွန်းအောင်ကျော်ကို ထိုင်၍စောင့်နေသည်။ နိုးလာ၍ အနားတွင်မရှိလျှင် ရိုက်နှက်ပုတ်ခတ်မတတ် ကြိမ်းမောင်းလေ့ရှိပါ၍ အနားမှမခွာရဲ၊ မျက်နှာရိပ်ကြည့်ကာ နေရရှာပါသည်။ ဦးထွန်းအောင်ကျော် အိပ်နေသည့်အချိန်၌ ခြံတွင်းဆင်းကာ အရင်းအချာချင်း တိုင်ပင်နေကြသည့် ဘေးမှ ကျွန်မက ပါဝင်နေရခြင်းဖြစ်ပါသည်။ အဝါက အတင်းခေါ်လာခဲ့၍ ဖြစ်ပါသည်။ တိုက်တွင်း၌လည်း ကျွန်မ မနေခဲ့သင့်။ အမျိုးသမီးကြီးနှစ်ယောက်ကလည်း ကျွန်မအတွက် အနှောင့်အယှက်ဖြစ်သည့်ဟန်မျိုး



www.burmeseclassic.com

www.burmeseclassic.com



မပြကြပါ။ ကျွန်မကိုယ်တိုင်ကလည်း ယင်းအရေးအခင်းကို စိတ်ဝင်စားလွန်းပါ၍ ပါဝင်နှားထောင်လိုလှပါသည်။ သည့်အတွက် ဤဝိုင်းတွင် ပါဝင်နေရခြင်းဖြစ်ပါ၏။

'စိတ်ရောဂါမရှိဘူးဆိုရင် မောင်လေးဟာ ဘာဖြစ်တာလဲ

နူးညံ့လွန်းတဲ့ ဘဝကနေပြီး ဘီလူးစီးထားသလို ဘာလို့ဖြစ်နေရတာလဲ။ မဟုတ်နိုင်တဲ့စကားတွေ ဘာဖြစ်လို့ ပြောနေရတာလဲ ဟင်…'

ဒေါ်မေဘယ်(လ်)က လှုပ်လှုပ်ရှားရှား ဖြစ်လာသည်။ ကြိတ်မနိုင် ခဲမရသဲလို ဆိုလာပါသည်။

ဒေါ်ခင်အေးဆက်က…

'ဟုတ်တယ်။ ကျွန်မဉာဏ်နဲ့တော့ လိုက်မမီတော့ဘူး။ ကျွန်မ သူ့ကို အသေးစိတ်စမ်းသပ်ပြီးပြီ။ မျက်လုံးအိမ်ကိုလည်း အသေးစိတ်ကြည့်ပြီးပါပြီ။ ဘာ့ရောဂါမှ မရှိတာ အသေအချာပဲ။ ကမ္ဘာပေါ်က အကျော်အမော် ဆရာဝန်တွေနဲ့ ရောဂါရှာလည်း တွေ့မှာမဟုတ်ဘူး။ ကျွန်မပြောရဲပါတယ်။ သူဟာ အကောင်းမှအကောင်းပကတိ…'

'ဒုက္ခပါပဲလား… ဒါဖြင့် သူ… သူ ဘာဖြစ်နေတာလဲ'

'ဆေးပညာရှုထောင့်ကတော့ကြည့်လို့ မရတော့ဘူး။ အပြင်က လူမှုရေးအကြောင်းအရာနဲ့ တွေးရရင်တော့ ကိုထွန်းအောင်ကျော်ဟာ ရည်ရွယ်ချက်တစ်ခုခုကြောင့် တမင်သက်သက် လုပ်နေတာပဲလို့ ကျွန်မတွေးနိုင်တာ ဒီတစ်ခုပဲရှိပါတယ် မေဘယ်(လ်)'





ဒေါက်တာဒေါ်ခင်အေးဆက် စကားဆုံးလျှင် အဝါမှာ ကျဆင်းနေသော မျက်ရည်စက်များ ဘေးသို့ လွင့်စင်သွားလောက်အောင် ခေါင်းကိုခါယမ်း၍…

'ဟင့်အင်း…ဟင့်အင်း…ဖေဖေဟာ သူ့ရည်ရွယ်ချက်ကြောင့်တော့ အဝါတို့သားအမိကို ဒီလောက်နှိပ်စက်နေမှာ မဟုတ်ပါဘူးရှင်၊ ဖေဖေဟာ သူ့ဇနီးနဲ့သမီးကို မြို့ထားမလောက် ချစ်မြတ်နိုးခဲ့တဲ့ ဖေဖေပါ။ အန္တရာယ်ကြုံလာရင်တောင် အဝါတို့သားအမိအတွက် ရှေ့က အသေခံပြီး ကာကွယ်ပေးမယ့် ဖေဖေပါရှင်…မဖြစ်နိုင်ဘူး။ မဖြစ်နိုင်ဘူး။ ဖေဖေ့ အကျိုးအမြတ်အတွက် အဝါတို့ကို ဒုက္ခပေးနေတာ မဖြစ်နိုင်ပါဘူး။ အန်တီကြီးရယ်။ ဖေဖေ့ကို ကောင်းအောင် ပြန်လုပ်ပေးကြပါ။ အရင်အတိုင်းဖြစ်အောင် ပြန်လုပ်ပေးကြပါ'

အဝါ၏ ပြောသံ၊ ငိုသံ၊ ရှိုက်သံများကြောင့် ကျွန်မမှာ မျက်ရည်များ သုတ်မနိုင်အောင် ဖြိုင်ဖြိုင်ကျခဲ့ရပါပြီ။ ဖြေရှင်းရန် ခက်ခဲလွန်းသော ပြဿနာဖြစ်လာရပြီဆိုသော အသိနှင့် သူ့မောင် မိသားစု၏ဒုက္ခများကြောင့် ဒေါ်မေဘယ်(လ်)မှာလည်း မျက်ရည်မဆည်နိုင်ရှာတော့ပါ။ ရင့်ကျက်ဟန်ရှိသော ဒေါ်ခင်အေးဆက်သည်လည်း မျက်စိမျက်နှာ ပျက်လွန်းနေရှာပါသည်။ အတွေးရခက်ခဲလွန်းသည့် ပြဿနာကြီးတစ်ရပ်နှင့် ရင်ဆိုင်နေရဟန်မျိုး ဖြစ်နေပါသည်။ တသိမ့်သိမ့် ငိုရှိုက်နေပါသော အဝါ့ကိုလည်း ကျွန်မတို့ သုံးယောက်လုံးက မကြည့်ရက်တော့သလို ရှိနေရပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



'အေးလေ…သူများပြောရင်တောင် မယုံနိုင်စရာပဲ။ ဘယ်လိုက ဘယ်လိုဖြစ်သွားရတယ်လို့ မတွေးတတ်အောင်ပါပဲ၊ မစဉ်းစားတတ်အောင်ပါဘဲ။ အခုဆို ခင်ခင့်ကို ဘာလူပ်ရှားခွင့်မှ မပေးတော့ဘူး။ ပစ္စည်းရေးလည်း သူပဲကိုင်ထားတယ်။ အို…အိမ်မှာ အားလုံးကမောက်ကမပါပဲ။ လူတကာက ဩချရလောက်အောင် သဘောကောင်းလွန်းတဲ့ ငါ့မောင်လေးမှ ဘယ်လိုဖြစ်ရတာပါလိမ့်မလဲနော်'

ဒေါ်မေဘယ်(လ်)မှာ ထိန်းထားသော်လည်း ရပာန်မတူတော့၊ ချုံးပွဲချ၍ ငိုလိုက်ရှာပါတော့သည်။ အရာရာတွင် စဉ်းစားချင့်ချိန်နိုင်ပာန်၊ ဝေဖန်ဆုံးဖြတ်နိုင်ပာန် ရှိရှာပါသော ပညာတတ် အမျိုးသမီးကြီးနှစ်ယောက်တို့မှာလည်း မကြံတတ်၊ မတွေးတတ်ကြတော့ပါချေ။ သည်ပြဿနာက သည့်ထက် အထက်သို့ တက်၍ တင်ပြစရာလည်း လမ်းမရှိတော့။ ဘာကို စီစဉ်ပေးရမည်ကိုလည်း ဒေါ်မေဘယ်(လ်) ကိုယ်တိုင် မသိနိုင်တော့ပါချေတကား။

◆ ◆ ◆



နောက်တစ်ရက်တွင် ဒေါက်တာဒေါ်ခင်အေးဆက်နှင့်အတူ ဒေါ်မေဘယ်(လ်)ပါ ပြန်သွားပါတော့သည်။ ဒေါ်မေဘယ်(လ်)မှာ ရက်ပို့နေလျှင်လည်း ချက်ချင်းပြဿနာက ပြေလည်လာစရာ အကြောင်းမရှိ၊ တိုးတက်လာစရာ အကြောင်းမမြင်သေး။ ဆေးတက္ကသိုလ်ရောက် သားတစ်ယောက်ကလည်း စာမေးပွဲရှိနေပါ၍ မပြန်မဖြစ်ဟု ဆိုပါသည်။ ဒေါ်ခင်အေးဆက်ကိုလည်း အားနာပါ၍ သူလိုက်သွားပါဦးမည်ဟု အကြောင်းပြသည်။ လျစ်လျူရှုသွားခြင်းဖြင့် မဟုတ်ရှာပါ။ ဟိုမှာ ကိစ္စအားလုံး စီစဉ်ခဲ့ပြီး ငါးရက်နှင့်တစ်ပတ်အတွင်း ပြန်လာခဲ့မည်ဟု ဆိုပါသည်။

ကျွန်မကို အားလုံးက နေရစ်ခဲ့ကြစေချင်ပါသည်။ အထူးသဖြင့်က ပင်တိုင်အရင်းနှီးဆုံးဖြစ်သည့် ကိုတင်အောင်မြင့်နှင့် အဝါတို့က အတင်းတားမြစ်ကြပါသည်။ ကျွန်မကိုယ်တိုင်ကလည်း အဝါ့အတွက် နှစ်သိမ့်မှုလေးမှ ပြည့်စုံအောင် မပေးနိုင်သေးပါဘဲနှင့် တစ်ရက်သာနေပြီး မြကျွန်းသာမှ မခွာလိုသေးပါ၍ နေရစ်ခဲ့ရခြင်းသာ ဖြစ်ပါသည်။

ဒေါ်မေဘယ်(လ်)တို့ ပြန်သွားပြီးသည့် ညနေက ကျွန်မနှင့် အဝါတို့မှာ ကိုတင်အောင်မြင့်ရှိရာသို့ လာကြရန် ပန်းငှဝါမြိုင်စံအိမ်မှ ထွက်ခါနီးဆဲဆဲ၌…

'အဝါ'

မိုးထစ်ချုန်းသံဘာစ်ခုကို ကြားလိုက်ရသည်သို့ပင် ကျွန်မနှင့်



www.burmeseclassic.com

www.burmeseclassic.com



အဝါတို့မှာ နောက်သို့ အလန့်လန့်အဖျပ်ဖျပ် လှည့်ကြည့်လိုက်ရပါတော့သည်။ ဦးလေးကျော်မှာ အရင်အသံမျိုး မဟုတ်တော့၊ ခက်ထန်မာကျောနေပေသည်ဟု ကျွန်မ ထင်ပါသည်။ ကျွန်မတို့နှစ်ယောက် ကုပ်ကုပ်ကလေး ပြန်ဝင်လာရသည်။

'ဒါက ဘယ်လဲ'

'ဟို…ဟို…'

ဦးထွန်းအောင်ကျော် အမေးကြောင့် မူမမှန်သော အဝါက ထစ်ငေါ့နေပါသဖြင့် ကျွန်မက…

'လမ်းလျှောက်မလို့ပါဦးလေးကျော်။ ကျွန်မ မရောက်သေးတဲ့ ဘက်တွေ အဝါက လိုက်ပို့မလို့တဲ့ အဟဲ…'

ကျွန်မက မရယ်ချင်ပါဘဲနှင့် ပြုံးရွှင်ဟန်ဖြင့် ပြောလိုက်ရပါသည်။

'မင်း တက္ကသိုလ်ကျောင်းသူတစ်ယောက်ပဲ အဖော်မလိုပါဘူး။ အဝါ အိမ်ထဲပြန်ဝင်၊ အပြင်နဲ့ မဆက်ဆံစေချင်ဘူး။ ဟို ညှော်သည် မိန်းကလေး မင်းသွားချင်သွားနိုင်တယ်'

ဦးလေးကျော်၏ စကားကြောင့် ကျွန်မတို့နှစ်ယောက်မှာ ဘာလုပ်ရမှန်း မသိတတ်နိုင်တော့ပါ။ အဝါက ဦးလေးကျော်နားသို့ ကပ်သွားပြီး ကျောပေးရပ်ကာ ကျွန်မကို သွားစေလိုသောသဘောမျိုး မျက်ရိပ်ပြပါသည်။ ကိုတင်အောင်မြင့်ထံသို့ အကျိုးအကြောင်း သွား၍ ပြောစေချင်ပါကြောင်း ကျွန်မသိရပါ၍…





'ဒါဖြင့် ခဏလောက် အတာတစ်ယောက်တည်း ယှမ်းလျှောက်ပါရစေဦးနော် ဦးလေးကျော်'

ဦးထွန်းအောင်ကျော်က ဘာမျှပြန်မဖြေ မျက်နှာထားတင်းတင်းနှင့်သာ သံတံခါးကို ဆောင့်ပိတ်လိုက်သည်။ တစ်ချိန်က 'သမီး…သမီး'နှင့် ဂရုတစိုက်ရှိလှပါသော ဦးလေးကျော်မှာ ယခုလို ကျွန်မကို ဆက်ဆံနေခြင်းဖြင့် ကျွန်မရင်မှာ တုန်ခါသွားလောက်အောင်ပင် ဝမ်းနည်းအားငယ်စိတ်များ ဖြစ်ထွန်းလာခဲ့ရပါပြီ။

ကျွန်မမှာ တစ်ကိုယ်တည်းပင် ပန်းငုဝါမြိုင်စံအိမ်မှနေ၍ ဦးလှည့်ကာ ထွက်ခွာလာရသည်က ကိုတင်အောင်မြင့်ရှိရာ တည်းခိုရိပ်သာသို့

တောင်ကုန်းငယ်ထိပ်ရှိ ထင်းရှူးပင်စည်ကိုမှီ၍ ရပ်နေပါသော ကိုတင်အောင်မြင့်သည် ကျွန်မလျှောက်လာသည်ကို မြင်လျှင်ပင် တဟုန်ထိုး ပြေးဆင်းလာ၍၊

'မတာ၊ အဝါရော…အဝါရောဟင်'

ကိုတင်အောင်မြင့်၏ ဟုန်နွေပျက်လောက်အောင် လှုပ်ရှားမှုကို ကြည့်၍ ကျွန်မသူငယ်ချင်းအတွက် သနားမိရပါပြီ။

'အဝါရောကွယ်…ကိုယ်မျှော်နေတာ ကြာလှပါပြီ၊ ကိုယ်သူ့ကို သိပ်တွေ့ချင်တာပဲ မတာရယ်'

'သူလိုက်မလို့ပါပဲ သူငယ်ချင်း၊ သူလည်း သူငယ်ချင်းလို ပါပဲကွယ်… သိပ်လွမ်းနေရှာပါတယ်၊ တဖွဖွပဲ ပြောနေရှာပါ။



www.burmeseclassic.com

www.burmeseclassic.com



ဦးလေးကျော်က မသွားရဘူးဆိုလို့ လာခါနီးမှ ကျန်ခဲ့ရတာပါ'

'ဦးလေးကျော် ဘယ်လိုဖြစ်သွားရတာပါလိမ့်နော်၊ ဆရာဝန် ဘာပြောသွားလဲ၊ ကုလို့ရမတဲ့လား၊ ကိုယ်တို့ ထင်သလို ရောဂါ ဝင်နေတာပဲ မဟုတ်လား မမတာ'

ကျွန်မက သက်ပြင်းရှိုက်ရင်း ခေါင်းရမ်းပြလိုက်ရပါသည်။

'ဟင်… ဒါ… ဒါဖြင့်… ဘာလဲ၊ ဘာတဲ့လဲ၊ ကိုယ့်ကို အကြောင်းစုံ ပြောပြစမ်းပါဦး မတာရယ်'

'ဘာမှန်းကို ဘယ်သူမှ တွေးမရအောင် ဖြစ်နေရပြီ သူငယ်ချင်း။ ခုပုံအတိုင်းဆိုရင်တော့ ဦးသိန်းဖံဆိုသူရဲ့ မှော်အောင်နေတယ်လို့ပဲ မဖြစ်နိုင်တာကို လက်ခံရတော့မယ့်ကိန်း ဆိုက်နေပြီ ကိုတင်အောင်မြင့်'

'ဒါတော့ မဖြစ်နိုင်လွန်းပါဘူး မတာရယ်'

'ဟုတ်တယ်၊ သိပ်ကို အံ့ဩစရာပဲ။ အတာတို့ရောက်ပြီး ဒေါက်တာဒေါ်ခင်အေးဆက် ဆိုက်ကိုသုံးတာတွေ၊ စမ်းသပ်တာတွေနဲ့ အဝါတို့ အန်တီကြီးနဲ့ ဆွေးနွေးပြောဆိုကြတာတွေကို အတာပြောပြမယ် သူငယ်ချင်း။ ဒီလို…'

ကျွန်မက ခရေစေ့တွင်းကျ ကျွန်မကြားသိရသမျှကို အသေးစိတ် အသေအချာ ပြောပြရပါသည်။ တစ်ဦးချင်း၏ တွေးခေါ်ခံစားချက်များကိုလည်း တင်ပြမိပါသည်။ အဝါ၏စိတ်ဒုက္ခရောက်ရမှုကိုဖြင့် ကျွန်မ အသေးစိတ် ပြောမပြတော့ပါ။ သူငယ်ချင်းထံသို့ ပရိဒေဝမီး





မကူးစက်စေလိုသော စေတနာကြောင့် သာပါ။ ကျွန်မ၏ အမြင်ကိုမူ ထည့်သွင်း မပြောပြနိုင်။ ကျွန်မကိုယ်တိုင်လည်း ဘာမှမမြင်တတ်၊ မတွေးထင်တတ်တော့။

'ခက်လှချည်လား မတာရယ်၊ ဒီလိုအဖြစ်မျိုး ကိုယ်တို့ကြုံဖူးဖို့ဝေးလို့ ကြားတောင်မကြားဖူးခဲ့ပါလား၊ နေဦး ဒီအတိုင်းဆို ကိုယ် တွေးမိတာတစ်ခုရှိလာပြီ မတာ'

'ပြောစမ်းပါဦး'

'ဦးလေးကျော်ဟာ ဘယ်နည်းနဲ့မှ ဦးသိန်းဖံ မဖြစ်နိုင်ဘူး မှတ်လား မတာ၊ မှော်အောင်တယ်ဆိုတာက ပုံပြင်ထဲမှာပဲရှိတာ၊ ဒီတော့ ဒီပြဿနာတွေကို ဦးလေးကျော်ကိုယ်တိုင်ပဲ ဖန်တီးတာ ဖြစ်ရမယ်။ သူဒီလိုလုပ်ချင်လို့ ဟိုတစ်ခါ ကိုယ်တို့လာတုန်းက စာကြို ရေးထားတာဖြစ်ရမယ်။ ဒီစာဟာ သူပဲ ဖန်တီးတာဖြစ်ရမယ်'

'အတာတော့ ဒီလိုမထင်ရဲအောင်ဘဲ၊ ဦးလေးကျော်ကို အရင်က မတွေ့ခဲ့ဘူး၊ မသိခဲ့ဘူးရင်တော့ ထားပါတော့၊ ကိုတင်အောင်မြင့်ရော အတာပါ တရင်းတနှီးဆက်ဆံခဲ့ကြပြီးပြီ ဘယ်လောက် ဖြူစင်သန့်ရှင်းတဲ့ စေတနာပိုင်ရှင်လဲဆိုတာ အမြင်ပဲ'

'လူ့စိတ်ဆိုတာ ခက်သားလားကွယ်၊ သူ့အိမ်တွင်းရေးမှာ လုံလောက်တဲ့အကြောင်းရှိလို့နေမှာပေါ့၊ မတာပြောတာတော့ ဟုတ်ပါတယ်။ ဒါပေမယ့် လူတစ်ယောက်စိတ်က တစ်ယောက်ကို ပြောင်းသွားပြီဆိုတာ လွယ်မလားကွာ။ သူပဲ တစ်ကိုယ်နဲ့နှစ်စိတ် ဖန်တီးနေမှာပါ'



www.burmeseclassic.com

www.burmeseclassic.com



'ဒါပေမယ့် ဦးလေးကျော်ဟာ ရှုးမှမနေဘဲ ကိုတင်အောင်မြင့်ရဲ့ အိမ်ထဲတင် နှိပ်စက်တာမဟုတ်ဘူး။ လုပ်ငန်းတွေလည်း ရပ်ထားရတယ်။ တခြားလူတွေနဲ့လည်း သိပ်အတွေ့မခံဘူး၊ ထူးတော့ တကာယ့်ကိုထူးနေတာပဲ'

'ဒီမှာ မတာ၊ သူ့ဟာသူ၊ ထူးပဲထူးထူး၊ ရှူးပဲရှူးရှူး၊ ဖြစ်ချင်ရာဖြစ်ကွယ်။ ကိုယ့်ရဲ့အဝါလေး စိတ်သောကရောက်နေရတာကိုပဲ ကိုယ်ရင်ကွဲတော့မယ်။ ကိုယ် သူ့ကို မထားခဲ့တော့ဘူး၊ အပါသာ ခေါ်သွားတော့မယ် ကိုယ်သူ့ကို သိပ်ချစ်တယ်၊ သိပ်သနားတယ်ကွယ်'

'သောကနဲ့ ကွဲကွာနေရတဲ့ ချစ်ဦးသူနှစ်ယောက်ရဲ့ စိတ်ဒုက္ခကို အတာ နားလည်ပါတယ် ကိုတင်အောင်မြင့်၊ အကြောင်းထူးရှိရင် အတာ လာပြောမယ်လေ၊ အတာပြန်မယ်နော်၊ အတာလည်း ပန်းငုဝါမြိုင်မှာ အကြာကြီးတော့ မနေနိုင်ဘူး။ တစ်ရက်နှစ်ရက် အခြေအနေကြည့်ပြီးရင် ပြန်သင့်ပြီလို့ထင်တယ်။ ရန်ကုန်မှာ အတော့အဒေါ် ရောက်နေပါတယ်၊ အကြောင်းကြားပြီး ပြန်ရုံပါပဲ။ ဒါဖြင့် အတာ ပြန်တော့မယ်နော်'

အဝါ့ကို လွမ်းဆွေးပါကြောင်း၊ စိတ်မချပါကြောင်း၊ စောင့်မျှော်နေပါကြောင်း စသော အမှာစကားများကို ကျွန်မ နားထောင်ပြီးမှ ကိုတင်အောင်မြင့်နှင့် ခွဲခွာလာခဲ့ရပါတော့သည်။

◆ ◆ ◆

ထိုနေ့ညဦးက ဦးထွန်းအောင်ကျော် အရက်များသောက်သည်။ အဝါနှင့် ဒေါ်ခင်ဦးခင်မှာ မျက်ရည်နှင့်မျက်ခွက်ပါပင်။ ယခင်က အရက်သေစာ သောက်စားလေ့ရှိသူမဟုတ်၊ ယခု ဦးထွန်းအောင်ကျော်၏ အရက်နှင့်အမြီး သောက်စားပုံမှာ တစ်ကြိမ်တစ်ခါ စမ်းလုပ်ပုံမျိုးမဟုတ်။ ကျင့်သားရပြီးသားလို စနစ်တကျ ရှိလှပါသည်။ သေသောက်ကျူးသူ တစ်ယောက်၏ ပုံစံမျိုးဖြစ်ပါချေသည်။

'ခင်ခင်ရယ် နှစ်တွေကို ဖျက်ပစ်လိုက်ချင်တယ်။ အစ်ကို သိန်းဖံနဲ့ခင်ခင်နဲ့ ဟိုတုန်းက ချစ်ခဲ့ကြတာလေးတွေကို ပြန်ပြီး စမြုံ့ပြန်ချင်လိုက်တာ ဟီး... ဟီး... ဟား... ဟား'

'အို...ကိုကိုရယ် ဟိုမှာ သမီးတို့ရှိတယ်'

'ခင်ခင်ကလေး၊ ဟိုတုန်းက သိပ်စကားတတ်တာ ပိတောက်ပင်အောက်မှာ ချိန်းတွေ့ကြတုန်းကလေ'

'တော်ပါတော့၊ တော်ပါတော့ ကိုကိုရယ်... ခင်ခင်မပြောပါဘူး'



www.burmeseclassic.com

www.burmeseclassic.com



'မင်းကို ငါသတ်မလို့လာတာပဲ၊ အသည်းနှလုံးကို နင်းချေဖို့ပဲ ဒါပေမယ့် ငယ်ကချစ်တော့ အနှစ်တစ်ရာတိုင် ခိုင်မြဲတယ်လို့ ဆိုကြတယ် မှတ်လား၊ တွေ့ရ မြင်ရတော့လည်း နာတာက တစ်ပိုင်း၊ ချစ်တာကတစ်ပိုင်းကွဲ့ မိန်းမရဲ့ ဟဲဟဲ၊ ဟိုတုန်းက စိတ်ကူးယဉ်ခဲ့၊ မျှော်မှန်းခဲ့တာတွေဟာ အတိုးကြီး အဘွားကြီးဖြစ်လာမှပဲ အကောင်အထည်ပေါ်တော့တယ် ခင်ခင်ရယ်၊ အစ်ကိုသိန်းဖံနား တိုးပါဦး၊ ချစ်··· ချစ်ရဲ့'

ကျွန်မတို့နှင့် မြင်သာကြားသာ ထမင်းစားခန်းတွင် ဖြစ်နေကြပါ၍ ကျွန်မတို့က နောက်ဖေးခန်းမှ ထွက်လာကြရပါတော့သည်။ ကျွန်မအတွက် ပေးထားသော အခန်းတွင်းရှိ ခုတင်ပေါ်တွင် မျက်နှာညှိုးနွမ်းစွာနှင့် အဝါက ထိုင်နေပါသည်။ သူ့မျက်ဝန်းတွင် မျက်ရည်ကြည်လေးများပါ ပြည့်လျှမ်းနေပါသည်။ ကျွန်မတို့ ဘာစကားမှ မပြောမိကြပါဘဲ ငိုင်နေမိပါသည်။

'ဖေဖေ၊ အရက်တွေသောက်တာ စိတ်ညစ်လိုက်တာ၊ ဒီည မမတာ အခန်း အဝါ လာအိပ်ရကောင်းမလား မသိဘူး'

'သဘောပဲလေ အဝါ အဆင်ပြေသလို လုပ်ပါ'

– 'ဖေဖေ ရောဂါဖြစ်လာကတည်းက မေမေက ခွဲအိပ်ခိုင်းတယ်။ ဒါပေမယ့် မမတာတို့သိတဲ့အတိုင်း မွေးကတည်းက ဖေဖေ မေမေတို့နဲ့ အဝါ ခွဲမအိပ်ဖူးဘူး။ ကြီးလာတော့လည်း ခုတင်လေးတစ်လုံးနဲ့ ဆက်ပြီး မေမေတို့ဘေးမှာပဲ အိပ်လာတာ၊ ခုလို ဖေဖေတစ်မျိုး





ဖြစ်လာတော့ မေမေပြောပေမယ့် အဝါ ခွဲမအိပ်ပါဘူး။ မေမေ့ကိုလည်း သနားတယ်။ ဖေဖေ့ကိုလည်း စိတ်မချဘူး။ ဒါကြောင့် မမတာနဲ့ အဝါ လာပြီး မအိပ်နိုင်တာပါ၊ ဒီညတော့ လာအိပ်ရကောင်းမလားလို့'

အဝါ့စိတ်တွင် သည်သို့ အတွေးဝင်ပါသော်လည်း ထိုညက ကျွန်မအခန်း အဝါလာ၍ မအိပ်ဖြစ်ပါ။ ကျွန်မလည်း လက်ရှိဖြစ်ရပ်များကို ဉာဏ်မမီပါဘဲနှင့် စဉ်းစားနေမိပါ၍ အတော်ညဉ့်နက်မှပင် အိပ်ပျော်သွားပါတော့သည်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



မသိစိတ်နှင့်သိစိတ် ရောယှက်နေပါသော စိတ်အာရုံတွင်းကို အသံတစ်ခုနှင့် မကြမ်းတမ်းသော လှုပ်ရှားမှုလေးတစ်ခုက ဝင်ရောက်လာနေပါသည်။ အိပ်ချင်စိတ်ကလည်း မကုန်တတ်သေး၊ နိုးသည်လည်း မမည်ပါသေး၊ မသိတစ်ချက် သိတစ်ဝက် ဖြစ်နေရာမှ…'

'ငိုသံပါလား'

ဟူသော အသိကြောင့် မသိစိတ်တို့ လုံးဝ ကွယ်ပျောက်ခဲ့ရပါပြီ။ ကြည်ကြည်လင်လင် နိုးခဲ့ရပါပြီ။ ကျွန်မဆတ်ခနဲ လှည့်ကြည့်လိုက်မိရာ သည်းထန်စွာ ငိုကြွေးနေပါသော အဝါ…

'ဟင်…အ…အဝါ…ဘာဖြစ်တာလဲ၊ ဘာဖြစ်လို့လဲ…ဟင်'

ကျွန်မက အလန့်တကြားမေးပါသော်လည်း အဝါကမဖြေ။ အဝါငိုပုံက ကြေကွဲစရာကောင်းလွန်းလှပါချေသည်။ နှလုံးသားတို့ ပွင့်ကွဲသွားမတတ် ငိုကြွေးနေခြင်းဖြစ်ပါသည်။ ခုတင်တိုင်ကိုသာ လက်နှင့်ဆုပ်ကိုင်မထားပါလျှင် မေ့မြောလဲကျသွားမည့်အဖြစ်မျိုးလောက်ထိအောင် ငိုရှိုက်နေပါ၍ ကျွန်မက အဝါ့ကိုလှမ်း၍ ဖက်တွယ်လိုက်မိသည့်အခါ ကျွန်မမှာ ရင်ပွင့်မတတ် ချောက်ချားရပါပြီ။ အဝါ့အသားလေးမှာ ဆတ်ဆတ်ခါတုန်နေရှာပါသည်။

'အဝါ…အဝါ…ညီမလေး ဘာဖြစ်လို့လဲ၊ ဘာဖြစ်လို့လဲ၊ ပြောစမ်း၊ ပြောစမ်း၊ မမတာကို ပြောစမ်းပါ'

ကျွန်မက သူရူးမတစ်ယောက်လို ပျာယာခတ်သွားမိပါသည်။





သူ့ကို ဆက်တိုက်မေးချလိုက်ပါသည်။ အဝါငိုရုံမက ကလေးငယ်များ ငိုသလို တစ်ချက်ချင်း ရှိုက်နေသည်။ ရှိုက်သံက ရင်နင့်စရာကောင်းလှပါသည်။ ကြီးမားသော ရင်နင့်ကြေကွဲဖွယ်ရာ ပြဿနာတစ်ခုဖြင့် ပန်းငုဝါမြိုင်တွင် ဖြစ်ပျက်လေပြီဟူသော အသိဖြင့် အဝါ့ကို မေးပါသော်လည်း အဝါက မနည်းအားခဲ၍-

'ဘယ် န…နာ…ရီ…ရှိပလဲ'

'မိုးတောင် ကောင်းကောင်းမလင်းသေးပါဘူး အဝါ၊ လေးနာရီခွဲ ငါးနာရီလောက်ပဲ ရှိဦးမှာပေါ့ ဘာဖြစ်လို့လဲ မြန်မြန်ပြောစမ်းပါ၊ ဦးလေးကျော်ရော အန်တီခင်ရော…

'ရှိ…ရှိ…ပါတယ်။ မေမေက အသေလိုအိပ်နေတယ်'

'ဒါဖြင့် ဘာဖြစ်တာလဲ၊ ဘာဖြစ်တာလဲကွယ်'

'ရထားမီပါဦးမလား'

'မီမှာပေါ့… ၆ နာရီမှ ထွက်တာပဲ ဘာဖြစ်လို့လဲ'

'မ…မ…တာ…ပြန်…တော့'

'ဘာ'

'ဟုတ်တယ်…ပြန်… မနေနဲ့တော့…'

'အဝါရယ် ဘယ်လိုပြောလိုက်တာလဲ၊ ဘာတွေဖြစ်နေတာလဲ ပြောပါဦးကွယ်…'

အဝါကမဖြေ၊ ခုတင်ပေါ်သို့ ခွေကျလာသည်။ တစ်ချက်



www.burmeseclassic.com

www.burmeseclassic.com



လိုမ့်ရင်း ကြိတ်၍ အံတင်းကာ ငိုရှိုက်ပြန်ပါသည်။ အဝါငိုပုံက မေ့မြောမတတ် အသက်ချုပ်ငြိမ်းမတတ်ပင်…

'အဝါရယ် ငိုလှချည်လား၊ နေဦး မမတော အန်တီခင်ကို သွားခေါ်ဦးမယ်…'

'မ…မ…ခေါ်'

အဝါက ကျွန်မလက်ကို လှမ်းဆွဲထားပြန်သည်၊ ကျွန်မနှင့် သူ့မိဘများကို ရင်ဆိုင်စေချင်ဟန်မတူ သည်တော့မှ မဟာပညာရှင် ကျွန်မက အတွေးတစ်ခုဝင်လာမိသည်နှင့်…

'သြော်…အန်တီခင်တို့က မမတောကို ပြန်ခိုင်းတာလား အဝါ'

အဝါက ခဏငြိမ်နေပြီးမှ ခေါင်းတဆတ်ဆတ် ညိတ်ပြပါသည်။ ကျွန်မအတွက် အဝါ သည်မျှ ငိုနေရသည်ဆိုပြန်တော့ ကျွန်မ့ရင်တွင် ဒေါသတို့ ပေါက်ဖွားလာရသည်။

'မမတော ထမင်းငတ်လို့ လာနေတာမှ မှုတ်ဘဲ အဝါရယ်၊ အဝါ့ကြောင့် လာနေရတာပဲ၊ မမတောကြောင့် အဝါ ဒီလောက် ငိုနေဖို့ မလိုပါဘူးကွာ၊ မမတောကို အားမနာပါနဲ့၊ သူတို့က မနေစေချင်ဘူး မမတောရှိနေလို့ အဝါ မျက်နှာငယ်နေရတာယ်မှုတ်လား၊ ပြန်မယ် ပြန်မယ် ညီမလေး မမတော ခုရထားနဲ့ ပြန်မယ်နော်…'

ကျွန်မ၏စကားက အဝါ့မျက်နှာလေးကို ကြည်လင်ဝင်းပ မလာစေပါ…ငိုရှိုက်နေဆဲပါပင်။

အစဉ်းစား အဆင်ခြင်ဉာဏ် နုံနဲလှပါသော ကျွန်မသည်





အဝါ့စကားကို ယုံကြည်လျက် ထိုနေ့မနက်ကပင် ယန်းငှဝါမြိုင်မှ အပြီးအပိုင် ပြန်ထွက်ခွာလာခဲ့ခြင်းသည် တက်တက်စင်လွဲမှားခဲ့ရပါ လေပြီဟု ယခုထက်တိုင် ရင်ထုမနာရှိနေရဆဲပါ၊ ရင်ကွဲပက်လက် ဖြစ်နေရဆဲပါ…

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း [၇]

www.burmeseclassic.com

www.burmeseclassic.com

'ဆယ်နှစ်ကျော်ခဲ့ပါပြီ'

ပန်းငုဝါမြိုင်၏ ရင်နင့်ဖွယ် နာကျည်းဖွယ် ဇာတ်လမ်းများကမူ မနေ့ကလိုလို၊ တစ်နေ့ကလိုလိုပင် ကျွန်မရင်၌ ထင်မြင်နေဆဲပါ၊ ကြေကွဲနေဆဲပါ။

အစဉ်မပြတ် သတိတရရှိနေပါသည် ဆိုသော်လည်း ကျွန်မမှာ ကိုယ့်အိမ်ထောင်ရေး၌သာ ကျင်လည်နေရပါ၏။ ပန်းငုဝါမြိုင်၏ နောက်ဆက်တွဲသတင်းများကို မကြားသိရပါတော့၊ သိနိုင်အောင် စုံစမ်းရန်လည်း အခွင့်မသာခဲ့ အချိန်မရခဲ့ပါ။

**'အဝါ…ဘာ့ကြောင့် သေဆုံးသွားရရှာသည်ကို ယနေ့ထက်တိုင် ကျွန်မ သိခွင့်မရသေးပါ'**

ယနေ့ မိုလ်ချုပ်ဈေးသို့ ရောက်သွားရာမှ ကိုတင်အောင်မြင့်နှင့် ဆုံတွေ့ရခြင်းဖြစ်ပါသည်။ ဈေးမှ အပြန်တွင် ကျွန်မ စိတ်မကြည်လင်တော့၊ ညဦးပိုင်း တစ်ချိန်လုံး ပန်းငုဝါမြိုင်၏ ဇာတ်လမ်းများကိုသာ အသေးစိတ် တစ်စချင်း ပြန်လည်တွေးတောနေမိပါတော့သည်။

◆ ◆ ◆





နောက်တစ်နေ့မနက်တွင် အိမ်မှုတာဝန်များကို လုပ်ဆောင်နေရပါသော်လည်း စိတ်က မကြည်လင်လှပါ၊ မလုပ်ချင်လှပါ၊ ငယ်သူငယ်ချင်း ကိုတင်အောင်မြင့်ကို ထမင်းကျွေးရန် ရှိ၍သာ စေတနာအရောက် လုပ်ဆောင်နေရခြင်းဖြစ်ပါသည်။ သူငယ်ချင်း စားကောင်းပါစေရန်လည်း ဟင်းများကို ဂရုတစိုက်ချက်ပြုတ်နေရင်း သူနှင့်တွေ့ဆုံလိုလှပါပြီ။ မိုးမလင်းမီထ၍ အိမ်မှုကိစ္စများ လုပ်ဆောင်ထားပါ၍ သူငယ်ချင်း ရောက်လာသည့် ကိုးနာရီကျော်ကျော်တွင် ကျွန်မတာဝန်များ အားလုံးပြီးစီးခဲ့ပါပြီ။

'လာ… သူငယ်ချင်း လာပါ၊ အတာ့အိမ်ကတော့ ကျဉ်းတယ်ကွယ်… ထိုင်နော်၊ သားကြီး ဖေဖေ့သွားပြောလိုက်၊ ဦးဦးရောက်နေပြီလို့'

'ရပါတယ်… မတာ၊ အထူးဧည့်သည်မှမဟုတ်ဘဲကွယ်၊ မတာရဲ့ အိမ်လေးနဲ့ မတာရဲ့ မိသားစုတို့ အေးအေးချမ်းချမ်း မြင်ရတာကိုယ် ဝမ်းသာပါတယ် သူငယ်ချင်းရယ်'

ကိုတင်အောင်မြင့်က ကျွန်မ၏သားငယ်ကို ပေါင်ပေါ်တင်၍ ပိုက်ထွေးထားရင်း ဝမ်းသာစကားဆိုပါသော်လည်း သူ့မျက်ဝန်းတွင် မျက်ရည်ကြည်များ ရစ်ဝဲနေရှာပါသည်။ ကျွန်မမှာ အဝါနှင့်ပတ်သက်သော အကြောင်းအရာများကို သိလိုလှပြီဖြစ်ပါသော်လည်း မမေးရက်သေးပါ၊ အကြောင်းစုံသိနေပါသော ကျွန်မ၏ခင်ပွန်းက-



www.burmeseclassic.com

www.burmeseclassic.com



'ကိုတင်အောင်မြင့်လာရင် ထမင်းစားသောက်ပြီးမှ ပန်းငုဝါမြိုင် အကြောင်းတွေ စ,နော်'

ဟူသော သတိပေးစကားကြောင့် ကျွန်မ မမေးရသေးပါ၊ သူငယ်ချင်း ထမင်းမြိန်မြိန် စားနိုင်ပါစေရန် ရည်ရွယ်သည့် ခင်ပွန်းသည်၏ စကားကို ကျွန်မ နားထောင်ရပါပြီ။

ကျွန်မခင်ပွန်းသည်နှင့် ကိုတင်အောင်မြင့်တို့ လိုက်လှဲစွာ နှုတ်ခွန်းဆက်လျက် စကားပြောနေကြပါသည်။ ချစ်ဒုက္ခသည်ကြီး ကျွန်မသူငယ်ချင်းကို ကျွန်မ၏ခင်ပွန်းက ဂရုတစိုက်ဖြင့် အရေးထားကာ ဆက်ဆံရှာပါသည်။

ဧည့်သည် မဆန့်ပါစေရန် ကျွန်မတို့မိသားစုလေးယောက်နှင့် အတူ ကိုတင်အောင်မြင့်ကိုပါ ထမင်းလက်ဆုံစားစေခဲ့ပါသည်။ ပန်းငုဝါမြိုင်နှင့် မစပ်ဆိုင်သည့် အခြားသောစကားများကို ပြောကြားရင်း ထမင်းကို အေးဆေးစွာ စားနေမိကြပါသည်။ ကျွန်မ၏ခင်ပွန်းက-

'စားကောင်းရဲ့လား၊ ထည့်စားနော် ကိုတင်အောင်မြင့်တော့ မသိဘူး။ ကျွန်တော်တော့ ကျွန်တော့်ဇနီးကိုယ်တိုင် ချက်ရင် သိပ်မြိန်တာပဲဗျာ'

'အလကား မြှောက်ပြီးခိုင်းတာ သူငယ်ချင်း'

'တကယ်မဟာ... တကယ်စားကောင်းပါတယ်။ ခုလို ထမင်းဝိုင်းမျိုးနဲ့ မစားဖြစ်ခဲ့ရတာ ကြာလှပါပြီဗျာ'





ကိုတင်အောင်မြင့်စကားကြောင့် ကျွန်မတို့ ဇနီးမောင်နှံ နှစ်ယောက်လုံး ရင်ထဲ နင့်သွားရပါသည်။ ထမင်းဝိုင်းအပြီးတွင် အိမ်ရှေ့၌ ရေနွေးကြမ်း လက်ဖက်၊ ငှက်ပျောသီး၊ လိမ္မော်သီး စသည်များကို စားသောက်ကြရင်း စကားများပြောနေသော ကျွန်မ ခင်ပွန်းအား ကိုတင်အောင်မြင့်က

'အလုပ်များရှိပါသလား ခင်ဗျာ'

'ကျွန်တော် သွားစရာတော့ ရှိပါတယ်၊ ဒါပေမယ့် ရပါတယ်။ ကျွန်တော်တတ်နိုင်တဲ့ကိစ္စမျိုး ရှိလာရင်သာ ကူညီပါရစေ'

'ကျေးဇူးတင်ပါတယ်ဗျာ၊ ကျွန်တော်ကတော့ ဘဝကို အဆုံး စီရင်လိုက်ဖို့ပါပဲ၊ ဒါပေမယ့် လက်တွေ့ကျတော့ မဖြစ်ပြန်ဘူး။ ကျွန်တော်ထောင်ကျနေတုန်းပဲ အဖေလည်းဆုံးပါပြီ။ မှီခိုစရာနဲ့ သံယောဇဉ် တွယ်စရာတော့ မရှိတော့ပါဘူး။ ဒါပေမယ့် ကျွန်တော့်ရဲ့ နေရေးစားရေးလေးအတွက်တော့ ဖန်တီးရဦးမှာပါ၊ သူငယ်ချင်း တစ်ယောက်ကို ပြောထားပါတယ်။ ပရိုက်ဗိတ် တက္ကစီကား မောင်းမလို့'

'ကောင်းပါတယ် ကိုတင်အောင်မြင့် အဆင်ပြေရာပေါ့ဗျာ'

'အသက်ကြီးမှ ကဗျာဆန်ဆန် ပြောရရင်တော့ အသည်းနှလုံး သေပေမယ့် အသက်က မသေသေးတော့ စားဖို့ရှာရဦးမှာပေါ့လေ'

'ဘဝဆိုတာ ရှန်းကန်မှု အကြီးနဲ့ အသေးသာ ကွာခြားကြတာ ပါပဲလေ၊ အားမလျှော့ပါနဲ့လေ... ယောကျာ်းပဲ'



www.burmeseclassic.com

www.burmeseclassic.com



'ကောင်းပါပြီဗျာ'

'ကဲ ဒါဖြင့် ကျွန်တော့်ကို ခွင့်ပြုပါဦး ကိုတင်အောင်မြင့် ကျွန်တော့် အလုပ်တိုက်သွားလိုက်ပါဦးမယ်၊ အိမ်မှာပဲ အေးအေး ဆေးဆေးနေပါဦးနော်၊ အတာနဲ့စကားပြောနေကြပါဦး'

'ဟုတ်ကဲ့ ခင်ဗျာ'

ကျွန်မ၏ခင်ပွန်းက ကျွန်မသည့်သည်အတွက် သူဆောင်ရွက် ပေးရန် ဘာများလိုအပ်ပါသေးသလဲဟု ပြောဆိုမေးမြန်းပြီးမှ ထွက်ခွာ သွားပါတော့သည်။ ကျွန်မတို့နှစ်ဦး၏ ဆက်ဆံရေးကို မြင်တွေ့ရ၍ပင် ထင်ပါသည်။ ကိုတင်အောင်မြင့် မျက်ဝန်းဝယ် မျက်ရည်ကြည်လဲ့ နေပါသည်။ ထိန်းထားရှာပါသော်လည်း မျက်နှာက ငိုတော့မယောင် ဖြစ်နေပါ၍ ကျွန်မ၏သားလေးများက ကရုဏာသက်သော မျက်ဝန်း လေးများဖြင့် ကိုတင်အောင်မြင့်ကို မော့ကြည့်နေပါသည်။

'ပြောပါဦး သူငယ်ချင်းရယ်… အတာနဲ့ ကွဲကွာပြီးတဲ့နောက် သူငယ်ချင်းရင်ထဲက ခံစားမှုတွေ၊ ကိုယ်ခန္ဓာဒုက္ခ ရောက်ရပုံတွေကို ပြောပြစမ်းပါဦးကွယ်… မြကျွန်းသာက ပြန်ပြီးကတည်းက ကိုတင် အောင်မြင့်နဲ့အတာတို့ မတွေ့ကြရတော့ဘူးနော်'

'ဟုတ်တယ် မတာ၊ သူဆုံးပြီးမှ ကိုယ်လည်း ဘယ်သူနဲ့မှ မတွေ့တော့ မဆက်ဆံတော့ဘူး၊ တစ်နေ့ကမှ မတာ စာရေးနေတယ် ဆိုတဲ့အကြောင်း ကြားရတာပါ'





'ဟုတ်ကဲ့'

'ကိုယ့်ရင်က ခံစားမှုတွေတော့ မပြောပရစေနဲ့ မတာ၊ စာဖွဲ့ တတ်တဲ့ မတာအတွက် ရေးလို့ကုန်နိုင်မှာမဟုတ်လို့ မပြောပါရစေနဲ့ တော့၊ ပန်းငုဝါမြိုင်ရဲ့ နောက်ဆက်တွဲ လျှို့ဝှက်ချက်တွေသာ ပြောတော့ မယ် မတာရေ'

'အယ်…ဟုတ်ပါရဲ့၊ ဒီမှာ ဦးလေးကျော်ကို ကိုတင်အောင် မြင့် သတ်လိုက်တယ်ဆို၊ ဘာ… ဘာအကြောင်းကြောင့်များလဲ ကွယ်။ အတာမှာဖြင့် ဒီသတင်းဟာ အချောက်ချားဆုံးပါပဲ'

'ဒီအကြောင်းပြောရင် အစက ပြန်ကောက်ရလိမ့်မယ်။ အစ အဆုံးပြောမှ ဓာတ်ရည်လည်မယ်။ နေဦး ကိုယ်က ပြန်မေးရဦးမယ်။ မတာ ပန်းငုဝါမြိုင်က ပြန်ပြီးတဲ့နောက် 'သူ့'သတင်းကို ဘယ်လို ကြားသလဲဟင်။ မြကျွန်းသာကိုတော့ ပြန်လာသင့်ပါတယ်ကွယ်။ သူ့ရဲ့ နောက်ဆုံးခရီးကိုတော့ လိုက်ပို့သင့်ပါသေးတယ်'

ကိုတင်အောင်မြင့် စကားကြောင့် ကျွန်မ စိတ်မကောင်းနိုင် တော့ပါ။ သူ့ပါးပြင်တစ်လျှောက် မျက်ရည်များ လျှောကျလာသည်။ ကျွန်မကိုယ်တိုင်လည်း ငိုရှိုက်နေမိပါပြီ။

ဆယ်နှစ်ကျော်ကာလက အဝါ၏ လှပလွန်းသော၊ သိမ်မွေ့ လွန်းသော မျက်နှာပြုံးပြုံးလေးများကို မျက်စိနှင့် တတ်အပ်မြင်နေရ သည့်အသွင် ပြန်လည်ပေါ်လွင်လာပါ၍ အဝါ့ကို တ,သ လွမ်းဆွတ်ရ ပါသော စိတ်တို့က ကျွန်မရင်နှင့်အပြည့်။



www.burmeseclassic.com

www.burmeseclassic.com



'မငိုပါနဲ့ မတာရယ်။ ကိုယ်တို့နှစ်ဦးရဲ့ ကြေကွဲစရာ ဇာတ်ကြောင်းက ချမ်းမြေ့နေတဲ့ မတာတို့ရဲ့ အိမ်ထောင်စုလေးထဲကို အဝင်မခံပါနဲ့တော့'

'ဒီလိုလည်း ဘယ်ဟုတ်ပါ့မလဲ သူငယ်ချင်းရယ်။ တစ်ပိုင်းစီပဲ၊ တစ်ကဏ္ဍစီပဲကွယ်'

'ကဲလေ… ဒါဖြင့်လည်း ပန်းငုဝါမြိုင်ပုံပြင်ကိုပဲ ပြန်ဆက်ကြရအောင် ကိုယ့်ရင်ထဲမှာ အပြည့်သိပ်ထားတာထက် တစ်ယောက်ယောက်ကို ပြောပြနေရတာက နည်းနည်းများ သက်သာမလားလို့ပါ မတာ။ အဲတစ်ယောက်ယောက် ဆိုတာကလည်း မတာကလွဲလို့ နောက်ထပ်ဘယ်သူ့ကိုမှ ထပ်မပြောပြတော့ဘူး။ ကဲ… မတာ အရင်ပြော'

'ဒီအကြောင်း ပြောရရင်တော့ အတာ့ကိုယ် အတာတောင် ခွင့်မလွှတ်နိုင်ချင်လောက်အောင်ပါပဲ ကိုတင်အောင်မြင့်ရယ်။ အတာ့ကို အခုရထားနဲ့ပြန်ပါတော့ဆိုတော့ အတာကလည်း တကယ်ပဲ ယုံမှတ်သွားမိတယ်။ ဦးထွန်းအောင်ကျော်ရော ဒေါ်ခင်ဦးခင်ပါ အတာရှိနေတာကို မကြိုက်ကြတာ အမှန်ပဲလို့လည်း ထင်မိတယ်။ အိပ်ရာကလည်း ရုတ်တရက်နိုးစ အချိန်ကလည်းမရတော့ သိပ်စဉ်းစားချိန်မရခဲ့ဘူး။ အတာဟာ ဘူတာရုံကို ကတိုက်ကရိုက် ဆင်းခဲ့မိတယ်။ အဝါ့မိဘတွေကိုတောင် မနှုတ်ဆက်ခဲ့မိတော့ဘူး။





'အတူပါခဲ့ကြတဲ့ ကိုယ့်ကိုတော့ နှုတ်ဆက်သွားဖို့ ကောင်းပါတယ် မတာရယ်'

'ဒါကြောင့် အတာ့ကိုယ်အတာ ခွင့်မလွှတ်နိုင်အောင် ဖြစ်တယ်လို့ ပြောတာပေါ့ ကိုတင်အောင်မြင့်။ ဒီတုန်းက အသက်ကလည်း ငယ်သေးတော့ တစ်ကွက်ကျော်ပြီး မတွေးခေါ်တတ်ခဲ့ဘူး သူငယ်ချင်းရယ်။ ပြီးတော့ အဝါငိုပုံကလည်း ရင်ကွဲစရာကောင်းလောက်အောင်ကို ငိုနေပြန်တော့ အတာပြန်ရင် သူစိတ်သက်သာမယ်ထင်ပြီး ပြန်လာခဲ့မိတာပါ'

'ပြောသာ ပြောရတာပါ၊ မတာရှိလည်း သူ သေဖြစ်မှာပါပဲကွယ်'

'အင်း… အတာလည်း သတင်းကြားကြားချင်း မေ့လဲသွားမတတ် ခံစားရပါတယ်။ သူ့ရုပ်မတစ်ယောက်လို ချောက်ချားမိရပါတယ်။ ကြားရတော့ အဆောင်မှာပါပဲ။ အတာ ပြန်လာပြီး သုံးရက်မြောက်တဲ့နေ့မှာပါပဲ။ အဝါ့ကို ဂူသွင်းသင်္ဂြိုဟ်တဲ့ နေ့မှာပဲပေါ့ အင်းလျားဆောင်မှာနေတဲ့ အဝါ့သူငယ်ချင်း မြကျွန်းသာသူ တစ်ယောက်ကလာပြီး ပြောပြတာပါ။ အတာဖြင့် တစ်လလောက်ကို မစားနိုင် မသောက်နိုင်အောင်ဘဲ ပရိဒေဝမီး တောက်လောင်ရပါတယ် သူငယ်ချင်းရယ်။ ခုချိန်ထိပဲ အတာ့ကို မကျေနပ်ဆဲရှိနေကြလိမ့်မယ်လို့ အဝါ့မိဘတွေပေါ်မှာ အတာထင်နေမိတာကိုး။ ဒါကြောင့် ပန်းငုဝါမြိုင်ကို အတာ မရောက်လာခဲ့တာပါ။ မဆက်သွယ်မိတော့



www.burmeseclassic.com

www.burmeseclassic.com



တာပါ။ ဒီနောက်တော့ အတာ ကျောင်းထွက် အိမ်ထောင်ကျပြီး ကိုယ့်ဘဝကိုယ် ဖန်တီးနေကြရလေတော့ ပန်းငုဝါမြိုင်နဲ့ အတာဟာ ဝေးသထက်သာ ဝေးခဲ့ကြရတာပါပဲ ကိုတင်အောင်မြင့်ရယ်'

ကျွန်မနှင့် ကိုတင်အောင်မြင့်တို့ စကားစပြတ်သွားကြပါတော့သည်။

နှစ်ဦးလုံးရင်မှာ နာကျင်ဆဲ ရှိနေရပါသော်လည်း မငိုဖြစ်ကြအောင် ကျွန်မတို့ ထိန်းထားရပါသည်။

'အဝါ သေရတဲ့ အကြောင်းရင်းကို ကိုတင်အောင်မြင့် သိသလားဟင်'

'သိတာပေါ့ မတာရယ်- သိပ်သိတာပေါ့။ ဒါကြောင့် ကိုယ် ဒီဘဝ ရောက်ရတာပေါ့ကွယ်'

'အတာလည်း သိချင်လှပါပြီ'

'ကိုယ် အစကစပြီးပြောမယ် မတာ၊ သားသား ဦးဦးကို ရေတစ်ခွက်ပေးပါနော်။ မတာ ပြန်သွားတဲ့နေ့ကလေ…'

◆ ◆ ◆

စိမ်းလဲ့မေ တည်းခိုရိပ်သာ၏ အခန်းအမှတ် ၁၂ တွင် လဲလျောင်းအိပ်စက်နေပါသော ကိုတင်အောင်မြင့်၏ အကြားအာရုံတွင်းသို့…

'ဒေါက်…ဒေါက်…ဒေါက်'

ဟူသော တံခါးခေါက်သံကြောင့် ကိုတင်အောင်မြင့် ဒေါပွသွားမိသည်။ အိပ်ရာမှ ခပ်ဖြည်းဖြည်းပင် ထ,လိုက်သည်။ တံခါးခေါက်သံက အဆက်မပြတ် ပေါ်လာပါသဖြင့် အားမနာသော နှောင့်ယှက်သူကို ဘုပြောမည်ဟု ရည်ရွယ်လျက် တံခါးဖွင့်လိုက်ရာ…

'ဟာ…အ…အဝါ…အဝါ…ပါလား'

'မောင်ရယ်'

အဝါက အခန်းတွင်း တစ်ဟုန်တိုးပြေးဝင်၍ ကိုတင်အောင်မြင့်ကို လှမ်းဖက်လိုက်ရာ ကိုတင်အောင်မြင့်သာ တောင့်မထားပါချေ နှစ်ယောက်လုံး ပြိုလဲကျသွားမတတ်ပါပင်။

'အဝါ၊ အချစ်ရယ်။ ဘာ…ဘာဖြစ်လာတာလဲ၊ ကြည့်ပါဦး



www.burmeseclassic.com

www.burmeseclassic.com



တစ်ကိုယ်လုံးလည်း တုန်လို့၊ အေးစက်လို့၊ ဖြစ်မှဖြစ်ရလေ။ မတာရော ဟင်… မတာ မပါဘူးလား'

အဝါက ခေါင်းခါပြသည်။

'နေဦး… နေဦး၊ မောင် တံခါးပိတ်လိုက်ဦးမယ်'

အခန်းရှေ့တွင် လူသူများ ဖြတ်လျှောက်လေ့ရှိပါ၍ ကိုတင်အောင်မြင့်က အဝါ့ကို အသာလေးဖယ်၍ တံခါးကျက်ထိုးလိုက်သည်။ ပြီးမှ ခုတင်ထက်တွင်ထိုင်ကာ အဝါ့ကို ရင်ခွင်တွင်း၌ တင်းကျပ်စွာ ပွေ့ပိုက်ထားလိုက်ပြီး

'ရင်ထိတ်လိုက်ပါဘိတော့ မောင့်အဝါရယ်။ ပြောပါဦး၊ မောင့်ကိုပြောပါဦး၊ ဘာဖြစ်လို့လဲ အချစ်… ဟင်'

'မောင်… မောင်ရဲ့'

'အို…အဝါ၊ ငိုလှချည့်လား။ ဒီလောက်မငိုစမ်းပါနဲ့၊ မောင်ရင်ကွဲလိမ့်မယ်၊ ပြောစမ်း…ပြောစမ်းပါ၊ မြန်မြန်ပြောစမ်းပါ၊ အို…အဝါရယ်'

ကိုတင်အောင်မြင့်က ရင်ခွင်တွင်းမှ အဝါ့ကို လှုပ်ခါမေးပါသော်လည်း မရ။ အဝါ့ငိုသံက နှလုံးအိမ် ပွင့်ကွဲမတတ် ဖြစ်နေပါ၍ ကိုတင်အောင်မြင့်ရင်ပါ ပွင့်ကွဲမတတ် ဖြစ်ရပါပြီ။ ဘာအကြောင်း မှန်းမသိရလေ ရင်ပူစိတ်က လွန်ကဲရလေပင်။

'ငိုနေလို့ ပြီးမလား အဝါ၊ ပြောမှပေါ့… မောင့်ကိုပြောဦး မှပေါ့။ ဒါမှ မောင် ကြံတတ်ဖန်တတ်မှာပေါ့။ ပြောစမ်းပါ





မောင်ဘာလုပ်ပေးရမလဲ၊ အဝါ့အတွက်သာဆိုရင် မောင် အသက်နဲ့ပဲ လဲရလဲရပါ အဝါ၊ ပြောစမ်းပါ ဝါဘာဖြစ်လာလို့'

'ဟင့်အင်း… ဟင့်အင်း… ဝါပြောဖို့လိုလာတာမှုတ်ဘူး၊ မောင့်ကို၊ မောင့်ကို တွေ့ချင်လွန်းလို့'

'ဘာ့အကြောင်းကြောင့် တွေ့ချင်ရတာလဲ… အဝါ ဘာ့ဖြစ်လာ လဲကွယ်'

'မပြောဘူး…မပြောဘူး မောင်ရယ်။ မောင့်ကိုလေ…ဝါ… သိပ်၊ သိပ်ချစ်တာပါ။ ဒါပေမယ့်…ဝေး…ဝေးပါပြီ'

မျက်ရည်လူးနေသော မျက်နှာလေးနှင့် အဝါက ကိုတင်အောင်မြင့်ကို စတင်နမ်းလိုက်သည်။ လည်ပင်းကို သိုင်းဖက်ထားသည်။ ကိုတင်အောင်မြင့်မှာလည်း အဝါကို နိုင်မြဲတင်းကျပ်စွာ ဖက်တွယ်ရင်း ပါးချင်းအပ်ထားမိသည်။ကြာမြင့်စွာ အပ်ထားပါ၍ ချစ်သူနှစ်ဦး၏ မျက်ရည်များက ပေါင်းဆုံစီးဆင်းပါလေပြီ။

'မောင်'

'ဟင်'

'အဝါပြန်တော့မယ်'

ကိုတင်အောင်မြင့်က ခေါင်းထောင်လိုက်သည်။ အဝါ့မေးစေ့လေးကို လက်ဝါးတွင်ထည့်ကာ ဆွဲမော့လိုက်ပြီး

'ဒီမှာ အဝါ… အဝါ ဘာရည်ရွယ်ချက်နဲ့ မောင့်ဆီလာခဲ့ တာလဲ… မောင့်ကို လာညှဉ်းရတာလဲ… မောင့်ကိုချစ်တယ်ဆို။



www.burmeseclassic.com

www.burmeseclassic.com



မောင့်ကို မသနားဘူးလားဟင် … အဝါ့ကို မခွဲနိုင်လွန်းလို့ ဒီမြို့မှာ မောင်တစ်ယောက်တည်း လာနေရတာလည်း ကြည့်ပါဦးတော့ အဝါရယ်။ အဝါ ဘာဖြစ်နေတယ်ဆိုတာ အဝါပြောမှ မောင်သိရမှာပေါ့'

'မောင့် … မောင့်ကို ပြန်ခိုင်းမလို့'

'ဘာပြောတယ်'

'မမတာကိုလည်း ပြန်နိုင်းလိုက်ပြီ။ မောင်လည်းပြန်တော့ မြကျွန်းသာကို ဘယ်တော့မှ မလာနဲ့တော့။ ပြီးတော့လေ … အဝါ့ အချစ်ရဲ့ရင်ထဲမှာ အဝါဆိုတာကို ဖယ်လိုက်ပါတော့။ ပန်းငုဝါမြိုင် ဆိုတာ ဇာတ်သိမ်းလိုက်ပါတော့။ မောင် …. မောင်မငိုနဲ့နော် … အဝါမရှိရင် အဝါ့ကို မလွမ်းပါနဲ့၊ မတမ်းတပါနဲ့ အချစ်ရယ်။ မောင်ရင်နာရမှာ အဝါကြောက်လိုက်တာရှင်'

'အဝါ … အဝါ … ဘာတွေပြောနေတာလဲ … မောင်ဘာမှ နားမလည်ဘူး … အန်တီခင်တို့ ဦးလေးကျော်တို့ရော'

'ရှိပါတယ်။ မမေးပါနဲ့၊ အဝါ့ကိုချစ်ရင်၊ သနားရင် မမေးပါနဲ့ အဝါမကြားချင်ဘူး။ မောင်ဒီနေ့ ရထားနဲ့ပဲ ပြန်တော့နော် …'

'အဝါကျောင်းပြန်လာမှာလားဟင်'

အဝါ ခေါင်းခါယမ်းပြသည်။

'ဒါဖြင့် မောင်မပြန်ဘူး။ အဝါရှိတဲ့မြေမှာပဲ။ မောင်နေမယ်။ မောင်သေမယ်ကွာ …ကဲ …'

'ခက်ပြီ။ ဒီအတိုင်းဆို ခက်ကြပြီ'





အဝါက သည်းထန်စွာ ငိုပြန်ပါသည်။ အဝါမှာ လက်အုပ်ကလေးချီရင်း ကိုတင်အောင်မြင့်ရင်တွင်းမှပင် …

'ပြန်ပါမောင်ရယ်။ အဝါရှိခိုးပြီး တောင်းပန်ပါတယ် … မောင် ပြန်ပါတော့။ အဝါကိုသနားရင် မောင်ပြန်ပါ။ အဝါစိတ်ဖြောင့်အောင် မောင်ပြန်ပါ။ အဝါ့ကို တမ်းတမနေနဲ့၊ ပူဆွေးမနေပါနဲ့နော် …'

အဝါ့တွင် အကြောင်းတစ်ခုဖြင့် အမှန်ရှိလေပြီဟု ကိုတင်အောင်မြင့် တွေးလိုက်သည်။ နောင်မှ တော်သလိုစီစဉ်မည်။ ယခု ချစ်သူလေး စိတ်သက်သာရာရပါစေရန် …

'ကဲပါလေ … မောင်ပြန်ရင် အဝါအငိုတိတ်မလားဟင် …'

'တိတ်မယ်။ တိတ်ပါ့မယ်'

မှုန်မှိုင်းနေသော အဝါ့မျက်ဝန်းလေးများပင် အနည်းငယ် ကြည်လဲ့လာသည်။ နှစ်ဦးသား မျက်ရည်များကြားမှ ကြာမြင့်စွာ စိုက်ကြည့်နေကြပြီးမှ …

'အဝါပြန်ပါရစေတော့ အသက်ရယ်'

စိတ်မပါပါဘဲနှင့် ကိုတင်အောင်မြင့် ခေါင်းညိတ်ပြလိုက်ရသည်။

အဝါ … ပြဿနာတစ်ခုခုရှိရင် အဝါပြောသင့်သူဟာ မောင်ပါကွယ် … ရင်ထဲမှာ ကျိတ်မထားပါနဲ့ အချစ်ရယ် ပင်ပန်းလှပါတယ်'

'အဝါ ပြန်ပါရစေတော့ မောင်ရယ်။ အဝါပြောတာတွေ နားထောင်ရစ်ပါအချစ်'



www.burmeseclassic.com

www.burmeseclassic.com



'အဝါဘာမှမပြောချင်လည်း သဘောပေါက်တယ်'

အဝါကချည်း နှုတ်ဆက်အနမ်းပန်းများ ပေးဆက်ရင်း ခွဲခွာခါနီးတွင်...

'အဝါပြောနိုင်တာ တစ်ခုတော့ရှိပါတယ်'

'ဘာလဲ... ဘာလဲဟင်... အသက်'

'အိမ်က...အိမ်က မောင့်ဦးလေးကျော်ဟာ...အဝါ့အဖေ... မဖြစ်နိုင်ဘူး'

◆ ◆ ◆

၁၃

အဝါရောက်လာခြင်း၊ အဝါဆိုလိုရင်းနှင့် အဝါ၏ ရင်တွင်း ပြဿနာများကို ဘာတစ်ခုမှ နားမလည်နိုင်ပါဘဲနှင့် ကိုတင်အောင်မြင့်မှာ အဝါ့ကို ရင်ခွင်ထဲက ခွဲထုတ်လိုက်ရပါတော့သည်။

အဝါ့စကားအတိုင်း သည်မြကျွန်းသာမှ ခွာသွားလေဟန်ဖြင့် ကိုတင်အောင်မြင့်မှာ စိမ်းလဲ့မေ တည်းခိုရိပ်သာ၏ အခန်းကို ပြန်အပ်လိုက်ရပါသည်။ သို့ပါသော်လည်း စိတ်ချလက်ချ မြကျွန်းသာမှ မခွာသွားနိုင်။ အဝါ၌ ဆိုးရွားသော ကံကြမ္မာတစ်ခုခုနှင့် ရင်ဆိုင်နေရပေသည်ဟု ကိုတင်အောင်မြင့် ယူဆသည်။ သည့်အတွက် မြို့စွန်ရှိ အသိ ဗိုလ်တဲ တစ်လုံးသို့ ပြောင်းခဲ့ရသည်။

တည်းခိုရိပ်သာမှ အလုပ်သမား 'ဦးလူသန့်'က ဗိုလ်တဲစောင့် ဖြစ်၍ ကိုတင်အောင်မြင့်နှင့် ရင်းနှီးသည်၊ နေခွင့်ရခဲ့ပါသည်။ ဗိုလ်တဲပိုင်ရှင်များ လာရောက်အပန်းမဖြေမချင်း ကိုတင်အောင်မြင့် နေခွင့်ရလေမည်။ ငွေကြေးက သဒ္ဓါသ၍ပေးရုံသာ။

ထိုနေ့ညက ကိုတင်အောင်မြင့် အိပ်မပျော်။ မြို့ပြင်မှ ဗိုလ်တဲကလည်း ချောက်ချားစရာကောင်းလှပါဘိ။ ထင်းရှူးတောအတွင်းမှ နှင်းမြူမှုန်များကို လရောင်ဖြင့် ဝိုးတဝါးမြင်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဝေးလံသောအရပ်မှ နှင်းမှုန်များကိုဖြတ်၍ အဝါ့ဝိညာဉ်က သူ့ကို ခေါ်ဆောင်နေသည်ဟု ထိုညက ကိုတင်အောင်မြင့် နိုးတစ်ဝက် အိပ်မက် မက်သည်။

တစ်ညလုံးပင် မေးလိုက်ကြည့်လိုက်ဖြင့် ဗိုလ်တဲ ဝရန်တာတွင် ပက်လက်ကုလားထိုင်နှင့် မိုးစင်စင်လင်းခဲ့ရသည်။

◆ ◆ ◆

'မောင်ရင်...မောင်ရင်...ခုပဲ အဘ ဈေးကပြန်လာတယ်။ ဈေးမှာရော၊ လက်ဖက်ရည်ဆိုင်မှာရော တစ်မြို့လုံးမှာ ဒီအကြောင်းပဲ ပြောကုန်ကြပြီ၊ အမယ်လေး...'

ဦးလူသန့်က လိပ်ပြာလွင့်မတတ် မျက်ကလဲဆန်ပြာနှင့် ပြောနေပါ၍-

'ဘာလဲဗျာ၊ အဘဟာကလည်း'

'မင်းဆီလာတဲ့ ကောင်မလေးလေ၊ ဒီမြို့မှာ အချောဆုံး၊ အလှဆုံး၊ အချမ်းသာဆုံး၊ ကံအကောင်းဆုံး မိန်းကလေးဖြစ်တဲ့ ပန်းငုဝါမြိုင်က အဝါဆိုတာ ညကပဲ ဖွဲကြိုးချပြီး သတ်သေသွားပြီတဲ့ကွယ်'

'ဗျာ'





ကုလားထိုင်ထက်မှ ထလိုက်မိသလား၊ လှုပ်လိုက်မိသလား ကိုတင်အောင်မြင့် မမှတ်မိတော့၊ ကုလားထိုင်ရောသူပါ လဲပြိုလဲပြီး သည့်နောက် ဘာတွေဖြစ်သွားသည်မသိတော့၊ မျက်စိများ ပြာဝေသွားသည်ကိုသာ အမှတ်ရလိုက်မိပါတော့သည်။

◆ ◆ ◆

'အဝါ ပြောနိုင်တာ တစ်ခုတော့ရှိပါတယ်
မောင့်ဦးလေးကျော်ဟာ အဝါ့အဖေမဖြစ်နိုင်ဘူး'
'အဝါ ပြောနိုင်တာ တစ်ခုတော့ရှိပါတယ်
မောင့်ဦးလေးကျော်ဟာ အဝါ့အဖေမဖြစ်နိုင်ဘူး'

အဝါ၏စကားများက ဝေးလံသောအရပ်မှ ပွဲတင်သံထပ်နေပါသည်။ ဆေးရုံ၏ ရင်ခွဲရုံရှေ့တွင် ကျောက်ရုပ်ကြီးပမာ တောင့်တင်းစွာ ရပ်နေရာက ကိုတင်အောင်မြင့် ကြားနေမိခြင်းဖြစ်ပါ၏။ တစ်ကိုယ်လုံး တစ်နေရာမှ မလှုပ်ရှားပါသော်လည်း ကိုတင်အောင်မြင့်၏ မျက်ဝန်းဆီမှ မျက်ရည်ပေါက်များက အဆက်မပြတ် စီးဆင်းနေကြပါသည်။

'အဝါ့အလောင်း ဆေးရုံရောက်နေပြီ'

ဆိုသော သတင်းကြောင့် ကိုတင်အောင်မြင့် လိုက်လာခဲ့ခြင်း

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပါသည်။ စိတ်လိုက်မာန်ပါသာဆိုပါလျှင် ကိုတင်အောင်မြင့်က သူလည်း သတ်သေလိုက်မည်ဟု သံဓိဋ္ဌာန်ချလိုက်သည်။

သို့ပါသော်လည်း **'သက်မဲ့ချစ်သူ'**၏ မျက်နှာလေးကိုလည်း ကြည့်ချင်စိတ်လွန်ကဲမိသည့်အပြင် အဝါဘာကြောင့် သတ်သေသည် ဆိုသည်ကိုလည်း သိလိုစိတ်ပြင်းပြမိပါသည်။

ဖိနပ်စီးရမှန်း အဝတ်လဲရမှန်းမသိတော့၊ သူရူးတစ်ယောက်လို ဆေးရုံသို့ တဟုန်ထိုး ပြေးလာခဲ့မိသည်။ သူ့မိုလ်တဲနှင့် ဆေးရုံက သိပ်ပြီးမဝေးကွာလှ။

ရင်ခွဲရုံ၏ တာဝန်ကျဆရာဝန်ကို အကျိုးအကြောင်းပြောပြ တောင်းပန်ပြီး အဝါ့အလောင်းကို ဝင်ကြည့်ခွင့်ရသည်။

ပိတ်ဖြူစလေးကို လှပ်လိုက်သည့်အခါ ဝေဒနာကြီးစွာ ခံစားလိုက်ရဟန် တူပါသည်။ အဝါ့မျက်နှာလှလှလေးမှာ ဖြူဖျော့၍ မဲ့မဲ့လေး ဖြစ်နေရှာသည်။ ဆံယဉ်စလေးများက နဖူးပြင်တွင်ဝဲလျက်၊ ငိုခဲ့ရလွန်းသဖြင့် မျက်ဝန်းတစ်ဝိုက် မျက်ရည်လေးများပင် မခမ်းခြောက်တတ်သေးဟု ကိုတင်အောင်မြင့် ဝိုးတဝါးမြင်ရသည်။

'အဝါ...မောင့်အချစ်ရယ်...အဖြစ်...အဖြစ်ဆိုးလှ'

သည်နောက်တွင် အံကျိတ်ခဲ၍မရတော့၊ အားတင်း၍ မနိုင်တော့၊ အဝါ့အလောင်းပေါ် မှောက်ချပြီး အားရပါးရ ငိုရှိုက်လိုက်မိပါတော့သည်။





'ကျွန်တော် ကိုယ်ချင်းစာပါတယ်ခင်ဗျာ၊ ဒါပေမယ့် မကောင်းပါဘူး။ အပြင်ထွက်ပါတော့နော်'

'ကျေးဇူးတင်ပါတယ် ဒေါက်တာ၊ သူ့...သူ့အလောင်းကို စစ်ဆေးပြီးပြီပေါ့နော်'

'ဟုတ်ပါတယ်၊ သူကြိုးဒဏ်ကြောင့်ပဲ ဦးနှောက်နဲ့ဆက်တဲ့ လည်ပင်းသွေးကြောပြတ်ပြီး သေဆုံးရတာပါ၊ ပြီးတော့...'

ဆရာဝန်က ပြောရခက်သလို ခေတ္တစဉ်းစားလိုက်ပြီးမှ-

'သူ့ မသေဆုံးခင် နာရီပိုင်း၊ အဲ မနေ့ညကလောက် ဖြစ်မလားပဲ ဒီမိန်းကလေး ဆန္ဒမပါဘဲ ရေ(ပ)ကေ့စ် ဖြစ်ထားသေးတာကြောင့်ပဲ ထင်ပါရဲ့'

**'ဟာဗျာ'**

ကိုတင်အောင်မြင့် သတိလက်လွတ်မတတ် မူးမိုက်ရပါပြီ။

'ဒါကြောင့်...ဒါကြောင့် အဝါဟာ လူယုတ်မာတစ်ယောက်ရဲ့ မုဒိမ်းကျင့်မှုဒဏ်ကို ခံလိုက်ရလို့ သူ့ကိုယ်မသန့်တော့ဘူးဆိုပြီး သူ့ဘဝပျက်စီးပြီဆိုပြီး၊ အမလေး...အဝါရယ်၊ မောင် မတွေးရက်တော့ဘူး။ မောင်ကြည်ဖြူမှာပေါ့ အသက်ရယ်၊ ချစ်မေတ္တာမှာ ဒါတွေ မပါပါဘူးဗျာ'

'မောင်ရင် လာပါ၊ လာပါကွယ်၊ ပြန်ကြပါစို့၊ မင်း အလောင်းကိုလည်း ကြည့်ပြီးမှပဲ'



www.burmeseclassic.com

www.burmeseclassic.com



ရင်ခွဲရုံရှေ့တွင် စဉ်းစားရင်း ရပ်နေပါသော ကိုတင်အောင်မြင့်ကို ဦးလူသန့်က အတင်းဆွဲ၍ ပါလာရသည်။ ဗိုလ်တဲရောက်အပြီးတွင် ပန်းငုဝါမြိုင်သို့ ဦးလူသန့်ကို လွှတ်လိုက်သေးသည်။ သူ့အတွက် စာတစ်စောင်တလေများ ရေးထားခဲ့လေမလားဟု…

'သူ့အမေဆိုတာ လူးနေတာပဲ မောင်ရင်ရယ်၊ ဖအေကြီး ကတော့ ဒီလောက်မဟုတ်ပါဘူး။ မောင်ရင့်အတွက်ရော၊ ဘယ်သူ့ အတွက်မှ ဘာစာမှ မရေးခဲ့ဘူးတဲ့။ ဘာကြောင့် သတ်သေသွားရတယ် ဆိုတာကိုလည်း ဘယ်သူမှ မသိကြဘူးတဲ့'

**'ကျုပ်သိတယ်ဗျ… ကျုပ်သိတယ်'**

ပန်းငုဝါမြိုင်မှ စနည်းနာပြီး ပြန်လာပါသော ဦးလူသန့် စကားပြောအပြီးမှာ ကိုတင်အောင်မြင့်က အသံနက်ကြီးဖြင့် ထအော် လိုက်ပါ၍ အဘိုးကြီးမှာ ဘုမသိဘမသိဖြင့် ကိုတင်အောင်မြင့်နားမှ ခွာသွားရပါတော့သည်။

◆ ◆ ◆

'အဖြစ်ကတော့ ဒါပဲမတာ၊ ဒါကြောင့် ကိုယ်တော့ မသေ ဖြစ်ဘူး။ သူများကို သက်ဖြစ်ရတာ'

'ကိုတင်အောင်မြင့် သတ်လိုက်တဲ့လူဟာ ဦးလေးကျော်နော်'

'အင်း'

'ဒါ… ဒါဖြင့် အဝါ့ကို… အဝါ့ကို'

'ဟုတ်တယ်။ အဝါရဲ့ဘဝကိုရော၊ အသက်ကိုရော၊ သတ်တဲ့ လူဟာ ဒင်းပေါ့…'

'အို…ဘုရားရေ… မဖြစ်နိုင်တာ၊ မဟုတ်ပါဘူး ကိုတင်အောင် မြင့်ရယ်။ အတာသိပါတယ်။ ဦးလေးကျော်နဲ့ အဝါဟာ သားအဖ အရင်းခေါက်ခေါက်ပါ။ အဖေအရင်းက သမီးအရင်းကို မတရား ကျင့်ကြံပါတယ်ဆိုတာ မကြားဝံ့မနာသာရှင်'

'ပန်းငုဝါမြိုင်ဟာ မယုံနိုင်စရာ ဒဏ္ဍာရီတစ်ပုဒ်လိုပါပဲ မတာ'



www.burmeseclassic.com

www.burmeseclassic.com



'ဘာရယ်'

'ကိုယ်တို့၊ မတာတို့ရဲ့ ဦးလေးကျော်ဆိုရင်တော့ အဝါ့ကို ငုံထားမတတ် ချစ်မြတ်နိုးတာ ကိုယ်တို့အသိမှတ်လား… အဲဒါ ဦးလေးကျော် မဟုတ်တော့ဘူး မတာ။ နောက်ထပ် ဦးထွန်းအောင်ကျော်'

'ဩော်… ခက်ပါပြီ။ ဒီမျက်နှာနဲ့ ဒီရုပ်ဟာ ဦးလေးကျော်ပဲပေါ့… အမြွှာညီအစ်ကိုမှမရှိတာ'

'မှန်တယ်။ မျက်နှာကတော့ ဦးလေးကျော် မျက်နှာပဲ မတာ ကိုယ်က မဟုတ်ဘူး'

ကိုတင်အောင်မြင့်မှာ စိတ်၏ဒုက္ခဒဏ်များကြောင့် 'ပေါက်' သွား လေပလားဟု ကျွန်မသူ့ကို ငေးစိုက်ကြည့်ရင်း ဝေဖန်နေမိသည်။

'မတာက ကိုယ်ရူးနေပြီလို့များ ထင်သွားပလားဟွယ်… တကယ် မတာ၊ တကယ်၊ မတာတို့ ကိုယ်တို့ရဲ့ ချစ်လှစွာသော ဦးလေးကျော်ခေါ်တဲ့ သဘောထားမြင့်မြတ်လှသူကြီး ဦးထွန်းအောင်ကျော်ဟာ ကိုယ်တို့ဆီကအပြန်မှာပဲ အသတ်ခံရလို့ သေဆုံးခဲ့ရရှာပါပြီ မတာ'

'ဟင်… ဘာ… ဘယ်… ဘယ်လို'

'ဟုတ်တယ်မတာ၊ 'ဦးသိန်းဇံ' ဟာ ဦးထွန်းအောင်ကျော်-





နေရာကို ဦးထွန်းအောင်ကျော်ရဲ့မျက်နှာနဲ့ ဝင်ပြီးနေတာပဲ မတာရေ…'

'အတာ နားမရှင်းတော့ဘူး၊ နားမလည်တော့ဘူး၊ အတော့ ဉာဏ်နဲ့ လိုက်မမီတော့ဘူး ကိုတင်အောင်မြင့်၊ ဇာတ်ရှည်လည်း အောင်သာ အမြန်ဆုံး ရှင်းပြပါတော့'

'ကောင်းပြီမတာ၊ အဖြစ်ကဒီလို… ပရိဝါးအချိန်တုန်းက… ဒေါ်ခင်ဦးခင်ရဲ့ မေတ္တာဇာတ်ကြောင်း အသေးစိတ်ကို ကိုယ်အဘက်ဘက်က စုံစမ်းလို့ ပြီးခဲ့ပြီ။ သာယာကုန်းကိုလည်း ရောက်ခဲ့ပြီးပြီ။ ဟိုးစစ်ကြိုခေတ်က မေတ္တာ ဇာတ်လမ်း အတိုချုပ်ကတော့ ဦးသိန်းဇံနဲ့ ဒေါ်ခင်ဦးခင်က သမီးရည်းစား၊ ဦးထွန်းအောင်ကျော်က အရေးပိုင်သား၊ ဒါနဲ့ တို့များရဲ့ဦးလေးကျော်ဘက်ကို အလေးသာ သွားတယ်ဆိုပါတော့။ လက်ထပ်လိုက်ကြတယ်။ သူတို့လက်ထပ်ပွဲမှာ နှစ်ဘက်လုံးက မိဘတွေရဲ့ ငွေရှိန်၊ ရာထူးရှိန်နဲ့ ဦးသိန်းဇံတို့ သားအဖကို ဖမ်းချုပ်ထားခဲ့တယ်'

''အင်း… သူတစ်ပါး ကျွန်ခေတ်ဆိုတော့ လုပ်ချင်ရာလုပ်လို့ ရတာပေါ့နော်'

'ဟုတ်တယ်၊ ဦးသိန်းဇံဟာ အသည်းနှလုံးလည်း အခွဲခံရ အချုပ်လည်းခံရပြီး ဒီဒဏ်နဲ့ပဲ သူ့အဖေလည်းသေတော့ စိတ်သိပ်နာ တာပေါ့၊ အသည်းပေါက်အောင် အရိုးစွဲအောင် တေးမှတ်ထားရာက ကိုယ်တို့ဆီအထိ မီးကူးစက်လာတာပါပဲ မတာ'

www.burmeseclassic.com

www.burmeseclassic.com



'အတာသသောပေါက်ပြီ၊ တို့များရဲ့ခေတ်ကို ရောက်လာတဲ့ အချိန်၊ အဝါ သေဆုံးပြီးနောက် သူငယ်ချင်းလှုပ်ရှားရတာတွေကိုသာ ပြောပြပါတော့'

'အဝါဟာ လူတစ်ဦးဦးရဲ့ အစမ္ပဆန္ဒယူခြင်းကို ခံလိုက်ရပါတယ်ဆိုတာကို ပတ်သက်ရာ၊ သက်ဆိုင်ရာတွေ သိကြပေမယ့် ဘယ်သူဘယ်ဝါရယ်လို့ ခုချိန်ထိ ဘယ်သူမှ တွေးမိမှာမဟုတ်ဘူး မတာ ကိုယ်ကသာ…'

'အဝါ ပြောနိုင်တာ တစ်ခုတော့ရှိပါတယ်၊
မောင့်ဦးလေးကျော်ဟာ အဝါ့အဖေမဖြစ်နိုင်ဘူး'

ဆိုတဲ့ အဝါရဲ့ နောက်ဆုံးစကားလေးနဲ့ ကိုယ်က ဆက်စပ်ပြီး တွေးယူလိုက်တယ်။ ဒီလောက် ပိတ်လှောင်ထားတဲ့ ပန်းငုံပါမြိုင်မှာ ယောကျ်ားဆိုလို့ သူတစ်ယောက်တည်းရှိတယ်။ အဝါကလည်း မတာသိတဲ့အတိုင်း ကိုယ်မှကိုယ်ပါကွယ်… ကိုယ်တို့ မေတ္တာဟာ သိပ်ပြီး သန့်စင်ခဲ့ကြပါတယ်။ ကိုယ်သိပ်ပြီး စောင့်စည်းခဲ့ပါတယ်။ ဒီတော့ အဝါ့ကို အစမ္ပ ကြံစည်သူဟာ ဦးလေးကျော်ပဲဖြစ်ရမယ်လို့ ကိုယ်တွေးမိလာတယ်'

'ဖြစ်နိုင်တဲ့အတွေးပါပဲ'



'ဟုတ်တယ် အဲဒီညက သူအရက်တွေသိပ်သောက်တယ်။ ပြီးတော့ သူတို့မိသားစုကလည်း တူတူအိပ်နေကြလေ…အန်တီခင်ကလည်း အသေလိုအိပ်နေတာဖဲဆိုတာ သူအိပ်ဆေးတွေဘာတွေ တိုက်ထားလို့ ဖြစ်မှာပေါ့'

'အင်းနော်'

'ဟုတ်ပါတယ်မတာ၊ ကိုယ့်အတွေးသေချာပြီးတော့ ဒီလောက်ခက်ခဲနက်နဲတဲ့ ပြဿနာဖြစ်လာလိမ့်မယ်လို့ ပထမ မထင်ဘူး။ ဦးလေးကျော်ဟာ အဝါရဲ့ အဖေအရင်းမဟုတ်နိုင်ဘူး ပထွေးပဲဖြစ်ရမယ်ဆိုပြီး ကိုယ်ရာဇဝင်ကို လိုက်တော့တာပဲ။ အန်တီခင့်မှာ ကိုယ်ဝန်ပါလာတာလားလို့ သူတို့ဇာတ်လမ်းအစကို လိုက်ရင်း သာယာကုန်းကို ရောက်သွားရတော့တယ်။ ဒီမှာတင် ဇာတ်လမ်းစုံကို ကြားသိခဲ့ရတာပါပဲ မတာ… အန်တီခင်ဟာ အင်မတန် ရိုးသားဖြူစင်တဲ့ အမျိုးသမီးပဲ။ ဦးသိန်းဖေနဲ့လည်း အထိအတွေ့မရှိဘူး။ အိမ်ထောင်သည်ဘဝ ရောက်တော့လည်း သိက္ခာရှိရှိပဲ၊ ပြီးတော့ အဝါ့ကိုလည်း အိမ်ထောင်သက် အတော်လေးရှိမှ ရကြတာ၊ ဦးထွန်းအောင်ကျော်ရဲ့ သမီးအရင်းအမှန် ဖြစ်နေပြန်ရော'

'ဟုတ်ကဲ့'

'ဒီလိုကနေ စိတ်ပြောင်းလာပြန်တော့ ကိုယ်တို့က စိတ်ရောဂါလို့ပဲ ထင်နေခဲ့ကြတယ်နော်…အန်တီကြီး အကူအညီနဲ့ စိတ်ရောဂါ



www.burmeseclassic.com

www.burmeseclassic.com



ပါရဂူကို ပြကြည့်တော့လည်း ပကတိအကောင်းတဲ့ ကိုယ်မတွေး တတ်ဘဲ ကွင်းဆက်ရှာနေခဲ့တာ အတော်လေး အချိန်ကြာသွားတယ်'

'ဟုတ်ပါရဲ့ ဆန်းလိုက်တာ'

'ဒီလိုနေရင်း စာတစ်စောင်ရောက်လာတယ်လို့ မတာ ပြောတယ်နော်… ဦးသိန်းဇံရဲ့ မှော်အတတ်နဲ့လို့ ခေါက်ထားတယ် ဒီမှာတင် ကိုယ်တွေးမိလာတယ်။ ဒီစနက်ဟာ ဦးသိန်းဇံနဲ့ ပတ်သက် ရမယ်လို့ ဒါနဲ့ပဲ သာယာကုန်းကို တစ်ခေါက်ပြန် ရှမ်းပြည်နယ်က မိုင်းတုံမြို့အထိ ကိုယ်လိုက်ပြီး ဦးသိန်းဇံရဲ့ ကိုယ်ရေးရာဇဝင်ကို ခြေရာခံပြီး လိုက်တော့တာပဲ မတာ၊ ဒီတော့ ဘွားဘွားပေါ်တော့တာပဲ'

'ပြောပါဦး အတာ စိတ်ဝင်စားလိုက်တာ'

'ဦးသိန်းဇံဟာ အန်တီခင် အိမ်ထောင်ကျပြီး သူ့အဖေဆုံးသွားပြီးတည်းက သာယာကုန်းမြို့က ထွက်သွားခဲ့တယ်။ သဘော်သား အလုပ်ကို လုပ်တယ်တဲ့။ သဘော်နဲ့ နိုင်ငံရပ်ခြား အနှံ့ရောက်ဖူးတယ် ဆိုပဲ'

'သြော်'

'အဲ… မြန်မာပြည်ရောက်လာလေတိုင်း မျက်ခြည်မပြတ် ဦးလေးကျော်တို့မိသားစုရှိရာကို လိုက်စုံစမ်းတာပဲတဲ့။ သူနဲ့တွဲပြီး အလုပ်လုပ်ခဲ့ဘူးတဲ့သူ အခုတော့ အနားယူနေတဲ့ သဘော်သား ဟောင်းကြီးတစ်ယောက်ဆီက ကိုယ်စုံစမ်းယူရတာ မတာ။ ဒီလိုနဲ့ နှစ်တွေပြောင်းလာတာနဲ့အမျှ သိပ္ပံပညာဟာလည်း အံ့မခန်း တိုးတက်





လာခဲ့တယ်။ ကိုယ်တို့ရဲ့ ဖွံ့ဖြိုးစနိုင်ငံတွေမှာသာ ဒီအကြောင်းအရာ ဟာ ဆန်းပြားနေပေမယ့် တိုးတက်တဲ့နိုင်ငံတွေမှာတော့ ရိုးနေပါပြီ လုပ်နေကျ ဖြစ်နေပါပြီ'

'ဘာကိုလဲ'

'ပလတ်စတစ်ဆာဂျရီနည်းပါပဲ မတာ'

'ဟင်'

'ဒီနည်းတွေ ကမ္ဘာအရပ်ရပ်မှာ ခေတ်စားလာပြီး မျက်နှာတွေ ပြင်ကြ၊ လိုအပ်တဲ့ ခန္ဓာကိုယ်အစိတ်အပိုင်းတွေ ပြင်ကြတဲ့အပြင် ဆေးပညာနဲ့ ကုသလို့မရတဲ့ ကိုယ်ခန္ဓာနေရာတွေမှာ ဒီပလတ်စတစ် အစားထိုးနည်းတွေကို သုံးနေကြပါပြီ။ ဒါကို ကမ္ဘာလှည့်နေရတဲ့ ဦးသိန်းဇံဟာ ကိုယ်တွေ့မျက်မြင် ကြုံရတော့ အကြံရလာတာပေါ့ကွယ်'

'ဦးလေးကျော် မျက်နှာမျိုး…'

'ဟုတ်ပါတယ် မတာ၊ ဦးလေးကျော်နဲ့ ဦးသိန်းဇံဟာ အရပ် ချင်း တိုင်းဖြတ်ထားသလို ညီတယ်တဲ့။ အသားအဖြူအညိုလေး နည်းနည်းပဲ ကွာတယ်။ ဦးလေးကျော်က အသက်ကြီးတော့ အသား နည်းနည်းညိုလာတယ်။ ဦးသိန်းဇံက အေးတဲ့နိုင်ငံတွေမှာ အနေများ တော့ အသားဖြူလာတယ်'

'အင်း ပြောပါဦးကွယ်'

'ဦးသိန်းဇံဟာ ဒီအကြံရပြီး မြန်မာပြည်ကိုပြန်ဖို့ အတော်စောင့်ရသေးတယ်။ မြန်မာပြည်ကိုတစ်ပတ်ရောက်တော့



www.burmeseclassic.com

www.burmeseclassic.com



ဦးထွန်းအောင်ကျော်ရဲ့ မျက်နှာအနေ အထားအမျိုးမျိုးကို ဓာတ်ပုံ ရိုက်ယူတယ်။ ဦးလေးကျော်ကတော့ ငယ်ငယ်တုန်းက သူ့ကို တစ်ခါသာမြင်ဖူးတော့ မသိရှာဘူးပေါ့'

'အင်းပေါ့ ဦးသိန်းဖံကတော့ ဒါပဲ ချောင်းနေတာကို'

'ဒီလိုနဲ့ ဦးသိန်းဖံဟာ ပလတ်စတစ်ဆာဂျရီ လုပ်တဲ့နေရာမှာ အတော်ဆုံး၊ အသေသပ်ဆုံးနိုင်ငံဖြစ်တဲ့ **''ဆွစ်ဇာလန်နိုင်ငံက ရိုင်ရယ်(လ်)''**ဆိုတဲ့ ပရိုက်ဗိတ်ဆေးတိုက်တစ်ခုမှာ သူ့မျက်နှာကို ဦးလေးကျော်မျက်နှာလုပ်ပြီး ပြန်လာခဲ့တော့တာပါပဲ မတာရေ'

'အံ့မခန်း အကြံအစည်ကြီးပါလားကွယ်'

'မြန်မာပြည်ပြန်ရောက်တော့ သူ့မျက်နှာတစ်ခြမ်းကို အနာရှိဟန်ဆောင်ပြီး ပလာစတာကြီး အမြဲ ကပ်ထားတယ်တဲ့။ သူ့မှာ အကြံကြီးရှိနေတော့ ဦးလေးကျော်ကိုယ်တိုင်ပဲ မော်ကြောင့် စိတ်ပြောင်းသွားတယ်ထင် အောင် သူပုန်းခိုနေတဲ့ ရှမ်းပြည်နယ်ကနေပြီး လူကြုံနဲ့ စာတစ်စောင်ကို တမင်ရေးပေးလိုက်တာပဲပေါ့၊ လက်ရေးက ဦးသိန်းဖံလက်ရေးမို့ အန်တီခင် သိပ်လန့်သွားရှာတာ ဖြစ်မှာပေါ့'

'အင်း ဟုတ်မှာပဲ ကြောက်စရာကောင်းလိုက်တာနော်၊ ဆက်ပြီး ပြောပါဦး...ကိုတင်အောင်မြင့်ရယ်'

'ဒီလိုနဲ့ ဦးလေးကျော်ကို သူ့မျက်နှာတုကပ်ပြီး ချောင်းနေရာက တို့ဆီလာပြီး ရန်ကုန်ကအပြန်မှာ ဦးလေးကျော်ကို ဖမ်းပြီးသတ်၊ မျက်နှာကိုဖျက်ပြီး မြှုပ်လိုက်တယ်။ သူနဲ့သက်ဆိုင်တဲ့ သူ့ရဲ့ ကိုယ်ပိုင် ပစ္စည်းတွေနဲ့ မှတ်ပုံတင်ကအစ ရောမြှုပ် လိုက်တယ်တဲ့၊ တကယ်လို့ လူတွေတွေ့သွားကြရင်လည်း ဦးသိန်းဖံ ဆိုတဲ့လူ သေပြီပေါ့။ ဒါပေမယ့် ဒီနေ့ထိ ဘယ်သူမှ ဒီအလောင်းကို မတွေ့ကြပါဘူးမတာ ဒီလိုနဲ့ ဦးသိန်းဖံဟာ ပန်းငုဝါမြိုင်ကို ရောက်လာတယ်'

'ကိုတင်အောင်မြင့်ကရော သူ့ကို ဘယ်လိုသတိသလဲဟင်'

'ပြောမယ်မတာ သူ့သဘော်သားတွေကို စုံစမ်းတော့ ဆွစ်ဇာလန်က ပလတ်စတစ် ဆာဂျရီဆေးရုံမှာ တက်နေတာ ကြာပြီဆိုတည်းက ကွင်းဆက်ကို ကိုယ်တွေးလိုက်မိပြီပေါ့။ ဦးလေးကျော်နေရာကို သူဝင်ပြီဆိုတာ ကိုယ်သိရပြီပေါ့။ ဒီတော့ ကိုယ်စာရေးလိုက်တယ်။ စာအိတ်ပေါ်မှာ ဦးထွန်းအောင်ကျော်အမည် တပ်ထားပေမယ့် အထဲကစာမှာကျတော့-

ဦးသိန်းဖံ

ဦးထွန်းအောင်ကျော်ကိုသတ်မှု အဝါကို မတရား ကျူးကြံမှုများ အတွက် လာပြီးဆွေးနွေးပါ။

အတွင်းသိတစ်ဦး

'သူလာသလား-ဟင်'

'လာတာပေါ့ ဘယ်နေမလဲ၊ ငွေလည်းပါတယ်၊ သေနတ်လည်း ပါတယ်'

'အင်း မြန်မြန်ပြောစမ်းပါဦးကွယ် သိချင်လှပြီ'

www.burmeseclassic.com

www.burmeseclassic.com



'သူ့ကိုမြင်ဆော့ ကိုယ်စိတ်မထိန်းနိုင်တော့ဘူး… သူ့မျက်နှာကို လက်သီးနဲ့ထိုးပစ်လိုက်တယ် သူကလည်း ပြန်ချတယ် သူနဲ့ကိုယ်နဲ့ တိုက်ခိုက်ရသေးတယ်။ အရွယ်ချင်းကလည်း သားအဖလောက်ဆိုတော့ ကိုယ်နိုင်တာပေါ့ မတာရယ်။ သူက သူ့အပြစ်တွေကို ဝန်ခံတယ်၊ သူ့ဘဝကိုလည်း ရှင်းပြတယ်၊ ငွေကြိုက်သလောက် ပေးမယ်လို့ ဆိုတယ်၊ တောင်းပန်တယ်၊ ဒါပေမယ့် ကိုယ်က ဒါတွေနဲ့ကိုယ်နဲ့ ဘာမှမဆိုင်ပါဘူး။ ကိုယ့်နှလုံးသားပြဿနာပါ။ ကိုယ် ချစ်မြတ်နိုးလွန်းရတဲ့ ချစ်သူလေးကို မတရားစော်ကားလို့ အဝါ့ရဲ့အသက်ဆုံးရှုံးသွားရလို့ လက်စားချေတာပါဆိုပြီး ကိုယ် ဓားနဲ့ သုံးချက်ဆင့်ထိုးပြီး သတ်ပစ်လိုက်တော့တယ် မတာရေ'

'အို'

'ဒါပါပဲ… ဒါပါပဲကွယ်။ ဘေးအမြင်မှာတော့ ကိုယ်ဟာ ပန်းငုဝါမြိုင်ခြံပိုင်ရှင် ဦးထွန်းအောင်ကျော်ကို သတ်တယ်ပေါ့၊ ကိုယ်လည်း မရှင်းတော့ဘူး'

'အင်းပေါ့လေ သိပ်ကိုရှုပ်ထွေးတဲ့ ပြဿနာကြီးမို့ ရှင်းလို့မှ မဖြစ်တာပဲ'

'ဟုတ်တယ် ဒါကြောင့် ဘာမှပြောမနေတော့ဘဲ သတ်တယ်လို့ပဲ ဝန်ခံလိုက်ပါတယ်'

'အင်း'





'ဦးထွန်းအောင်ကျော်ရဲ့ လိုင်စင်နဲ့ကိုင်တဲ့ သေနတ်ရယ်… ငွေတွေရယ်ကို ကိုယ်က ပြန်အပ်လိုက်တဲ့အတွက် ကြိုတင်ကြံစည်မှု မဟုတ်ဘဲ ဒေါသအလျှောက်လို့ ကောက်ချက်ချခဲ့တယ်'

'ဒါကြောင့် ထောင်ဆယ်နှစ် အပြစ်ပေးလိုက်တာပေါ့နော်'

'ဟုတ်ပါတယ်'

'ဒါနဲ့ အန်တီခင်ရော'

'ကိုယ် ထောင်ထဲမှာနေတုန်းပဲ ဆုံးသွားရှာပြီ။ သူ့တော့ သိသွားလေသလား၊ မသိလေသလားမသိ၊ ကိုယ်နဲ့လည်း တွေ့ခွင့်မရတော့ဘူးလေ။ ပန်းငုဝါမြိုင်ခြံကိုတော့ ဘုန်းကြီးကျောင်း လှူခဲ့တယ်လို့ သိရတယ် မတာ'

'ဩော်… ဖြစ်မှဖြစ်ရလေနော်။ အစစ ပြည့်စုံတဲ့မိသားစုမှာမှ ဒုက္ခတွေ ပင်လယ်ဝေပြီး အသေဆိုးနဲ့ သေကြရရှာတယ်။ အတုံ့အလှည့်ရှိတာမျိုးဆိုရင်လည်း ဒီဘဝနဲ့ပဲ ကြေကြပါစေတော့ရှင်'

ကိုတင်အောင်မြင့်၏ ဇာတ်လမ်းဆုံးခဲ့ပါပြီ။ ချစ်လှစွာသော ကျွန်မတို့အဝါမှာ သည်လူ့ရွာမှ စွန့်ခွာထွက်သွားခဲ့ပြီ ဖြစ်ပါသော်လည်း ကျွန်မတို့၏ အသည်းနှလုံးတွင်မူ အဝါသည် ထာဝရရှင်သန်ဆဲပါ။

သည့်နောက်တွင် ပန်းငုဝါမြိုင်၏ အသေးစိပ်ရှင်းတမ်းကို ပြောဆိုပြီး ကိုတင်အောင်မြင့် နှုတ်ဆက်လျက် ပြန်သွားပါတော့သည်။ ကျွန်မမှာ အိမ်ရှေ့ ဝရန်တာမှထွက်၍ သူငယ်ချင်း၏ အပြန်လမ်းကို အပေါ်ထပ်မှ လှမ်းမျှော်ကြည့်မိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုတင်အောင်မြင့် လျှောက်လှမ်းသွားသော လမ်းကား ပူပြင်းလိုက်ပါဘိခြင်း၊ အရိပ်မဲ့လိုက်ပါဘိခြင်း၊ က[illegible]ချတစ်ခုတွင်းသို့ အထီးတည်း လျှောက်လှမ်းသွားနေရသည့်ပမာ အပူတောသို့ ဝင်သွားရရှာလေသည်။

ကျွန်မ၏ ချစ်လှစွာသော သူငယ်ချင်းကို လှမ်းမျှော်ကြည့်နေပါသော ကျွန်မ၏ မျက်ဝန်းတွင်းမှာလည်း မျက်ရည်များ ပြည့်လျှက်...လျှံလျှက်...

*

ပြီးပါပြီ။

* Ω *

ကလျာ (ဝိဇ္ဇာ-သိပ္ပံ)

၁၂-၃-၁၉၇၄

www.burmeseclassic.com